# City MAGAZINE

VOL - 245, 2017

**အယ်ဒီတာချုပ်**
ကိုရာဇာ

**အမှုဆောင်အရာရှိ**
စောလှဦး

**အကြံပေးအယ်ဒီတာ**
ဖိုးမောင်သက်

**အယ်ဒီတာ**
ကိုစော(ပထဝီဝင်)

**စာပြင်**
သင်မိုးနီ၊ အောင်ကျော်

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
MOE-Z

**စာစီစာရိုက်**
မြတ်မြတ်၊ သျှင်မင်း

**ဓာတ်ပုံ**
သန့်စင်

**ပန်းချီသရုပ်ဖော်**
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

**ပုံနှိပ်ထုတ်ဝေသူ**
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

**ပုံနှိပ်တိုက်**
မြို့တော်ပုံနှိပ်တိုက် မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်။

**ဖြန့်ချိရေး**
ကျော်မင်းထိုက်၊ အောင်မျိုးသန့်၊
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

**မြို့တော်မဂ္ဂဇင်း**
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

**ဖက်(စ်) ၀၁-၅၀၃၆၂၆**

Email: yangoncitynews@gmail.com

**တန်ဖိုး**
၂၀၀၀ ကျပ်

**အုပ်ရေ**
၂၀၀၀





City MAGAZINE

VOL : 245, 2017

# CONTENTS


4 EDITORIAL NOTE

## POEM

5 ပျားနှင့်ယင် — မြင်းမူမောင်နိုင်မိုး
6 ဘဝမှတ်တိုင် — မောင်စိမ်းနောင်(လယ်ဝေး)
7 ခရီးသွား — ကျော်စောဟန်
8 ဘဝလမ်း — မောင်လွမ်းနိုင်(စံပယ်ငုံ)
21 ဆောင်းနှင့်အပြိုင် ပွင့်ပန်းမြိုင် — မင်းသွေးနွယ်(ဇီးကုန်း)
22 နောင်တ — အောင်ထွန်းလင်း(ချောက်)
59 အားခဲလျှောက်လှမ်း လောကလမ်း — နေ့သစ်လင်း
60 မြန်မာ့နည်း မြန်မာ့ဟန် မြန်မာဆန်ဆန် — မင်းမောင်နွယ်(မွန်ဌာနီ)
99 အဘညို — မောင်ပြည့်စွမ်း(ပင်လယ်ဘူး)
126 ထွန်စက်မြင်တိုင်း လွမ်းနေသည် — တမာသင်းခိုင်(စက်မှုလယ်ယာ)

## CARTOON

9 မင်းထက်လူ
10 ဇက်တီ
11 ရွှေကိုဦး
12 အောင်အောင်ထွေး
26 မောင်ပါစီ
27 ကိုကျော်
28 စောဟန်
65 မောင်မောင်ညွှက်
66 ကိုငယ်
86 ကျော်ကိုကို

## CITY ARTICLE

46 စိတ်ဓာတ်ဖွဲ့စည်းပုံ Organization Mind-set ကို ပြောင်းလဲကြပါစို့ — ရဲမြင့်ဦး(အလုံ)
108 ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန — ကိုစော

## RELIGION

17 ဆံတော်မြတ်ခုနစ်ဆူ၊ ဓာတ်တော် ဆယ်ဆူ ကိန်းဝပ်တော်မူသော ကျိုက်အရှန်---မည်---ကျိုက္ကစံ စေတီတော် — မောင်မြတ်မွန်(ဆူးလေ)

## EXPERIENCE ESSAY

54 အမေဆိုသည်မှာ — ကျော်ဝင်းသက်
113 နှင်းရည်စိုစွတ်သော နေ့တစ်နေ့၌ လူတစ်ယောက်စကားကို သဘောကျမိခြင်း — မောင်သာစိုး(ပြည်)

## ARTICLE

13 ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းများ မြင့်မားသင့်ပြီ — ဇော်ဟိန်း
35 လေ့ကျင့်ရင်း သင်ကြား သင်ကြားရင်း လေ့ကျင့် — ဘနှင်း(မြန်မာပြန်)
61 ရဝေရှင်ထွေး — ကိုဇော်
67 ကြိုးစားအားထုတ် အလုပ်လုပ် — စလင်း-ဦးအောင်သိန်း
81 ကားနှင့် တာယာ ကိုက်ညီပါမှ အန္တရာယ်လည်းကင်း ဘေးလည်းရှင်းမည် — သိပ္ပံစာရေးဆရာကိုကိုအောင်

## EXTRAORDINARY

77 ဂင်းနက်စ်မှတ်တမ်းများ — ကိုခန့်(သုတေသန)














## PHOTO


100 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


117 *Celebrity and Showbiz* — ကိုသားကြီး


## SHORT STORY


29 ငစိန် သို့မဟုတ် ခေတ်၏ ဆူးတစ်ချောင်း — ဆင်ဖြူကျွန်းအောင်သိန်း

39 မတတ်လျှင် တွန်းရသည် — မစန္ဒာ

49 ပီတိအခါခါ ဖြစ်မိပါသည် — သောင်းဝေဦး

70 အိမ်ဖော် — ရဲမြတ်တင်(အမျိုးသားစာပေဆုရ)

87 သံယောဇဉ်နှောင်ကြိုး — ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)

91 ငါးလိပ်ကျောက်နာ — မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)

121 OK ပါ မောင် — မင်းဇော်ထွေး

127 နပ်ချေးလာမသုတ်နဲ့ တောသားကွ ဟေ့ — နီသင်အောင်ကျော်မိုး




## YOUTH


134 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)


## JOKE


38, 45, 76, 85, 107, 116, 133 — မောင်သီဟ




## HEALTH


23 ဝမ်းချုပ်ခြင်း — ဒေါက်တာရဲကို

104 စိတ်လက်ကြည်ရွှင် ကျန်းမာလိုလျှင် — ရွှေရတီ


## LONG STORY


138 မေတ္တာရှင်မလေး ဂျိန်း — မောင်သီဟ




# ရွှေဦးစကား

City Magazine 245 ကို အချိန်လု၍ စာဖတ်သူများရှေ့မှောက် အရောက်တင်ဆက်လိုက်ပါပြီ။ မကြာမီ 246 ကို ထုတ်ဝေနိုင်ရန်အတွက်လည်း ပြင်ဆင်လျက်ရှိကြောင်း အသိပေးလိုပါသည်။

ယခင်တင်ပြခဲ့သလို လူနည်းနည်းနှင့် ကျဲကျဲဝိုင်းနေရသဖြင့် City Magazine ထွက်ရှိမှုမှာ တစ်ခါတရံ အချိန်ကွာဟမှုများ ရှိခဲ့သည်ကို စာဖတ်သူများ နားလည်ခွင့်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်မိပါသည်။

မည်သို့ဖြစ်စေ City Magazine တွင် ကဏ္ဍစုံပါဝင်အောင် စာမူရှင်များ၏ အကြိုက်နှင့် မဂ္ဂဇင်းအဖွဲ့သားများ၏အကြိုက် ရောသမမွှေ၍ စာဖတ်သူများနှင့် အကြိုက်ညီအောင် ကြိုးစားစုစည်းထားပါသည်။

စာမူရှင်များနှင့်ပတ်သက်၍ City Magazine ၏ သဘောထားမှာ ကလောင်ဟောင်းများကို လေးစားလျက် အခြားမဂ္ဂဇင်းတွင် ဖော်ပြပြီးဖြစ်သည့် စာမူများကိုပင် ရွေးထုတ်လျက်လည်းကောင်း၊ ကလောင်သစ်များကို အားပေးလိုသည့်စေတနာဖြင့် ဖိတ်ခေါ်တည်းဖြတ်လျက်လည်းကောင်း၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို တင်ပြထားပါသည်။

အဓိကမှာ စာဖတ်ပရိသတ်ကို သုတ၊ ရသ တစ်စုံတစ်ရာ ပေးလိုခြင်းသာ ဖြစ်ပါကြောင်း။ ။

အယ်ဒီတာချုပ်

# ပျားနှင့်ယင်



ပျားကောင်တွေ သဘာဝ
မြင့်လှတဲ့ သစ်ကိုင်းတွင်။
သန့်ရှင်းချိုကြည်တဲ့
ပန်းဝတ်ရည် သယ်ဆောင်သုံးပါလို့
စည်းလုံးချစ်ခင်။
ပျားအုံကြီးတစ်ခုတွင်
ပျားကောင်လျှင် အသိန်းအသန်း။
ပျားတစ်ကောင်မထိလေနှင့်
အားဆောင်သည့် သဏ္ဍာန်ပုံဖြင့်
ရန် ကုန်အောင် မာန်ဟုန်သစ်လို့
တိုက်စစ်ဆင် တပ်လှန့်နှိုးတယ်
မျိုးချစ်စိတ်လွှမ်း။

ယင်ကောင်တွေသဘာဝ
နိမ့်ကျသည့် မြေပေါ်တွင်
အပုပ် အစပ်တွေနဲ့
အဟုတ်မှတ်ကာ အညှီအဟောက်ကိုမှ
စားသောက် ခံမင်။
တစ်ကောင်နှင့် တစ်ကောင်လျှင်
ချစ်ခင်တဲ့စိတ်မရှိ။
သူ့အစာ ကိုယ်ဝင်လု
ကိုယ့်အစာ သူဝင်လု
လုယက်ကာအစာမဲရင်း
သေပွဲဝင်၏။

အမိမြေ နေခြည်အောက်မှာတဲ့
အမိမြေ ရေကြည်သောက်ပါလို့
ထွန်းပေါက်ကာလူ့ဘဝ
ရခဲ့တဲ့ အိုအသင်။
ပျားကောင်လို ဖြစ်ချင်သလား။
ယင်ကောင်လို ဖြစ်ချင်သလား။
စဉ်းစားဆင်ခြင်။
မြင့်မြတ်တဲ့ စိတ်ဓာတ်လျှင်
ပျားကောင်တွင် အပြည့်။
နိမ့်ကျတဲ့ စိတ်ဓာတ်လျှင်
ယင်ကောင်တွင် အရှိ။
ပျားဖြစ်ချင် ပျားလိုကျင့်
ယင်ဖြစ်ချင် ယင်လိုကျင့်
မြင့်မြတ်တဲ့ နှလုံးသားအသွင်နဲ့
အရှုံးသမား မဖြစ်ရေးကိုဖြင့်
မျိုးချစ်မာန် ဇာတိသွေးနှင့်
ရွေးသင့်တကား။ ။

မြင်းမူမောင်နိုင်မိုး




# ဘဝမှတ်တိုင်

ပြိုင်ဖက်ဟူက၊ နိုင်လိုကြသည်
လောကလူတို့စရိုက်တည်း။

သူ့သာမပြိုင်၊ ကိုယ်နှင့်ဆိုင်မူ
နိုင်ကြောင်းဖော်ထုတ်၊ ဟိတ်ဟန်လုပ်လျက်
မာန်ရှပ်ထောင်ကြွ၊ အင်အားပြသည်
လောကလူတို့ စရိုက်တည်း။

ထို့ပြင်တစ်သွယ်၊ ကိုယ့်နယ်ပယ်တွင်
နောင်ဝယ်ညွှန့်ခက်၊ လွှန့်ကာတက်မည့်
မျိုးဆက်သစ်များ၊ ပေါ်လာငြားလည်း
မှတ်ထားဂရု၊ ဘယ်မပြုဘဲ
သူ့စွမ်းစကို၊ ရိုက်ချိုးဖြိုလျက်
ဝန်တိုတတ်ကြ၊ ဝိတ်ပင်ကြသည်
လောကလူတို့ စရိုက်တည်း။

ပြိုင်ဖက်ဟူသည်၊ နိုင်ရမည်ဟု
ခိုင်ကျည်စိတ်ထား၊ ရှိသင့်ငြားလည်း
ခါးသီးမာန်တက်၊ စရိုက်ပျက်ဖြင့်
ထိုးနှက်ရန်စောင်၊ တထောင်ထောင်ကား
အောင်မြင်သည့်တိုင်၊ ခြေမခိုင်တည့်။

ဪ . . .
မည်သည့်အရာ၊ မဟူပါချေ
ကိုယ်သာထိပ်က၊ နေလိုလှမို့
ဘဝမှတ်တိုင်၊ အဆိုင်ဆိုင်တည့်
အပြိုင်စိုက်ကြ၊ ကြိုးစားကြသော်
နိမ့်ကျညစ်ယုတ်၊ အကျင့်ပုပ်ဖြင့်
မဟုတ်မမှန်၊ လုပ်ကြံဖန်၍
ဧကန်ထိပ်၌၊ ခဏဆိုက်လည်း
စရိုက်ဖျင်းစွ၊ အဖွဲ့တွက်ကြောင့်
ပြုတ်ကျဦးစောက်၊ နိမ့်ချိန်ရောက်သော်
ထောက်မသူကင်း၊ ပူလောင်ခြင်းတို့
ရင်တွင်းလှိုက်စား၊ သောကပွားလိမ့်
အမှားရှောင်ကြ ဘဝခရီး . . .။
တရားဆောင်မှ လှမည်တည်း . . .။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# ခရီးသွား



မှောက်လျားထိုးသွား၊ လေးဘက်တွားနှင့်
တင်ပါးကိုရွှေ့ တရွေ့ရွေ့နှင့်
နစဉ်ငယ်က၊ ခရီးစခဲ့။

အရွယ်လည်းရောက်၊ လမ်းလျှောက်လှုပ်ရှား
ရပ်မနားဘဲ၊ လုပ်အားမောင်းတင်
ပြည့်အင်ပြည့်အား၊ လုပ်ခွင်သွား၍
ဝမ်းခါးပြင်ဆင်၊ ခရီးနှင်ခဲ့။

တစ်ယောက်ထီးတည်း၊ ငွေ့ငွေ့ငြီး၍
ခရီးအဖော်၊ လက်တွဲခေါ်၍
ရွှင်ပျော်မြွေချမ်း၊ ခရီးလှမ်းခဲ့။

လျှို မြောင်တောင်ကြား၊ ရပ်တစ်ပါးသို့
ကြိုးစားဝန်ထမ်း၊ ခရီးကြမ်းန
မမှုဘယ်ခါ၊ မြို့ရွာအနှံ့
ခရီးဆန့်ခဲ့။

ရေခြားမြေခြား၊ တိုင်းတစ်ပါးသို့
ကိုယ်စားတမန်၊ ဖန်ဖန်ဆွေးနွေး
နွေးထွေးခေါက်ခေါက်၊ ခရီးပေါက်ခဲ့။

အရွယ်လည်းနှောင်း၊ ဝတ်ကျောင်းဘုရား
လှူဒါန်းများနှင့် မိသားတူကွ
လက်တွဲကြ၍၊ သီလဘာဝနာ
ဆောက်တည်ကာဖြင့်၊ ဘာသာမပျက်
ခရီးဆက်ခဲ့။

ရှေ့ကိုမျှော်ကြည့်၊ အသိနှင့်ယှဉ်
အမြင်ပြတ်သား၊ မဝေဝါးပါ
ဆက်သွားရမှာ၊ သံသရာ။

ကျော်စောဟန်

# ဘဝလမ်း

တစ်ယောက်တစ်လမ်းသာပဲ
မကြောက်တမ်းသာပ
လျှောက်လှမ်းကြ ပန်းတိုင်ဆီ။

မရောက်သေးပါလား
ကြောက်သွေးတွေ တုန်ယင်ယင်နှင့်
အစုန်နှင့် ဆန်ခရီးမှာ
ထန်သည်းရ မျက်ရည်ကြည်။

မကြောက်ပါဆွေ
တစ်ခေါက်တစ်ခါဖွေ ရောက်နေနှင့်သော်လည်း
ချောက်တွေနှင့် ကုန်းမူစီ
မတူညီပါတဲ့ခြေလှမ်း။

ကျသူကျ တက်သူတက်
စိတ်မပျက်စေလင့်
နိမ့်နိမ့်စံ ရေးရေးမြင့်
ဖေးမနှင့် စေလင့်
ပြုံးသူပြုံး မဲ့သူမဲ့
စိတ်မနဲ့စေလင့်
ညှိုးသူညှိုး ချုံးသူချုံး
စိတ်မနုံးစေလင့်
နေသူနေ ဖွေသူဖွေ
စိတ်မလေစေလင့်
နန်းဆန်ဆန် ပန်းပန်ပန်
ဂုဏ်မခံစေလင့်
လွှမ်းသူလွှမ်း ပန်းသူပန်း
စိတ်မနွမ်းစေလင့်
ကိုယ့်စခန်းကိုယ်ပြင်
ကိုယ့်လမ်းကိုယ်ထွင်လို့
အလှတွင် အယဉ်ဆင့်ကာပ
ဘဝတွင် အစဉ်မြင့်စေတော့
ပက်ကျိဆွေတစ်ကိုယ်ခဲ့သလိုမျိုး
မချိုတမ်း အစဉ်သင်ဝင်နွှဲခါပ
ကိုယ့်လမ်းစဉ် ကိုယ်မြင်ရဲရအောင်
ပွဲဝင်လိုက်စမ်း။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)




NEWS
2016

# CITY CARTOON



# CITY CARTOON



# CITY CARTOON









# ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းများ မြင့်မားသင့်ပြီ

ဇော်ဟိန်း





မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို နိုင်ငံတကာစံတွေနဲ့ ချိန်ထိုးပြီး အာဆီယံဒေသတွင်းနိုင်ငံ နဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ အတော် လေး နောက်ကျနေတာကို တွေ့ရပါ တယ်။ ဖွံ့ဖြိုးတိုးတက်မှု အညွှန်း ကိန်းများမှာ အခြေခံအားဖြင့် မြေ အကျယ်အဝန်း၊ လူဦးရေ၊ လူဦးရေ သိပ်သည်းဆ၊ နှစ်စဉ် ဈေးနှုန်းအရ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုး၊ လူ တစ်ဦးချင်း ပျမ်းမျှကုန်ထုတ်လုပ်မှု တန်ဖိုး၊ ပြည်ပပို့ကုန်တန်ဖိုး၊ အရန် နိုင်ငံခြားသုံးငွေ၊ လူတစ်ဦးချင်းရဲ့ ကျန်းမာရေး၊ ပညာရေးအသုံးစရိတ် စတာတွေ ပါဝင်ပါတယ်။ အဲဒီ ကိန်း ဂဏန်း အချက်အလက်တွေကို ကြည့်ပြီးတော့မှ တိုင်းပြည်ရဲ့ ဖွံ့ဖြိုး တိုးတက်မှုကို ပြဆိုရတာ ဖြစ်ပါ တယ်။

ရုပ်ဝတ္ထုပစ္စည်းတွေဖြစ်တဲ့ လမ်းတံတား၊ ဆည်မြောင်းတမံ၊ တိုက်တာအဆောက်အဦ၊ ဖိမ်ခံမော် တော်ကား၊ လူ့အသုံးအဆောင် ပစ္စည်းတွေ၊ စူပါ၊ မီဂါ၊ ဟိုက်ပါ မားကက်စတဲ့ ဈေးဝယ်ကုန်တိုက် ကြီးတွေ ပေါ်ပေါက်လာရုံမျှနဲ့ ဖွံ့ဖြိုး

တိုးတက်ပါတယ်လို့ ပြောမရဘူးဖြစ်ပါတယ်။ နိုင်ငံခြားအကူအညီ၊ နိုင်ငံခြားကြွေးမြီတွေ ရယူပြီး ပြည်ပနည်းပညာရှင်တွေက ဆောက်လုပ်ပေးတဲ့ လမ်းတံတား၊ အဆောက်အဦ၊ ပြည်ပသွင်းကုန်ပစ္စည်းတွေကို အားထားပြီးနေရတယ်ဆိုရင် ဖြစ်တည်လာတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေဟာ တိုင်းပြည်ဖွံ့ဖြိုးမှုကို ကိုယ်စားမပြုဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြပါအညွှန်းကိန်းများနဲ့ တွက်ချက်တိုင်းတာပြီးမှ ထုတ်ပြန်ကြေညာရခြင်းပဲ ဖြစ်ပါတယ်။ အညွှန်းကိန်းတွေကိုလည်း ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ဒေသတွင်းဖွံ့ဖြိုး တိုးတက်မှု စောင့်ကြည့်လေ့လာရေး အဖွဲ့တို့က စစ်တမ်းများ ကောက်ယူပြဋ္ဌာန်းပေးရတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေက တရားဝင်ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအပြင် ဘာသာရပ်

နိုင်ငံခြားအကူအညီ၊
နိုင်ငံခြားကြွေးမြီတွေရယူပြီး
ပြည်ပနည်းပညာရှင်တွေက
ဆောက်လုပ်ပေးတဲ့
လမ်းတံတား၊ အဆောက်အဦ၊
ပြည်ပသွင်းကုန်ပစ္စည်းတွေကို
အားထားပြီးနေရတယ်ဆိုရင်
ဖြစ်တည်လာတဲ့
ရုပ်ဝတ္ထုပစ္စည်းတွေဟာ
တိုင်းပြည်ဖွံ့ဖြိုးမှုကို
ကိုယ်စားမပြုဘူးလို့
ဆိုရမှာဖြစ် . . .



ဆိုင်ရာ သုတေသနအဖွဲ့တွေရဲ့ သတင်းအချက်အလက်တွေကိုပါ ရယူနှိုင်းချိန်ပြီး တွက်ချက်ဖော်ပြလေ့ရှိပါတယ်။ အညွှန်းကိန်းများဟာ အတိအကျမဟုတ်သော်ငြားလည်း အနီးစပ်ဆုံး မှန်ကန်တယ်ဆိုတာကို ကမ္ဘာ့နိုင်ငံများက လက်ခံထားကြပါတယ်။

အာဆီယံဒေသတွင်း ဆယ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွေအပေါ် ၂၀၁၅–၂၀၁၆ နှိုင်းယှဉ်ချက်ကို လေ့လာတဲ့အခါ စင်ကာပူ၊ ဘရူနိုင်းနဲ့ မလေးရှားနိုင်ငံတို့က ထိပ်စီးအမှတ်စဉ် တစ်၊ နှစ်၊ သုံး ဖြစ်ပြီး ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံတို့က နောက်ဆုံးအမှတ်စဉ် ခုနစ်၊ ရှစ်၊ ကိုး ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနဲ့ လာအိုက အမှတ်စဉ် ရှစ်ချင်းတိုက်နေတာကြောင့် အမှန်စဉ် ကိုးအထိသာ ထုတ်ပြန်ထားပါတယ်။ မြန်မာက အမှတ်စဉ် ကိုးဖြစ်လို့ နောက်အကျဆုံး၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဆိုတဲ့ အဖြေထွက်လာပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်ကို ရောက်ရှိအောင် ဘယ်လိုဆောင်ရွက်နေတယ်လို့ ပြောစေကာမူလည်း ရလဒ်အဖြေမကောင်းခဲ့တာကို ရဲရဲမြင်ပြီး ဖြစ်ရပ်မှန်တွေကို ရဲရဲကြည့်နိုင်၊ လက်ခံနိုင်ဖို့ လိုပါတယ်။

လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်ကစလို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေဟာ သမိုင်းကြောင်း အပြောင်းအလဲဖြစ်စေခဲ့တဲ့ ၁၉၆၂ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၈၈ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ ယုတ်လျော့ကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီအရပ်သားအစိုးရ အသွင်သဏ္ဍာန်ဖော်ဆောင်နိုင်ခဲ့ပေမယ့် စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်း မရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီမိုကရေစီစနစ်နဲ့ဈေးကွက်စီးပွားရေးစနစ်ကို လမ်းကြောင်း



ထွင်ပေးနိုင်ခဲ့ပေမယ့် ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ဘဲ ငါးနှစ်တာ လွှတ်တော်သက်တမ်းအပြီးမှာ အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီ အပြောင်းအလဲဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်ကိုင်တွယ်သွားမယ့် အစိုးရအဖွဲ့သစ်ဟာလည်း သက်တမ်း တစ်နှစ်ကာလ ရောက်လုရောက်ခင်အထိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို လုပ်နေရဆဲဖြစ်သလို၊ ဆက်လက်ပြီးတော့လည်း ပြင်သင့်တာပြင်၊ ပြောင်းသင့်တာပြောင်း၊ ပယ်သင့်တာ ပယ်၊ ဖြည့်သင့်တာဖြည့် လုပ်နေကြရဦးမှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွေ မြင့်မားလာအောင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း တိတိကျကျ လုပ်ဆောင်ကြရမှာ ဖြစ်သလို၊ အသစ်ထပ်မံပြဋ္ဌာန်းရမယ့် ဥပဒေ၊ နည်းဥပဒေများကိုလည်း လွှတ်တော်နှစ်ရပ်က အတည်ပြုထုတ်ပြန်ပေးရပါလိမ့်မယ်။ ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့များကလည်း ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်စွမ်းရှိရပါမယ်။ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ပြည်ထောင်စုအဆင့်က ချမှတ်ပေးပြီး ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များက နည်းဗျူဟာများ အခင်းအကျင်းတွေကို နယ်မြေဒေသအခြေအနေနဲ့ လိုက်လျောညီထွေစွာ စီမံသွားကြရပါမယ်။ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးပြီး၊ အစိုးရအဖွဲ့အစည်းအသီးသီးအနေနဲ့ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးကြရပါမယ်။ ပုဂ္ဂလိကလုပ်ငန်းများနဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေအပေါ်မှာ အလွန်အကျွံ ဝင်ရောက်စွက်ဖက်မှု မရှိစေဖို့ အထူးသတိပြုကြရပါလိမ့်မယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေဟာ ပြည်ထောင်စုအစိုးရအဖွဲ့အပေါ် အလွန်အမင်းအားထားခြင်းမပြုဖို့လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေမြေတောတောင်၊ ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများရဲ့ ဓလေ့စရိုက်များကို အခြေခံပြီး၊ မိမိပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ကိုက်ညီမယ့် စီမံကိန်းများကို ရေးဆွဲတင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စွမ်းရှိဖို့ အရေးကြီးပါတယ်။ မိမိပြည်နယ်နဲ့ တိုင်းဒေသကြီး အလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံ

**မြန်မာက**
**အမှတ်စဉ် ကိုး ဖြစ်လို့**
**နောက်အကျဆုံး၊ ဖွံ့ဖြိုးတိုးတက်မှု**
**အနည်းဆုံးဆိုတဲ့**
**အဖြေထွက်လာပါတယ်။**
**ခေတ်မီဖွံ့ဖြိုးတိုးတက်သော**
**နိုင်ငံတော်အဖြစ်ကို**
**ရောက်ရှိအောင်**
**ဘယ်လိုဆောင်ရွက်နေတယ်လို့**
**ပြောစေကာမူလည်း. . .**






အညွှန်းကိန်းများကို ကောက်ယူထားပြီး ဘဏ္ဍာနှစ်အလိုက် အညွှန်းကိန်းမြင့်မားအောင် ဆောင်ရွက်သွားကြဖို့ လိုပါလိမ့်မယ်။

ဘောဂဗေဒဘာသာရပ် အလိုအရ ငွေကြေးအရင်းအနှီး၊ ကုန်လုပ်ကိရိယာ၊ နည်းပညာချို့တဲ့လို့ ကုန်ထုတ်လုပ်မှု ကျဆင်းမယ်ဆိုရင် ရောင်းကုန်ပစ္စည်းပေါ်က အမြတ်ဝင်ငွေနည်းမယ်။ အမြတ်ဝင်ငွေနည်းရင် စုဆောင်းငွေ လျော့ပါးမယ်။ စုဆောင်းငွေ လျော့ပါးရင် ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းချဲ့ထွင်မှုမှာ အကန့်အသတ်တွေ ရှိလာမယ်။ ကုန်ထုတ်လုပ်မှု ကျဆင်းမယ်၊ ဝင်ငွေနည်းမယ်ဆိုတဲ့ ဆင်းရဲမှုသံသရာ ဖြစ်ပေါ်စေပါလိမ့်မယ်။ ဒီသံသရာက ရုန်းထွက်နိုင်ဖို့ အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းရပါလိမ့်မယ်။ ကုန်ထုတ်လုပ်မှုကို အားမြှင့်ပေးမယ့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်သလို၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ ပြည်သူ့ဘဝလုံခြုံမှုအတွက် ဝန်ဆောင်ရင်းနှီးမြှုပ်နှံမှုတွေကို ဖော်ဆောင်ပေးကြရပါမယ်။ မတူညီတဲ့ ရေခံမြေခံ၊ အရင်းအမြစ်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မဟာဗျူဟာရည်မှန်းချက်နဲ့ မဆန့်ကျင်တဲ့ နည်းဗျူဟာတွေ ခင်ကျင်းချမှတ်ကြရပါမယ်။ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာ၊ သားငါး၊ သစ်တော ကဏ္ဍတွေအလိုက် ဖြစ်နိုင်ခြေရှိတဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာမှာ ကုန်ထုတ်လုပ်မှု ဦးစားပေးခြင်း၊ ဝန်ဆောင်မှု ဦးစားပေးခြင်း၊ ကုန်သွယ်မှု ဦးစားပေးခြင်း စသည်ဖြင့် ဦးစားပေးအလိုက် ရှိရပါမယ်။

ဒေသအလိုက် အထူးစီးပွားရေးဇုန်များကို အလေးထားဆောင်ရွက်သလို၊ စက်မှုဇုန်များကိုလည်း အမှန်တကယ် ကုန်ထုတ်လုပ်နိုင်စွမ်းရှိတဲ့ စက်မှုဇုန်တွေဖြစ်လာအောင် ပြတ်ပြတ်သားသား တွန်းအားပေးလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ စက်မှုဇုန်တွေမှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေပါ စီးဝင်လာအောင် ဖန်တီးပေးရမှာဖြစ်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို အားပေးမြှင့်တင်ပေးရပါမယ်။ အခြေခံနဲ့ အဆင့်မြင့်ပညာရေးကို လုပ်ငန်းခွင်များနဲ့ ချိတ်ဆက်ပေးဖို့ ကြိုးပမ်းကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးသင့်ပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းတွေအပြင် လယ်ယာသစ်တော၊ သားငါးကုန်ထုတ်လုပ်ငန်းတွေရဲ့ ကုန်ထုတ်လုပ်မှု ကွင်းဆက်ကိုလည်း ပြတ်တောက်မသွားအောင် လုပ်ဆောင်ပေးရပါလိမ့်မယ်။ အထူးသဖြင့် ပြည်တွင်း လူ့စွမ်းအားနဲ့ သယံဇာတ ၄၀ ရာခိုင်နှုန်း ပါဝင်ပြီး၊ ပြည်ပပို့ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းမျိုးကို ဒေသအလိုက် စိစစ်ရွေးချယ်ပြီး အစိုးရအနေနဲ့ လိုအပ်တဲ့ထောက်ပံ့ကူညီမှုတွေ ပြုလုပ်ပေးရပါမယ်။ စက်မှုဇုန်တွေလိုပဲ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်များ သတ်မှတ်ဖော်ဆောင်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။ ခရီးသွားဝန်ဆောင်မှုဇုန်များမှာလည်း လူထုအဖွဲ့အစည်းအခြေပြု ခရီးသွားလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်စေသင့်ပါတယ်။

ဒီလိုတွေ ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စု၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင် ကုန်ထုတ်လုပ်သူများ၊ ဝန်ဆောင်အဖွဲ့အစည်းများနဲ့ ပတ်သက်သမျှ ပြည်သူအားလုံး ပေါင်းစပ်ညှိနှိုင်းမှုအပြည့် အချိတ်အဆက်မိမိရှိကြဖို့တော့ လိုအပ်ပါတယ်။ တစ်ရွာတစ်ပုဒ်ဆန်း၊ ကိုယ့်လမ်းကိုယ်လျှောက်နေရင်တော့ ကွင်းဆက်တွေပြတ်သွားဖို့ပဲ ရှိပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုင်ရာကဏ္ဍအလိုက် ပြည်သူတစ်ရပ်လုံး ကြိုးပမ်းဆောင်ရွက်ရင်း ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း မျက်ခြည်မပြတ်တမ်း အမိအရဖမ်းယူကြဖို့ အလွန်အရေးကြီးပါကြောင်း ရေးသားလိုက်ရပါတယ်။

**ဖော်ဟိန်း**



# သံတော်မြတ်ခုနစ်ဆူ၊ ဓာတ်တော်သယ်ဆူ ကိန်းဝပ်တော်မူသော
# ကျိုက်အရှန် – မည် – ကျိုက္ကစံစေတီတော်



မောင်မြတ်မွန်(ဆူးလေ)

ကျိုက်အရှန် ဘွဲ့မည်ရခဲ့သော ကျိုက္ကစံ စေတီတော်မြတ်သည် ရန်ကုန်မြို့တော် စည် ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာစာရင်းဝင် ဘုရားစေတီ၊ ပုထိုး (၁၇)ဆူတွင် အပါအဝင်ဖြစ်သကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံတည်ရာဇုန် "Monument Zone(M.Z)"အဖြစ် သတ်မှတ်ထားပြီးလည်း ဖြစ်ပေသည်။

ကျိုက်+အရှန်ဟူသော မွန်ဘာသာဖြင့် ဘွဲ့မည်၏အဓိပ္ပါယ်ဝစနက်ကား– ကျိုက်+ဘုရား+အရှန်=ရဟန္တာဖြစ်၍ ရဟန္တာကြပ်မတ်၍ တည်သောဘုရားဖြစ်ပေသည်။ ကျိုက်အရှန်ဘွဲ့မည်ရ ကျိုက္ကစံစေတီတော်မြတ်သည် ''မြတ်ဘုရားရွှေတိဂုံ တည်ထားကိုးကွယ်သည့် သိင်္ဂုတ္တရကုန်းတော်၏ အရှေ့မြောက်ဘက်ရှိ

**သယံ်နီးကျွန်းဟူသော အရေးအသားအသုံးအနှုန်းကို အဋ္ဌုပ္ပတ္တိအရလည်းကောင်း၊ ဗျုပ္ပတ်အရလည်းကောင်း၊ မြန်မာအဘိဓာန်ပါ သက်နီးအရေးအသား အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်လည်းကောင်း၊ ဆန့်ကျင်ကွဲလွဲစွာ တွင်ကျယ်သုံးနှုန်းလျက်ရှိနေပေရာ အမှားကြာလျှင် အမှန်ထင်နိုင်မည့် ဆယ်စုနှစ်မျှပင် ရှိနေပြီဖြစ်ပေသည်။**

ဘုရားအလောင်း ရွှေဟင်္သာမင်းဘဝက လေပြင်းမုန်တိုင်းမိ၍ ကျခဲ့ရာ'' ပထမ ပတိတကုန်းမူထက်တွင် တည်ထားကိုး ကွယ်ထားခြင်း ဖြစ်ပေသည်။

### ပတိရူပ–ပထမ–ပတိတကုန်းမူမြတ် တည်ရာ သင်္ကန်းပင်ကျွန်း

သင်္ကန်းပင်ကြီးများ တစ်အုပ်တစ်မ စုဝေးပေါက်ရောက်ရာ ဒီရေရောက်အရပ် ဖြစ်၍ ''သင်္ကန်းပင်ကျွန်း''ဟု အမည်တွင်ခဲ့ပေသည်။ ထိုသင်္ကန်းပင်ကျွန်းအရပ်တွင် အခြေချနေထိုင်ရန် ကျေးရွာတည်ထောင်သူများက သင်္ကန်းပင်ကြီးများကို ခုတ်လှဲမြေဖို့ပြီး တည်ဆောက်ခဲ့ရသောကြောင့် ''သင်္ကန်းပင်ကျွန်းကျေးရွာ''အမည်တွင်ခဲ့ရာမှ ကာလရွေ့လျားလာသည့်အခါ ''သင်္ကန်းကျွန်းကျေးရွာ'' အမည်ရလာခဲ့သည်မှာ အလောင်းမင်းတရားကြီး တည်ထောင်တော်မူခဲ့သော ရန်ကုန်မြို့တော်ကာလမှသည် မျက်မှောက်ကာလတိုင် ဖြစ်သည်။ သင်္ကန်းပင်ကျွန်းတည်ရာ ပထမပတိတကုန်းမူတွင် မြတ်စွာဘုရား ရွှေဟင်္သာမင်းဘဝက လေပြင်းမုန်တိုင်းမိ၍ ကျခဲ့ရသည့် နိမိတ်ပုံအဖြစ် သင်္ကန်းကျွန်းနှင့် မလှမ်းမကမ်းတွင် ''ဘောက်ထော်''(မွန်) ရွှေဟင်္သာ အမည်ရသည့် ကျေးရွာလေး၏ အမည်နာမသည် ယခုအခါ မြို့ပတ်ရထားလမ်းပိုင်းတွင် ''ဘောက်ထော်ဘူတာ''အမည်ဖြင့် ထင်ရှားဆဲဖြစ်လေသည်။ သို့ပါလျက် ၂၀၀၇ ခုနှစ်မှစတင်ကာ ''သဃံနီးကျွန်း''ဟူသော အရေးအသားအသုံးအနှုန်းကို ''အဋ္ဌုပ္ပတ္တိအရလည်းကောင်း၊ ဗျုပ္ပတ်အရလည်းကောင်း၊ မြန်မာအဘိဓာန်ပါ'' သင်္ကန်းအရေးအသား အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်လည်းကောင်း၊ ဆန့်ကျင်ကွဲလွဲစွာ တွင်ကျယ်သုံးနှုန်းလျက်ရှိနေပေရာ ''အမှားကြာလျှင် အမှန်ထင်နိုင်မည့်'' ဆယ်စုနှစ်မျှပင် ရှိနေပြီဖြစ်ပေသည်။

ကျိုက္ကစံစေတီတော်မြတ်သည် ကျိုက္ကစံဘုရားလမ်း သင်္ကန်းကျွန်းမြို့နယ်တွင် တည်ရှိနေပေသည်။ သင်္ကန်းကျွန်းမြို့နယ်သည် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ်အတွင်း တည်ရှိနေပေသည်။ ရွှေတိဂုံစေတီတော်နှင့် ကျိုက္ကစံစေတီတော်သည် မြန်မာနည်းစနစ်အတိုင်းအတာအရ တာပေါင်း ၁၅၀၀ တာ ဝေးကွာကြောင်း သမိုင်းမှတ်တမ်း ပြုထားသည်။ ခေတ်သုံးမှန်ပြောင်း Theodolite ဖြင့် တိုင်းတာရာတွင်မူ ပေပေါင်း ၁၉၆၆၀ ပေရှိကြောင်း ကျိုက္ကစံစေတီတော် သမိုင်းအကျယ်တွင် ဖော်ပြထား၏။ ကျိုက္ကစံစေတီတော်၏ ဥဏ်တော်အမြင့်မှာ ပင်လယ်ရေပြင်အထက် အမြင့်ပေ (Above Sea Level) တွင် ၂၃၅ ဒသမ ၇၅ ပေ ဖြစ်သည်။ စေတီတော် အနောက်မြောက်ဘက်တွင် ၂၀၄ ဒသမ ၄၁ ပေ၊ အနောက်တောင်ဘက်ရှိ ဝေဠုဝန်ရွှေကျင်ကျောင်းတိုက်အနီးတွင် ၁၉၉ ဒသမ ၂၆ ပေ မြင့်ကာ၊ စေတီတော်မြတ် ဖိနပ်အဝန်းမှာ ၈၅ ပေဖြစ်၏။ စေတီတော်ရင်ပြင်ထောင့် ခြသေ့်ကြီး၏ အနောက်တောင်ဘက် ၂၆၃ ပေ အကွာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင် ရဟန္တာ သိမ်ကြီး ၉သိမ်တွင်ပါဝင်သော ''သျှင်ယသသိမ်'' (ပြန်လည်ပြုပြင်ထား)ရှိသည်။ စေတီတော် တံတိုင်းထောင့်နှင့် သျှင်ယသသိမ်ထောင့်သည် ၁၈ တာ၊ ၁၈၈ ပေခန့် ကွာဝေးသည်။

### ကျိုက္ကစံစေတီတော် တည်ထားကိုးကွယ်မှု အဆင့်ဆင့်

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ဓတရဋ္ဌဟင်္သာမင်း ဖြစ်စဉ်ဘဝက အခြံအရံဟင်္သာများနှင့် သမုဒ္ဒရာသို့ ပျံကြလေရာ၊ ကြီးစွာသော လေပြင်းမုန်တိုင်းတိုက်ခတ်၍ ပထမပတိတကုန်း၌ ရှေးဦးစွာကျရာတွင် ဆံတော်တစ်ဆူ၊ သိကြားမင်းက ပတ္တမြားကိုပစ်ချ၍ ပေါ်ထွန်းလာသော ''မဏိဒီပကျွန်း''(ယခု သန်လျင်ကျွန်း)၌ ဆံတော် တစ်ဆူ၊ ဤနှစ်ဌာနတို့၌ စေတီတည်ထားကိုးကွယ်ရသော် သာသနာတော်အညွန့် အခွန့်ရှည်စွာ တည်လတ္တံ့ဟု ဗျာဒိတ်ကြား၍ မြတ်စွာဘုရားရှင်က ''ရသေ့ခေါက်'' အား ဆံတော်နှစ်ဆူ ပေးတော်မူသတည်း။

ထိုအခါ တြိယဝက်မင်း(သန်လျင်မင်း)နှင့် ရသေ့ခေါက်တို့သည် ပထမပတိတကုန်းသို့ လာပြီးလျှင် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံစီခြယ်သော ဌာပနာတိုက်တွင်းသို့ ပတ္တမြားစီခြယ်သော ပြသာဒ်ကို ရွှေသင်္ဘောအထက်၌ တင်၍ ရတနာခုနစ်ပါးတို့ဖြင့် ခုနစ်ထပ်လုပ်သော ကြုတ်တွင် ဆံတော်ထည့်သွင်း



ဌာပနာ၏။ သာသနာတော်ငါးထောင်တိုင် တည်ပါစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပူဇော်၏။ ဤသို့ ပထမပတိတကုန်း၌ ဆံတော်ဓာတ်တစ်ဆူ ဌာပနာ၍ စေတီတော်တည်ထားကိုးကွယ်ပြီးနောက် ''ကျိုက္ကစံစေတီတော်''ဟု ဘွဲ့တော်တွင်စေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် တတိယသင်္ဂါယနာတင် ဦးစီးမထေရ်ကြီးဖြစ်သည့် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့်ရင်းဖြစ်သော အသျှင်ယသ၊ အသျှင်သောဏနှင့် အသျှင်သုစိ အမျိုးရှိသော ရဟန္တာရှစ်ပါးတို့သည် ဆံဓာတ်တော်(၁၆)ဆူ၊ သရီရဓာတ်(၃၂)ဆူတို့ကို ယူဆောင်၍ သထုံပြည်သို့ ကြွရောက်တော်မူလာပြီး ရဟန္တာအရှင်မြတ်တို့က မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူခဲ့သည့်''သိင်္ဂုတ္တရကုန်း အရှေ့မြောက်ရှိ ဟံသာမင်းကျရာပထမပတိတကုန်း၌ စုရုံးဌာပနာလော့''ဟု မိန့်မြွက်ကာ ဆံတော်၊ ဓာတ်တော်များကို ပေးသနားတော်မူ၏။ တပို့တွဲလပြည့်နေ့ ကောင်းမြတ်သောအချိန်တွင် ဂန္ဓကုဋ်တိုက် အတွင်းသို့ သရီရဓာတ်တော်များကို (၁၀)ဆူ၊ ဆံတော်ဓာတ် (၆)ဆူတို့ကို ကြုတ်ခုနစ်ထပ်ဖြင့် ဌာပနာကြကုန်၏။ ထိုသို့ ရဟန္တာများက ကြပ်မတ်၍ တည်ထားတော်မူခဲ့၍ ကျိုက်+အရှန်ဟု ဘွဲ့မည်တွင်ကာ၊ ယခုကား ကျိုက္ကစံအမည်တွင်နေ၏။ တပို့တွဲလပြည့်နေ့တွင် ဒုတိယအကြိမ် တည်ထားကိုးကွယ်မှုကို အကြောင်းပြုကာ ကျိုက္ကစံဘုရားပွဲတော်ကို တပို့တွဲလပြည့်နေ့တိုင်းတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာတို့ကို ''ဆွမ်းဆီမီး'' ဆွမ်းကြီးလောင်းပွဲများဖြင့် ဆင်ယင်ကျင်းပနေခြင်း ဖြစ်၏။

''အုန်း၊ အင်း၊ ရုန်း၊ သံ၊ ကုလား–မြန် ဝေရန်ပထမ''လင်္ကာအရ အင်္ဂလိပ်နယ်ချဲ့တို့က ပထမကျူးကျော်စစ်ဖြင့် စစ်မက် အရေးမပေါ်မီ ကျိုက္ကစံစေတီတော်ကြီးသည် ငလျင်ဘေး၊ လေမုန်တိုင်းဘေးတို့ကြောင့်မဟုတ်ဘဲ အလိုအလျောက် တောင်ဘက်သို့ စောင်းငဲ့သွားခဲ့ဖူးသည်။ ရန္တပိုစာချုပ်နှင့် စစ်ပြေငြိမ်းချိန်ရောက်သည့်အခါတွင် ''အစိန္တိတံတန်ခိုးတော်''ကြောင့် အလိုလို ပြန်လည်တည့်မတ်သွားတော်မူခဲ့ပြန်သည်။ သာသနာ ၂၃၇၆၊ ကောဇာ ၁၁၉၄ တွင် ရွှေကျင်မြို့ဝန်မင်းလှရာဇာက စေတီတော်အား မွမ်းမံပြင်ဆင်၍ ''ရွှေထီးတော်''အသစ် တင်လှူခဲ့သည်။ ကောဇာ ၁၂၇၅ ခုနှစ်တွင် ပုဇွန်တောင်၊ အိုးဖိုရပ်နေ မြေပိုင်ရှင် ဦးစံခို၊ ဒေါ်ဒွေးတို့က စေတီတော်အား သင်ဒိုင်းစွပ်ငုံ၍ ပြုပြင်တည်ဆောက်ခဲ့ရာ ၁၂၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့တွင် ''ထီးတော်''တင်လှူနိုင်ခဲ့သော်လည်း ထီးဆရာ ဦးဘိုးတောခမျာ ရထားကြိုးကို အားကုန်ဆွဲကြ၍ ကြိုးပြတ်ကျကာ ထီးဆရာဦးဘိုးတောလည်း မြေသို့ကျ၍ သေဆုံးခဲ့ရဖူးပေသည်။

ကျိုက္ကစံစေတီတော်တွင် မြောက်ဘက်

# ကျိုက္ကစံစေတီတော်တောင်ဘက်တွင် ဥယျာဉ်ခြံမြေ ၃ ဧကကို ငွေကျပ်ငါးထောင်ဖြင့် ဝယ်ယူလှူဒါန်းပြီး၊ ခြံအတွင်းရှိ ဝါးပင်၊ ကြိမ်ပင်များကို ခုတ်ထွင်ရှင်းလင်း တည်ဆောက်ခဲ့ရ၍ ဝေဠုဝန်ရွှေကျင်တိုက်ဟု အမည်ရသော သမိုင်းဝင်ကျောင်းတိုက်ကြီး တည်ရှိနေသည်။



မုခ်နှင့် အနောက်ဘက်မုခ်တို့၌သာ ခြင်္သေ့နှစ်ကောင်စီရှိသည်။ အရှေ့မုခ်နှင့် တောင်ဘက် မုခ်တို့၌ ခြင်္သေ့ရုပ်များမရှိပေ။ စေတီတော် ခေါင်းလောင်းပုံအောက်၌ နတ်မင်းကြီး လေးပါးကို အစောင့်အရှောက်အဖြစ် ထုဆစ်ထားရှိသည်။ အရှေ့မျက်နှာ၌ ''ဂန္ဓဗ္ဗနတ်တို့သနင်း''၊ ''ဓတရဋ္ဌနတ်မင်းကြီး''၊ အနောက်မျက်နှာတွင် ''နဂါးအပေါင်းတို့၏သနင်း''၊ ''ဝိရူပက္ခနတ်မင်းကြီး''၊ တောင်ဘက်မျက်နှာ၌ ''ကုမ္ဘဏ္ဍာဘီလူးတို့သနင်း''၊ ''ဝိရူဠှကနတ်မင်းကြီး''နှင့် မြောက်ဘက်မျက်နှာ၌ ''ဘီလူးအပေါင်းတို့၏သနင်း''၊ ''ဝေသဝဏ္ဏာခေါ် ကုဝေရနတ်မင်းကြီး''တို့ ဖြစ်ကြလေသည်။ ဘုရားကျောင်းကန် သရုပ်မှန်နှင့်အညီ အနဝတတ်အိုင်(ရေကန်)၊ မဟာဗောဓိပင်၊ တံခွန်တိုင်နှင့်တကွ မင်းတုန်းမင်းကုသိုလ်တော် အုတ်ဇရပ်ကြီးတို့ပါ ရှိနေပါသည်။ ထိုဇရပ်ကြီး ယိုယွင်းနေ၍ ပိုးကုန်သည် ဒေါ်ဖွားက အသစ်ပြုပြင်သဖြင့် ''ဒေါ်ဖွားဇရပ်''ဟုသာ ယခုသိကြတော့သည်။ ကျိုက္ကစံစေတီတော်တောင်ဘက်တွင် ဥယျာဉ်ခြံမြေ ၃ ဧကကို ငွေကျပ်ငါးထောင်ဖြင့် ဝယ်ယူလှူဒါန်းပြီး၊ ခြံအတွင်းရှိ ဝါးပင် ကြိမ်ပင်များကို ခုတ်ထွင်ရှင်းလင်း တည်ဆောက်ခဲ့ရ၍ ''ဝေဠုဝန်ရွှေကျင်တိုက်''ဟု အမည်ရသော သမိုင်းဝင်ကျောင်းတိုက်ကြီး တည်ရှိနေသည်။

သမိုင်းဝင် ရဟန္တာသိမ်ကြီး (၉)သိမ်တွင် ပါဝင်သော သျှင်ယသရဟန္တာသိမ်၏ အနောက်တောင်ဘက် ပေ ၉၅၀ ခန့်အကွာတွင် သျှင်ယသစေတီတော်တစ်ဆူ ရှိကာ၊ ဝဲယာ၌ စေတီတော်တစ်ဆူစီကိုပါ တည်ထားသည်။ ထိုစေတီတော် သုံးဆူပတ်လည်တွင် တံတိုင်းကာရံထားသည့်အတွင်း၌ ''ဝိနည်း၊ ပိဋကတ်ကျောက်စာချပ်ရေ ၉၅ ချပ်''ကို ကောဇာ ၁၂၇၁ ကပင် စေတီတော်ငယ်များ ဝန်းပတ်ပူဇော်ထား၍ ''ကျောက်စာတိုက်စေတီ''ဘွဲ့မည်တွင်၏။ ထိုကျောက်စာချပ်များကို ဓမ္မစေတီမင်းက ရေထိုးပူဇော်ထားခဲ့ခြင်းဖြစ်၍ ''ဓမ္မစေတီကျောက်စာ''ဟု ခေါ်ကြသည်။ ထိုကျောက်စာများ တည်ရာလမ်းကိုလည်း ''ကျောက်စာတိုင်''လမ်းဟု အမည်ပေးထားသည်။ ကျောက်စာတိုင်လမ်း၊ သင်္ကန်းကျွန်းမြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၇၁)ပါ ''သံယုတ်ကျောင်းတိုက် (ကုန်းဘောင်ခေတ်နှောင်းလက်ရာ)သည် ၂၀၀၈ နာဂစ်ဒဏ်ခံရသည်ကို အကြောင်းပြုကာ၊ ယခုအခါ ''ပြည်တော်ဦး မြန်မာ–ကိုရီးယား ဖွံ့ဖြိုးရေးကျောင်း''ဟု အသွင်ပြောင်းသွားပြီ ဖြစ်လေသည်။

သင်္ကန်းပင်ကျွန်းတည်ရာ ပထမ–ပတိတကုန်းမူမြတ်တွင် တည်ထားကိုးကွယ်သည့် ''ကျိုက်+အရှန်''ဘွဲ့မည်ရ ဆံတော်မြတ် ခုနစ်ဆူ၊ ဓာတ်တော်ဆယ်ဆူ ကိန်းဝပ်တော်မူသော သမိုင်းဝင်ကျိုက္ကစံစေတီတော်မြတ်ကြီး ရင်ပြင်တော်ဝန်းကျင်တွင် ရိပ်လည်းဆိုင်းဆိုင်းဖြစ်သော သင်္ကန်းပင်၊ အင်ကြင်းပင်၊ စကားဖြူ၊ စကားဝါ၊ ကံ့ကော်ပင်တို့၏ အရိပ်အာဝါသဖြင့် အေးချမ်းဆိတ်ငြိမ်လှ၍ သူတော်စင်တို့ ရုက္ခမူအကျင့်မြတ်ဆောက်တည်ရန် ပတိရူပ ဖြစ်လှပေသည်။

ကျိုက္ကစံစေတီတော်သည် လိုဏ်ဝမုခ်လေးဘက်ရှိ၏။ ၎င်း လိုဏ်ဂူများအတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော် နှစ်ဆူစီရှိသဖြင့် ပုထိုးတော်ဟူ၍လည်းကောင်း၊ စေတီတော်ဟူ၍လည်းကောင်း ခေါ်ဝေါ်နိုင်ပါကြောင်း သမိုင်းမှတ်တမ်းပြု၍ တင်ပြလိုက်ရပေသတည်း။

**မောင်မြတ်မွန်(ဆူးလေ)**

# ဆောင်းနှင့်အပြိုင် ပွင့်ပန်းမြိုင်



ဂေါ်သဇင် နိုင်ညှာဆင့်
ကြိုင်စွာတင့် ပွင့်ငုံစီ . .
ဂမုန်းလှိုင် တူပြိုင်ဝင့်
ဖူးပွင့်စုံညီ။
ခွာညိုနှံ့ သင်းကြည်ကြည်
နှင်းငွေရည် ခြယ်လှူး . .
ရပ်လုံးကြိုင် ဆောင်တော်ကူး
ထူးတင့်ပွင့်ဖူး . . . .။

ပွင့်ပန်းမြိုင် ပန်းစုံလှ
ချမ်းမြမြ ဆောင်းပန်းချီ . .
မြောက်ပြန်လေ မြူးဆော့ခွင်း
ပန်းသတင်း ဝေစည် . .
သာစွတည့် လရာသီ
"မိဂသီ" ယှဉ်ပြိုင်ခဲ . .
စာပေပန်းများ ပျံ့ထုံကြည်
ရနံ့စုံညီ သင်းကြူမြ . .
ဆောင်းနှင့်အပြိုင်
ပျံ့သင်းလှိုင် ပန်းစုံမွှေးပါဘိ
ဖြန့်ထွေးခြုံ ပြည်ရွာအဝန်းမှာဖြင့်
စာပန်းရဲ့ ဝတ်မှုန်ကမ်းလို့ရယ်
ဆင်မြန်းခြယ် ပွင့်စုံဟပ်
(ကွယ် . .)
မြတ်စာဆိုလ . . .
ထူးတဲ့ခါသမယ . . . .။

မင်းသွေးနွယ်(ဇီးကုန်း)

# နောင်တ

သူ့နိုင်ငံအရောက်သွား
စီးပွားတွေရှာဖွေရန်
စိတ်အားထက်သန်၊
နည်းလမ်းတွေရှာကြံ
အဖန်ဖန် အထပ်ထပ်၊
နေ့ညရယ်ချိန်မရွေး
တွေးတောမပြတ်။


စိတ်ကူးတွေတယည်ယည်
သူ့နိုင်ငံ သူ့ထံမှောက်
ရောက်သွားပါလျှင်
လုပ်ငန်းတွေဝင်
ငွေရှင်လိမ့်တအား၊
ဝယ်လိုက်မည် လွန်နစ်ခြိုက်တဲ့
တိုက်တာနှင့် ကား။

ကိုယ့်နိုင်ငံ ကိုယ့်ပြည်ကျိုး
တစ်စိုးတစ်စိမပါ၊
သူ့နိုင်ငံ သူ့အကျိုးနှင့်
ကိုယ့်ကျိုးတွက်တာ၊
အောက်ချရသည်မျက်နှာ
ပုံပမာ စေအပါး၊
သည်အမြင် သည်အတွေး
မတွေးခဲ့ပါလား။

အချိန်ခါ ကာလညှောင်းမှ
ကောင်းကောင်းကြီး သိရှိမြင်
ပီပီပြင်ပြင်။
လုပ်ကိုင်ရနေ့စဉ်
အသွင်က အောက်တန်းကျ၊
သူ့နိုင်ငံ အထင်ကြီးပါလို့
မှားခြင်းကြီးမှားလေစွရယ်နှင့်
နောင်တတွေရ။ ။

အောင်လွန်းလင်း(ချောက်)





# ဝမ်းချုပ်ခြင်း

## ဒေါက်တာရဲကို

နို့တိုက်သတ္တဝါဖြစ်သော လူသားတို့သည် အသိဉာဏ်အမြင့်ဆုံး ဖြစ်သည့်အပြင် တွားသွားသတ္တဝါ မဟုတ်သဖြင့် မိမိတို့၏ ခြေနှစ်ချောင်းပေါ်တွင် အစဉ်ရပ်တည်လှုပ်ရှား ရုန်းကန်နေရပါသည်။ ထို့ကြောင့်ပင် မည်သူမဆို ဘဝတစ်သက်တာတွင် ဝမ်းချုပ်ခြင်းကို အနည်းနှင့်အများ ခံစားနေရခြင်းဖြစ်သည်။ ကမ္ဘာမြေကြီးဆွဲအား ပိုသက်ရောက်စေခြင်းသည်လည်း အချက်တစ်ချက်အဖြစ် ပါဝင်နေပေသည်။

ဝမ်းချုပ်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အနည်းဆုံး တစ်ပတ်လျှင် ၃ ကြိမ်ထက်နည်းပြီး ဝမ်းသွားခြင်းကို ဆိုလိုပါသည်။ တစ်ခါတရံ ဝမ်းချုပ်ခြင်းအလေ့အထသည် အဖြစ်များသော ကျန်းမာရေးအခြေအနေတစ်ရပ်ဖြစ်ပြီး ဝမ်းချုပ်ခြင်းကို နာတာရှည်ခံစားလာရပါက ဝမ်းသွားရမှုခက်ခဲခြင်း ဝေဒနာများ ခံစားရနိုင်ပြီး အခြား နောက်ဆက်တွဲဆိုးကျိုးများ သက်ရောက်စေကာ နေ့စဉ်လှုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများကိုပင် ထိခိုက်လာစေနိုင်ပါသည်။ တိကျသော အကြောင်းအရင်းခံကြောင့် ဝမ်းချုပ်ခြင်းဖြစ်စေနိုင်သလို၊ အချို့အခြေအနေများတွင် အကြောင်းရင်းခံမရှိဘဲ ဝမ်းချုပ်ခြင်းများလည်း ရှိနိုင်ပေသည်။

**ဝမ်းချုပ်ခြင်း လက္ခဏာများ**

- တစ်ပတ်လျှင် ၃ကြိမ်ထက်နည်း၍ ဝမ်းသွားခြင်း
- ဝမ်းမာခြင်း
- ဝမ်းသွားစေရန် အားထုတ်မှုပြုရခြင်း
- ဝမ်းသွား၍မရဟု ခံစားနေရခြင်း
- ဝမ်းသွားခြင်း ပြီးမြောက်သည်ဟု မခံစားရခြင်း

– ဝမ်းသွားစေရန် ဝမ်းဗိုက်ကိုနှိပ်၍ ကြိုး စား ပေးရခြင်း

အထက်ပါအချက်များမှ ၂ ချက်နှင့် အထက် ခံစားနေရပါက မိမိသည် နာတာရှည် ဝမ်းချုပ်ခြင်းရောဂါ ခံစားနေရပြီဟု ဆိုနိုင်ပြီဖြစ်သည်။

**ဝမ်းချုပ်ရခြင်း အကြောင်းရင်းများ**

(၁) လမ်းကြောင်းပိတ်ဆို့ခြင်း

ဝမ်းသွားမည့်လမ်းကြောင်း၊ စအို၊ အူမကြီးအပိုင်းတို့တွင် ပိတ်ဆို့မှုဖြစ်ခြင်း၊ အနာဖြစ်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်း၊ လမ်းကြောင်းကျဥ်းခြင်း၊ အာရုံကြောအားနည်းခြင်းကြောင့် အူလမ်းကြောင်းလှုပ်ရှားမှု နှေးခြင်းတို့မှသည် ဝမ်းချုပ်စေခြင်း ဖြစ်စေနိုင်သည်။


(၂) အခြားသောအာရုံကြောရောဂါအမျိုးမျိုး

လေဖြတ်ခြင်းဝေဒနာ ခံစားရခြင်း၊ အာရုံကြောမကြီး ထိခိုက်မိခြင်း၊ ပါကင်ဆန်ရောဂါ (Parkinson's disease)၊ အာရုံကြော အားနည်းခြင်းကြောင့် ကြွက်သားများ အားနည်းခြင်း၊ အကျိုးဆက်အနေနှင့် ဝမ်းချုပ်ခြင်း ခံစားရနိုင်သည်။

(၃) ဟိုမုန်းရောဂါ ခံစားရခြင်း

ခန္ဓာကိုယ်အတွင်းရှိ ဟိုမုန်းဓာတ်ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်၏ ရေဓာတ်

**လေ့ကျင့်ခန်း**
**ပြုလုပ်ခြင်းသည်လည်း**
**ခန္ဓာကိုယ်တွင် သွေးလှည့်ပတ်မှု**
**ကောင်းမွန်စေကာ**
**အူလမ်းကြောင်းလှုပ်ရှားမှု**
**ပိုမို ကောင်းမွန်စေခြင်း၊**
**ကြွက်သားများ သန်မာစေခြင်းတို့**
**ဖြစ်စေကာ ဝမ်းချုပ်ခြင်းကို**
**သက်သာပျောက်ကင်းစေပါသည်။**




ထိန်းသိမ်းနိုင်မှုအခြေအနေ လျော့နည်းပျက်စီးကာ ဝမ်းချုပ်မှုဝေဒနာ ခံစားရခြင်း၊ (ဥပမာ– ဆီးချိုရောဂါ၊ သိုင်းရွိုက်ဟိုမုန်းနည်းခြင်း (Hypothyroid)၊ ပါရာသိုင်းရွိုက်ဟိုမုန်းများခြင်း(Hyperparathyroid)၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ)

(၄) အခြား

– အသက်အရွယ်ကြီးခြင်း
– ရေဓာတ်ခန်းခြောက်ခြင်း
– အမျှင်ဓာတ် (Fibre) ပါဝင်သော အစားအစာများ စားသောက်မှုနည်းခြင်း
– ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း
– အမျိုးသမီးဖြစ်ခြင်း
– အချို့သော ဆေးဝါးများ – သွေးတိုးကျဆေး၊ အိပ်ဆေးများ

စသည်တို့ကြောင့်လည်း ဝမ်းချုပ်မှုကို ဖြစ်ပေါ်စေပါသည်။

**နာတာရှည်ဝမ်းချုပ်ခြင်း၏ ဆိုးကျိုးများ**

**လိပ်ခေါင်းရောဂါ ခံစားရခြင်း** – ဝမ်းချုပ်ခြင်းကြောင့် စအိုပတ်ဝန်းကျင်ရှိ သွေးပြန်ကြောများ ပုံမှန်မဟုတ်ဘဲ ဖောင်းလာကာ လိပ်ခေါင်းရောဂါ ခံစားရနိုင်ပါသည်။ ထို့အပြင် ဝမ်းမာခြင်းမှသည် တစ်ခါတရံ စအိုရှိ အရေပြားကွဲခြင်း ဖြစ်ပေါ်ပြီး စအိုကွဲနာ ခံစားရခြင်း၊ ဝမ်းညှစ်ခြင်း၏ ဆိုးကျိုးဖြစ်သော စအိုကျွံခြင်း၊ အူမကြီးကျွံခြင်း ရောဂါများ ခံစားဖြစ်ပွားစေနိုင်ပါသည်။

**ဝမ်းချုပ်ခြင်းအတွက် စမ်းသပ်စစ်ဆေးခြင်း**

ဝမ်းချုပ်ရခြင်း အကြောင်းရင်းများကို ရှာဖွေစမ်းသပ်စစ်ဆေးကာ ထိရောက်စွာ ကုသမှုပေးနိုင်မှသာ မလိုလားအပ်သော ကျန်းမာရေးနောက်ဆက်တွဲ ဆိုးကျိုးများ မဖြစ်ပွားအောင် ကာကွယ်နိုင်ပေမည်။

Sigmoidoscopy – စအိုနှင့် အူမကြီး အောက်ပိုင်းတစ်လျှောက်ကိုမှန်ပြောင်းကြည့်ခြင်း

Colonoscopy – အူမကြီးလမ်းကြောင်း တစ်ခုလုံးကို မှန်ပြောင်းကြည့်ခြင်း

Anorectal manometry – စအိုကြွက်သား အားနည်းမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်း

Colonic transit study – အစာရွေ့လျားမှု ပုံမှန်ရှိ၊ မရှိ အူမကြီးလမ်းကြောင်းတစ်လျှောက် စမ်းသပ်မှုပြုခြင်း

အစရှိသော စမ်းသပ်စစ်ဆေးမှုများကို လုပ်ဆောင်ခြင်းဖြင့် ရောဂါမဖြစ်မီ ကြိုတင်သိရှိ ကုသနိုင်မည် ဖြစ်သည်။

**ကုသခြင်း**

ဝမ်းချုပ်ခြင်းကို ကုသခြင်းသည် သဘာဝနည်းဖြင့် စတင်ပါသည်။ အစားအသောက် စားသောက်မှုပုံစံ၊ နေထိုင်မှုပုံစံများ ပြောင်းလဲခြင်းသည် အထိရောက်ဆုံးသော ကုသမှုပင်ဖြစ်သည်။ စားသောက်နေထိုင်မှုပုံစံ ပြောင်းလဲခြင်းဖြင့် မိမိတို့ စားသောက်လိုက်သော အစာများကို အူလမ်းကြောင်းမှ ပိုမိုမြန်စွာ ရွေ့လျားစေပြီး ဝမ်း



ချုပ်ခြင်းကို သက်သာစေပါသည်။ အစားအသောက်ပုံစံ ပြောင်းလဲခြင်းဆိုရာတွင် အမျှင်ဓာတ်ပါသော အစားအသောက်များဖြစ်သော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသောက်သင့်ပေသည်။ ထိုသို့ စားသောက်ရာတွင် ရက်သတ္တပတ်အတွင်း တဖြည်းဖြည်းခြင်း တိုး၍စားသောက်သွားသော အလေ့အကျင့်ကို ဆောင်ရွက်သင့်သည်။ သို့တည်းမဟုတ် ရုတ်တရက် အသီးအနှံ ဟင်းသီးဟင်းရွက် အမျှင်ဓာတ်ပြည့်ဝသော အစားအစာများကို အများကြီး စားလိုက်ပါက လေပွခြင်း၊ မအီမသာဖြစ်ခြင်း စသော ဝေဒနာများကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် နေ့စဉ် စားသောက်နေသော အစားအသောက် ၁၀၀၀ ကယ်လိုရီတိုင်းအတွက် အမျှင်ဓာတ်ပါ အစားအသောက် ၁၄ ဂရမ်ခန့် စားသောက်သင့်ကြောင်း သတ်မှတ်ထားပါသည်။

လေ့ကျင့်ခန်းပြုလုပ်ခြင်းသည်လည်း ခန္ဓာကိုယ်တွင် သွေးလှည့်ပတ်မှု ကောင်းမွန်စေကာ အူလမ်းကြောင်းလှုပ်ရှားမှု ပိုမိုကောင်းမွန်စေခြင်း၊ ကြွက်သားများ သန်မာစေခြင်းတို့ ဖြစ်စေကာ ဝမ်းချုပ်ခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ဝမ်းသွားခြင်းကို မိမိတစ်နေ့တာအချိန်များအတွင်း အချိန်ပေးခြင်းသည်လည်း ဝမ်းချုပ်ခြင်းကို သက်သာစေပါသည်။ ဝမ်းသွားချင်သည့်စိတ် ဖြစ်ပေါ်လာသည်နှင့် ဝမ်းသွားစေရန် ကြိုးစားသင့်သည်။ လစ်လျူရှုခြင်း မပြုလုပ်သင့်ပေ။ ထိုကဲ့သို့သော အမူအကျင့်သည်လည်း နာတာရှည်ဝမ်းချုပ်ခြင်းအတွက် ကုသမှုနည်းလမ်းတစ်ခုပင် ဖြစ်သည်။



အခြားသော ကုသခြင်းမှာ ဆေးဝါးများဖြင့် ကုသခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်း သက်သာစေရန် ဝမ်းပျော့ဆေး၊ ဝမ်းချုဆေးရည်များဖြင့် ဝမ်းချုခြင်း စသည့် ဆေးဝါးများ၏ အကူအညီကိုလည်း ရယူနိုင်ပေသည်။ ယခုအခါ ဈေးကွက်ထဲတွင် ဝမ်းပျော့ဆေးအမျိုးမျိုးကို လွယ်လင့်တကူ ရှာဖွေဝယ်ယူနိုင်ပြီဖြစ်သည်။ သို့ရာတွင် သဘာဝနည်းလမ်းများဖြင့်သာ သက်သာပျောက်ကင်းနိုင်မှုကိုသာ အထူးအလေးပေး ပြောင်းလဲ ကျင့်ကြံသင့်ပေသည်။

ခွဲစိတ်ခြင်းသည်လည်း အူလမ်းကြောင်းနှင့် စအိုပတ်ဝန်းကျင်ရှိ ရောဂါများကြောင့် ဝမ်းချုပ်ခြင်းကိုကုသရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ လိပ်ခေါင်းရောဂါ၊ စအိုကွဲနာရောဂါ၊ အူလမ်းကြောင်း၊ စအိုလမ်းကြောင်းကျဉ်းခြင်းတို့သည် ခွဲစိတ်ကုသမှ ပျောက်ကင်းနိုင်မည့် ရောဂါအခြေအနေများဖြစ်သည်။ ထို့ကြောင့် စောလျင်စွာ တတ်ကျွမ်းသော ဆရာဝန်များ၏ အကူအညီကို ရယူသင့်ပေသည်။

ဝမ်းချုပ်ခြင်းသည် နေ့စဉ်ဘဝအချိန်များတွင် အများဆုံးကြုံတွေ့နေရသော ကျန်းမာရေးပြဿနာဖြစ်သည်။ မိမိတို့၏ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲရုံနှင့် သက်သာပျောက်ကင်းနိုင်သော အခြေအနေတစ်ရပ်လည်း ဖြစ်သည်။ ထို့ကြောင့် ဝမ်းချုပ်ခြင်းကင်းသော နေ့ရက်များကို နေထိုင်မှုပုံစံပြောင်းပြီး ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြမည်ဖြစ်ပါသည်။

**ဒေါက်တာရဲကို**


# CITY CARTOON



# CITY CARTOON



# CITY CARTOON




ဆင်ဖြူကျွန်း

# အောင်သိန်း

## ငစိန် (သို့မဟုတ်) ဒေါက်ချာဆုံးတစ်ချောင်း

(၁)

ငစိန်အား တစ်ရွာလုံးကမုန်းကြသည်။ သို့ရာတွင် ငစိန်မှာ လူမိုက်တွေရှိသောကြောင့် ရွာသူရွာသားများက မောင်းမထုတ်နိုင်ကြပေ။



ငစိန်အား တစ်နယ်လုံးကလည်း ရွံမုန်း၏။ သို့ရာတွင် ငစိန်သည်လည်း၏။ အပေါင်းအသင်းကောင်း၏။ အကပ်လည်းတော်သည်။ ထို့ကြောင့် သရက်ချင်ဒိုင်နယ် လူထုက တင်မြှောက်ထားသော ကျေးရွာကော်မတီများကို ဘေးသို့ကန်ထုတ်၍ ကျေးရွာကော်မတီ၏ အာဏာများကို ဝင်ရောက်ချုပ်ကိုင်နေနိုင်၏။ မည်သူမျှ မတတ်နိုင်။

ငစိန်အား သရက်ချင်ဒိုင်နယ် တောင်ပိုင်းထက် မြောက်ပိုင်းက သာ၍မုန်း၏။ အဘယ်ကြောင့်ဆိုသော် သရက်ချင်ဒိုင်နယ်ကော်မတီဥက္ကဋ္ဌကိုယ်တိုင် တာဝန်ယူလုပ်ကိုင်သော တောင်ပိုင်းက ကုန်စည်ဖြန့်ဖြူးရေးဆိုင်တွင် ဆီတစ်ပိဿာကို တစ်ပိဿာနီးပါး အပြည့်နီးပါးရသော်လည်း တာဝန်ရှိသော ကော်မတီများကိုကန်ထုတ်၍ ငစိန်ချယ်လှယ်နေသော မြောက်ပိုင်းကဆိုင်တွင် ဆီတစ်ပိဿာ ကျပ်ဖြင့်ဖွဲ့သော် ၈၅ကျပ်သားသာရှိသောကြောင့်တည်း။

''မင်းတို့ ဘာကောင်တွေလဲကွ''

သရက်ချင်ဒိုင်နယ် မြောက်ပိုင်းသားများသည် ငစိန်ကိုမုန်းတိုင်း တာဝန်ရှိသော ကျေးရွာကော်မတီများကို ဖိကြိမ်းကြ၏။

''မင်းတို့ကိုယုံကြည်လို့ ငါတို့က တင်မြှောက်ထားတာ၊ အခုတော့ မင်းတို့က ဘာလုပ်နေတာလဲ''

သရက်တောရွာက ကိုဘမြင့်၊ ရွာသစ်ကလေးရွာက ကိုကျော်ဇော၊ ရွာသစ်ကြီးရွာက ကိုဘဒင်နှင့် ရမ်းဘိုကုန်းရွာက ကိုဟန်ထွန်းတို့သည် သရက်ချင်ဒိုင်နယ်မြောက်ပိုင်းမှ ကော်မတီလူကြီးများဖြစ်ကြသည်။ သူတို့သည် မဆိုင်ဘဲဝင်ကျယ်နေသော ငစိန်အား မပြောရဲကြ။ ပြောမိ၍ ငစိန်အား တစ်စုံတစ်ယောက်က အခိုင်အမာတရားဝင် အာဏာပေးထားသူရှိနေလျှင် ငစိန်၏ဆရာက မုန်းချေမည်။ ငစိန်အားမပြောရဲလျှင် မိမိတို့အား တင်မြှောက်ထားသော ရွာသူရွာသားများကို ရင်ဆိုင်ရဲရမည်။ ကော်မတီဝင်များသည် ငစိန်ကိုတော့ ရင်မဆိုင်လို။ ကျေးရွာသူရွာသားတို့၏ အဆိုအဆဲကိုပင် ခံတော့မည်။

''ဟိုနေ့တုန်းက ဆားနှစ်ဆယ်သား ပေးလိုက်တာ ရေစက်စက်နဲ့၊ မင်းတို့မပြောကြတော့ဘူးလား''

''မပြောရဲဘူးဗျာ၊ သူက ဘာမှန်းမှ ကျုပ်တို့မသိတာ''

မြောက်ပိုင်းသားလူကြီးများ၏ အဖြေကား ညီလှပေသည်။

''ဒီပစ္စည်းဝေတာကို အမှန်က မင်းတို့ ကော်မတီတွေ လုပ်ရမှာမဟုတ်လား၊ အခု မင်းတို့က ဘာဖြစ်လို့ရှောင်နေတာလဲ''

''သူက လည်တယ်နော်၊ ခင်ဗျားတို့ မသိဘူး၊ ပစ္စည်းတွေကို သူရောင်းစားပစ်ပြီး ကျုပ်တို့ခေါင်းပေါ် လွှဲချသွားရင် ဘယ့်နှယ့်လုပ်မလဲ၊ ငွေတွေ သူသုံးပစ်ပြီး ကျုပ်တို့ကို သူ့အရှုပ်ထဲဆွဲထည့်ရင် မခက်ဘူးလား''

ယင်းဆိုလျှင် မြောက်ပိုင်းသား ကော်မတီ လူကြီးတို့ ကြောက်ရသော ငစိန်ကား တကယ်လည်း လည်ပါပေ၏။

လွန်ခဲ့သော ငါးနှစ်က သရက်ချင်ဒိုင်နယ်တွင် သူကြီးရွေးကောက်ပွဲ ကျင်းပခဲ့သည်။ လက်ရှိသူကြီး ငစိန်နှင့် ရွာသစ်ကြီးရွာမှ ဦးလှမောင်တို့ ယှဉ်ပြိုင်ကြ၏။ ဦးလှမောင်က အနိုင်ရကာ သူကြီးဖြစ်သွားခဲ့သည်။

သို့ရာတွင် သူကြီးဦးလှမောင်မှာ သူကြီးအာဏာကို ကြာရှည်ဆုပ်ကိုင်မထားလိုက်ရပေ။ မည်သည့်အပြစ်၊ မည်သည့် ချွတ်ယွင်းချက်မျှမရှိဘဲနှင့် တစ်နှစ်အကြာတွင် ပြုတ်ကျကာ၊ သူကြီးဟောင်း ငစိန်ပင် ပြန်၍သူကြီးဖြစ်လာလေ၏။ သရက်ချင်ဒိုင်နယ်သားတို့ အံ့သြ၍မဆုံးနိုင်ပြီ။ ထို့ထက် ငစိန်အား ကြောက်၍လည်းလာကြတော့၏။

တူရွင်းတောင်ခြေ၌ မြင်းကျားစီးကာ ခါးရေးပြုပြီးနောက်၌ အလောင်းစည်သူမင်းကြီးအား အမတ်တို့သည် တိုး၍ခံ့ညား ကြောက်ရွံ့လာကြသည်။ ထို့အတူတူ လူထုမဲနှင့်တက်သော သူကြီးပြုတ်ကျကာ ငစိန်ပင်ပြန်၍ သူကြီးဖြစ်လာပြီးနောက်၌ သရက်ချင်ဒိုင်နယ်သားတို့သည် ငစိန်အား တိုး၍ ကြောက်ရွံ့လာကြလေ၏။

ငစိန်သည် လည်၏။ အကပ်ကောင်း၏။ ပေါက်ရောက်၏။ လည်သမှ မဲနှင့်တက်သော သူကြီးပြုတ်ကျကာ မိမိပင် သူကြီးဖြစ်အောင် လည်၏။ ပေါက်ရောက်သမှ ဒိုင်နယ်တစ်ခုလုံး မုန်းနေပါလျက်က သူကြီးဖြစ်သည်အထိ ပေါက်ရောက်သည်။

ဒိုင်နယ်တစ်ခုလုံးက မုန်းရာတွင် ငစိန်အား ဒိုင်နယ်မြောက်ပိုင်းက ပိုမုန်း၏။ မြောက်ပိုင်းတွင်ပင် ဖဲသမား၊ ကြက်သမားထက် လူကောင်းသူကောင်းများက ငစိန်ကို ပို၍မုန်းကြသည်။ အဘယ်ကြောင့်ဆိုသော် ငစိန်သည် အရက်ချက်ရောင်းသူတို့ထံမှ မိုက်ကြေးယူကာ အရက်ချက်ခွင့်ပြုသဖြင့် အရက်သမား ပိုပေါလာ၏။ ဒိုင်နယ်၏ အကြီးအကဲဖြစ်သူက သူတစ်ပါးမယားကို ခိုးယူသဖြင့် မယားခိုး ခိုးမှုတွေပေါလာ၏။ ထို့ကြောင့် လူကောင်းသူကောင်းတွေက အခြားသူများထက်ပို၍ မုန်းသည်။

ငစိန်အား လူကောင်းသူကောင်းတွေက မုန်းသည်ထက် မယ်ချိုက သာ၍မုန်း၏။

မယ်ချိုကား ရမ်းဘိုကုန်းရွာသူ ပိန်ကပ်ကပ် မည်းခြောက်ခြောက်၊ မျက်ခမ်းစပ်နှင့် အသက်အစိတ်အရွယ် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူ့အလုပ်ကား အရက်ချက်ရောင်းသော အလုပ်ပေတည်း။ သူနှင့် ငစိန်သည်・・・

(၂)

မယ်ချိုနှင့် ငစိန်သည် ကျွန်းနှင့်ကိုင်းတည်း။ ငစိန့် ခွင့်ပြုချက်ကိုရရှိ၍ မယ်ချို အရက်ချက်ရောင်းကာ အသက်မွေးနိုင်သည့်နည်းတူ မယ်ချိုထံမှ အရက်---ဖြစ်ရရှိသဖြင့် ငစိန် အရက်အလကားသောက်

**မယ်ချိုနှင့် ငစိန်သည် ကျွန်းနှင့်ကိုင်းတည်း။**

**ငစိန့် ခွင့်ပြုချက်ကိုရရှိ၍ မယ်ချို အရက်ချက်ရောင်းကာ**

**အသက်မွေးနိုင်သည့်နည်းတူ ・・・**

ရသည်။ မယ်ချိုနည်းတူ အရက်ပုန်းချက်သူတိုင်းသည် ငစိန့်အား လာရောက်ပေးကာ အရက်ချက်ကြရသည်ချည်း။

ငစိန်အား လာဘ်ပေးထားခြင်းသည် မယ်ချိုတို့အတွက် ကောင်း၏။ လာဘ်ရသော ငစိန်သည် ''ချက်သာချက်ကြ''ဟု အမိန့်ပေးရုံသာမက သတင်းလည်းပေးဖော်ပေသည်။

တံခါးမရှိ၊ ဓားမရှိ အရက်ချက်ကြသဖြင့် အရက်သောက်ရန်လာသူများဖြင့် ရွာစည်ကားလာလေ၏။ အရက်သမားများ အဝင်အထွက် များဖန်များသော် ရပ်တွင်းရွာတွင်း၌ အမှုပွေလာတော့သည်။ သမီးပျိုရှင်များသည် မိမိတို့သမီးအတွက် စိုးရိမ်လာကြ၏။ သားပျိုရှင်များသည်လည်း အတုမြင်အတတ်သင်လာမည်ကိုမလိုလားကြပေ။

ရွာ၌ အရက်ပုန်းချက်ပုံမှာ လူခြေတိတ်တွင်သော်လည်းကောင်း၊ မမြင်ကွယ်ရာတွင်သော်လည်းကောင်း လုပ်ရကိုင်ရ၏။ ရောင်းချရာတွင်လည်း သိသာသိစေ၍ လူမြင်မခံကြပေ။ ထိုစည်းကမ်းထက်လွန်၍ အရက်သမားတို့ ခြေရှုပ်လွန်းလာသောအခါ ရပ်ရွာ၏တိုင်တန်းချက်အရ ဆိုင်ရာ ယစ်မျိုးဘက်က သိရှိခွင့်ရလေ၏။

သို့ရာတွင် ယစ်မျိုးဌာနသည် မယ်ချိုတို့ထံမှ အရက်တစ်ငုံစာကိုသော် လည်းကောင်း၊ အလင်တစ်ဖွန်းစာသော်လည်းကောင်း ဖမ်းဆီးရမိခြင်းမရှိပေ။ အကြောင်းမူ ယစ်မျိုးဘက်မှ ရောက်လာမည့်အချိန်ကို သိထားသော ငစိန်က မယ်ချိုတို့အား ကြိုတင် သတင်းပေးထားပြီး ဖြစ်သောကြောင့်တည်း။

မယ်ချိုတို့သည် ထန်းရည်ချိုရသောရာသီ၌ ထန်းရည်ခါးထည့်ရောင်းကြသည်။ ထန်းရည်ချိုမရသောရာသီတွင် ထန်းလျက်ရည်(စိမ်ရည်)ထည့်၍ ရောင်းသလို အရက်လည်း ချက်၍ရောင်းချကြ၏။ အကယ်၍ မယ်ချိုတို့အရက်ပုန်းသမားများအား အရက်ဖမ်းသူတို့သည် တိတ်တဆိတ်ချောင်းမြောင်းဝင်ရောက်လာကာ ဖမ်းဆီးလေဦး တစ်ဦးတစ်ယောက်မျှသာ မိပေမည်။ မယ်ချိုတို့တစ်တွေကား မဲမှောင်ပိန်ခြောက်နေသလောက် လျင်၏။ မိမိတို့၏ အရက်ပုလင်း စိမ်ရည်အိုး၊ ထန်းရည်အိုးများကို မျက်လှည့်ဆရာပမာ ရှင်းရှင်းကလေးနှင့် ဝှက်တတ်

တံခါးမရှိ၊ ဓားမရှိ အရက်ချက်ကြသဖြင့်
အရက်သောက်ရန်လာသူများဖြင့်
ရွာစည်ကားလာလေ၏။
အရက်သမားများ အဝင်အထွက်များ. . .

၏။ ရှင်းရှင်းကလေးနှင့်လည်း ထုတ်ယူလာနိုင်ကြ၏။

ကိုယ်ခံကလည်း ရှိသည်တွင် သတင်းပေးမည့် သူကြီးပါရှိနေသဖြင့် မယ်ချိုတို့သည် တစ်သက်တော့ ယစ်မျိုးဥပဒေဖြင့် ထောင်ဒဏ်၊ ဒဏ်ငွေမသင့်ပြီဟု မှတ်ယူယုံကြည်နေဆဲတစ်နေ့တွင် မယ်ချိုမှာ ငုတ်တုတ် ခံလိုက်ရလေသည်။

ထိုနေ့မှာ ယစ်မျိုးဘက်မှ ရွာသို့လာရောက် ရှာဖွေမွှေနှောက်ပြီး ရရက်မြောက်နေ့ ဖြစ်ပါ၏။



နေကလေးစောင်းလာသည်နှင့် တစ်ပြိုင်နက် မယ်ချို့တို့ယာတဲသို့ အသောက်သမားများ တဖွဲဖွဲရောက်လာကြလေသည်။ အချို့သည် ချောင်းရိုးအတိုင်း စွပ်လာကာ မယ်ချို၏တဲသို့ဝင်၏။ အချို့သည် စက်ဘီး၊ မြင်းလှည်း စသည်တို့ဖြင့် တာလမ်းဘက်မှ လာကြသည်။

အချို့သည် ရွာနီးချုပ်စပ်မှဖြစ်ကြ၍ အချို့မှာ မြို့ပေါ်မှဖြစ်ကြသည်။ မြို့သားများသည် လွယ်လွယ်နှင့် နီးနီးကပ်ကပ်ရနိုင်သော မြို့ဘုံဆိုင်မှအရက်ထက် ခရီးဝေးရှိ မယ်ချိုတို့အရက်နှင့် စိမ်ရည်ထန်းရည်ကို မက်မောကြခြင်းမှာ ဈေးချိုခြင်းနှင့် အရသာ ပိုသောကြောင့်ပင်။

''ဟေ့··မယ်ချို၊ ဒီကို တစ်လုံးပေးပါအုံးဟ''

''ဟုတ်ကဲ့··ဟုတ်ကဲ့–ရမယ်''

''ဟ···ငါတို့လည်း မှာထားတာ ကြာပါပကောဟ မယ်ချိုရ၊ မရသေးဘူးလား''

''ရပါမယ်တော်၊ ရပါမယ်''

မယ်ချိုသည် ယာအစပ်ရှိ ကိုင်းတောဆီသို့ မျှော်ကြည့်လိုက်၊ အရက်ဝိုင်းများအနားသို့ မယောင်မလည် ရောက်လာလိုက်ဖြင့် ကူးကလန်ခတ်နေ၏။ မယ်ချို မျှော်ခြင်းမှာ အရက်ဝက်ထားရာသို့ သွားရောက်ယူငင်နေသော လင်တော်မောင် ကိုဖိုးကျန်ကိုတည်း။

ကိုဖိုးကျန်သည် ပုဆိုးတစ်ထည်ကို စလွယ်သိုင်း၍ အရက်ပုလင်းများဝက်ထည့်ကာ တဲဆီသို့ပြေးလာ၏။

''မြန်မြန်လာစမ်းပါတော်ရဲ့''

မယ်ချိုက အားမလို အားမရသံဖြင့် လှမ်းအော်သည်။

''ပြေးလာနေတာပဲဟ''

''တော့်ခိုင်းလိုက်ရ ဒါမျိုးချည်းပဲ''

မယ်ချိုသည် ဖိုးကျန်အား မာန်မဲရင်း ဖိုးကျန်ထံလျှောက်လာသည်တွင်···

''ကျုပ်တို့တော့ ဖိုးကျန်၊ မယ်ချိုတို့အရက် ကောင်းလှတယ်ဆိုလို့ လာခဲ့တာပဲဗျို့''ဟူသောအသံကြောင့် မယ်ချိုမှာ ထိတ်ခနဲ လှည့်ကြည့်မိ၏။

တက်ထရွန်ဟာဝေယံရှပ်နှင့် လူဝဝကြီးတစ်ယောက် ခေါင်းဆောင်သော လူခုနစ်ယောက်ပါသည့် အုပ်တစ်အုပ်သည် မယ်ချိုတို့တဲရှေ့သို့ ရောက်နေသည်။

''တော်···''

မယ်ချိုက ဖိုးကျန်ကိုကျောခိုင်းပြီး တွန့်ဆုတ်စွာကြည့်၏။

''ကြောက်မနေပါနဲ့ဗျ၊ ကျုပ်တို့က အရက်ကောင်းကောင်း သောက်ချင်လို့ တမင်လာတာပါ၊ ခင်ဗျားတို့ကို ရန်ရှာမလို့ မဟုတ်ပါဘူး''

''ဟုတ်ကဲ့၊ ထိုင်ကြပါ··ထိုင်ကြပါ''

မယ်ချိုက တဲအတွင်းသို့ဝင်ရန် ညွှန်လိုက်သည်တွင် ဒီဘူးစင်အောက်မှာပဲ ကောင်းပါတယ်ဟုပြောကာ ဧည့်များက မိမိဘာသာ စိတ်ကြိုက်နေရာယူကြ၏။ ထိုအခါကျမှ မယ်ချိုမှာ ပြန်လည်ရဲရင့်လာကာ ဖိုးကျန်ထံမှ သုံးပုလင်းကိုယူ၍ လက်ရှိလူများ နှစ်ပုလင်းနှင့် နောက်ရောက်လာသူများသို့ တစ်ပုလင်း ခွဲဝေပေး၏။

''လူခုနစ်ယောက်ကို တစ်ပုလင်းတည်းနဲ့ ဘယ်ဝမလဲဗျ၊ ပေးကြပါအုံး''

နောက်ရောက်လာသော ဧည့်သည်များက ပြောပြောဆိုဆို ဝက်သားသုပ်၊ ဝက်နံကင် စသည်များကို အထုပ်ဖြည်၍ မြည်းကြသည်။

''ရပါ့မယ်တော်၊ ခဏနေကြပါအုံး''

''ဘယ်ခဏနေလို့ရမလဲဗျ၊ ဒီမှာကြည့်ပါအုံး''

ဧည့်သည်များက ပုလင်းကိုထောင်ပြသည်။ မှန်ပါ၏။ အရက်ပုလင်းမှာ ခုနစ်ခွက်ပင် မထည့်လောက်ပေ။

''ဟုတ်ကဲ့···ပေးပါ့မယ်''

မယ်ချိုက ဧည့်သည်များအား ပြောပြီးနောက် ကဲ–ကိုဖိုးကျန်ဟုဆိုကာ တစ်စုံတစ်ရာ တီးတိုးခိုင်းစေလိုက်၏။

ဖိုးကျန်သည် လုံချည်စုတ်ကလေးကို ခြုံ၍ ကုပ်ချောင်းကုပ်ချောင်းနှင့် ထွက်သွားရာက ပြန်လှည့်လာပြီး ''ဆရာတို့···ကျွန်တော်တို့မှာ နှစ်ပုလင်းပဲရှိတော့တယ်ခင်ဗျာ၊ ဆရာတို့မဝသေးရင် တခြားကဝယ်ပေးပါ့မယ်''ဟု တုန်တုန်ယင်ယင်လှမ်းပြော၏။

''ခက်တာပဲဗျာ၊ ခင်ဗျားတို့ အရက်ကိုမှ သောက်ချင်တာဗျာ''

''အခုဝယ်ပေးမယ့်ဟာလည်း ကောင်းပါတယ်ခင်ဗျာ၊ မီးမတောက်ရင် မယူနဲ့ပေါ့''

''ကောင်းပြီ၊ မီးမတောက်ရင် မယူဘူးနော်၊ ဒါပဲ''

''ဟုတ်ကဲ့ခင်ဗျာ''

မြို့သားများသည်
လွယ်လွယ်နှင့် နီးနီးကပ်ကပ်ရနိုင်သော
မြို့ဘုံဆိုင်မှ အရက်ထက် ခရီးဝေးရှိ
မယ်ချိုတို့အရက်နှင့် စိမ်ရည်ထန်းရည်ကို



ထိုအချိန်၌ နှစ်ပုလင်းမှာ

တဲထဲ၌ အရံသင့် ဖြစ်နေလေ၏။

မြို့ပေါ်မှဟုထင်ရသော ဧည့်သည်များမှာ

အရက်ကို မီးရှို့ကြည့်ပြီး

များစွာ ကျေနပ်နေကြသည်။



''အခုချပေးထားတာအပြင် နောက်ထပ် လေးပုလင်းပေး၊ ရော့···ပိုက်ဆံ''

လူဝဝကြီးက ဆယ်တန်တစ်ရွက်ထုတ်ပေး၏။ ဖိုးကျန်သည် ငွေစက္ကူကိုလှမ်းယူကာ မယ်ချိုအပါးသို့ကပ်လာပြီး မယ်ချိုလက်ထဲသို့ထည့်သည်။

''ပိုပိုမိုမို ခုနစ်ပုလင်းသာယူခဲ့ ကိုဖိုးကျန်၊ ဟိုးဘက်ဝိုင်းတွေကလည်း ယူအုံးမှာ''

မယ်ချိုက ဆယ်တန်ကိုလက်ခံရင်း ကျိတ်၍မှာ၏။

''အေး··အေး''

ဖိုးကျန်သည် လုံချည်စုတ်ကိုခြုံ၍ အပြေးကလေး ထွက်သွားတော့သည်။

''မယ်ချိုရေ···သရက်သီးနန်းပေါက်ကလေး နည်းနည်းပေးပါဗျာ''

''ဟော့ မယ်ချို၊ ဆားနည်းနည်းဟော့''

''မယ်ချို နောက်တစ်လုံးပေးပါအုံးဟ''

တဲထဲမှ ဝိုင်း၊ ခေါင်းရင်းမှ ဝိုင်း၊ အဖီအောက်ရှိ ဝိုင်းများမှအသံများ ဆင့်ကဲ ဆင့်ကဲ ပေါ်လာ၏။ မယ်ချိုသည် ဖျတ်လတ်သွက်လက်စွာဖြင့် လုပ်ကိုင်ပေးလေသည်။ မယ်ချို၏ မျက်လုံးအစုံမှာ ဝမ်းသာခြင်းကြောင့် ဝင်းလက်နေ၏။ ယနေ့ ရောင်းကောင်းသည်။ အနည်းဆုံး တစ်ဆယ်ဖိုးလောက် ရောင်းရမည်။ ထို့ကြောင့် ၄ကျပ်ထက်မနည်း အမြတ်ကျန်မည်။ သို့ဖြစ်လျှင်–

ရေတွင်းဘေး မြက်တောထဲမှာက နှစ်လုံး၊ ကြက်ဆူပင်အောက်မှာ သုံးလုံး၊ စနေထောင့် ခရိုးစပ်မှာ ငါးလုံးဆိုတော့···ဟင် ကုန်တော့မှာပါလား၊ ဒါဖြင့် ကိုင်းတောထဲက အိုးကို ကနေ့ည ပေါင်းတိုက်ထားမှ နက်ဖြန်အတွက် အသင့်ဖြစ်မှာပဲ။

မယ်ချို အတွေးဖြင့် အလုပ်လုပ်နေခိုက် ဖိုးကျန် ပြန်ရောက်လာသည်။

''ရေတွင်းဘေးကနှစ်လုံးပဲ ကျန်တော့တယ်ဟေ့ ကြားလား'' ဖိုးကျန်က အမောတကောပြော၏။

''ကြားပါတယ်၊ ညပါ အဆင်သင့်ဖြစ်အောင် ပြင်ထား၊ ထမင်းအိုးလည်း မတည်ရသေးဘူး''

''ထမင်း ဘယ်အချိန်စားစားဟာ''

မယ်ချိုသည် ရောက်ရှိလာသော အရက်ပုလင်းများကို ဝေပေးလိုက်သည်။ ထိုအချိန်၌ နှစ်ပုလင်းမှာ တဲထဲ၌ အရံသင့် ဖြစ်နေလေ၏။ မြို့ပေါ်မှဟုထင်ရသော ဧည့်သည်များမှာ အရက်ကိုမီးရှို့ကြည့်ပြီး များစွာ ကျေနပ်နေကြသည်။

''ခင်ဗျားတို့ဥစ္စာက ကောင်းတာအမှန်ပဲ၊ ဒါပေမဲ့ ထုံးတို့၊ ဓာတ်ပြိုလ်သီးတို့၊ ကိုင်းမြစ်တို့ပါရင်တော့ ကျုပ်တို့ဒုက္ခပဲဗျို့''

''စိတ်ချပါဆရာ၊ ကျွန်တော်တို့ ဒါတွေ မလုပ်ပါဘူး''

ဖိုးကျန်က ရဲရဲကြီးအာမခံလိုက်သလို မယ်ချိုကလည်း–

''ခေါင်းကိုက်တတ်တယ်၊ ရောဂါရတယ်ဆိုတာ သိပါတယ်တော်၊ ကျုပ်တို့ မလုပ်''ဟု ပြောရင်း တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

မယ်ချို စကားပြတ်သွားသဖြင့် ဖိုးကျန်က မယ်ချိုအားလှမ်းကြည့်သည်။ မယ်ချိုသည် ယာခရိုးအဝင်ပေါက်ဆီသို့ ငေးကြည့်နေ၏။ ဖိုးကျန်က မယ်ချိုနည်းတူ လှမ်းကြည့်သည်။

''ငစိန်···သူကြီးငစိန်''

ငစိန်သည် နောက်ပါလူသုံးယောက် ခြံရံလျက် တဲရှေ့သို့ရောက်လာသည်။

''သူကြီး ခေါင်းရင်းကြွပါ''

မယ်ချိုက ယခုကဲ့သို့ လူစိမ်းစုံသော ညနေချမ်း၌ လာလေ့မရှိ၊ လူရှင်းသော နံနက်ပိုင်းမှာသာ တစ်ကိုယ်တည်းလာတတ်သော သူကြီးအား အံ့ဩဟန်ဖြင့်ကြည့်ရင်း မတိုးမကျယ် ဖိတ်မန္တကပြုသည်။

''ဘာလဲ ခေါင်းရင်းကြွရအောင်၊ ကျုပ်ကို အရက်သမားမှတ်နေသလား''

''ဟဲ···ဟဲ''

''ဘာ ဟဲဟဲလဲ၊ အခုဥစ္စာ အရက်ဖမ်းရအောင် လာတာဟေ့'' ငစိန်သည် အော်ကျယ်ဟစ်ကျယ်ပြန်ပြော၏။

''သူကြီးကလည်း နောက်မနေစမ်းပါနဲ့တော်၊ ဧည့်သည်တွေ လန့်ကုန်ပါမယ်''

''အောင်မယ်– ဒါနောက်တာမဟုတ်ဘူး၊ ကဲ··တဲထဲဝင်ရှာကြစမ်းဟေ့၊ ပီးရင် ရေတွင်းနားကိုလည်း သွားပီးရှာချေကြ''

ငစိန်သည် နောက်ပါတပည့်များအား တဆက်တည်းအမိန့်ပေးလိုက်သည်။ ဖိုးကျန်မှာ မဲ့ကျသွား၏။ မယ်ချိုမူကား မျက်နှာကြီးမဲလာသည်။

''ဟိုသောက်နေတဲ့ ပုလင်းတွေလည်း အခုသိမ်းလိုက် မောင်ခိုင်၊ စာရင်းနဲ့ သေသေချာချာမှတ်''

ကျန်နေသော တပည့်တစ်ယောက်အား ဆက်၍အမိန့်ပေးသည်တွင် မယ်ချိုက မောင်ခိုင်၏ရှေ့တွင် ရပ်လိုက်လေ၏။

"မယ်ချို၊ နင် ဝတ္တရားနှောင့်ယှက်မှုနဲ့ အဖမ်းခံရမယ်နော်၊ ဖယ်ပေးလိုက်"

ငစိန်က အေးဆေးစွာအမိန့်ပေး၏။ ထိုစဉ်တွင် တဲထဲမှ အရက်နှစ်ပုလင်းကို တစ်ယောက်ကဆွဲ၍ ထွက်လာ၏။

"သေသေချာချာ စာရင်းနဲ့အင်းနဲ့လုပ်၊ တစ်ယောက်က ရွာခေါင်းကိုသွားခေါ်ချေ"

"သူကြီးပဲ ချက်သာချက်ဆိုလို့ သူကြီးသောက်ဖို့ တစ်နေ့တစ်ပုလင်းပေးပြီး ကျုပ်တို့ ချက်ရောင်းနေတာ၊ အခု သူကြီးက ဖမ်းတယ်ဆိုတော့ တရားသလား"

မိမိအားထိခိုက်လာပြီဖြစ်သောကြောင့် မယ်ချိုကလည်း လူတောမရှောင်၊ သူတောမရှောင် ညောင်မြစ်တူးဆွပြလေ၏။

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ မယ်ချိုရာ၊ ဟုတ်တော့ကော ဘယ်သူက ယုံမှာလဲ"

ငစိန်၏စကားက အချက်ကျပါ၏။ သူကြီးက တစ်နေ့တစ်ပုလင်း လာဘ်ယူကာ အချက်ခိုင်းပြီး၊ သူကပင် ပြန်ဖမ်းပါသည်ဟု ဆိုသော် မည်သူက ယုံကြည်ပါမည်နည်း။ ဥပဒေအရဆိုသော် ငစိန်အား တစ်နေ့လျှင် အရက်တစ်လုံးကျပေးရကြောင်း ခိုင်လုံသော သက်သေသည် မယ်ချိုတို့ဘက်၌မရှိချေ။ ထို့ကြောင့် မယ်ချိုတို့မှာ ပြောင်သလို နောက်သလိုနှင့် အရက်လေးပုလင်းအပြင် သောက်လက်စ အရက်သုံးပုလင်းပါ သိမ်းယူပြီး သူကြီးရုံး၌ တရားစွဲဆိုခံရလေသည်။ မယ်ချိုတို့မှာ ဒဏ်ငွေတစ်ဆယ် ဆောင်လိုက်ကြရ၏။

မယ်ချိုက ဒဏ်ငွေတစ်ဆယ် ဆောင်လိုက်ရခြင်းကို မကျေနပ်။ အရက် လေးပုလင်း အဖမ်းခံရသည်ကိုလည်း မကျေနပ်။ ဒဏ်ငွေဆောင်ပြီး၍ သူကြီးအိမ်မှ ထွက်ခါနီးတွင် ငစိန်ပြောလိုက်သော စကားကိုမူ မယ်ချိုက နာကျည်းလှ၏။

"ဒါလောက် နာမည်ကြီးနေတာကို ယစ်မျိုးလာဖမ်းလို့လည်းမရ၊ ရဲလာရှာလို့လည်း မရတာကို ငါကိုယ်တိုင်ဖမ်းပြနိုင်တော့ ဒီတော့မှ ငါ့ကိုအထက်ကယုံတော့ နာမည်ကောင်းရတော့မပေါ့ မယ်ချိုရ"

ထို့ကြောင့် မယ်ချိုက ငစိန်ဆိုလျှင် သဲလိုက်အူလိုက်နာကျည်း၍ ခါးခါးသီးသီး မုန်းတီးခြင်းဖြစ်လေတော့၏။

(၃)

"ဒါတွေဟာ ဟိုအရင်တုန်းက ဖြစ်ခဲ့တာတွေမဟုတ်လားဗျ"

ဒီဇင်ဘာလအတွင်းက ရွာသို့ရောက်သည့်အခိုက်၌ ရမ်းဘိုကုန်းရွာသားများက မိမိတို့ရွာတွင် လက်ရှိခံစားနေရပုံများကို ပြောပြရင်း စကားစပ်မိသဖြင့် မယ်ချိုတို့ခံလိုက်ရပုံကိုပါ အဆစ်ထည့်သွင်းပြကြသည်တွင် ကျွန်တော်က ပြန်၍မေး၏။

"ဒီခေတ်မှာ ဒီလိုအပေါက်မျိုးနဲ့ စားလို့မရတော့ဘူး ထင်ပါတယ်ဗျာ"

ကျွန်တော်က မယုံစိတ်အပြည့်ဖြင့် ထပ်မံ၍ ပြောမိပြန်သည်။

"အေး-မင်းပြောတာဟာ ယေဘုယျအားဖြင့် ဟုတ်မယ်၊ ဒါပေမဲ့ ငါတို့ကိုတော့ အဲဒီလို လုပ်သွားတာပဲဟေ့..."

"ဒီလိုကွာ...ဒီလို"

ရမ်းဘိုကုန်းရွာသား ဦးဘညွန့်၏ စကားအဆုံးတွင် ရွာသစ်ကလေးရွာသား ကိုကျော်မိုးက ဝင်ပြော၏။

"သူဟာ ပထမသူကြီးကို မဲနဲ့နိုင်ပြီး တက်လာတယ်၊ နောက်တစ်ကြိမ် သူ့ကို ဦးလှမောင်က မဲနဲ့တက်နိုင်သွားပြန်တယ်။ နောက်ဆုံး သူပဲ သူကြီးပြန်ဖြစ်တယ်"

"ဩ...ဩ"

ကျွန်တော်က အံ့ဩစွာရေရွတ်သည်။

"အဲဒီအခါကျမှပဲ ရဲရဲတင်းတင်း သူ့တစ်ပါး မယားကိုခိုးတော့တယ်၊ အရက်ဆိုတာကိုလည်း တစ်နယ်လုံး ချောင်းစီမတတ်ပဲ"

"အဲလေ-ဒါကြောင့်လည်း ကျေးရွာကော်မတီရွေးတော့ သူ့ကို ဘယ်သူကမှ မတင်ဘဲ ဖယ်ပစ်လိုက်ကြတယ်မဟုတ်လား"

"ခက်တယ်ကွာ...ခက်တယ်"

ပရပိုက်တန်းရွာသားကြီး ကိုသာအုန်းက ညည်းလိုက်ပြီး...

"မင်းက ဒါတင်သိတာကွ၊ သူ့ကို ဘယ်သူကမှ မတင်ဘဲနဲ့ အခု ကုန်တွေဖြန့်တာ၊ ဝေတာကို သူက ဘာဖြစ်လို့ ဝင်လုပ်နေရတာလဲ၊ အေး-ဝင်လုပ်တာ ဖြောင့်ဖြောင့်တန်းတန်းလုပ်ရင် တော်ပါသေးရဲ့၊ အခုတော့ မမှန်မကန်နဲ့"

"သူ့ကို သက်ဆိုင်ရာက တာဝန်ပေးလို့ ဖြစ်ပါလိမ့်မယ်ဗျာ"

"ငါတို့လည်း အဲဒီလိုထင်လို့ ဥက္ကဋ္ဌကို သွားမေးတော့ သူလည်းမသိဘူးတဲ့၊ အမှန်ကတော့ ဒီတာဝန်ကို ကျေးရွာကော်မတီဝင်တွေသာ လုပ်ရမှာတဲ့"

"မြို့ပေါ်က လအကကို သွားတိုင်ကြပါလားဗျာ၊ ဒါတော့ ခင်ဗျားတို့ကလည်း လိုပါလိမ့်မယ်"

"တိုင်ပါတယ်ကွာ၊ တိုင်ပေမယ့် သူကလည်တယ်နော်၊ လည်ရုံတင်မဟုတ်ဘူး၊ လူဆိုးလည်းမွေးထားတော့ ငါတို့မှာ သိပ်ပြီး ရဲရဲမလုပ်ဝံ့ဘူး"

"ဟင်...ခင်ဗျားတို့ဟာက"

"ခင်ဗျားတို့ဟာကတွေ ဘာတွေ လုပ်မနေနဲ့၊ ဒီကောင် ဘယ်လောက်ထိကြောက်စရာကောင်းသလဲဆိုရင် ရွာသစ်ကြီးက အိမ်တစ်အိမ်ကို ခြိမ်းခြောက်ပြီး ငွေတောင်းတဲ့စာပို့တယ်၊ ရွာက ဘယ်သူ့လက်ရေးဆိုတာလည်း သိရော သူက တစ်ခါတည်း အမှုပိတ်ပစ်လိုက်တယ်၊ ကဲ-နားလည်ပလား"

"ဟေ့...ဒီမယ်"

သရက်တောရွာသားကြီးတစ်ဦးက ဝင်ပြောပြန်၏။

"ဒီနားတစ်ဝိုက်က ကောင်းကင်မှာ ငှက်တ ရှိသေးလား ကြည့်စမ်း၊ မရှိဘူးကွ၊ အဲဒါဟာ ပြောင်းခင်းကို လှည့်စားတဲ့ခွေးတွေကို အဆိပ်လုံးပစ်ပြီးသတ်လို့ သေတဲ့ခွေးကိုစားတဲ့ ငှက်တပါ အဆိပ်မိပြီးသေကုန်တာ"

"အဲဒါနဲ့ ဘာဆိုင်လဲဗျ"

"ဆိုင်တယ်လေ၊ အင်မတန် ပါးပါတယ်၊ အသက်ပြင်းပါတယ်ဆိုတဲ့ ငှက်တကို ရှင်းနိုင်တဲ့ ငါတို့တစ်တွေဟာ ဒီကောင်ကို မရှင်းနိုင်ဘူး၊ ပြီးတော့ သူလုပ်သမျှခံနေရတယ်"

ထိုသူ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က သူတို့အား နှုတ်သိမ့်လိုက်ပြီး၊ သူတို့ဝိုင်းမှ ထွက်ခွာလာခဲ့ပါ၏။

"ဒီခေတ်မှာ ဒီလိုလူမျိုးရှိတာဟာ မတော်တဆ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် စိတ်မပျက်ကြပါနဲ့၊ သူဟာ ကနေ့ရှိနေပေမယ့် နက်ဖြန်တော့ ရှိချင်မှရှိတော့မှာပါ"။

**ဆင်ဖြူကျွန်းအောင်သိန်း**

ထူးထွေဆန်းကြယ်လှသည့် ဤကမ္ဘာလောကကြီးအကြောင်း ကို ကလေးငယ်များ လက်ခံ သဘောပေါက်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရမည့် လုပ်ငန်းသည် အလွန်လေးနက် ပြီး အရေးပါလှကြောင်း သိသင့် ကြပါသည်။

# လေ့ကျင့်ရင်းသင်ကြား သင်ကြားရင်းလေ့ကျင့်

**Teach the tot and Train the Brain by Alexander Novikov**

**( Spuntnik:Mar,1977 )**



အသက် ၂နှစ်၊ ၃နှစ်အရွယ်ရှိသော သင့်ကလေး အမေးအမြန်းထူလာပြီဆိုလျှင် ထိုကလေးသည် သင်ယူတတ်မြောက်လိုစိတ် ပြင်းထန်လာပြီဖြစ်ကြောင်း သင် နားလည်သဘောပေါက်လိုက်ပါ။ ထို အသက်အရွယ်မျိုး၌ ကလေးတွင် အသိဉာဏ်၊ စွမ်းဆောင်နိုင်မှု၊ နားလည်သဘောပေါက်နိုင်မှုအင်အားတို့ အားနည်းနေသည့်အရွယ်ဖြစ်သဖြင့် သိချင်စိတ်သာရှိပြီး မှတ်သားစိတ် နည်းပါးနေတတ်သည်။

အသက် ၂နှစ်၊ ၃နှစ်အရွယ် ကလေးတစ်ဦးက သူ စာဖတ်တတ်လို၍ စာဖတ်တတ်အောင် သင်ပေးပါဟု တောင်းဆိုလာပါလျှင် စာကောင်းစွာ ဖတ်နိုင်ကြသော ၃ နှစ်အရွယ်ကလေးများအကြောင်း၊ ၁၄နှစ်အရွယ် တီထွင်ဖန်တီးမှုပညာရှင် ကလေးများအကြောင်းသည် ဝမ်းမြောက်ဖွယ်များကို သတိရလိုက်ပါ။ ဤကဲ့သို့သော အချိန်စောလွန်းစွာ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် အဆိုပါ ကလေးတို့၏ ကာယဖွံ့ဖြိုးမှု ကျန်းမာရေးတို့အတွက် ထိခိုက်အန္တရာယ် ဖြစ်စေမည်လားဟူ၍ လူကြီးမိဘများက စိုးရိမ်ပူပန်လျက်ရှိကြသော်လည်း ထိုသို့ အချိန်စောစွာ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်ကို ထောက်ခံသည့်ဘက်မှ အခိုင်အမာရပ်တည်နေကြသည်ချည်း ဖြစ်သည်။

**အသက် ၂နှစ်၊ ၃နှစ်**
**အရွယ်ရှိသော**
**သင့်ကလေး**
**အမေးအမြန်းထူလာပြီဆိုလျှင်**
**ထိုကလေးသည်**
**သင်ယူတတ်မြောက်လိုစိတ်**
**ပြင်းထန်လာပြီဖြစ်ကြောင်း ...**

စာရှားဗိုရက်အမည်ရှိ ရုရှားကလေးငယ်သည် အသက် ၁၂ နှစ်အရွယ်၌ ၁၀ တန်းကို ဂုဏ်ထူးဖြင့်အောင်ကာ ကီးယက်တက္ကသိုလ်သို့ဝင်ရောက်နိုင်ခဲ့သည်။ အသက် ၁၇ နှစ် အရွယ်တွင် ယူကရိန်းသိပ္ပံ အကယ်ဒမီ၏ ဆိုက်ဘာနစ်ဂတစ် သိပ္ပံပညာရပ်တွင် ဘွဲ့လွန်ကျောင်းသားကြီးအဖြစ် ဝင်ရောက်နေပြီဖြစ်သည်။ သူက–

''ကျွန်တော်ဟာ အထက်တန်းကျောင်းမှာ ၁၀ နှစ်နေခဲ့ရမယ့်အစား ၅ နှစ်ပဲနေခဲ့ပါတယ်၊ ဒီ ၅နှစ်အတွင်းမှာ ကျွန်တော်ဟာ ကျောင်းသုံးစာအုပ်တွေနဲ့ နပန်းလုံးခဲ့ရသလို၊ ကျွန်တော် ရုပ်ရှင်တွေကြည့်တယ်၊ စွန့်စားခန်း စာအုပ်တွေလည်း ဖတ်တယ်၊ ဘောလုံး ကန်ဖို့တောင် အချိန်ယူခဲ့ပါတယ်၊ ကလေးတစ်ယောက်ရဲ့ ဦးနှောက်ကို အချက်အလက်မျိုးစုံ ထည့်သွင်းပေးခြင်းကြောင့် ကျွန်တော့်အနေနဲ့ ဝန်ပိတဲ့ဒဏ် လုံးဝမခံစားရပါဘူးလို့ အခိုင်အမာပြောလိုပါတယ်၊ အခု ၁၅ နှစ်သမီးသာရှိသေးတဲ့ ကျွန်တော့်ညီမ ကင်ညာဟာ တက္ကသိုလ် ဒုတိယနှစ်ရောက်နေပါပြီ။ ကျွန်တော့်ညီ ဘာလောဂျာကလည်း အခု အသက် ၉နှစ်ရှိပြီ၊ ၅တန်းတက်လာပါလိမ့်မယ်၊ သူတို့ကလည်း ဦးနှောက်ဝန်ပိမှု မခံစားရကြောင်း ပြောကြပါတယ်''ဟု ပြောခဲ့ဖူးသည်။

၃ နှစ်သားကလေးကို စာဖတ်တတ်အောင် သင်ကြားပေးခြင်းသည် အန္တရာယ်များကြောင်း၊ ဤအရွယ်တွင် ကလေးသည် ပိုင်းခြားဝေဖန်တတ်ခြင်း မရှိသေးဘဲ စာလုံးများနှင့် စကားစုများကို ရုပ်ပုံကားချပ်များသဖွယ် မြင်နေကြကြောင်း ပါရဂူအချို့က ဖော်ပြကြသည်။ ကလေးငယ်များသည် ခက်ခဲသော ဝေါဟာရများကို အလွယ်တကူ မှတ်ယူနိုင်ကောင်း မှတ်ယူနိုင်မည်ဖြစ်သည့်တိုင် ယင်းဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို နားလည်သဘောပေါက်နိုင်မည်မဟုတ်။



ဉာဏ်ရည်အလွန့်အလွန် ထူးချွန်သောပါရမီရှင် ကလေးငယ်အနည်းစုသာ အောင်မြင်ကျော်ကြားသူများအဖြစ် ကြီးပြင်းလာသည်ဟု ထိုပါရဂူများက ဆိုကြသည်။

ထို့ပြင် ငယ်စဉ်အခါက ထူးချွန်မှုစွမ်းအားကို မပြနိုင်ခဲ့ကြသည့် ယောကျ်ားလေး၊ မိန်းကလေးအချို့တို့ ကြီးပြင်းလာခါမှ အံ့သြဖွယ်ရာ ကောင်းလောက်အောင် ထူးချွန်မှုစွမ်းအား ဖော်ထုတ်နိုင်ခြင်းကိုလည်း တွေ့ရှိရပြန်သည်။

ရောက်လာမည့် အနာဂတ်ဘဝ တစ်လျှောက်လုံးအတွက် ဘဝ၏ ပထမနှစ်များ အရေးပါကြောင်းကိုဆွေးနွေးကြသူများသည် လီယိုတော်စတွိုင်း၏ အောက်ပါစကားကို မကြာခဏ ကိုးကားတတ်ကြသည်။ တော်စတွိုင်းက သူမှတ်မိသော သူ့အသက် ၅ နှစ် မတိုင်ခင်ကအချိန်ကို ရည်ရွယ်၍ ဤသို့ ပြောခဲ့သည်။

''အဲဒီအရွယ်တုန်းက ကျုပ်ရခဲ့တဲ့ အသိပညာဟာ အဲဒီ အသိပညာရဲ့ အပုံ ၁၀၀ ပုံ တစ်ပုံတောင်မှ အဲဒီအရွယ်နောက်ပိုင်းမှာ မရနိုင်လောက်အောင် များပြားတဲ့

အသိပညာပဲဖြစ်ပါတယ်၊ အခုဆိုရင် ၅ နှစ်သားအရွယ်ကနေ ခြေတစ်လှမ်းစာပဲ ကျုပ်တိုးတက်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ မွေးစအရွယ်ရဲ့ အသိပညာကနေ ၅နှစ်အရွယ်ရဲ့ အသိပညာရောက်ဖို့ အလွန့်အလွန်ဝေးလံတဲ့ ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့တယ်ဆိုတာကိုတော့ ဝန်ခံပါရစေ''

၁၉၇၁ ခုနှစ်က ကျင်းပခဲ့သည့် ဆိုဗီယက်ပညာရေးသိပ္ပံ အကယ်ဒမီနှင့် ဆေးသိပ္ပံပညာ အကယ်ဒမီနှစ်ရပ်ပေါင်း ပူးတွဲဆွေးနွေးပွဲတွင် ''လူ၏ အသိပညာစွမ်းရည်များ တိုးတက်မှုအားလုံး၏ ထက်ဝက်မှာ လူ့ဘဝ၏ ပထမ ၄နှစ်သားမှ ၈ နှစ်သားအရွယ်တွင်း၌လည်းကောင်း၊ ကျန် ၂၀ ရာခိုင်နှုန်းကို ၈ နှစ်သားမှ ၁၇ နှစ်သားအရွယ်၌လည်းကောင်း ရရှိခဲ့ကြောင်း''ဖော်ပြကြသည်။

ကလေးငယ်သည် အသက် ၆နှစ်သားတွင် သူကြီးပြင်းရင့်ကျက်လာသည့်နောက်ပိုင်း ရရှိပိုင်ဆိုင်ရမည့် အသိပညာအဆင့်၏ ၃ပုံ၂ပုံသို့ ရောက်ရှိနေမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကျန်းမာသော ကလေးငယ်အားလုံးတွင် ယင်းတို့၏ အစွမ်းအစများကို ပြုစုပျိုးထောင်ရန် အံ့မခန်းနိုင်လောက်အောင်ကြီးမားသည့်စွမ်းအင် ရှိကြသော်လည်း အဘယ်ကြောင့် လူတိုင်းသည် မျှော်လင့်ထားသလို ဖြစ်မလာကြပါသလဲ၊ ထိုးထွင်းမှုအစွမ်းအစများနှင့်ပတ်သက်၍ ငယ်ငယ်ကတည်းက ကလေးကို စာသင်ပေးသင့်သည်ဟု အဆိုပြုသူ မော်စကိုကျောင်းဆရာ ဘာရစ်နီကီတင်၏ အယူအဆသည် အတော်လေး နီးစပ်မှုရှိလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ နီကီတင်သည် ''လူသည်

**လူ၏ အသိပညာစွမ်းရည်များ တိုးတက်မှုအားလုံး၏ ထက်ဝက်မှာ လူ့ဘဝ၏ ပထမ ၄နှစ်သားမှ ၈ နှစ်သား အရွယ်တွင်း၌ လည်းကောင်း ...**



အစွမ်းအစနှစ်မျိုးကို တိုးတက်အောင်လုပ်နိုင်သူဖြစ်သည်။ ယင်းတို့မှာ ပြုလုပ်မှုအစွမ်းအစနှင့် ထိုးထွင်းမှုအစွမ်းအစတို့ပင် ဖြစ်ကြသည်။ ပြုလုပ်မှုအစွမ်းအစသည် သင်ကြားလေ့လာမှု၊ မှတ်ယူမှုနှင့် ယင်းတို့ကို ကြေညက်စွာ သက်ဝင်သဘောပေါက်ခံယူမှု ရရှိခြင်းတို့၏ ရလဒ်ပင်ဖြစ်သည်။

ဤအစွမ်းအစများသည် စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှု၊ သိနားလည်လိုစိတ် ဆန္ဒပြင်းပြမှုတို့က လှုံ့ဆော်လိုက်သောအခါ ဖွံ့ဖြိုးလာကြသည်ဟု သူက ဆိုထားသည်။

လုပ်ကိုင်ဆောင်ရွက်မှု အစွမ်းအစများသည် ပထမပိုင်းတွင် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးလာကြသည်။ နောက်ပိုင်းတွင်မူ ဖွံ့ဖြိုးမှုနှုန်းသည် နှေးသွားပြီး အကန့်အသတ်များရှိလာသည်။ ထိုးထွင်းတီထွင်မှုအစွမ်းအစများသည် အခြေအနေပေးသည့်ကြားကပင် အစပိုင်းတွင် တိုးတက်မှုနှေးကွေးပြီး နောက်ပိုင်း၌ တစ်စတစ်စ မြန်လာသည်မှာ အကန့်အသတ်ပင် မရှိတော့ပေ။

ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုသည် မျိုးရိုးဗီဇဖွံ့ဖြိုးမှုအပေါ် များစွာတည်မှီနေသော်လည်း ဉာဏဖွံ့ဖြိုးမှုမှာမူ မျိုးရိုးဗီဇသဘာဝအပေါ် များစွာတည်မှီခြင်း မရှိတတ်ပေ။ အမိဝမ်းမှကျွတ်ပြီးနောက် ကလေးငယ်သည် တစ်စတစ်စကြီးထွားလာပြီး

ယင်း၏ ဦးနှောက်သည်လည်း ရင့်ကျက်လာကာ လှုပ်ရှားမှုမျိုးစုံကို တိုးတက်လုပ်ဆောင်နိုင်စွမ်း ရှိလာသည်။ ရင့်ကျက်လာသည့်ကာလသည် ပုံသွင်းမှုခံယူရန် အသင့်လျော်ဆုံး ကာလ၊ ပတ်ဝန်းကျင်သဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် အခံယူဆုံးသောကာလ၊ တိုးတက်ဖွံ့ဖြိုးမှုများအတွက် အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံးသော စွမ်းရည်ကာလမျိုးပင် ဖြစ်သည်။

ရင့်ကျက်မှုပြည့်ဝသည့်အချိန်၌ အစွမ်းအစ စွမ်းအားသည် မပြောင်းမလဲ တစ်သမတ်တည်းရှိနေသည် မဟုတ်ပါ။ ကလေးသည် လိုအပ်သည့် လုပ်ဆောင်မှုအမျိုးအစားများကို ဖော်ထုတ်ပြသခြင်းမပြုလျှင် ဤစွမ်းအားသည်လည်း တစ်စတစ်စ ညှိုးမှိန်ပျောက်ကွယ်သွားပေလိမ့်မည်။ ဤအယူအဆအရဆိုလျှင် လူ့ဘောင်အဖွဲ့အစည်းသည် ဖော်ပြခဲ့သည့် အစွမ်းအစများကို ပြုစုပျိုးထောင်ပေးမှု ကိစ္စရပ်၌ နောက်ကျနေသည်။ နှောင့်နှေးနေသည်ဟု ဆိုလိုပေသည်။ ဆိုဗီယက်သိပ္ပံပညာ အကယ်ဒမီအဖွဲ့ဝင် ဒေါက်တာရီဘိုင်းဒါးက ''၅တန်းနှင့် ၆တန်းကလေးများ ကျောင်းတွင်းပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်လာကြတာတွေ့ရလို့ ကျွန်တော် ဝမ်းမြောက်မိတယ်၊ အံ့သြခြင်းတော့ မဖြစ်မိပါဘူး၊ ဘာကြောင့်လဲဆိုရင် ဓာတုဗေဒ ဘာသာရပ်ကို ပထမတန်းမှာ စတင်သင်ကြားမယ့်အချိန် ရောက်လာမယ်လို့ ယုံကြည်မိလို့ပါပဲ''ဟု ပြောပြသည်။

ဤစကားအရ ကျွန်ုပ်တို့သည် ကျောင်းစာသင်ရာတွင် နောက်ပင်ကျနေပြီဟု ဆိုရပေမည်။

စာသင်သားဘဝတွင် လျှပ်စစ်ပစ္စည်းကိရိယာပုံစံများ ရေးဆွဲခြင်း၌ ဝါသနာထုံခဲ့ခြင်းသည် နောင်အခါ အထောက်အကူများစွာရလာခြင်းနှင့် စပ်လျဉ်း၍ ဆိုဗီယက်သိပ္ပံအကယ်ဒမီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ ဗစ်တာဂလူးရှကော့က ''ကျွန်တော်က လျှပ်စစ်ပစ္စည်းကိရိယာများ တည်ဆောက်ခြင်းကို စိတ်ဝင်စားဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီပစ္စည်းတွေကို ပြုလုပ်တည်ဆောက်ခြင်းထက် ဒီပစ္စည်းတွေရဲ့ ပုံစံရေးဆွဲခြင်း၊ တွက်ချက်ခြင်းတို့ကို ပိုလို့အားသန်ပါတယ်၊ တကယ်ဆိုတော့ သေသပ်ကျနစွာ လုပ်ကိုင်တတ်ခြင်းကို မူကြိုအရွယ်ကပင် စတင်လေ့ကျင့်ပြုစုပျိုးထောင်ပေးသင့်လှပါတယ်၊ ကျွန်တော်ဟာ ၄တန်းမှာကတည်းက ရေဒီယို တစ်လုံး တပ်ဆင်နိုင်ပါတယ်''ဟု ပြောပြသည်။

အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ၏ လေ့လာဆန်းစစ်ချက်များအရ သိပ္ပံပညာရပ်နှင့် နီးနှောသည့်လုပ်ရပ်များသည် အလွန်ငယ်ရွယ်သော ကျောင်းသားဘဝမှာပင် စတင်ဖွံ့ဖြိုးရှင်သန်နိုင်ကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်ရာ ဤသို့ နှောင့်နှေးကြန့်ကြာစေသော အစဉ်အလာနည်းနာများကို အချိန်ကိုက် လေ့ကျင့်ပေးသောနည်းဖြင့် ပြောင်းလဲ ပြင်ဆင်သတ်မှတ်ရန်မှာ ကျွန်ုပ်တို့ခေတ်ကာလအတွက် အရေးပါသော ပြဿနာတစ်ရပ်ပင် ဖြစ်ပါသည်။

ဤပြဿနာကို အဖြေရှာခြင်းအားဖြင့် သင်ကြားခြင်းကို လက်ခံနိုင်မှုစွမ်းရည်အကြောင်းကို အစွမ်းကုန် အာရုံစူးစိုက်မိလာကြလိမ့်မည် ဖြစ်ပါသည်။

ယင်းအချက်အလက်များသည် လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်းကို အထောက်အကူပြုစေပါလိမ့်မည်။

ထို့ကြောင့်လည်း ပညာသင်ခြင်း၊ လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းတို့ကို ယနေ့ မျက်မှောက်ခေတ်ကာလတွင် ကျင့်သုံးနေသည့် အချိန်ထက် ပို၍ပို၍ စောစီးစွာ စတင်သင့်ပြီဖြစ်ပါသတည်း။

**ဘနှင်း(မြန်မာပြန်)**

## ကိုယ့်အတွက် မပူပါနှင့်



တစ်ခါမှာ မတ်ခ်တွိန်း (Mark Twain) က ပန်းချီဆရာကြီး ဝှစ်စလာ (Whistler) ဆီကို အလည်ရောက်လာခိုက် စတူဒီယိုထဲကို ဝင်ကြည့်တယ်။

ပန်းချီကားတစ်ချပ်ရှေ့ရောက်တော့ စာရေးဆရာကြီးက ကိုင်ကြည့်မယ်လုပ်တယ်၊

''အိုး––သွားမကိုင်နဲ့အုံး၊ ခင်ဗျားမတွေ့ဘူးလား၊ ဆေးမခြောက်သေးဘူး''လို့ ဝှစ်စလာက လှမ်းအော်တယ်။ မတ်ခ်တွိန်းက–

''ကိစ္စမရှိပါဘူး၊ ကျုပ် လက်အိတ်စွပ်ထားပါတယ်''လို့ ပြန်ပြောပါတယ်။ ။

**မောင်သီဟ**

''အဲဒါ မတတ်တော့ ဘာဖြစ်လဲ‥ ဘာမှမဖြစ်ဘူး''

ထိုစကားကတော့ ဒေါ်ညိုမ၏ လက်သုံးစကားဖြစ်သည်။ သူမသိ၊ သူ မတတ်သော အလုပ်ဟူသမျှကို သိအောင်၊ တတ်အောင် ဘယ်တော့မှ မလေ့လာ မကြိုးစားဘဲ 'အဲဒါ မတတ်တော့ ဘာဖြစ်လဲ'ဟု ဘုကန့်ကန့်ပြောတတ်ခြင်းကို အလွန်ပင် စပ်ဖျဉ်းဖျဉ်းဖြစ်ရသည်ဟု ဦးညိုမောင်က ပြောလေ့ရှိသည်။



''ဒီကမ္ဘာ၊ ဒီလောကကြီးထဲမှာ ငါ မသိ၊ ငါမတတ်တာတွေကလည်း တယ်များ တာကိုး''

ဒေါ်ညိုမကလည်း ဖွင့်ဟ၍ ဝန်မခံလျှင်သာရှိရမည်၊ သူ့အကြောင်းကိုတော့ သူ အသိသားပင်။

အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီးထဲတွင် ခေတ် လူသားများက ခေတ်၏နောက်သို့ အမောတကော ပြေးပြီးလိုက်နေကြရသည်။ တိုးတက်သည့်ထက် တိုးတက်လာနေသော နည်းပညာများ၊ ဆန်းသစ်သည့်ထက် ဆန်းသစ်လာနေသော ပစ္စည်းကိရိယာများ၊ ထိုဆန်းသစ်သော ပစ္စည်းကိရိယာများကို မိမိ၏ လုပ်ငန်းထဲတွင် စနစ်တကျအသုံးချနိုင်သော အတတ်ပညာများ၊ ကမ္ဘာလောကကြီးတစ်ခုလုံးတွင် တီထွင်သူများ၊ လေ့လာသူများ၊ သင်ကြားသူများ၊ အသုံးပြုသူများနှင့် ရှုတ်ရှုတ်သဲသဲ လှုပ်ရှားလျက်ရှိနေသည်ကလည်း အမှန်ပင်။

''ပြေးလိုက်နေမှ မီမှာကွယ့်・・・နည်းနည်းလေးရပ်နေလိုက်ရင် ကိုယ်တို့တွေ ကျန်ခဲ့မှာပဲ''

ဒေါ်ညိုမ၏ သူငယ်ချင်းတစ်ဦးက ပြောသည်။ ဒေါ်ညိုမနှင့် သက်တူရွယ်တူပင်ဖြစ်သော်လည်း သူက သင်တန်းအတော်များများ တက်ထားသူဖြစ်သည်။ ခေတ်နှင့်လည်း ရင်ပေါင်တန်းနေသူဖြစ်သည်။

''ဟုတ်တာပေါ့''

ဒေါ်ညိုမက ခေါင်းညိတ်ထောက်ခံသည်။ ပြေးနေသော ခေတ်ကြီးထဲတွင် ရပ်နေသူကို မဆိုထားနှင့်၊ လမ်းလျှောက်နေသူပင်လျှင် နောက်ဘက်တွင် ကျန်ခဲ့မည်ကသေချာလှသည်။ ထို့ကြောင့်လည်း လူတိုင်း လူတိုင်း မျက်စိပွင့် နားပွင့်ရန်၊ လှုပ်ရှားသွက်လက်ရန်၊ ကြိုးစားတက်ကြွရန် အလွန်အရေးကြီးလှပါသည်။ အရေးအကြီးဆုံးသည်ကား လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်။ သူတို့တွေ တော်ပါမှ၊ တတ်ပါမှ၊ ထက်ပါမှ လူမျိုးမြင့်ကာ တိုင်းပြည်လည်း မြင့်လာမည်။ တိုးတက်လာမည်ဖြစ်သည်။

သို့သော် ・・・ဒေါ်ညိုမ၏အတွေးက ထိုနေရာတွင် ရပ်သွားသည်မဟုတ်ပါ။ သူက သူ့အကြောင်းကိုလည်း သူဆက်၍ တွေးလေသည်။

''လူတိုင်း လူတိုင်း ပြေးနေကြပြီဆိုရင် ငါက ပြေးဖို့လိုလို့လား၊ ငါ့အသက်က ခြောက်ဆယ်ကျော်နေပြီပဲ၊ ပြေးနေတဲ့ လူတွေကြားမှာ ငါ့တစ်ယောက်တည်း ကျန်ခဲ့တော့ရော ဘာဖြစ်မှာမို့လဲ''

သူက သူ့ကိုယ်သူမေးခွန်းထုတ်သည်။ သူတစ်ဦးတည်း ကျန်ခဲ့တော့ ဘာဖြစ်မည်နည်း။ ချက်ချင်းထွက်လာသော အဖြေက ကွန်ပျူတာထက်ပင် မြန်သေးသည်။ 'ဘာမှမဖြစ်ပေါင်'တဲ့။

ဟုတ်ပါသည်။ ဘာမှမဖြစ်နိုင်ပါ။ ကမ္ဘာကြီးကို တစ်သားတည်း၊ တစ်ပြားတည်းဖြစ်အောင် အဓိကစွမ်းဆောင်ပေးနေသော အရာဝတ္ထုသည် ကွန်ပျူတာဟူသောသတ္တဝါကလေးနှင့် အိုင်တီဟူသော နည်းပညာဖြစ်ကြောင်းကို အားလုံးသိထားကြသလို ဒေါ်ညိုမကလည်း အသိသားပင်၊ သို့သော် သူက ထိုပစ္စည်း ထိုပညာရပ်များကို အသုံးချရန် စိတ်ဝင်တစား မရှိလှသည်က ခက်လှသည်။ အသက်ခြောက်ဆယ်ကျော် မြန်မာမိန်းမတစ်ယောက် ကွန်ပျူတာမနှိပ်လို့၊ ဖက်(စ်)နှင့် အီးမေးလ်မထားလို့၊ ဂျီတော့(ခ်) မပြောလို့၊ ဝက်(ဘ်)ဆိုက် မတင်လို့၊ ချက်တင် မဝင်လို့၊ ဘလော့(ဂ်)ဂါမလုပ်လို့၊ ဖေ့စ်ဘွတ်ခ်မသုံးလို့ ဒီကမ္ဘာလောကကြီးက ဘာမှဖြစ်သွားလိမ့်မည် မဟုတ်ပါ။ သူသာလျှင် ခေတ်နောက်ကျပြီး ကျန်ခဲ့မည်ဖြစ်သည်။ ကျန်ခဲ့တော့ရော ဘာဖြစ်မည်နည်း။ ဘာမှမဖြစ်ပါ။ တကယ့်ကို သူ့အတွက် ဘာမှမဖြစ်ပါ။ သူ့အတွက်က တိတ်ဆိတ်အေးချမ်းသော နေရာလေးတစ်ခုနှင့် စာအုပ်ကောင်းလေးတစ်အုပ်၊ ကော်ဖီပူပူလေး တစ်ခွက်ရှိလျှင် လုံလောက်ပါသည်။ နေပျော်နေပြီဖြစ်ပါသည်။

သို့သော်・・・ထို သို့သော်က အတော်ဒုက္ခပေးပါသည်။

''မေမေ ပုံဆွဲနေပုံကလည်း မမိုက်ပါဘူး မေမေရာ''

သားနှင့်သမီးတို့က မကြာခဏပြောကြသည်။ ဒေါ်ညိုမ၏ အသက်မွေးဝမ်းကျောင်းအလုပ်က အဆောက်အဦပုံစံ ရေးဆွဲသော ဗိသုကာအလုပ်ဖြစ်သည်။ ငယ်စဉ်က အမောတကော အပြေးအလွှားဆွဲနိုင်ခဲ့သော်လည်း ယခုတော့ အသက်ကကြီးပြီဖြစ်သည်။ နားဖို့လည်း ကောင်းနေပြီ။ သို့ပါသော်လည်း ကြုံလျှင်ကြုံသလို မကင်းရာမကင်းကြောင်းကလေးတွေကိုတော့ ဆွဲနေရသေးသည်မို့ နားတော့မနားရသေးပေ။ ဟိုယခင်တုန်းကတော့ ရေပြင်ညီမျဉ်းအတွက် တီစကွဲယားနှင့် မျဉ်းမတ်များအတွက် ဆက်စကွဲယားကို အသုံးပြုကြသည်။ ယခုခေတ် ဗိသုကာများကတော့ ကွန်ပျူတာခုံများပေါ်တွင် ထိုင်နေကြပြီမို့ ထိုပစ္စည်းများကို ပြတိုက်သို့ ပို့လိုက်ကြပြီဟု ထင်ရသည်။ သူ၏ခင်ပွန်း ဦးညိုမောင်ကလည်း သူလက်နှင့်ဆွဲစဉ်က အသုံးပြုခဲ့သော ပုံဆွဲပစ္စည်းများကို ဒေါ်ညိုမအား အလုံးစုံစွန့်ကြဲခဲ့ပြီးဖြစ်သည်မှာ ဆယ်ငါးနှစ်လောက်ရှိပြီ။ ဗိသုကာဘွားတော်ကြီး ဖြစ်နေပြီဖြစ်သော ဒေါ်ညိုမကတော့ ပေဒင်ဆရာ စားပွဲလေးပေါ်တွင် ပုံဆွဲခုံလေးထပ်တင်ကာ၊ တီစကွဲယားလေး ရွှေ့လိုက်၊ ဆက်စကွဲယားလေးတွန်းလိုက်၊ သုံးမြောင့်ပေတံလေး တိုင်းလိုက်၊ ခဲတံလေး ချွန်လိုက်၊ ခဲဖျက်လေးဖျက်လိုက်နှင့် သူ့ဟာသူ ကျေနပ်နေဆဲ၊ အထာကျနေဆဲဖြစ်သည်။ ဒါကြောင့်လည်း ဦးညိုမောင်က သူ့ကို နှစ်ဆယ့်တစ်ရာစုထဲက နှစ်ဆယ်ရာစု

**ဗိသုကာ ဘွားတော်ကြီးဖြစ်နေပြီဖြစ်သော**

**ဒေါ်ညိုမကတော့ ပေဒင်ဆရာ စားပွဲလေးပေါ်တွင်**

**ပုံဆွဲခုံလေးထပ်တင်ကာ၊ တီစကွဲယားလေး ရွှေ့လိုက် . . .**

လူသားဟု မကြာခဏပြောနေခြင်း ဖြစ်သည်။

''မေမေက စာရေးပြန်တော့လည်း ခုတင်ပေါ်မှာ မှောက်လျက်ကြီး၊ ပြင်လိုက်၊ ဖျက်လိုက်၊ ရေးလိုက်၊ ဆုတ်လိုက်နဲ့ သိပ်ပင်ပန်းတာပဲ၊ ကွန်ပျူတာလေး နှိပ်ကြည့်ပါလား မေမေရာ၊ ပြင်ချင်သလောက်ပြင်၊ ဖျက်ချင်သလောက်ဖျက်၊ လွယ်လိုက်တာမှ အရမ်းလွယ်''

''အခုလည်း ငါ့ဟာငါ လွယ်နေတာပဲ မခက်ပါဘူး''

ဒေါ်ညိုမြက ခပ်ပြတ်ပြတ်ပြောသည်။

''လွယ်တာထက် ပိုပြီးလွယ်အောင် ပြောနေတာပါ မိန်းမရာ၊ စက်ကလေးနဲ့ရေး၊ စက်ကလေးနဲ့ဆွဲ၊ အချိန်ရော လူရော သက်သာတယ်လေ''

ဦးညိုမောင်က တစ်ထောင်နှင့် တစ်ကြိမ်မြောက် တိုက်တွန်းသည်။ အဲဒီလို စက်ကလေးနဲ့ရေးဖို့၊ ဆွဲဖို့အတွက် အလျင်သင်ရဦးမည် မဟုတ်ပါလား၊ ဒေါ်ညိုမြဆိုသည့် ဒေါ်ညိုမြက နှစ်ဆယ့်တစ်ရာစုတွင် မှားယွင်းပြီး လူဖြစ်လာသူဖြစ်သည်။ သင်ကြားစရာတွေ များပြောင်လှသော ဣလှူဘောင် ဣ ရာစုနှစ်ကြီးတွင် သူမတတ်လျှင် ဖြစ်သည်ဟု ယူဆသောအရာများကို တတ်အောင် ဘယ်တော့မှ ကြိုးစားပြီးသင်ယူလိမ့်မည် မဟုတ်ပေ၊ အပင်ပန်းခံလိမ့်မည် မဟုတ်ပေ။

''ဒီခေတ်၊ ဒီအခါထဲမှာ ကွန်ပျူတာ မသုံးတတ်တဲ့သူဟာ စာမတတ်တဲ့သူနဲ့ အတူတူပဲတဲ့ ကြားဖူးတယ်မဟုတ်လား 'Who doesn't know how to operate computer,he is an illiterate' တဲ့''

ဦးညိုမောင်ကပြောတော့ ဒေါ်ညိုမြ တော်တော်လေးခံပြင်းသွားသည်။ စားပွဲပေါ်တွင် ဒုတ်တုတ်ကလေးထိုင်ရင်း ပြုံးပြနေသော ကွန်ပျူတာကို မျက်စောင်းခဲမိသည်။ ထိုသတ္တဝါလေးတွေ မြန်မာပြည်ရောက်ပြီး တွင်ကျယ်လာသည်မှာ နှစ်ပေါင်းအစိတ် လောက်တော့ ရှိပြီထင်သည်။ ထိုမျှသော အချိန်ကာလအတွင်း သူ၏အရှိန်အဝါက ကြီးထွားလာလိုက်သည်မှာ နေရာတကာ သူမပါလျှင် မပြီးတော့သည်က အမှန်ပင်။ သူ့ကိုမှ မသုံးတတ်သူဆိုပါက စာမတတ်သူဟု သတ်မှတ်နိုင်သည်တဲ့။ 'illiterate' ပါတဲ့တော်၊ တကတဲ။

''အိလိထရိတ်မကလို့ ဘာထရိတ်ကြီးဖြစ်ဖြစ်၊ ထရိတ်ချင်တာထရိတ် တကတဲတော်···ကွန်ပျူတာမသုံးတတ်တော့ ဘာဖြစ်လဲ···ဟင်း··ဘာဆိုဘာမှမဖြစ်ဘူး''

ဒေါ်ညိုမြက ဒေါနှင့်မောနှင့်ပြောသည်။ သူ၏ လက်သုံးစကားကိုကြားတော့ ဦးညိုမောင်ကလည်း စပ်ဖျဉ်းဖျဉ်းဖြစ်သွားရပြန်သည်။ ဒီတော့လည်း ဘာစကားမှ ထပ်မပြောတော့ဘဲ ကွန်ပျူတာခလုပ်များကိုသာ ဆောင့်ကြီးအောင့်ကြီး နှိပ်နေသည်။

''အသက်ပဲ ခြောက်ဆယ်ကျော်နေပြီဟာကို တစ်ကမ္ဘာလုံးက ဝန်ထမ်းဟူသမျှ အငြိမ်းစားယူတဲ့အရွယ် ရောက်နေပြီ၊ လောကီရေးအတွက် သင်ရ ကြားရ လေ့လာရဦးမယ်ဆိုရင်၊ ပင်ပန်းရဦးမယ်ဆိုရင်၊ နတ်ပြည်မှာ သင်တန်းဖွင့်ထားတာပါဆိုရင်တောင် မသွားဘူး၊ မတက်ဘူး၊ မသင်ဘူး''

အိလိထရိတ်ကြီး ဒေါ်ညိုမြက ဒေါသတွေ တငွေ့ငွေ့နှင့် အရှိန်ကမသေနိုင်၊ တဖျစ်တောက်တောက် ပြောနေသော်လည်း သူ့ကိုပြန်ပြောမည့် သူမရှိ၊ အကုန်လုံးငြိမ်နေကြသည်။ မငြိမ်လို့ ပြောလာလျှင်လည်း သူက ''အသက်ပဲ ခြောက်ဆယ်ကျော်နေပြီဟာ''ဟူသော လက်သုံးစကား ခြောက်ဆယ်ကျော် သိုင်းကြီးကို တရစပ်အသုံးပြုပြီး တိုက်စစ်ဆင်တော့မည်ကို သိထားကြသည် မဟုတ်လား။

**သင်ကြားစရာတွေ များပြောင်လှသော**

**ဣလှူဘောင် ဣ ရာစုနှစ်ကြီးတွင်**

**သူမတတ်လျှင် ဖြစ်သည်ဟု ယူဆသောအရာများကို . . .**

သူတို့တွေ ငြိမ်နေတော့လည်း ဒေါသဖြစ်ရသည်မှာ အရသာပျက်လှသည်။ လေးလေးပင်ပင်မရှိဘဲ ဖွယ်တယ်တယ်ကြီး ဖြစ်လာသည်။ ဒီတော့လည်း တဖျစ်တောက်တောက် လုပ်နေသော ဒေါ်ညိုမြ၏အသံက တဖြည်းဖြည်း တိုးလာသည်။ ထို့နောက် တိုးရာမှ တိတ်သွားသည်။ အင်း···တိတ်ပြီဆိုတော့လည်း တွေးမိပြီပေါ့လေ။

''ဘဝဆိုတာ တိုတိုလေး၊ သင်စရာ၊ တတ်စရာ၊ လေ့လာစရာတွေ၊ မတတ်တာတွေက အများကြီး၊ အားလုံးကို တက်နေစရာ မလိုတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ငါမတတ်တာတွေကတော့ သူများတွေထက် များမယ်ထင်တယ်''ဟု ခပ်ပျော့ပျော့စိတ်နှင့် အမှန်အတိုင်း တွေးမိစဉ်မှာပင်၊ တစ်ဖက်ကလည်း ''မတတ်တာတွေများတော့ ဘာဖြစ်မှာလဲ၊ ဘာမှမဖြစ်ပါဘူး'' ထုံးစံအတိုင်း တွေးနေမိပြန်လေသည်။

မနေနိုင်သောစိတ်က သုံးတန်းကျောင်းသူ ဘဝက အိမ်တွင်းမှုပညာသင်ခဲ့ရသည်ကို သတိရသည်။ ဆရာမက လက်ကိုင်ပုဝါသားဖြူဖြူလေးတစ်ထည်စီပေးပြီး အနားကို ရောင်စုံပိုးအပ်ချည်လေးများနှင့် အပ်စောင်းခိုင်းသည်။ မညိုမြက အပ်ချည်အနီရောင်လေး ရသည်။ ပုဝါဖြူဖြူလေးတွင် ပိုးအပ်ချည်အနီရောင်လေးနှင့် ညီညီညာညာ အပ်စောင်းလေးလိုက်ပြီး အနားလုံးထားလျှင် တော်တော်လေးလှသည်ကို တွေ့ဖူးမြင်ဖူးသည်။ ထို့ကြောင့်လည်း ကြိုးအနီလေးရသည်ကို မညိုမြလေးက ကျေနပ်နေသည်။ ''အဖြူရောင်ပေါ်မှာ အနီရောင်လေးဆိုတော့ ပိုပြီးပေါ်ပေါ်လွင်လွင် ရှိတာပေါ့''ဟု အပြာရောင်၊ အစိမ်းရောင်ရသော သူငယ်ချင်းများက ပြောကြသည်။ ဟုတ်ပါသည်။ မညိုမြ၏ အပ်စောင်းလက်ရာ ကြီးလိုက်၊ သေးလိုက်၊ ကျဲလိုက်၊ စိတ်လိုက်၊ ယိုင်လိုက်၊ ရွဲ့လိုက်ကြီးက ပုဝါဖြူလေးပေါ်တွင် ထင်းနေသည်။

''ပထမအကြိမ်ဆိုတော့ ကောင်းချင်မှ ကောင်းမှာပေါ့''ဟု တွေးရင်း ပိုးချည်လေးကို ဂရုတစိုက်ပြန်ဖြုတ်ပြီး၊ ဒုတိယအကြိမ်

ကြိုးစားတော့လည်း ထူးမခြားနားပင်၊ ဒီတော့လည်း တတိယအကြိမ် ကြိုးစားကြည့်ပြန်သည်။ မထူးလှပါ။ ဖြုတ်လိုက်၊ သီလိုက်၊ ပြန်ဖြုတ်လိုက်၊ ပြန်သီလိုက်နှင့် ဘယ်နှခါလုပ်မိသည်တော့မသိ။ သူ၏ ပုဝါဖြူဖြူလေးက တဖြည်းဖြည်း ညစ်ပေပြီး မဲလာသည်အထိပင်၊ ဆရာမက တိုင်းထွားပြီးပေးလိုက်သော ပိုးကြိုးအနီလေးသည်လည်း ဖွာလန်ကျဲလာသည်။ နောက်တစ်နေ့ကျတော့ အကြီးအကျယ် ကံဆိုးမိုးမှောင်ကျတော့သည်။ ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှု လက်ရာလေးများကို စစ်ဆေးသည့်အတွက်ကြောင့် ဖြစ်လေသည်။ မညိုမလေး၏ ပုဝါဖြူအမည်ခံထားသော မဲမဲညစ်ညစ်အဝတ်စလေးပေါ်မှ ရွဲ့ရွဲ့စောင်စောင်း၊ အပ်စောင်းလက်ရာများကိုမြင်တော့ ဆရာမကြီးခမျာ အတော်စိတ်ညစ်သွားသည်။ "နာမည်က ချိုပေမယ့် လက်ရာကချဉ်လှချေကလား သမီးရယ်"ဟု ညည်းရှာသည်။ သို့ပါသော်လည်း မညိုမ၏ ခေါင်းလေးကိုပွတ်ကာ "ဆက်ပြီး ကြိုးစားနော်"ဟု အားပေးသည်။ မညိုမလေးခမျာလည်း ကြိုးကြိုးစားစားနှင့် အပ်စောင်းထိုးနေလိုက်သည်မှာ သူများတွေဇာထိုးနေလျှင်လည်း အပ်စောင်း၊ ပန်းထိုးနေလျှင်လည်း အပ်စောင်း၊ တစ်နှစ်တာပတ်လုံး အပ်စောင်းနှင့်ပြီးသည်ကို မှတ်မိသည်။ သူက ခေသူတော့မဟုတ်ပါ။ တစ်နှစ်ပတ်လုံး မနားမနေကြိုးစားလိုက်တော့ အပ်စောင်းထိုးခြင်းအတတ်ပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်သွားရှာသားပင်။

"ငါ အပ်စောင်းထိုးတတ်သားပဲ၊ ဇာထိုး၊ ပန်းထိုးမတတ်တော့ ဘာဖြစ်မှာမို့လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

သူက ထိုစဉ်ကတည်းက ထိုသို့ တွေးခဲ့သူဖြစ်လေသည်။ ထိုမျှသာမကသေးပါ "သီချင်းမဆိုတတ်တော့ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ပါဘူး"ဟုလည်း တွေးခဲ့ရသေးသည်။ မညိုမတို့ ပညာသင်ကြားခဲ့ရသော မြို့မအမျိုးသမီးကျောင်းက ကျောင်းစာတစ်ခုတည်းကိုသာ အရေးပေးပြီး သင်ခဲ့သည်မဟုတ်ပေ။ ကလေးများကို အဘက်ဘက်မှ ထူးချွန်လာအောင် ဆရာမများက တပင်တပန်း ပြုစုပျိုးထောင်ပေးခဲ့ကြသည်။

ပြည်သူ့နီတိ၊ အိမ်တွင်းမှု၊ စိုက်ပျိုးရေး၊ ပန်းချီ၊ ဂီတ၊ ဗုဒ္ဓဘာသာ စသည်တို့ကိုလည်း အချိန်များစွာပေးပြီး သင်ကြားပေးခဲ့သည်။ မညိုမတို့၏ ဂီတဆရာမကြီးမှာ ဒေါ်မေသန်း(အေဝမ်းက မေသန်း)ဖြစ်သည်။ အသံကောင်းပြီး အဆိုပိုင်သလို၊ စိတ်လည်းရှည်သည်။ "ရွှေဘုန်းတော် တိုးပါလို့၊ ငွေမိုးတွေရွာ" "သီတာ··သီတာ··မြသား··" စသည်များကို ဆိုခဲ့ရသည်ကို မှတ်မိသည်။ အသံကောင်းသူတွေက အဆိုတတ်သွားတော့ တစ်ဦးချင်း ထွက်ဆိုကြသည်။ ပါရမီနည်းသော မညိုမကတော့ ဟိုချောင်ကပ်၊ သည်ချောင်ကပ်ပေါ့။ ဆရာမကြီးက တစ်ယောက်တည်း ဆိုခိုင်းတိုင်း၊ ခေါင်းတခါခါ၊ လည်တခါခါနှင့် ချောင်းဆိုးနေလို့ပါ၊ အသံဝင်နေလို့ပါဟုငြင်းရင်း တစ်နှစ်ကုန်လာသည်။ သီချင်းလေး တစ်ပိုဒ်တစ်လေကိုပင် ပီပီသသ ကြည်ကြည်မြမြနှင့် နားစွဲအောင် မဆိုနိုင်ခဲ့ပေ။ ငယ်တုန်းက မဆိုနိုင်တော့ ကြီးတော့ ပိုဆိုးတာပေါ့။ အကြောင်းသင့်၍ ကာရာအိုကေစက်ဖွင့်ပြီး ဟစ်ကြသောပွဲမျိုး ဆိုလျှင် သူ့ခမျာ မျက်စိလေး ပေကလပ်နှင့် ငုတ်တုတ်ဆိုမှ တကယ့်ကို ငုတ်တုတ်။

ငယ်ငယ်တုန်းက မိမိနှင့် သဟဇာတ မဖြစ်လှသော ပညာရပ်များကို မသင်မဖြစ်သင်ခဲ့ရသော်လည်း ဒေါ်ညိုမဘဝ ရောက်လာတော့ သူ့မှာ ရွေးချယ်ခွင့်ရှိလာပြီဖြစ်သည်။ ထိုအခါကျမှ မိမိကိုယ်မိမိ သိရသည်မှာ ဘာသာရပ်တော်တော်များများကို စိတ်ဝင်တစား မရှိလှကြောင်းကို ဖြစ်လေသည်။ ကိုယ်မသိ၊ ကိုယ်မတတ်လျှင်ဖြစ်သည်ဟု ယူဆထားသမျှကိုလည်း သိရန်၊ တတ်ရန် မကြိုးစားဘဲ မဆိုင်သလို ဘာသိဘာသာ နေတတ်ခြင်းနှင့် မလုပ်တတ်လျှင်ဖြစ်သော အလုပ်ဟူသမျှကိုလည်း ဘယ်တော့မှ မလုပ်ဘဲ ရေသာခိုတတ်နေခြင်းပင် ဖြစ်လေသည်။ တစ်ခါကတော့ ဦးညိုမောင် အတော်စိတ်ဆိုးသွားဖူးသည်။ သူ၏ စားပွဲပေါ်မှ အမ်ပီဖိုးကလေးကို ဒေါ်ညိုမက ကောက်ကိုင်ပြီး "ဟင်···ဘယ်သူ့ ဟမ်းဖုန်းကျန်ခဲ့တာပါလိမ့်"ဟု ပြောသောကြောင့်ဖြစ်လေသည်။

"မင်းတို့အမေကို ပြောကြစမ်းပါအုံးကွာ···နည်းနည်းပါးပါးလေးတော့ လေ့လာစမ်းပါလို့၊ ကြည့်ပါအုံး ဟမ်းဖုန်းမှန်းမသိ၊



အမ်ပီဖိုးမှန်းမသိ၊ နောက်ပြီး ကွန်ပျူတာ မတတ်တာကတော့ ထားပါတော့၊ တီဗီတွေ၊ ကက်ဆက်တွေတောင် မဖွင့်တတ်တာက တော့ နည်းနည်းလွန်နေပြီ''

ဦးညိုမောင်က သားသမီးတွေကိုပြော သလိုလိုနှင့် ဒေါ်ညိုမ ကြားအောင် ပြော သည်။ သူက ကြားအောင်ပြောပေမယ့် လည်း မကြားချင်ယောင်ဆောင်နေဖို့ လွယ် ပါသည်။ စိတ်ထဲကတော့ ထုံးစံအတိုင်း ''တစ်အိမ်လုံးရှိသမျှလူတွေ တဒေါက်ဒေါက်၊ တဖျောက်ဖျောက်နဲ့ ဖွင့်နေကြတာ၊ ကျုပ်ဖွင့် တတ်ဖို့ လိုလို့လား၊ အဲဒါတွေ မဖွင့်တတ် တော့ရော ဘာဖြစ်မှာမို့လို့လဲ၊ ဘာမှမဖြစ်ပါ ဘူး''ဟု ပြောသည်။

''ဖိုးသားအတွက် ဂစ်တာသွားဝယ် တုန်းကလည်း ဆိုင်ထဲလိုက်လာပြီး မသိရင် မသိသလို ငြိမ်ငြိမ်နေတာမဟုတ်ဘူး၊ မှန်ဗီရို ထဲမှာ ချိတ်ထားတဲ့ တယောလေးတွေကို တအံ့တသြကြည့်ပြီး 'ဟယ် . . .ဂစ်တာ အသေးစားလေးတွေတော့'လို့ ပြောသေး တာ၊ ကြားလိုက်တဲ့လူတွေက ပြုံးစိ ပြုံးစိနဲ့''

ဒီတစ်ခါတော့ ဒေါ်ညိုမလည်း ရယ် ချင်သွားသည်။ ထိုစဉ်က ပြုံးစိစိဖြစ်နေသော မျက်နှာများကိုကြည့်ကာ အတော်ကြီးရှက် သွားမိသည်ကတော့ အမှန်ပင်၊ သူ့ထက်ပို ပြီး ရှက်သွားဟန်ရှိသော ဦးညိုမောင်က တော့ ''ညိုမတို့ကတော့ လုပ်ချလိုက်ပြန်ပြီ ကွာ''ဟု အံကြိတ်သံနှင့်ရေရွတ်ရင်း သူ့ အနားမှာ မနေတော့ဘဲ ခပ်ဝေးဝေးသို့ ခွာ သွားခဲ့လေသည်။

''တယောနဲ့ ဂစ်တာနဲ့ ခွဲမသိတော့ ဘာဖြစ်လဲ၊ ဒီလို မှားပြောလိုက်မိရုံနဲ့ တယောမှာလည်း ဘာမှမဖြစ်ဘူး၊ ဂစ်တာ မှာလည်း ဘာမှမဖြစ်ဘူး၊ တယောကိုတီးလို့ ရမသွားသလို၊ ဂစ်တာကိုလည်း ထိုးလို့ရမှာ မဟုတ်ဘူး၊ ဘယ်သူ့မှာမှ ဘာမှမဖြစ်ဘူး။ ဒါဟာ ရှက်စရာလည်းမဟုတ်ဘူး၊ သူများ ပစ္စည်းခိုးတဲ့ မကောင်းမှုလည်း မဟုတ်ဘူး''

နောက်ဆုံးတော့ ဒေါ်ညိုမက သူဆိုက် နေကျ ဘူတာသို့ ခပ်သွက်သွက် ခပ်စွာစွာ ဝင်ဆိုက်သည်။ ဒီတစ်ခါတော့ ဦးညိုမောင် က စပ်ဖျဉ်းဖျဉ်းဖြစ်သွားပုံမရ၊ ဒေါ်ညိုမကို သနားသလိုကြည့်ရင်း ခပ်တိုးတိုးပြောသည်။

''ဟုတ်ပါတယ်၊ ဘယ်သူ့မှာမှ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ ဒီလောက်ကလေးကို

**မကောင်းမှန်းသိသော်လည်း မတတ်နိုင်။**

**မသိခြင်း၊ မတတ်ခြင်းများစွာနှင့်**

**အသက်ခြောက်ဆယ်ကျော်သည်အထိ**

**ခပ်ပျော်ပျော်နေလာခဲ့ပြီးပြီပဲ . . .**

တောင် မလေ့လာဘဲ၊ မသိတဲ့သူကတော့ ထူပိန်းပိန်းကြီးဖြစ်နေတယ် မထင်ဘူးလား၊ နလပိန်းတုံးနိုင်တယ်၊ ထူပိန်းပိန်းနိုင်တယ် ဆိုတာ ကောင်းတာမှ မဟုတ်ပဲ''တဲ့။

\- - - - - - - - - - - - - - -

မကောင်းမှန်းသိသော်လည်း မတတ် နိုင်။ မသိခြင်း၊ မတတ်ခြင်းများစွာနှင့် အသက်ခြောက်ဆယ်ကျော်သည်အထိ ခပ် ပျော်ပျော်နေလာခဲ့ပြီးပြီပဲ။ ဒီအချိန်၊ ဒီအရွယ် ကြီးရောက်ခါမှ သိရမည်၊ တတ်ရမည်၊ လေ့ လာရမည်ဟု တိုက်တွန်းနေသူများကသာ ပိုပြီး မိုက်မဲရာကျနေသည်ကို သူတို့ကိုယ် သူတို့ မသိကြရှာ။

ပြောမယ့်သာ ပြောရသော်လည်း ဒေါ် ညိုမက အနည်းငယ်တော့ ဆင်ခြင်လာ သည်။ ''အဲဒါမတတ်တော့ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ပါဘူး''ဟူသော ညစ်ကျယ်ကျယ် စကားကို အရင်တုန်းကလောက် မပြော တော့ပေ၊ အကျင့်ကပါနေတော့ သုံးခါပြော မည့်အစား တစ်ခါလောက်တော့ ပြောဖြစ် နေသေးသည်။ ဒီတော့လည်း သုံးခါရန်ဖြစ် ရမည့်အစား တစ်ခါပဲဖြစ်တော့သည်ပေါ့ လေ။

ဒီနေ့တော့ ဒေါ်ညိုမတစ်ယောက် မြိုင်ရာဇာတွတ်ပီလို 'ယနေ့ ကံမကောင်းပါ လားကွယ်'ဟု ရေရွတ်ရတော့မည် ထင် သည်။ မကောင်းမှုအကုသိုလ်ပြုလုပ်ခြင်း မဟုတ်ဘဲ ရှက်စရာဖြစ်ရခြင်းများတွင် လူ ကြားထဲ ဖိနပ်ပြုတ်ရခြင်းနှင့် လမ်းဆုံလမ်းခွ မီးပွိုင့်တွင် မော်တော်ကားပျက်ရခြင်းတို့ ပါဝင်လေသည်။ ယခုလည်း ပျက်ပါပြီ။ လမ်းဆုံလမ်းခွတွင်မဟုတ်၍ အနည်းငယ် ကံကောင်းသည်။ သို့သော် သုဝဏ္ဏအား ကစားရုံကြီး ကုန်းကျော်တံတားအတက်တွင် ပျက်ခြင်းမို့ တွန်းများတွန်းရမည်ဆိုလျှင်တော့ သေဖွယ်ရာသာ ရှိတော့သည်။

ဆန့်ငင် ဆန့်ငင်ဖြစ်ပြီး ရပ်သွားသော စက်ကို ဦးညိုမောင်က ကြိုးစားပြီးပြန်နှိုး နေသည်။ ဒေါ်ညိုမခမျာလည်း ဘုရားတ နေသည်။ ကားစက်က ကွိခနဲ ကွိခနဲ အော် နေသော်လည်း နိုးမလာ၊ ဘုရား–ဘုရား၊ မတွန်းရပါစေနဲ့ ဘုရား။

မင်္ဂလာဆွမ်းကျွေးက ပြန်လာကြသည် ဆိုတော့ ဝတ်ကောင်းစားလှတွေ ဝတ်ထား မိလျက်သား ဖြစ်နေသည်။ ချိတ်ထမိကြီး ဝတ်ကြီး ကားတွန်းနေရမည်ဆိုလျှင်တော့ ''ဘုရား . .ဘုရား သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဥ္စ၊ ဒွါဒသဥ္စ၊ သဟဿကေ''

ဦးညိုမောင်က ကားစက်ဖုံးကိုဖွင့်ပြီး ဟိုနှိုက် သည်နှိုက် နှိုက်နေသည်။ ဒေါ်ညိုမ ကတော့ ဘုရားစာရွတ်သည်မှအပ ဘာမှ မလုပ်တတ်။

''နက်တစ်ခုခု ချောင်သွားတယ်ထင် တယ်ကွ၊ ကျပ်စရာခွလည်း ကားထဲမှာ ပါ မလာဘူး၊ အိမ်နဲ့နီးနေပြီပဲဟာ အိမ်ပြန်ပြီး ယူလိုက်မယ်၊ ကားထဲမှာ စောင့်နေလိုက် တော့၊ တစ်ခုခုကိစ္စရှိရင် ဖုန်းဆက်လိုက် မယ်၊ ဟမ်းဖုန်းပါတယ် မဟုတ်လား''

ဒေါ်ညိုမက သူ့အိတ်ထဲမှ လက်ကိုင် ဖုန်းကို ထုတ်သည်။ ကြည့်လိုက်တော့ ဓာတ်ခဲအားက ကုန်လုကုန်ခင် ဖြစ်နေပြီ။ တယ်လီဖုန်းအားသွင်းရန် အစဉ်အမြဲမေ့နေ တတ်သူကို ဒေါ်ညိုမဟု ခေါ်ပါသည်။

''ဓာတ်ခဲအားက ကုန်ခါနီးနေပြီ''

''သတိထားတာ မဟုတ်ဘူးကွာ၊ အမြဲ တမ်း နမော်နမဲ့၊ နေအုံး...ဒီလောက်ဆိုရင်

အဲဒါမှခက်ကပြီ၊ ဒေါ်ညိုမ အတော်စိတ်ညစ်သွားသည်။ သူ့ဖုန်းတွင် မက်ဆေ့(ချ်)ရောက်လျှင် 'တိန်'ခနဲ တစ်ချက်မြည်တတ်သည်။



ဖုန်းမဝင်ပေမယ့် မက်ဆေ့(ချ်)တော့ ဝင်နိုင်တယ်၊ မက်ဆေ့(ချ်)ပို့လိုက်မယ်လေ''

အဲဒါမှခက်ကပြီ၊ ဒေါ်ညိုမ အတော်စိတ်ညစ်သွားသည်။ သူ့ဖုန်းတွင် မက်ဆေ့(ချ်)ရောက်လျှင် 'တိန်'ခနဲ တစ်ချက်မြည်တတ်သည်။ မီးလင်းလာပြီး 'One Message Received' ဟူသော စာတန်းလေး ပေါ်လာသည်။ ထိုသို့ပေါ်လာသည်ကို တွေ့လျှင် ဒေါ်ညိုမက 'မက်ဆေ့(ချ်)ရောက်တယ်တဲ့ဟော့၊ ကြည့်စမ်းပါအုံး'ဟုဆိုကာ နီးရာလူကို ပေးလိုက်သည်။ ဘာကိုနှိပ်ပြီး ဘယ်လိုကြည့်လိုက်သနည်း သူမသိလိုက်၊ စိတ်လည်းမဝင်စားလှ၊ သူ့လက်ထဲပြန်ရောက်တော့ စာတန်းလေးပေါ်လာနေပြီမို့ ဖတ်ကြည့်လိုက်ရုံပင်။

''ကဲ···သွားမယ်''

''နေ···ခဏနေပါအုံး''

ဒေါ်ညိုမ၏အသံက အနည်းငယ်ပျော့နေသည်။

''မက်ဆေ့(ချ်)ရောက်ရင် ဘယ်ခလုတ်နှိပ်ပြီး ဖတ်ရမှာလဲ''

''လုပ်ပြီကွာ''

ဦးညိုမောင်၏မျက်နှာက အတော်ကြီးကို ရှုံ့သွားသည်။

''ဒါလေးကို ဒီလိုနှိပ်၊ မက်ဆေ့(ချ်)က ရှည်နေရင် ဒါကိုဆက်နှိပ်''ဟု ခပ်ဆတ်ဆတ် ပြောသည်။

''တယ်လီဖုန်းဆိုတာနဲ့ စကားပြောဖို့ တစ်ခုကလွဲလို့ ဘာမှမသုံးတော့ဘူး၊ ဒီမှာ ဘလူးတု(သ်)၊ ရီကောဒင်း၊ ကင်မရာ၊ ဗီဒီယို၊ အမ်ပီသရီး၊ အမ်ပီဖိုးတွေပါတာရောသိရဲ့လား···၊ ဘာဆိုဘာမှ တစ်ခါမှမသုံးဘူး မဟုတ်လား၊ သုံးလည်း မသုံးတတ်ဘူး မဟုတ်လား''

ဦးညိုမောင်က ဆိုက်ရောက်လာသော အခါအခွင့်ကို လက်လွှတ်မခံ၊ အပြည့်အဝ အသုံးချပြီး ခပ်ဖိဖိပြောသည်။ ဒီတော့လည်း အကျင့်ပါနေသော ဒေါ်ညိုမ၏ပါးစပ်က ''မသုံးတတ်တော့ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး''ဟု ထုံးစံအတိုင်း ထွက်လာသည်။

ဦးညိုမောင်က မျက်နှာထား ခပ်ပုပ်ပုပ်နှင့် အိမ်ပြန်သွားသည်။ ဒေါ်ညိုမကတော့ ကားထဲတွင် စိတ်မသက်မသာနှင့် ကျန်ခဲ့သည်။ တယ်လီဖုန်းက 'တိန်'ခနဲမြည်လျှင် မကြားရမှာစိုး၍ လက်ထဲတွင် အဆင်သင့်ကိုင်ထားရသည်။

''အင်း···ငါကလည်း ငါပါပဲလေ၊ သူတို့ပြောလည်း ပြောစရာ၊ ဘာဆိုဘာမှ လေ့လေ့လာလာ မရှိတာကတော့ အမှန်ပါပဲ''

ဒေါ်ညိုမက သူ့ကိုယ်သူ အပြစ်တင်မိသည်။ လေ့လေ့လာလာမရှိ၍ မသိပြန်၊ မတတ်ပြန်တော့လည်း ခပ်ငြိမ်ငြိမ်နေသည် မဟုတ်။ ညစ်ကျယ်ကျယ်ကလည်း ပြောတတ်သေးတော့ မြင်ပြင်းကပ်ဖွယ် ကောင်းလိမ့်မည်ကတော့ အမှန်ပင်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ဦးညိုမောင်က စက်ဘီးကလေးကို ခပ်သွက်သွက်နင်းပြီး ပြန်ရောက်လာသည်။ ပလာယာတွေ၊ ခွတွေထည့်ထားသော ပစ္စည်းသေတ္တာလေးကို စက်ဘီးနောက်ခုံပေါ်တွင် တင်လာသည်။ ပျက်နေသော ကားပေါ်တွင်ထိုင်ရင်း အားကုန်နေသော လက်ကိုင်ဖုန်းကို ကိုင်ထားသော ထူပိန်းပိန်းအမျိုးသမီးကြီးလည်း အတော်ဝမ်းသာသွားရှာသည်။

စက်ဘီးပေါ်မှ ပစ္စည်းသေတ္တာလေးကိုချ၊ ခွတွေကိုယူ၊ ကားစက်ဖုံးကိုဖွင့်၊ ဟိုနှိုက်ဒီနှိုက်၊ ဟိုခေါက်ဒီခေါက်လုပ်၊ ခွတစ်ချောင်းနှင့် ဟိုကြပ်ဒီကြပ် လိုက်ကြပ်၊ ဦးညိုမောင်က ပညာကုန်ကျဲနေသည်။ ဒေါ်ညိုမကလည်း ပလာယာယူပေးလိုက်၊ ခွယူပေးလိုက်နှင့် တတ်သမျှ မှတ်သမျှ ရောရိရောရော လုပ်နေရသည်။

''အင်း···ရပြီထင်ပါရဲ့''

ဦးညိုမောင်ခမျာလည်း တော်တော်မောသွားဟန်ရှိသည်။ မောရှာမှာပေါ့လေ၊ နေပူထဲမှာ သွားလိုက်၊ ပြန်လိုက် လုပ်နေရတာပဲ။

''ကဲ··ဘုရား၊ တရား၊ သံဃာတော်မြတ် ဂုဏ်ကျေးဇူး''

ဦးညိုမောင်က ကားပေါ်တက်ထိုင်ပြီး သော့အသာလှည့်လိုက်သည်။ 'ဂူး'ခနဲနိုးသွားသော စက်သံကိုကြားရတော့ ဒေါ်ညိုမခမျာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ''ဟေး–ကားမတွန်းရတော့ဘူးဟေ့''

''ဝမ်းသာလိုက်တာဟယ်···ဝပ်ရှော့သွားခေါ်နေရရင် သံသရာရှည်လိုက်မယ့်ဖြစ်ခြင်း၊ ပင်ပန်းလိုက်မယ့်ဖြစ်ခြင်း၊ ငါယူထားတဲ့ ယောက်ျားမို့လို့လား မသိဘူး၊ တော်လိုက်တာမှ တော်မှတော်''

ကားပေါ်သို့ ဝမ်းသာအားရ တက်မည့် ဟန်ပြင်သော ဒေါ်ညိုမကို ဦးညိုမောင်က ''နေအုံးလေ • • •နေအုံး''ဟု တားသည်။ အလို သူ့မျက်နှာထားက ခုနတုန်းကလို မဟုတ်တော့ပါလား၊ ဘာဖြစ်လို့ ခပ်မြိန့်မြိန့် ပြုံးနေတာလဲ။

''ဘာဖြစ်လို့လဲ၊ ပြန်မယ်လေ''

''ဒီအတိုင်း ပြန်လို့မှမရတာ၊ ဒီမှာ ကြည့်လေ၊ ကားက တစ်စင်း၊ စက်ဘီးက တစ်စင်း၊ လူက နှစ်ယောက်လေ၊ တစ်ယောက် တစ်စီး တာဝန်ယူရမှာပေါ့ မဟုတ်ဘူးလား''

ပလက်ဖောင်းပေါ်တွင် ရပ်ထားသော စက်ဘီးကို အခုမှသတိရသည်။ ဟုတ်သားပဲ။ စက်ဘီးကို ဒီအတိုင်းထားခဲ့လို့မှ မဖြစ်တာ။

''ဒီတော့ ခင်ဗျား ကားမောင်းပြီး ပြန်မလား၊ စက်ဘီးစီးပြီး ပြန်မလား၊ ကြိုက်တာ ရွေးလေ''

''အဲ• • •တော့'' တည့်တည့်ကြီးပြောမှ သဘောပေါက်သွားသော ဒေါ်ညိုမခမျာ တော်တော်လေး နင်သွားရှာသည်။ အဲဒါမှ ခက်ပြီ၊ သူက ကားလည်းမမောင်းတတ်၊ စက်ဘီးလည်း မစီးတတ်၊ ဒါကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ကြီး ဒီလိုပြုံးနေတာကိုးဟု အတော်ကြီး နောက်ကျကာမှ သိလိုက်ရသည်။

''ဒေါ်ညိုမတို့ကတော့ သူ့ရဲ့ မူပိုင်စတိုင်အတိုင်း ကားလည်း မမောင်းတတ်ဘူး၊ စက်ဘီးလည်း မစီးတတ်ဘူး• • •ဟုတ်တယ်နော်''

''အေးလေ• • •သိရဲ့သားနဲ့''

အခါတိုင်း ညစ်ကျယ်ကျယ်ပြောနေကျ အတိုင်း ''မတတ်တော့ ဘာဖြစ်သေးလဲ၊ ဘာမှမဖြစ်ပါဘူး''ဟု ဘာလို့မပြောဖြစ်လိုက်လဲတော့ မသိ။ သူ၏အတွင်းစိတ်ထဲမှနေပြီး ကျရောက်လာမည့် အန္တရာယ်၏ အငွေ့အသက်ကို ရှူရှိုက်နေမိသောကြောင့် ဖြစ်မည်ထင်ပါသည်။

ဦးညိုမောင်ကတော့ အူအမြူးကြီး မြူးနေသည်။ ပြုံးရုံပင်မက၊ တဟားဟားနှင့်ပင် ရယ်နေပြီဖြစ်သည်။

''မတတ်ရင်လည်း အလွယ်ကလေးပါ ကျောင်းအမရယ်၊ တွန်းရုံကလေးပဲ တွန်းရမှာပါ၊ မော်တော်ကား တွန်းရတာနဲ့စာရင် စက်ဘီးတွန်းရတာက ပိုပြီးသက်သာမယ် ထင်တယ်နော်၊ ဘယ်သင်တန်းကိုမှ တက်ပြီး သင်စရာလည်း မလိုပါဘူး''

ဦးညိုမောင်က ကားဘီးများကို စ၍ လိမ့်သည်။ ထို့နောက် ''အိမ်ကျရင် အမောပြေသောက်ရအောင်၊ သံပုရာရည်လေး ဖျော်ခိုင်းထားမယ်လေ''ဟုပြောရင်း ဝေါခနဲ မောင်းထွက်သွားသည်။ သူ၏ ချစ်ဇနီးဝဝ ဒေါ်ညိုမကို သုဝဏ္ဏကုန်းကျော်တံတားကြီး ပေါ်တွင် စက်ဘီးတစ်စီးနှင့်အတူ မျက်နှာလွှဲခဲပစ် ထားခဲ့ရက်အားလေသည်။

\- - - - - - - - - - - - - -

နေက ကျဲကျဲတောက်အောင် ပူနေသည်။ နေပူလေပူထဲတွင် ဝတ်ကောင်းစားလှ ဝတ်ပြီး စက်ဘီးကြီးတွန်းကာ ဘောက်ဆတ်ဆတ် လျှောက်နေသော ဒေါ်ညိုမကို တွေ့သူတိုင်းက လည်ပြန်ကြည့်သွားကြသည်။

ထူးဆန်းသည်ဟု မတွေးကြစေလိုပါ။ မအံ့သြကြစေလိုပါ။ မပြုံးကြစေလိုပါ။ သင်ခန်းစာလေးများ ယူတတ်မည်ဆိုလျှင် ''မတတ်ပါက တွန်းရလိမ့်မည်''ဟူသော သင်ခန်းစာကောင်းကောင်းလေးကို ရရှိနိုင်ပါသည်။

**မစန္ဒာ**

## သူ့လောကနဲ့ သူ့အမြင်

**ပထမယင်ကောင်** – လူသားတွေဟာ ရယ်စရာကောင်းတယ်လို့ မင်းရော မထင်ဘူးလား။

**ဒုတိယယင်ကောင်** – မင်းက ဘာကြောင့် ဒီလို ပြောရတာလဲ။

**ပထမယင်ကောင်** – မင်းစဉ်းစားကြည့်လေ၊ သူတို့က မျက်နှာကြက်ကိစ္စမှာ ငွေကုန်ကြေးကျများစွာသုံးစွဲပြီး နောက်တော့ ကြမ်းပြင်ပေါ်မှာ လမ်းလျှောက်ကြတယ် မဟုတ်လား။



**မောင်သီဟ**



# စိတ်ဓာတ်ဖွဲ့စည်းပုံ Organization Mind-set ကို ပြောင်းလဲကြပါစို့

ရဲမြင့်ဦး(အလုံ)

၁၈၅၂ ခုနှစ်၌ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ အောက်ပိုင်းဒေသနှင့်အတူ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ရသည်။ ထိုစဉ်က မြူနီစီပါယ်လုပ်ငန်းနှင့် မြို့ပြအုပ်ချုပ်ရေး မရှိခဲ့ချေ။

**၁၈၇၁ ခုနှစ်နောက်ပိုင်း ကာလများ**

၁၈၇၄ ခုနှစ် မြူနီစီပါယ်အက်ဥပဒေပြဋ္ဌာန်းကာ ရန်ကုန်မြူနီစီပါယ်ကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်း အက်ဥပဒေအရ အစိုးရခန့်ထားခဲ့သည့် ရန်ကုန်မြူနီစီပါယ် ဥက္ကဋ္ဌ၊ မြို့ဝန်ကြီးသည် မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) ၏ အတည်ပြုချက်အရသာ မြူနီစီပါယ်လုပ်ငန်းများကို မြူနီစီပါယ် ကော်မတီအဖွဲ့ဝင် ၃၂ ဦး၏ ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နိုင်သည်။ မြူနီစီပါယ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ၁၈၈၄ မြူနီစီပါယ် အက်ဥပဒေကိုလည်းကောင်း၊ ၁၈၉၈ ခုနှစ် မြူနီစီပါယ်အက်ဥပဒေကိုလည်းကောင်း ခရိုင်/မြို့နယ်မြူနီစီပါယ် ကော်မတီများ ဖွဲ့စည်းရေးများ ပါဝင်ပြဋ္ဌာန်းခဲ့သည်၊ ဥပဒေများကို ထပ်မံ၍ ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အင်္ဂလိပ်ကိုလိုနီနိုင်ငံ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် ရန်ကုန်မြို့၏ မြူနီစီပါယ်လုပ်ငန်းများတွင် တာဝန်ပိုင်းခြားမှုများ ရှိလာခဲ့ပါသည်–

- မြို့ပြတည်ဆောက်ရေး စီမံကိန်းများ Town Planning အရ ဆောင်ရွက်ရသော လုပ်ငန်းများ၊
- အဆောက်အအုံအသစ်များ၊ ဆောက်လုပ်မှုကို ခွင့်ပြုခြင်း၊ ကြီးကြပ်ရခြင်း လုပ်ငန်းများ၊
- အခွန်အခ ကောက်ခံရခြင်း လုပ်ငန်းများ၊ မြေခွန်တော် ကောက်ခံရခြင်း လုပ်ငန်းများ၊
- ၁၈၆၅ ခုနှစ်တွင် အမှိုက်နှင့် မိလ္လာ သိမ်းဆည်းရခြင်း လုပ်ငန်း၊
- မြို့နယ်များတွင် ရေတွင်းများအစား၊



အဝီစိတွင်းများ ပထမအစားထိုး ရေဖြန့်ဝေခဲ့သည်။ ထို့နောက် ကန်တော်ကြီးကန်ကို ရေလှောင်ကန်အဖြစ် ပြုပြင်ပြီး သောက်သုံးရေ စတင်ဖြန့်ဝေခဲ့သည်။ ၁၈၇၉ ခုနှစ်မှစ၍ ရေပိုက်လိုင်းဖြင့် ရေဖြန့်ဝေခြင်းစတင်ခဲ့သောလုပ်ငန်းများ၊ ထို့နောက် ၁၉၀၄ ခုနှစ်တွင် ရန်ကုန်မှ ၁၇ မိုင်အကွာရှိ လှော်ကားရေလှောင်ကန် တည်ဆောက်ပြီးစီးသောကြောင့် ဖိုးစိန်လမ်း ရေတွန်းစက်မှတစ်ဆင့် ရွှေတိဂုံဘုရားကုန်းတော်ရှိ ရေလှောင်ကန်ပေးပို့ကာ ထိုမှတစ်ဆင့် ရေဖြန့်ဝေခြင်းလုပ်ငန်း၊

- ၁၉၂၅ ခုနှစ် ကုက္ကိုင်းရေလှောင်ကန် တည်ဆောက်ကာ ၁၉၂၇ ခုနှစ်တွင် မင်္ဂလာဒုံ စမ်းကြီးဝ ရေတွန်းစက်ရုံမှ တစ်ဆင့် ရေဖြန့်ဝေခြင်းလုပ်ငန်း၊
- ကုဋ္ဌနူနာနှင့် စိတ်ရောဂါသည်များကို သက်ဆိုင်ရာဆေးကုဌာနများသို့ ပို့ဆောင်ပေးသော လုပ်ငန်း၊
- သုသာန်၊ မီးသင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်း၊ ဝန်ထမ်းများခန့်ထားကာ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ရသော လုပ်ငန်းများ၊
- ရန်ပုံငွေအခြေအနေ၊ ပန်းဥယျာဉ်များ၊ ကစားကွင်းများ တည်ဆောက်ခြင်း လုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း၊ ကူးစက်ရောဂါကြိုတင်ကာကွယ်ခြင်းလုပ်ငန်း၊
- ခဝါရုံလုပ်ငန်းများ၊
- ဈေးသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများ၊
- လမ်းခင်းခြင်း၊ ဓာတ်ရထား တည်ထောင်ခြင်း၊ လူသွားအုတ်ခင်းလမ်းများ အကွက်ချခြင်း စသောလုပ်ငန်းရပ်များကို ၁၉၄၁ ခုနှစ် ဂျပန်ဖက်ဆစ်လက်အောက် မကျရောက်မီအထိ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

**၁၉၄၁ ခုနှစ် နောက်ပိုင်းကာလများ**

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဥရောပစစ်မျက်နှာမှ စတင်၍ ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့ပါသည်။ ဂျပန်သည် ၇-၁၂-၁၉၄၁ ရက်နေ့၌ ဒုတိယကမ္ဘာစစ်၏ စစ်ပွဲများအတွင်း ဝင်ရောက်ခဲ့ပါသည်။

၁၉၄၁ ခုနှစ် ဂျပန်နယ်ချဲ့လက်အောက် ကျရောက်ချိန်မှ ၁၉၄၅ ခုနှစ် အင်္ဂလိပ်ကိုလိုနီကာလရောက်သည့် အချိန်ကာလအတွင်း၌ ရန်ကုန်မြို့သည် စစ်ဘေးစစ်ဒဏ်ကြောင့် မြူနီစီပါယ်လုပ်ငန်းများလည်ပတ်မှု မမှန်ကန်ခဲ့ပါ။ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်းတွင်မူ မြူနီစီပါယ် ရွေးကောက်ပွဲများ သုံးနှစ်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါသည်။ ထိုကာလအတွင်း ရန်ကုန်မြူနီစီပါယ်အဖွဲ့ကို အမြဲတမ်း ကော်မတီ ၅ ခုဖြစ်သည့် ဘဏ္ဍာရေးကော်မတီ၊ လမ်းနှင့် အဆောက်အဦကော်မတီ၊ ရေနှင့် မိလ္လာကော်မတီ၊ ကျန်းမာရေးနှင့် ဈေးကော်မတီအပြင် ရန်ကုန်ပညာရေးအဖွဲ့ဟူ၍ ဖွဲ့စည်းကာ မြူနီစီပါယ်လုပ်ငန်းများအား လုပ်ကိုင်လည်ပတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၉၅၈ ခုနှစ်တွင် စစ်အတွင်း ရန်ကုန်သည် လူသွားစင်္ကြံများပေါ်ရှိ ကျူးကျော်ဆိုင်များ၊ တဲများ၊ ဥပဒေမဲ့နေထိုင်သောရပ်ကွက်များ၊ လမ်းများ၊ အမှိုက်များ၊ ရေမြောင်းပိတ်ဆို့မှုများနှင့် ဖြစ်ပေါ်နေခြင်းကို စီမံကိန်း နှစ်ဆင့်ခွဲ၍ အမှုဆောင်အရာရှိချုပ် ဗိုလ်မှူးကြီး ထွန်းစိန်သည် မြို့တော်ကို ချွေးဖြင့်ဆေးမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ မတက်မီအထိ အားထုတ်ဆောင်ရွက်ချက်များက ရန်ကုန်ကို အသစ်တစ်ဖန် ပြန်လည်



ဖြစ်စေခဲ့ပါသည်။

## ၁၉၉၁ ခုနှစ် နောက်ပိုင်းကာလ

၁၉၆၂–၆၃ ဘဏ္ဍာနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ရန်ကုန်တွင် နေ့စဉ် ရေဂါလံ ၃၅ သန်း ဖြန့်ဝေနိုင်ခဲ့သည်။ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သုဝဏ္ဏမြို့သစ်၊ သာကေတ မြို့သစ်များ ဖော်ထုတ်နိုင်ခဲ့သည်။ တဲအိမ် ၄၀၀၀၀ ကျော်၊ လူဦးရေ ၄ သိန်းကျော်ကို ပြောင်းရွှေ့နေရာချထားနိုင်ခဲ့သည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ရန်ကုန်မြူနီစီပါယ်ကော်မတီမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး အဖွဲ့အဖြစ် ပြောင်းလဲသကဲ့သို့ လုပ်ငန်းစဉ်များလည်း တိုးတက်ပြောင်းလဲခဲ့သည်။ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် မြို့တော်ဝန်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့အား အမှုဆောင်အရာရှိချုပ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဦးစီးစီမံကာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သည်။ ထိုအချိန်၌ ရန်ကုန်မြို့၌ မြို့နယ်စုစုပေါင်း ၂၇ မြို့နယ်ရှိပြီး လူဦးရေ ၂.၅သန်းကျော် ရှိခဲ့ပါသည်။

၁၉၈၃ ခုနှစ် စည်ပင်သာယာရေး ဥပဒေ ပြဋ္ဌာန်းပြီးသောအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖြစ် သီးခြား ကော်မတီတစ်ရပ် သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။ ကော်မတီပြောင်းလဲဖွဲ့စည်းချိန်တွင် ရန်ကုန်မြို့လည်း ပြောင်းလဲနေပြီဖြစ်သည်။

- ဇလားအိမ်သာများ ပပျောက်ပြီး ရေလောင်းအိမ်သာများ အစားထိုးနိုင်ခဲ့ပါသည်။
- လှော်ကား၊ ဂျိုးဖြူ၊ ငမိုးရိပ်ရေလှောင်ကန်ကြီးများကဲ့သို့ ရေအရင်းအမြစ်များကို ရှာဖွေကာ ရေဖြန့်ဝေမှု ပိုမိုအားကောင်းလာခဲ့ပါသည်။
- ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကြောင့် အမှိုက်ကန်သို့ အမှိုက်ပစ်ခြင်းများ လျော့ပါးကာ၊ မြို့တော်နေပြည်သူများသည် သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ရန်လိုအပ်ကြောင်း အသိပညာများ ရရှိကြပြီဖြစ်သည်။
- လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အစပျိုးနိုင်ခဲ့သည်။ အခွန်လွတ်ဈေးများ တည်ထောင်နိုင်ခဲ့သည်။
- လမ်းများ တိုးချဲ့ခြင်း၊ တံတားများ တည်ဆောက်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံများ ထူထောင်၍ ခေတ်မီသော မိလ္လာစွန့်ထုတ်စနစ်ဖြစ်သော ရေကြည်ရေသန့်များပြုလုပ်ပြီးမှ စွန့်ထုတ်နိုင်လာခြင်း၊ ကတ္တရာခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကိုယ်အားကိုယ်ကိုးလမ်းများ ပြုလုပ်ခြင်း၊
- မြစ်ထွက်ပေါက်များ ထပ်မံပြုလုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ရေမြောင်းကြီးများ ရေထိန်းနံရံများ ပြုလုပ်ခြင်း၊
- မင်္ဂလာဒုံမြို့နယ်အတွင်း ဧက ၃၀၀ မြေနေရာရှာဖွေ၍ လူမျိုးစုံသုသာန်အဖြစ် နေရာများခွဲဝေချပေးထားပြီး အဆင့်မြှင့်တင် ပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၂၀၁၁ ခုနှစ် နောက်ပိုင်းကာလ

- မြို့တွင်း၊ မြို့ပြင် မခွဲခြားဘဲ ဘဏ္ဍာနှစ်အလိုက် အချိုးချ၍ လမ်းသားများကို ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်း၊လမ်းသားတိုးချဲ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးလမ်းများ ဆောင်ရွက်ပေးခြင်း၊ ယာဉ်ရပ်နားရန် ဧရိယာများ တိုးချဲ့ခြင်း၊
- ဈေးများ အဆင့်မြှင့်ခြင်း၊ ဈေးသစ်များ တည်ထောင်ခြင်း၊ ကိုယ်ပိုင်ဈေးများ၊ အဆင့်မြင့်ပလာဇာများ ခွင့်ပြုခြင်း၊
- အချက်ပြမီးပွိုင့်များ Digital စနစ်သို့ ပြောင်းလဲတပ်ဆင်နိုင်ခြင်း၊ သတိပေးစနစ်များ ခေတ်မီကိရိယာများ ပြောင်းလဲတပ်ဆင်နိုင်ခြင်း၊ ယာဉ်ကြောများ ရေးဆွဲမှုကို စနစ်တကျပြောင်းလဲပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးကွန်ယက်များ ခေတ်မီစေရေး စီမံဆောင်ရွက်ခြင်း၊
- ကုန်းကျော်တံတားများ၊ ချောင်းကူးတံတားများ၊ မြစ်ကူးတံတားများကို အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊
- အမှိုက်သိမ်းစနစ်ပြောင်းလဲခြင်း၊ လူထုပါဝင်သော သန့်ရှင်းသော မြို့တော်ဖြစ်စေရေး၊ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပညာပေးခြင်း၊ သတင်းဖြန့်ဝေခြင်း၊ အမှိုက်မီးရှို့စက် တည်ဆောက်ကာ လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊
- ရေအရည်အသွေး ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊ ရေအရင်းအမြစ်အသစ်များ ရှာဖွေ၍ စီမံကိန်းများချမှတ်ခြင်း၊ တိုးတက်လာမည့် လူဦးရေကို မှန်းဆပြီး ရေဖြန့်ဝေနိုင်မှု တိုးတက်မှုရှိစေရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ ရေမရှိသေးသော မြို့သစ်များထံ ရေဖြန့်ဝေနိုင်ရေး၊ ရေဖြန့်ဝေမှု ပိုက်ကျန်ယက်များ တိုးချဲ့ဆောင်ရွက်ခြင်း၊
- မြို့သစ်စီမံကိန်းများ ချမှတ်ခြင်း၊ တိုးချဲ့ထားသော မြို့သစ်များ၊ ဆက်သွယ်ရေး၊ ရေရှိရေး၊ သန့်ရှင်းရေးများကို အချိုးကျတိုးတက်စေရေး စီမံဆောင်ရွက်ခြင်း၊
- နိုင်ငံတကာ မြို့တော်များနှင့် ညီအစ်မဖွဲ့ကာ နိုင်ငံတကာဖွံ့ဖြိုးမှုများကို လက်ယှက်ရယူနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်ပါမည်။ ကျွန်ုပ်တို့၏ မြို့တော်ကို အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်ရန်မှာ စင်စစ် မြို့တော်နေပြည်သူတို့၏ အခွန်အခများအပေါ်တွင် အခြေခံကာ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတကာစံနှုန်းမီရန်အတွက်ဆိုလျှင် နိုင်ငံတကာမြို့တော်များရှိ အခွန်ထမ်း မြို့တော်နေ ပြည်သူများနည်းတူ အခွန်အခထမ်းဆောင်သည့်နှုန်းများကို တိုးတက်ပေးဆောင်ရန် ဆန္ဒများရှိရန် ပထမအရေးကြီးပါသည်။ အခွန်၊ အခငွေဖြင့်သာလျှင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ပါသည်။ ဒီမိုကရေစီစနစ်ကို ချီတက်ဆောင်ရွက်ချိန်တွင် စီးဆင်းလာခဲ့သော အကြပ်အတည်းများကိုလည်း ရင်ဆိုင်နေကြရသည်မှာ အမှန်ကိစ္စဖြစ်ပါသည်။ ထိုအခွန်များကို ချိန်ဆ၍ ကျွန်ုပ်တို့ မြို့သူမြို့သားများ၏ ရန်ကုန်မြို့ကို ချစ်ခင်နှစ်သက်သော စိတ်များဖြင့် Mind-set များကို ပြောင်းလဲကာ စီမံကိန်းနှင့် လုပ်ဆောင်ရန်များအား မမိုတ်မသုန်ဆောင်ရွက်ကြပါဖို့ ဆန္ဒပြုရပါသည်။

**ရဲမြင့်ဦး(အလုံ)**

# သောင်းဝေဦး

## ဗိုလ်ကြီးဒါဒါ ဖြစ်ပါသည်...

ယမုံနာ ယာဉ်ရောင်းဝယ်ရေးစခန်းသို့ ကျွန်တော် ရောက်သွားချိန်တွင် ကားရောလူပါ စုံနေ၏။ ကျွန်တော့်အား မြင်လျှင်မြင်ချင်း ဥက္ကဋ္ဌ ဦးကျော်အုံးက–

''ဟာ . . . ဗိုလ်မှူး . . . လာခင်ဗျ၊ မရောက်တာ ကြာပြီပဲ၊ အလုပ်တွေ သိပ်များနေတယ်ထင်တယ်၊ စာရော ရေးဖြစ်လားခင်ဗျ''

''ဟုတ်တယ်ဗျာ၊ အလုပ်ကလည်းများ၊ အရေးထဲ လက်ပြင်ကြောငုပ်နေလို့ စာလည်း မရေးနိုင်ပါဘူးဗျာ၊ ရုံးစာတောင် အနိုင်နိုင်ပါ''

''အကြောကိစ္စကတော့ ကိုစိုးဝင်း ကျွမ်းတယ်၊ သူ့ခေါ်ပြီး ဗိုလ်မှူးလိုက်ပို့ခိုင်းလိုက်ရင် ကောင်းမယ်''

ချက်ချင်းပင် အသံချဲ့စက်ဖြင့် လှမ်းခေါ်ရာ ကိုစိုးဝင်းရောက်လာ၏။



''ကဲ–ကိုစိုးဝင်း၊ ဗိုလ်မှူး အကြောပြင်ဖို့ ခင်ပျားမိတ်ဆွေကြီးတွေဆီ လိုက်ပို့ပေးဗျာ''

''ဗိုလ်မှူးလည်း လိုက်သွားပါခင်ဗျာ၊ သိပ်မဝေးပါဘူး''

လက်ပြင်ကြောက ဒုက္ခပေးနေသည်မှာ တစ်ပတ်ခန့်ရှိနေပြီမို့ ကျွန်တော် စာကောင်းကောင်းမရေးနိုင်ပါ။ ထို့ကြောင့် အမြန်ပျောက်ချင်၏။ စာမရေးနိုင်တာထက် ပို၍ လူကိုဒုက္ခပေးနေသည်က ခက်နေ၏။ ဝေဒနာဆိုတာ ဘာဝေဒနာမှ ကောင်းသည် မဟုတ်။ လူကို ဒုက္ခပေးသည်ချည်းသာ။

မင်းနန္ဒာလမ်းမကြီး အနောက်ဘက်ကို ကျော်၍ ကျွန်တော်တို့ လာခဲ့ကြ၏။ အိမ်ငယ်လေးတစ်လုံးတွင် ''အကြောပြင်သည်'' ဆိုသည့် ဆိုင်းဘုတ်ငယ်တစ်ခု တွေ့ရ၏။

''ဒီအိမ်ပဲခင်ဗျာ''

ကိုစိုးဝင်းကား အနင်းအနှိပ် အလွန်ဝါသနာပါသူ။ ဘယ်နေရာရောက်ရောက် သူက အနင်းအနှိပ်ခံနေကျ။ ယခုလည်း ယမုံနာရောက်သည်မှ မကြာသေး။ သူ ဒီနေရာတွေ သိနေပြီ၊ ရောက်ဖူးနေပြီဖြစ်၏။

အိမ်ထဲတွင် မိန်းမရွယ်သုံးဦး တွေ့ရ၏။ အိမ်ရှင်တွေဖြစ်မည်ထင်၏။ ကျွန်တော်တို့ကို တွေ့လျှင်–

''ဟော...ကိုစိုးဝင်းကြီးပါလား၊ လာပါရှင်၊ လာပါ''

''ကဲ–ဆရာမ၊ ဒါ ကျွန်တော်တို့လူကြီးပါ၊ လက်ပြင်ကြောငုပ်နေလို့ ခေါ်လာတာ''

''ရပါတယ်ရှင့်၊ ကျွန်မတို့ ကောင်းသွားအောင် ပြင်ပေးပါ့မယ်''

အသားညိုညို မိန်းမရွယ်က သွက်သွက်လက်လက်ပင်ပြောပြီး ဖျာများ၊ ခေါင်းအုံးများခင်း၏။ ထို့နောက် ကျွန်တော့်အား လှဲစေ၏။ ပရုတ်ဆီအဖြူ ခပ်ပျော့ပျော့လူးပေး၏။ နောက်ကျောအား အသာအယာ နှိပ်နယ်ပေး၏။ ၁၅ မိနစ်ခန့်ကြာသွား၏။ ထို့နောက် နာနေသည့်နေရာများကို သူမ လက်ဖျားများဖြင့် အနည်းငယ်ဖိထောက်လိုက်၏။

''အား...လား...လား''

''နာလား ဆရာ၊ နာရင်ပြောနော်''

''ရပါတယ်ဗျာ၊ နှိပ်သာနှိပ်ပါ၊ ကျွန်တော်ကတော့ ပျောက်ချင်တာပါပဲ''

> လက်ပြင်ကြောက ဒုက္ခပေးနေသည်မှာ
> တစ်ပတ်ခန့်ရှိနေပြီမို့ ကျွန်တော် စာကောင်းကောင်းမရေးနိုင်ပါ။
> ထို့ကြောင့် အမြန်ပျောက်ချင်၏။
> စာမရေးနိုင်တာထက် ပို၍. . .

''ပျောက်မှာပါ ဆရာရဲ့၊ ဆရာ့ကို လူကြီးမှန်းသိလို့ အငယ်တွေတောင် မခိုင်းဘူး၊ ကျွန်မကိုယ်တိုင် လုပ်ပေးနေတာပါ''

''အေးဗျာ...ကျေးဇူးပါပဲ၊ လက်နာနေတော့ စိတ်သွားတိုင်း ကိုယ်မပါဘူးဗျာ၊ အတော်ဒုက္ခပေးတယ်၊ ကျွန်တော်တို့က လည်း ဒီလက်နဲ့ပဲ လုပ်ကိုင်နေကြရတော့ ဒါ မကောင်းလို့မဖြစ်ဘူးလေ''

''ဟုတ်တာပေါ့ ဆရာရယ်''

ကျွန်တော်လည်း သူမနှင့်စကားအပြန်အလှန်ပြောရင်း ရှေးဖြစ်ဟောင်းများ စဉ်းစားမိ၏။ မင်းနန္ဒ၊ ရောဝဏ်၊ ယမုံနာလမ်းမကြီးများနှင့် ဒေါ်ပုံ၊ သာကေတ ဒီနေရာတွေကား ဟိုရှေးယခင်ကပင် ကျွန်တော် ရင်းနှီးဖူးသော နေရာများ။

ဩော်...ကြာတောင်ကြာခဲ့ပြီပဲ။

''ဆရာ စိတ်မဆိုးဘူးဆိုရင် တစ်ခုမေးချင်တယ် ဆရာ''

ကျွန်တော် ငြိမ်နေသဖြင့် အကြောပြင်ပေးနေသည့်သူမက ဆို၏။

''ဘာများလဲဗျာ၊ စိတ်မဆိုးပါဘူး၊ မေးပါ''

''အဲဒါဆိုရင် မေးပါ့မယ်၊ ဆရာ့ကို ကြည့်ရတာ ကျွန်မတို့ငယ်ငယ်က စာသင်ပေးခဲ့တဲ့ ဆရာလေးနဲ့ သိပ်တူတာပဲ၊ နည်းနည်း ဝလာတာရယ်၊ အသက်နည်းနည်းကြီးသွားတာရယ်ပဲကွာတယ်၊ အသံကတော့ ဒီအသံပဲ၊ ဆရာ ကျွန်မတို့ငယ်ငယ်က စာသင်ပေးခဲ့တဲ့ ဆရာလေး ဦးသက်ဝေလားဟင်...ဆရာ''

''ဟုတ်တယ်လေ၊ ကျွန်တော် သက်ဝေပဲ''

''အမယ်လေး . . .ဆရာလေးရယ်၊ ကျွန်မ နှစ်တန်းက မအေးမြင့်လေ၊ ဒါက ကျွန်မညီမ တင့်တင့်၊ သူက ဆရာလေးရှိ တုန်းက သူငယ်တန်း၊ ဟိုဘက်က အငယ်ဆုံးမ ဆင့်ဆင့်၊ သူက ဆရာပြောင်းခါနီးမှ ကျောင်းနေတာ''

''ဟဲ့...တင့်တင့်တို့ ဆင့်ဆင့်တို့ ဆရာလေးကို လာပြီးဝိုင်းနှိပ်ကြ၊ ဒါ ဒို့ငယ်ငယ်တုန်းက စာသင်ပေးခဲ့တဲ့ ဆရာဦးသက်ဝေဟဲ့''

မအေးမြင့်က ဝမ်းသာအားရဖြင့် သူ့ညီမများကို လှမ်းခေါ်ပြီး ကျွန်တော့်အား ခြေဆုပ်လက်နယ်ပြုကြစေ၏။ စောစောတုန်းက ခပ်လှမ်းလှမ်းမှ ကြည့်နေသည့် တင့်တင့်နှင့် ဆင့်ဆင့်တို့က ကျွန်တော့်ဘေး ဘယ်ညာသို့ ဝိုင်းလာပြီး ဝင်ကူနှိပ်ပေးကြ၏။

''ဟာ...နေပါစေဗျာ၊ ရပါတယ်''

''မလုပ်ပါနဲ့ ဆရာရဲ့၊ ကိုယ့်ဆရာကိုယ် ပြန်တွေ့တုန်း ပြုစုရတာ''

တပည့်မသုံးဦးက ကျွန်တော့်အား ဝိုင်းပြီး ပြုစုကြ၏။ မအေးမြင့်ပြောမှ သူ့ရုပ်ကို သေချာကြည့်မိရာ ကျွန်တော် ကျောင်းဆရာပေါက်စဘဝက ဒုတိယတန်းမှအသားညိုညို ပိန်ပိန် မျက်လုံးပြူးလေးနှင့် ဆယ်နှစ်အရွယ်ရှိ ကောင်မလေးကို ပြေးသတိရမိပါသည်။ ခုတော့ မအေးမြင့်သည် အသားညိုညိုဝဝနှင့် ပိဘိ တကယ့်မိန်းမကြီး တစ်

ယောက် ဖြစ်နေချေပြီ။

ဖြစ်မှာပေါ့လေ။ နှစ်တွေတောင် ကြာခဲ့ပြီပဲ။ ဒါပေမဲ့ သူတို့နှင့် တွေ့တော့လည်း မနေ့တစ်နေ့ကလိုပင် ထင်မိပါသေး၏။ ပြန်စဉ်းစားမိတော့ . . .

○ ○ ○

၁၉၆၄ ခုနှစ်၊ နှစ်လယ်ကာလများ။

ကျွန်တော်သည် ဘဝကိုပင်ပန်းချိ့ငဲ့စွာ ရုန်းကန်ရင်း တက္ကသိုလ်ပညာကို ရှာဖွေနေရာမှ ငွေကြေးအခက်အခဲကြောင့် တက္ကသိုလ်မှ ထွက်လိုက်၏။ သို့ရာတွင် ရန်ကုန်မြေ ခြေချမိပြီးမှ ဘွဲ့မရလို့ကတော့ မဖြစ်။ ဘွဲ့တစ်လုံးရရင်ဖြင့် လူဖြစ်ကျိုးနပ်ချေပြီဟူသော သန္နိဋ္ဌာန်စိတ်ဖြင့် အထက်အညာမှ ထန်းခေါက်ဖာတစ်လုံးထမ်းကာ ဆင်းလာခဲ့သူဖြစ်ရကား ဘွဲ့တစ်ခုရရေးအား မျက်ခြည်ပြတ်မခံနိုင်၊ ဖြစ်သည့်နည်းဖြင့် ဘွဲ့တစ်ခုတော့ ရအောင်ယူမည်ဟူသော ဆုံးဖြတ်ချက်ကြောင့် ဒေါပုံကြည်စု အစိုးရ မူလတန်းကျောင်းလေးမှာ မူလတန်းလက်ထောက်ဆရာ ဝင်လုပ်ခဲ့၏။ နေ့တွင် မူလတန်းပြဆရာလုပ်ရင်း ညတွင် လုပ်သားကောလိပ်သို့ တက်ခဲ့၏။

နှစ်နှစ်တာမျှ ကြာခဲ့ပါသည်။

အသံစာစာနှင့် ပိန်ညှော်ညှော် အညာသား ဆရာလေးအား ဒေါပုံကြည်စု မူလတန်းကျောင်းမှ ဆရာမကြီး ဒေါ်လှခင်၊ ဒေါ်တင်ပု၊ ဒေါ်အေးမြင့်နှင့် ဦးတင်အုံးတို့ တစ်တွေက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုခဲ့ကြရှာပါသည်။ အညာဒေသမှ ပညာရေးအတွက် စွန့်စားကာ လာသူမှန်းသိ၍လည်း သူတို့တတ်နိုင်တာ ကူညီကြ၏။

''ဆရာလေးက ထမင်းချိုင့်လည်း ပါတာမဟုတ်ဘူးဟဲ့''

ဆိုပြီး ဆရာမကြီး ဒေါ်လှခင်က နေ့လယ်စာကို မေတ္တာဖြင့် တာဝန်ယူခဲ့၏။ ရန်ကုန်မှာ အခန်းငှားနေသူ တစ်ယောက်တည်းသမားကျွန်တော်က ဘယ်မှာ ထမင်းချိုင့် ယူလာနိုင်မည်နည်း။ အားနာနာဖြင့်ပင် ဆရာမကြီးကျွေးသော နေ့လယ်စာထမင်းကို နှစ်ပေါက်စားခဲ့ရပါသည်။ ဒါတွင်သာမကပါ။ ဘီအေနောက်ဆုံးနှစ် စာမေးပွဲဖြေတော့လည်း လိုလေသေးမရှိ သူတို့တစ်တွေက ကူညီကြပြန်၏။

ရန်ကုန်မြို့တွင်းမှာ နေရာထိုင်ခင်းက ကျပ်တည်းလှ၏။ ဆူညံ၏။ စာကျက်ရတာ အာရုံကမရ။ ထိုစဉ်က ဒေါပုံမှာ ယခုလို မဟုတ်။ ရွာဘေး၌ တစ်မျှော်တစ်ခေါ် လယ်ကွင်းကြီးများ ရှိနေသေး၏။ ဒေါပုံနှင့် သာကေတကြားတွင် ညောင်ပင်နှင့် ကုက္ကိုပင်ကြီးများ သစ်ရိပ်ဝါးရိပ်များနှင့် တော၏ သဘာဝများက ကျန်ရှိနေ၍ အေးချမ်းသာယာလှ၏။ ထို့ကြောင့် ကျွန်တော်က ဒေါပုံတွင် အခြေပြုကာ နောက်ဆုံးနှစ်အတွက် စာကျက်ပါရစေဟု တင်ပြသောအခါ–

''လာသာ လာခဲ့ ဆရာလေးရေ၊ ဆရာမကြီးတို့ တတ်နိုင်တာ ကူညီမှာပေါ့၊ စားဖို့သောက်ဖို့လည်း ဆရာမကြီးတို့ တာဝန်ယူမယ်၊ ပညာပါရမီဖြည့်ရမှာပေါ့၊ ဆရာလေးကလည်း ဒီက ကလေးတွေကိုစာသင်ပေးနေတာဆိုတော့ အပြန်အလှန်ပဲလေ''

ဟုဆိုကာ ကူညီပြန်၏။

ဤသို့ဖြင့် ဘီအေနောက်ဆုံးနှစ်ကို ဒေါပုံကြည်စု အစိုးရမူလတန်းကျောင်းလေး ရှိသည့် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ စာသင်ဆောင်တစ်ခုတွင် အခြေပြုပြီး အသည်းအသန် စာကျက်ကာ ဖြေခဲ့ပါသည်။



၁၉၆၅ ခုနှစ်တွင် ကျွန်တော် ဘီအေနောက်ဆုံးနှစ်ဖြေသည်။ အောင်သည်။ ပညာပါရမီ ဝိုင်းဖြည့်ပေးခဲ့သည့် ဆရာမကြီးများနှင့် ဒေါပုံသူ၊ ဒေါပုံသားများ၏ ကျေးဇူးကို ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။

○ ○ ○

ဒေါပုံကြည်စုကျောင်းလေးတွင် ကျွန်တော် ဆရာဝင်လုပ်တော့ ဦးဆုံး သူငယ်တန်း ကိုင်ရ၏။ တစ်တန်းထဲမှာပင် လူက ၁၂၀ ကျော်၊ အတော်ပင်ပန်း၏။ လေးငါးခြောက်နှစ်အရွယ်ကလေးများကို Roll Call ခေါ်တာနဲ့ပဲ တစ်မနက်ခင်းလုံး ကိစ္စပြီးသွား၏။

''မောင်မြင့်ဇော်'' ''ရှိပါတယ်ခင်ဗျား''

''မခင်မိမိ'' ''ရှိပါတယ်ရှင့်''

လောက်ပင် ထူးတတ်အောင် အတော်သင်ယူရပါသည်။

ကျောင်းသူကျောင်းသားများမှာလည်း သာမန်အလုပ်သမား၊ လယ်သမားနှင့် လက်လုပ်လက်စားများ၏ သားသမီးများဖြစ်နေ၍ မကြာခဏ ကျောင်းပျက်၏။ ကျောင်းမှန်မှန်လာအောင်ကိုပင် များစွာပြောယူရ၏။ တစ်ခါတစ်ရံ ကျွန်တော်ကိုယ်တိုင်ပင် သူတို့အိမ်တွေလိုက်ပြီး ကျောင်းပျက်သူများကို ကျောင်းပို့ရေး တရားချရ၏။ ကလေးတွေ ပညာရေးပုံမှန်ဖြစ်ရေးအတွက် နားလည်တတ်စွမ်းသရွေ့ ဟောပြောဆောင်ရွက်ခဲ့ရ၏။

စာသင်ရင်း ကလေးများ၏ အညစ်အကြေးများလည်းဆေးခဲ့ရ၏။ နေမကောင်းသည့် ကလေးများကိုလည်း ဆေးကုခဲ့ရ၏။ ကိုယ်တတ်သမျှ မှတ်သမျှကိုလည်း သင်ရကြား၏။ ကလေးဆိုတော့ ပုံတွေ ဘာတွေပြောရ၏။ မြန်မာ့ရိုးရာ ပုံပြင်များဖြစ်၏။ ရွှေယုန်နှင့် ရွှေကျား၊ ယုန်နှင့်လိပ် စသည့် ပုံပြင်များပါပေ။ တစ်ခါတစ်ရံလည်း ''ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ်''လို့ ကဗျာလေးများ ရွတ်ပြရ၏။ တစ်ခါတစ်ခါတော့လည်း သီချင်းဆိုပြရ၏။ လုပ်သက် တစ်နှစ်ခန့်အရတွင် ပထမတန်း အတန်းပိုင်ဖြစ်လာ၏။ ဒုတိယတန်း အတန်းပိုင်ဖြစ်တော့ ကျွန်တော် ဘီအေအောင်ပါပြီ။

''ကဲ • • •ဒီ့ဆရာလေး ဘွဲ့ရပြီဟော့၊ ဒုတိယတန်း အတန်းပိုင်ပေးပါကွယ်''

ဟု ဆရာမကြီး ဒေါ်လှခင်က အကြံပြု၏။ ဒေါ်တင်ပုက အတန်းပိုင်ခန့်၏။ ဒေါ်လှခင်နှင့် ဒေါ်တင်ပုက ညီမဝမ်းကွဲတော်၏။ အပျိုကြီးများဖြစ်၏။ တစ်အိမ်တည်း အတူနေ၏။ ကျောင်းအုပ်ဟောင်းနှင့် ကျောင်းအုပ်သစ်များ ဖြစ်ကြ၏။

၁၉၆၆ နှစ်ဦးပိုင်းတွင် ဒေါပုံကြည်စု မူလတန်းကျောင်းလေးမှ ဗဟန်း၊ အမှတ်(၁) အစိုးရအထက်တန်းကျောင်းသို့ အလယ်တန်း လက်ထောက်ဆရာ (JAT) ရာထူးဖြင့် ကျွန်တော်ပြောင်းရပါသည်။

ဆရာမကြီး ဒေါ်လှခင်၊ ဒေါ်တင်ပုတို့ သာမက ဘဝတူ ဆရာ၊ ဆရာမများဖြစ်သည့် ဦးတင်အုံး၊ ဦးတင်ဝင်းနှင့် ကျောင်းသူ ကျောင်းသားများ စိတ်မကောင်းဖြစ်ကြသည်။ အညာက ကျွန်တော့်အရီးနှင့် အလွန်တူသည့် ဆရာမကြီး ဒေါ်လှခင်က–

''ဆရာလေး•••ရန်ကုန်ပြန်ရောက်သွားလို့ ဒေါပုံကြည်စုကျောင်းလေးတော့ မေ့မသွားနဲ့နော်၊ ဆရာမကြီးတို့ ဆရာလေးကို အမြဲသတိရနေမှာ''

ဟု ဝမ်းနည်းဝမ်းသာ ဆိုရှာသည်။

ထိုနေ့က သူတို့တစ်တွေ မျက်ရည်ဝဲနေသည်ကို ကျွန်တော် မမြင်ချင်ယောင်ဆောင်ခဲ့ရပါသည်။ တော်ကြာ ကိုယ်လည်း သူတို့လို မျက်ရည်ဝဲမိဦးမယ်လေ။

ယောက်ျားတန်မဲ့နဲ့ ငိုရရင် ရှက်စရာကြီး။ သြော် • • •သံယောဇဉ်ဆိုတာတော့ အခက်သားပါလား ခင်ဗျာ။

❍ ❍ ❍

၁၉၆၆ ခုနှစ်၊ ဧပြီလတွင် ကျွန်တော် တပ်မတော်ထဲဝင်ခဲ့၏။ ဗိုလ်လောင်းဘဝ စနေ၊ တနင်္ဂနွေ Out Pass များတွင် ဒေါပုံသို့ တကူးတကသွားမိ၏။ ထိုအခါများတွင်–

''ဒီ့ဆရာလေး လာတယ်ဟော့၊ စစ်တပ်ယူနီဖောင်းကြီးနဲ့ကွ''

ဟုဆိုကာ ကြည်စုက ကလေးတွေက ဝမ်းပန်းတသာ ထွက်ကြိုကြ၏။ ကြည်နူးရပါသည်။ ''တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏''ဆိုတာ ဒါပဲထင်ပါရဲ့။

ဆရာမကြီး ဒေါ်လှခင်နှင့် ဒေါ်တင်ပုတို့ကတော့–

''အမယ်လေး•••ဆရာလေးရယ်၊ လူပုံက ပျော့ပျော့နွဲ့နွဲ့လေးနဲ့ စစ်ထဲများဝင်ရတယ်လို့''

ဟု ကရုဏာဒေါသောဆိုကြ၏။ သူတို့က ကျွန်တော့်ကို တူလိုသားလိုမြင်ပြီး စစ်သားသွားလုပ်တာ သနားနေကြ၏။ သူတို့က သူတို့ ပညာပါရမီဖြည့်ထားသည့် ကျွန်တော့်ကို မဟာဝိဇ္ဇာတက်ကာ ကျောင်းဆရာလေးမှ ကျောင်းဆရာကြီး ဖြစ်စေချင်ကြ၏။ မူလတန်းကျောင်းဆရာမှသည် တက္ကသိုလ်ဆရာ ဖြစ်စေချင်ကြ၏။

ဒါက သူတို့စေတနာ၊ ကိုယ်ကလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲလေ။

နောက်တော့ ကျွန်တော် သင်တန်းပြီးဆုံးကာ တာဝန်ကျရာတပ်သို့ သွားခဲ့ရပါသည်။ မသွားခင်တစ်ရက်မှာ ဒေါပုံက ဆရာမကြီးများနှင့် တပည့်လေးများအား အပြေးအလွှား သွားနှုတ်ဆက်ခဲ့ပါသည်။ ဒီတစ်ခါလည်း သူတို့ ဝမ်းနည်းဝမ်းသာ ဖြစ်ကြရရှာပါသည်။

သြော်•••တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာပေပဲ''

❍ ❍ ❍



အနှစ်သုံးဆယ်ကျော်သွားခဲ့ပါပြီ။ ကျွန်တော်လည်း တပ်မတော်သားဘဝဖြင့် မြန်မာနိုင်ငံ အနှံ့အပြား ခြေဆန့်ခဲ့ရသည့် ဘဝမှ ရန်ကုန် ပြန်တာဝန်ထမ်းဆောင်ရသည်။ တာဝန်အရ ယမုံနာယာဉ်ရောင်းဝယ်ရေးစခန်းကို မကြာခဏလာနေရသည်။ ဟိုတုန်းကလည်း ဒီလို တာဝန်အရ လာခဲ့သည်ပဲ။ လာရခြင်းတော့ မတူပါ။ ဟိုတုန်းကတော့ ပုစွန်တောင်ချောင်းအား သမ္ဗန်လေးဖြင့် စက်ဆန်းဘက်မှ ကူးလာရသည်။ ယခုလို သာကေတတံတားမရှိ၊ ထိုတံတားက ကနေဒါတွေဆောက်ပြီး ကျွန်တော် ပြောင်းသွားမှ စဖွင့်သည့်တံတား။ ယခုတော့ ဒေါပုံ၊ သာကေတသည် အသွင်သစ် အမြင်သစ်တွေဖြင့် လုံးဝပြောင်းလဲသွားခဲ့ချေပြီ။

ယမုံနာလမ်းမကြီးက ဖြူးနေ၏။ မြို့တော် စည်ပင်၏ ရှုခင်းသာ (View Point) ကလည်း လူတွေအများကြီးဖြင့် ကြက်ပျံ

မကျ စည်ကားနေ၏။ မြို့တော်သူ၊ မြို့တော်သားများ အပန်းဖြေစရာ နေရာဖြစ်၏။ တောဘဝမှ ရန်ကုန်နှင့် တစ်ဆက်တည်း မြို့ဖြစ်နေပြီး သံလျင်မြစ်ကူးတံတားကြီးကလည်း လွန်စွာထည်ဝါလှ၏။ ယနေ့ နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်း၏ ပြယုဂ်ကြီးတစ်ခု ဖြစ်၏။

ဒေါပုံမြို့နယ်အတွင်းရှိဒေါပုံရွာကလေးများကိုလည်း သတိရမိသေး၏။

ဒေါပုံတွင် ကြည်စု၊ ဝက်စု၊ အီတာလျံ၊ အာရကန်၊ ဆေးစက်၊ လမုတန်း၊ နာနာပိုင်၊ ချည်လိမ် စသည့်ရွာကလေးများ၊ အစုကလေးများရှိ၏။ ယခုတော့ အားလုံး ဒေါပုံမြို့နယ်တွင် တစ်ပေါင်းတစ်စည်းတည်း ဖြစ်နေပြီ။

မင်းနန္ဒာလမ်းမကြီးကလည်း နိုင်လွန်ကတ္တရာများဖြင့် ဖြူးနေ၏။ အလားတူပင် ရောဝဏ်လမ်းမကြီးကလည်း ဟိုအရှေ့ဒဂုံအထိ ပေါက်နေပြီဖြစ်၏။

ဩော်…အနှစ်သုံးဆယ်ကျော်အတွင်းမှာ အားလုံးက ပြောင်းလဲသွားကြပါပြီ။ ဟိုတုန်းက သမ္မာန်နဲ့လာရတဲ့ ဒေါပုံတောင် တကယ့်မြို့နဲ့နီးတဲ့ နေရာကောင်းဖြစ်နေပြီပဲ။ မဟာဗန္ဓုလတံတားကြီးများ ထိုးပြီးရင်တော့ ဒါ့ထက်တောင် စည်ကားသိုက်မြိုက်လာဦးမှာပေါ့…အင်း။

(ဤစာရေးစဉ်က မဟာဗန္ဓုလတံတားကြီး မပြီးသေးပါ။ စာရေးသူ)

○ ○ ○

"ဆရာ…ဘာတွေစဉ်းစားနေတာလဲ ဆရာ"

"ဩော်…မအေးမြင့်တို့နဲ့ စာသင်ခဲ့တဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ စဉ်းစားမိလို့ပါ"

"ဆရာ ဘာမှမပြောဘဲ မျက်လုံးမှိတ်သွားလို့ ကျွန်မတို့ အိပ်များပျော်သွားသလားလို့"

"အင်း…ဆိုပြီး အသံထွက်လာမှ ဆရာ တစ်ခုခုစဉ်းစားနေတယ်ထင်လို့"

"ဟုတ်တယ် မအေးမြင့်၊ ဒို့ ဒေါပုံ တိုးတက်လာတာကိုရော၊ ဟိုတုန်းက စာသင်ခဲ့ရတာရော စဉ်းစားမိတာပါ"

"ဟုတ်ပါတယ် ဆရာ၊ ဒေါပုံက အများကြီးပြောင်းလဲသွားပါပြီ။ တချို့ဆို မှတ်တောင် မမှတ်မိတော့ဘူး"

"ကဲ…ပြန်တွေ့တာ ဝမ်းသာတယ် မအေးမြင့်ရေ၊ ဆရာလည်း ပြန်အုံးမယ်ကွယ့်၊ အလုပ်ကလေးတွေ ရှိသေးလို့၊ လက်လည်း ကောင်းသွားပါပြီ၊ ကျေးဇူးပဲ"

"ကဲ…ရော့…ဒါ မုန့်ဖိုးဆေးဖိုးပေါ့"



ဒေါပုံတွင် ကြည်စု၊ ဝက်စု၊ အီတာလျံ၊
အာရကန်၊ ဆေးစက်၊ လမုတန်း၊ နာနာပိုင်၊ ချည်လိမ်
စသည့်ရွာကလေးများ၊ အစု ကလေးများရှိ၏။

ကျွန်တော် ငါးရာတန်သုံးရွက် ထုတ်ပေးရာ–

"အို…ဆရာလေးက ကိုယ့်ဆရာကို ကြိုတုန်းပြုစုရတာ မပေးပါနဲ့ဆရာ၊ မပေးနဲ့၊ ဆရာပေးရင် ကျွန်မတို့ စိတ်ဆိုးမယ်"

ဟု ဆိုကာ အတင်းငြင်းကြ၏။ ပြီးတော့…

"နောက်လည်း လာအုံးနော် ဆရာ၊ ကဲ…ဆရာ့ကို ကြိုတုန်း ကျွန်မတို့တစ်တွေ ကန်တော့လိုက်ပါရစေ"

ဟု ပြောပြောဆိုဆိုဖြင့် သူတို့ညီအစ်မသုံးဦးက ထိုင်ကန်တော့ကြ၏။ ကျွန်တော်က အံ့သြဝမ်းသာစွာဖြင့် ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စေရန် ဆုပေး၏။ လိုက်ပို့သည့် ကိုစိုးဝင်းကလည်း ကြားက ဝမ်းသာနေ၏။

"သူတို့ တကယ်ပင်ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေ"

ကျုံ့ကျုံ့လေးထိုင် ကန်တော့လိုက်ကြသည့် တပည့်မသုံးဦးကိုကြည့်ပြီး ကျွန်တော့်ရင်တွင် ပီတိတွေ ပြည့်လျှမ်းနေ၏။ ဟိုးလွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်က တောကြိုအုံကြားသာသာ နေရာလေးက ယခု တကယ့်မြို့ပြအဖြစ် ရောက်ရှိနေ၍ ပီတိဖြစ်မိ၏။ ကျွန်တော်ကိုယ်တိုင် ထိုမြို့ပြတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်နေ၍လည်း ပီတိဖြစ်မိ၏။ ထို့ပြင် ကိုယ်ငယ်စဉ်က ခေတ္တခဏသာ စာသင်ပေးခဲ့ဖူးသည့် တပည့်မ သုံးဦး၏ ဂါရဝေါစ နိဝါတောစ ကြောင့်လည်း ပီတိဖြစ်မိပြန်၏။ ထိုပီတိတွေကြောင့်လားတော့ မသိ။ လက်နာနေသည်လည်း ပျောက်သွား၏။ စိတ်လည်း ချမ်းမြေ့သွား၏။

ထိုချမ်းမြေ့မှု ပီတိများနှင့်အတူ ကျွန်တော့်နှုတ်မှ ထပ်မံ၍ တိုးတိုးပင် ရေရွတ်လိုက်မိ၏။

"သူတို့တစ်တွေ ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေ" ဟု။

(၁၉၆၄/၆၅ တွင် ခေတ္တနားခိုခဲ့ရသည့် ဒေါပုံ ကြည်စု၊ မူလတန်းကျောင်းလေးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအား သတိရလျက်)

၁၉၉၈ ခု၊ မတ်လတွင် ရေးသည်။

**သောင်းဝေဦး**



# အမေ ဆိုသည်မှာ



ကျော်ဝင်းသက်

**''အမေဆိုသည်မှာ . . .''**

သက်ရှိထင်ရှား ရှင်သန်ရပ်တည်သွားလာ လှုပ်ရှားနေထိုင်စားသောက်လျက်ရှိသော သတ္တကမ္ဘာကြီးထဲတွင် အနာဂတ်အတွက် မျိုးဆက်သစ်များစွာကို အသက်နှင့်ရင်းကာ သေမင်းလို့ခေါ်တဲ့ သေခြင်းတရားနှင့် စစ်ခင်းပြီး လူသားမျိုးစေ့ ရင်သွေးငယ်လေးများကို မွေးဖွားသန့်စင်ထုတ်ပေးလိုက်သော သားသမီးရတနာအားလုံးတို့၏ အနှိုင်းမဲ့မေတ္တာတရားနှင့် ဆပ်မကုန်နိုင်သော ကျေးဇူးတရားတွေ ပြည့်နှက်နေသော ''ဥယျာဉ်မှူးကောင်းတစ်ဦး''ဟု အမည်ပေး ကင်ပွန်းတပ်နိုင်သလို၊ သားသမီးရတနာ ရင်သွေးငယ်တို့၏ ဖြတ်သန်းမယ့် သတ္တလောကကြီး၏ ဘဝပင်လယ်လမ်းကြောင်းအတွင်းမှာ လျှောက်လှမ်းမယ့် ခရီးဖြောင့်တန်းအောင် အမှောင်ဟူသမျှ ရှင်းလင်းပြီး အန္တရာယ်စက်ကွင်းမှန်သမျှ ကင်းရှင်းအောင် ရှေ့ဆောင်လမ်းပြပေးသော ''အလင်းပြတိုက်တစ်ခု''ကို ဖော်ထုတ်ခွင့်ဆို ပြပေးပါလို့



ကမ်းလှမ်းတောင်းဆိုလာပါက ကျွန်ုပ်သည် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး စသည်တို့ကို သတိထားရှောင်ရှားပြီး ဝမ်း ကြာတိုက်ထဲမှာ ပဋိသန္ဓေတည်ကိန်းအောင်း နေသော သန္ဓေသားရဲ့ မပေါ့မပါးကိုယ်ဝန် ကြီးကို (၉လ-၁၀လ) လွယ်ထားကာ ခက်ခဲ ပင်ပန်းစွာ မွေးဖွားသန့်စင်လာသည့်အခါ၌လည်း မှက်၊ ခြင်၊ ယင် မသန်းရအောင် မိမိရင်သွေးရတနာလေးကို အရိပ်တကြည့်ကြည့် ဂရုစိုက်လျက် "မေတ္တာ စေတနာ အနန္တကျေးဇူးတရားတွေ ယှက်ဖြာနေသော မေတ္တာဘဏ်တိုက်သခင် မဟာဗြဟ္မစိုရ်တရား နှလုံးသားပိုင်ရှင်"ဖြစ်သူ "အမေတွေ"ကိုပဲ ထုတ်ဖော်ပြဆိုရမည် ဖြစ်ပါသည်။

**"အမေဆိုသည်မှာ . . ."**

မိမိမွေးလိုက်သော ရင်သွေး "သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ်"၊ အင်္ဂါစုံစုံ-မစုံစုံ စိန်စီ ပတ္တမြားနီလာကျောက်စိမ်းရတနာများကဲ့သို့ ရှုမဝ၊ ချစ်မဝ၊ ယုယမဆုံး သံယောဇဉ် သမုဒယတွေ ဖုံးလွှမ်းထားသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားတွေပိုက်ပြီး၊ အကြင်နာတရားတွေ ပန်းခင်းကာ အနေစုတ်သည့်တိုင် ရွှေထုပ်သည့် မြပဝါကဲ့သို့မှတ်ယူ၍ "ရွှေကြုတ်ကလေးတွေ လုပ်ကာ" မိမိရင်သွေး သားသမီးတွေကို ရွှေကြုတ်ထဲမှာထည့်ကာ "အာခံတွင်းမှာ ငုံထားမတတ် ချစ်တတ်သူကို ပြောပါဦး" ဟု ဆိုလာပါကလည်း ကျွန်ုပ်သည် အမေတွေမှတစ်ပါး တခြားချပြစရာ မရှိနိုင်။

အမေ့မေတ္တာ၊ အမေ့အကြင်နာ၊ အမေ့ကရုဏာ၊ အမေ့မုဒိတာ၊ အမေ့ဥပေက္ခာ၊ အမေ့စေတနာ၊ အမေ့အနစ်နာ၊ အမေ့ရဲ့သံယောဇဉ်၊ အမေ့ရဲ့ ချစ်တတ်တဲ့ နှလုံးသား၊ အမေ့အယုအယတို့သည် မိတ္တူကူးထားလို့မရနိုင်။ ငွေကြေးပေးပြီး ပြန်ရှာဝယ်သိမ်းယူထားနိုင်ကောင်းသော အရာလည်းမဟုတ်။ လွှဲပြောင်းအစားထိုးယူလို့လည်း မဖြစ်။ "တောင်းစုတ်ပလုံးစုတ်တွေကိုသာ စွန့်ပစ်ရိုးထုံးစံရှိသည်။ သားဆိုး၊ သမီးဆိုးတွေကို စွန့်ပစ်ရိုးထုံးစံမရှိဘူး"ဟု သံမဏိကဲ့သို့ တည်တံ့ခိုင်မြဲသော မဟာတံတိုင်းပမာ မားမားမတ်မတ် ကမ္ဘာဦးအစကတည်းက ယနေ့တိုင်ရှိနေသော စကားစုတို့ကို ဆုပ်ကိုင်ပြီး နှုတ်ဖျား နှုတ်ထွက်စကားအဖြစ် ပြောပြ၊ ပြောမဝနိုင်ဖြစ်နေသူ



**အမေ့ရဲ့သံယောဇဉ်၊
အမေ့ရဲ့ ချစ်တတ်တဲ့ နှလုံးသား၊
အမေ့အယုအယတို့သည်
မိတ္တူကူးထားလို့မရနိုင်။
ငွေကြေးပေးပြီး
ပြန်ရှာဝယ်သိမ်းယူ
ထားနိုင်ကောင်းသော
အရာလည်းမဟုတ်. . .**

တွေကို ကျွန်ုပ် အသိတရားနှင့် သတိထားကြည့်မိတဲ့အခါတိုင်းလည်း အမေတွေပဲ ဖြစ်နေသည်။

သားသမီးတွေနှင့် ပတ်သက်လာလျှင် အရေးအဝယ် မဆန်း၊ ဘယ်သောအခါကာလမှ အရှုံးအမြတ် မတွက်တတ်တာလည်း အမေတွေ၊ ပါးစပ်ကသာ ဟောင်ဖွာဟောင်ဖွာ ဗျစ်တောက်ဗျစ်တောက် မြည်တွန်နေစေကာမူ သားသမီးတွေနှင့် ပတ်သက်လာလျှင် ပေါ်ပေါက်ဖြစ်ပေါ်လာသည့်ကိစ္စ၊ အခက်အခဲ အရာရာတိုင်းကို ဒိုင်ခံရင်ဆိုင်ဖြေရှင်းပေးနေကြရတာလည်း အမေတွေပဲဆိုတာ ယုံမှားသံသယဖြစ်စရာ လိုမည်မထင်ဟု ကျွန်ုပ် နားလည်သဘောပေါက်မိသလို၊ အမေ့ကိုချစ်သော အမေ့မေတ္တာ၊ စေတနာ၊ အကြင်နာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ အချစ်သံယောဇဉ်တို့ကို အလေးအနက်တန်ဖိုးထား မြတ်နိုးသော၊ ပစ်ပယ်ဥပေက္ခာပြုထားမိသော သားသမီးတိုင်း လေးနက်စွာ နားလည်သဘောပေါက်ထားပေးစေချင်ပါသည်။ ထားပေးစေလိုပါသည်။

**"အမေဆိုသည်မှာ . . ."**

သားသမီးတိုင်းနှင့်ပတ်သက်လာလျှင် အမေတွေဟာ လူမမယ်ကလေးဘဝကတည်းက ပုခက်ထဲမှာ ထည့်သိပ်ကာ "အို-အို-အေး-အေး ကြောင်၊ ခွေး၊ ဖား၊ ထမင်းဆီဆမ်း၊ ရွှေလင်ဗန်း"အစရှိသည့် တေးကဗျာစာသားတွေကို အမျိုးမျိုးရွတ်ဆိုသီကြွေးကာ သားသမီးရင်သွေးရတနာတွေအတွက် အမေသည် "အဆိုတော်လည်း ဖြစ်ခဲ့ဖူးသည်"၊ လက်ဖဝါးနှစ်ဖက်ကို ဆုပ်လိုက် ဖြန့်လိုက်နှင့် သားသမီးရင်သွေးငယ်တွေကို ချိုမိုင်မိုင်အကကို သင်ပြပေးသော အမေသည် "အကနည်းပြမှူးလည်း ဖြစ်ခဲ့ဖူးသည်"၊ ခြေထောက်ကို ခိုင်ခိုင်မြဲမြဲ မရပ်နိုင်သေးတဲ့ လူမမယ်ကလေးအရွယ် မိမိရင်သွေး သားသမီးများ ရပ်နိုင်အောင် လက်ခုပ်နှစ်ဖက်တီးကာ "ရပ်နိုင်ပေ့ . . .ရပ်နိုင်ပေ့"ဆိုသည့် မဟာဂန္ထဝင်ဆန်လွန်းလှသော အားပေးစကားနှင့် ပါးစပ်ကဆို လက်ခုပ်တီးပြီး အမေတွေဟာ "ဂီတမှူးလည်း လုပ်ခဲ့သည်"၊ လမ်းမလျှောက်နိုင်သေးတဲ့ လူမမယ် မိမိရင်သွေး သားသမီးငယ်ကို လက်နှစ်ဖက်နှင့် ချိုင်းမှမကာ လမ်းလျှောက်တတ်အောင်ဆိုပြီး ရင်သွေးငယ် သားသမီးငယ်တွေနှင့်အတူ လမ်းကို အကြိမ်ကြိမ်အခါခါလျှောက်ပြပေးသည့် "လမ်းလျှောက်နည်းပြဆရာမလည်း လုပ်ခဲ့သည်"၊ ငိုနေတဲ့ မိမိရင်သွေး သားသမီးရတနာလေး အငိုတိတ်အောင်၊ ရယ်အောင်၊ ရွှင်လန်းအောင်၊ ပြုံးပြ၊ မြူပြ၊ လှုပ်ထုတ်ပြ၊ ကလူကြည်စယ်၊ လှောင်ပြောင်ပြပေးခဲ့တဲ့အတွက် အမေသည် "ပျော်တော်ဆက်တတ်သည့် လူရွှင်တော်လည်း လုပ်ခဲ့သည်"။ အမေတွေနှင့်ပတ်သက်ပြီး ထိုဖြစ်စဉ် ထိုသာဓက ထိုမြင်ကွင်းပုံရိပ်တို့သည် မဆန်းသော်လည်း ဘယ်သောအခါကာလတွေရောက်ရောက်၊ ယခင်ရော၊ ယခုရော၊ နောင်ရော ဟောင်းသွားရိုးသွား၊ ပျောက်သွားရိုးမရှိနိုင်သော ထာဝရဂန္ထဝင်သင်္ကေတ အမှတ်တရတွေ ဖြစ်စေနိုင်လောက်အောင် အမေတွေရဲ့ မေတ္တာစွမ်း

အားတို့သည် မာယာကင်းမဲ့သော သံယောဇဉ်ကြိုးမျှင်များအဖြစ် ရစ်ပတ်ဖွဲ့နှောင်ထားသည်ဟု ကျွန်ုပ် ခံစားနားလည်နေမိသည်။

ထို့ပြင် ''မိဘ''ဆိုသည့် စကားလုံး စာလုံးလေး နှစ်လုံးထဲမှာပင် အမေသည် ''မိ''ဆိုသည့်စကားလုံး(စာလုံး)အဖြစ်''ဘ'' ရှေ့က လှပစွာနေရာယူထားသည်မှာ ထူးခြားလွန်းသည့် မြင်ကွင်းမှတ်တမ်းတစ်ခုဟု မှတ်ယူနိုင်က မှတ်ယူနိုင်လောက်ပါပေသည်။

**''အမေဆိုသည်မှာ . . .''**

အမေတိုင်းဟာ သားသမီးတွေကို ပညာတတ်ကြီး ဖြစ်စေလိုသည်။ လူ့အောက် သူ့အောက်ကျမှာကို မလိုလား။ ထိပ်ဆုံး ထိပ်တန်းမှာ ရောက်နေတာကို မြင်လိုတွေ့လိုသည်။ မိမိရင်သွေး သားသမီးတွေ ဆင်စီး မြင်းရံနေကြတာကို တွေ့ချင်သည်၊ မြင်ချင်သည်။ ဆင်နင်း မြင်းကန်မှာကို မတွေ့လို၊ မမြင်လို။ အမေတွေဟာ သူတို့မစားရ၊ မဝတ်ရရင်နေ၊ သားသမီးတွေ ဝတ်စားနေရရင်၊ အဆင်ပြေနေရင် ပီတိတွေဖြစ်၊ ဝမ်းမြောက်ကျေနပ်နေသည်။ သူသာ အဆင်းရဲခံမယ်၊ သားသမီးတွေ မဆင်းရဲစေလို၊ သားသမီးတွေ အမြဲတစေ ချမ်းသာစွာ နေရသည်ကို လိုလားနှစ်သက် မြင်တွေ့ချင်ကြတဲ့သူတွေဟာ အမေတွေ။ အမေတိုင်းဟာ သားသမီးတွေအပေါ် ထာဝရစုန်ရေအဖြစ်သာ ကြည်ကြည်ဖြူဖြူ မပြတ်ရစ်ခွေစီးဆင်းနေသလို ''အနန္တမေတ္တာခါတ်မေတ္တာပန်းရနံ့တို့ဖြင့် သိုင်းဖက်ထုံမွှေးနေသော ထာဝရရှင်သန်စီးဆင်းနေသော အနှိုင်းမဲ့မြစ်တစ်စင်း''ဟု ဂုဏ်ယူကမ္ဘည်းထိုးမော်ကွန်းတင်ရမည့် မြင့်မြတ်သည့် မဟာကျေးဇူးရှင် အနန္တဂိုဏ်းဝင်စာရင်းထဲမှာ အမေတွေ ပါဝင်နေသည်။

အမေ့အဆုံးအမ၊ အမေ့ဩဝါဒ၊ အမေ့အသံ၊ အမေ့မေတ္တာခါတ်၊ အမေ့အချစ်၊ အမေ့သံယောဇဉ်၊ အမေ့အကြင်နာ၊ အမေ့စေတနာ၊ အမေ့ကရုဏာ၊ အမေ့မုဒိတာ၊ အမေ့ဥပေက္ခာတို့သည် အမေရှိစဉ်ကာလမှာပင် ကြားနာရယူနေကြရတာဖြစ်သည်။ အမေ တိမ်းပါးကွယ်လွန် မရှိတော့ပါလျှင် ထိုအရာအားလုံးကို လိုချင်လှပါတယ်လို့ ငိုယိုအော်မြည် ဟစ်ကြွေးနေလင့်ကစား မရရှိနိုင်တော့ပေ။ သားသမီးတွေဆီက တုံ့ပြန်ဆန်လာမည့် မေတ္တာ၊ စေတနာ၊ အကြင်နာ၊ အချစ်သံယောဇဉ်တွေကလွဲ၍ တခြားမည်သည့်ရုပ်ဝတ္ထုပစ္စည်း ငွေကြေးအတိုင်းအဆ မမာဏတွေကို မျှော်လင့်မထားသည်မှာလည်း ထို အနှိုင်းမဲ့ အနန္တမေတ္တာ မာတာမိခင် မွေးကျေးဇူးရှင်တွေပဲဆိုတာ အငြေရှာစရာမလိုသော သေချာတာတစ်ခုတည်းမှာ ရှိနေသည်ဟု ကျွန်ုပ် ဖော်ထုတ်တင်ပြရေးသားဖွင့်ဆိုချင်ပါသည်။

**''အမေဆိုသည်မှာ . . .''**

အမေဟာ အရွယ်မရောက်သေးတဲ့ သားသမီးတွေအတွက် ဈေးရောင်းကျွေးချင်လည်း ကျွေးမှာပဲ၊ ဇာတ်အငြိမ့်က ကျွေးချင်လည်း ကျွေးမှာပဲ၊ အိမ်၊ ကား၊ ခြံ၊ မြေပွဲစားလုပ်ပြီး ကျွေးချင်လည်း ကျွေးမှာပဲ၊ တောင်းရမ်းကျွေးချင်လည်း ကျွေးမှာပဲ။ ပြည့်တန်ဆာအဖြစ် ကျင်လည်ရပ်တည်ကာ ကျွေးချင်လည်း ကျွေးမှာပဲ။ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်လုပ်ပြီး ကျွေးချင်လည်း ကျွေးမှာပဲ။ ဘယ်လိုပဲရှာပြီး ကျွေးကျွေး၊ မွေးမွေး၊ ''အမေဟာ အမေပဲ''ဆိုတာ ကျွန်ုပ်တို့ သားသမီးတွေအားလုံး သဘောပေါက် နားလည်ထားဖို့ လိုပါသည်။

ဆိုလိုတာက ''အမေကောင်းကောင်း၊ မကောင်းကောင်း'' ''အမေဟာ အမေပဲဆိုတာ''နှင့် အမေ့မေတ္တာ၊ အမေ့ကရုဏာ၊ အမေ့မုဒိတာ၊ အမေ့ဥပေက္ခာ၊ အမေ့စေတနာ၊ အမေ့အကြင်နာ၊ အမေ့အချစ်၊ အမေ့သံယောဇဉ်နှလုံးသားတို့ကို ရိုသေလေးမြတ်စွာ ခံယူပိုက်ပွေ့ ထွေးဖက်ထားဖို့လိုသည်မှာ သားသမီးတိုင်း ရှိသင့်လုပ်သင့် ရွက်ဆောင်ခံယူထားသင့်သည့်အရာဟု ကျွန်ုပ် လက်ခံယုံကြည် ဖွင့်ဆိုချင်ပါသည်။

သားသမီးတွေနှင့် ပတ်သက်လာလျှင် အမေဟာ ချိုသည်၊ ဖန်သည်၊ ခါးသည်၊ ချဉ်သည်၊ ငန်သည်၊ စပ်သည်မပြော၊ အားလုံး ကောင်းတာချည်းပင်။ သားသမီးတွေ အရွယ်ရောက်ကြီးပြင်းနေသည့်တိုင်၊ အမေ့မျက်စိ၊ အမေ့မြင်ကွင်း၊ အမေ့စိတ်ထဲမှာ မွေးကင်းစ ပုခက်အတွင်းက ကလေးတစ်ယောက်ပမာ မျက်စိအောက်က အပျောက်မခံ အရိပ်တကြည့်ကြည့်နှင့် ရှုမဝ၊ ချစ်မဝ၊ ကြည့်မဝ ဖြစ်နေကြသည်။ ဒါကို နားလည်မှုလွဲနေသော သားသမီးတွေက ''အမေတို့က သိပ်ပြီး သဲသဲလှုပ်၊ ကဲကဲလှုပ်နေတာပဲ''။ တချို့အဖေတွေ ပတ်ဝန်းကျင်က ''တော်ရုံတန်ရုံလောက်ပဲ ကောင်းပါတယ်'' ဟု ဆိုလာပါက ''တို့က ဝမ်းနဲ့လွယ်ပြီး၊





သေမင်းနဲ့စစ်ခင်း မွေးခဲ့ရတာဟော့၊ မတော် နိုင်ဘူး၊ ကဲရမယ်၊ သဲရမယ်''ဆိုပြီး ထဘီ စွန်တောင်ဆွဲမပြီး ခါးထောက်ရန်တွေ့ ပြော ရဲတဲ့သူတွေသည် အမေတွေကလွဲပြီး မည်သူ မျှ မဖြစ်နိုင်။

**''အမေဆိုသည်မှာ . . .''**

အဆိုးလောကဓံ၊ အကောင်းလောကဓံ၊ လောကဓံတရား၊ လောကဓံစစ်ပွဲနှင့် စီးချင်း ထိုးပြီး ဘဝတိုက်ပွဲဝင်ခဲ့သည့် ဂန္ထဝင်မဟာ သူရဲကောင်းတွေကို ပြစမ်းပါဟုဆိုလာပါက ကျွန်ုပ်သည် ''အနန္တဂိုဏ်းဝင် မဟာကျေးဇူး ရှင် အနှိုင်းမဲ့မေတ္တာပိုင်ရှင်–အမေတွေ''ကိုပဲ လက်ညှိုးထိုးပြရပေမည်။ အမေတွေဟာ သားသမီးအားလုံးရဲ့ လက်ဦးဆရာ၊ အစစ အရာရာ အကြောင်းအကျိုး၊ အကောင်းအ ဆိုး၊ အဖြူအမည်း၊ တော်မတော်၊ သင့်မ သင့် ခွဲခြမ်းစိတ်ဖြာ သွန်သင်ညွှန်ပြ၊ လမ်း ပြသင်ပေး၊ ဩဝါဒကောင်းတွေပေး ဆုံးမ ပဲ့ပြင်ပေးခဲ့သူ အမေတွေဟာ လစန္ဒာ သော် တာပမာ သားသမီးတွေရဲ့ဘဝ အမှောင်မှန် သမျှ အလင်းတွေဝေမျှပေးတဲ့သူ။ အမေ တွေဟာ ကျောက်စက်မြစ်မ်းရေကြည်အေး၊ သားသမီးတွေကို မီးလိုပူလောင်တဲ့ မေတ္တာ ဓာတ်တွေ ဘယ်တော့မှမပေးဘူး။ အမြဲ ထာဝရ ရင်ကိုအေးမြတဲ့ မေတ္တာတရား ရေ အေး အမြိုက်ဆေးတွေကိုသာ အစဉ်ထာဝရ တိုက်ကျွေးနေတဲ့သူ။ အမေတွေဟာ မြင့် မြတ်တဲ့မြေမဟာ၊ သားသမီးတွေနှင့်ပတ် သက်လာလျှင် သားသမီးတွေ ဘာပဲပြုပြု

> အဆိုးလောကဓံ၊
> အကောင်းလောကဓံ၊
> လောကဓံတရား၊
> လောကဓံစစ်ပွဲနှင့်
> စီးချင်းထိုးပြီး
> ဘဝတိုက်ပွဲဝင်ခဲ့သည့်
> ဂန္ထဝင်မဟာသူရဲကောင်းတွေကို
> ပြစမ်းပါဟု ဆိုလာပါက . . .

မြေကြီးကဲ့သို့ သနားညှာတာ ခွင့်လွှတ် သည်းခံတတ်တဲ့သူ။ အမေတွေဟာ လင်း လက်နေတဲ့ ကြယ်တာရာ။ သားသမီးတွေ လမ်းမှားမလျှောက်၊ လမ်းမှန်ရောက်အောင် အမှောင်ရှင်းဖယ် အရောင်လင်းထည်တဲ့ ငွေကြယ်စင်လို လမ်းပြပေးသူ။ အမေတွေ ဟာ ကျောက်ကောင်းတစ်စေ့နှင့်တူသည့် သားကောင်းသမီးကောင်းတွေဖြစ်လာဖို့ အမြဲပြုစုပျိုးထောင် သွန်သင်ဆုံးမ ရေ လောင်းပေါင်းသင် ဩဝါဒတွေပေးနေတတ် သည့် ဥယျာဉ်မှူးကောင်းတစ်ယောက်။

**''အမေဆိုသည်မှာ . . .''**

အမေ့စေတနာ၊ မေတ္တာ၊ အကြင်နာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ အချစ်သံ ယောဇဉ်တို့သည် ကျယ်ဝန်းနက်ရှိုင်းမြင့်မား ပြီး အေးမြနွေးထွေးတဲ့ အမေ့အယုအယ တွေဟာ အမြဲထာဝရ ကြိုင်လှိုင်ရှင်းသန့် ပျံ့သင်းမွှေးထုံ ကြီးမားလွန်းလှသည့်အတွက် ကြောင့်လည်း..။ အမေဟာ မဟာသမုဒ္ဒရာ နှင့်လည်း အနှိုင်းခံရသူ။ အမေဟာ မဟာ ပထဝီပံသုမြေလွှာနှင့်လည်း စံထားခြင်းခံရ သူ။ အမေဟာ မဟာမြင်းမိုရ်တောင်နှင့် လည်း ယှဉ်ပြခံရသူ။ အမေဟာ စကြာဝဠာ အထက်အာကာပြင် မိုးကောင်းကင်စာရင်း ထဲမှာလည်း ဝင်ခဲ့သူ။ အမေတွေ၏ မေတ္တာ တရားတို့သည် မွှေးရနံ့တွေဝိုင်းပတ်နေသည့် စန္ဒကူးနံ့သာ ပန်းတကာတို့ထက် မွှေးပျံ့ ကြိုင်လှိုင် သင်းထုံနေသူတွေဟာ အမေတွေ ပါပဲဟု တင်စားညွှန်းဖွဲ့ ဖော်ကျူးခဲ့ကြသော စကားလုံးစာသားတို့သည် စံတင်လောက် သလို ဂန္ထဝင်လည်း မြောက်လှပါသည်ဟု ကျွန်ုပ်အနေဖြင့် ဝန်ခံစကားဆိုရမည် ဖြစ် သည်။ အမေတွေနှင့်ပတ်သက်သည့် ကဗျာ၊ အလင်္ကာ၊ ရတု၊ တေးထပ်၊ ရုပ်ရှင်၊ ပြဇာတ်၊ ရာဇဝင်စာပေတို့သည် ယနေ့ ကမ္ဘာနှင့် အဝှမ်းမှာ မြောက်မြားစွာရှိသလို၊ အမေတွေ နှင့်ပတ်သက်ပြီး အမေ့မေတ္တာ ကျေးဇူး တရားတွေကို သံသရာဆုံးသည့်တိုင် စာဖွဲ့ ပြ၍လည်း ကုန်နိုင်လိမ့်မည် မဟုတ်ပါ။

ခင်ပွန်းကြီးဆယ်ပါးတွင် အမေတွေ

ပါသည်။ အိပ်ရာဝင်၊ အိပ်ရာထတိုင်း ကျွန်ုပ်တို့အားလုံး အမေတွေကို ရှိခိုးပြီး ထ၊ ရှိခိုးပြီး အိပ်သင့်သည်။ ထိုသို့ ပြုမူဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့သည် သွားလမ်းသာ၊ ပြန်လမ်းဖြောင့်ဖြူးကာ တွေးတောလုပ်ကိုင် ကြိစည်သမျှအားလုံး အခက်အခဲမရှိ ထိရောက်ချောမော အောင်မြင်ပြီး ဘဝသရဖူကို ဆောင်းရလိမ့်မည်ဟု ကျွန်ုပ်ယုံကြည် နားလည်ထားမိသည်။ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားခြင်းသည် အမေ့ကို ပြစ်မှားမိလိုက်ခြင်းပင်။ ခင်ပွန်းကြီးဆယ်ပါးကို ကြည်ညိုရိုသေလေးမြတ်စွာ ကန်တော့ခြင်းသည် အမေ့ကို ကြည်ညိုရိုသေ လေးမြတ်စွာ ကန်တော့နေခြင်းပင်ဖြစ်သည်။ အမေဆိုတာ သားသမီးအားလုံး၏ အနှိုင်းမဲ့မေတ္တာပိုင်ရှင် ကျေးဇူးရှင်။ အမေ့မေတ္တာဓာတ်ထက် အေးမြသောအရာသည် ဤသတ္တကမ္ဘာကြီးအတွင်းမှာ မဆိုထားနှင့် အနန္တစကြဝဠာတစ်ခွင်၊ ၃၁ ဘုံလုံးပတ်ပြီး ရှာမတွေ့နိုင်။ တခြားတခြားသော ရုပ်ဝတ္ထုပစ္စည်းမှန်သမျှ ပြောင်းလဲရှာဖွေ အစားထိုးယူ၍ရနိုင်ကောင်းလင့်ကစား အမေ့စေတနာ၊ အကြင်နာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ အချစ်သံယောဇဉ်တို့သည် လုံးဝ(လုံးဝ) အစားထိုးရှာဖွေယူလို့ မရနိုင်။

ဤလောကမှာ ''မပြစ်မှားထိုက်သောသူဟာ ဘယ်သူလဲ''ဟု မေးခွန်းထုတ်လာပါက ကျွန်ုပ်သည် ''အမေတွေ''ဟုသာ ဖွင့်ဆိုပြရပေမည်။ အမေ့ကို ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံ ၃ပါးတွင် မည်သည့်ကံနှင့်မျှ မပြစ်မှားကောင်း၊ မပြစ်မှားထိုက်ပါ။ အမေ့မျက်ရည်တစ်စက်သည် သားသမီးတွေအတွက် တစ်သက်လုံး ပူလောင်စေတတ်ပါသည်။ ထို့ကြောင့် သားသမီးတိုင်း အမေကို စိတ်ချမ်းသာအောင်၊ ကျန်းမာပျော်ရွှင်အောင် ထားပေးစေလိုပါသည်။ အမေစိတ်ချမ်းသာ ပျော်ရွှင်ကျန်းမာနေလျှင် သားသမီးတွေလည်း စိတ်ချမ်းသာပြီး ကျန်းမာပျော်ရွှင်နေကြရမှာ သေချာပါသည်။

''ထာဝရ တည်တံ့ခိုင်မြဲသော မအို၊ မနာ၊ မသေသောအရာတွေကို ထုတ်ပြစမ်းပါ''ဟု တောင်းဆိုလာပါက ဤသတ္တကမ္ဘာလောကကြီးထဲတွင် လူသားတွေရှိနေသမျှကာလပတ်လုံး အနာဂတ်မျိုးဆက်သစ်တွေ ဖြစ်လာမယ့် ရင်သွေးငယ်တွေကို ဖွားမြောက်သန္ဓေစင် မွေးထုတ်ပေးလိုက်သော သားသမီးရတနာတွေ၏ လက်ဦးဆရာ အနန္တဂိုဏ်းဝင် ပြဟ္မစိုရ်နှလုံးသားပိုင်ရှင် ပြဟ္မာကြီးတွေနှင့်တူသော၊ မဟာပထဝီမြေကြီးကဲ့သို့ သည်းခံတတ်သော၊ မဟာသမုဒ္ဒရာ၊ ကျယ်ဝန်းတဲ့ မိုးကောင်းကင်နဲ့ မြင့်မားသော မြင်းမိုရ်တောင်တို့ထက် သာလွန်သော၊ အရာရာတိုင်း လိုက်မမီ၊ တုမမီနိုင်သော အနှိုင်းမဲ့ မဟာဂန္ထဝင် ကျေးဇူးရှင် အမေတွေ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ စေတနာ၊ အကြင်နာ၊ သံယောဇဉ်၊ အချစ်တို့သည် လူသားတွေရှိနေသမျှ ကာလပတ်လုံး ကမ္ဘာအဆက်ဆက် မပျက်



''အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းစွာ'' ထာဝရတည်တံ့ ခိုင်မြဲနေမည့်အရာတွေပါပဲဟု ကျွန်ုပ် ရဲရဲကြီးချပြပြောရပါလိမ့်မည်။

**''အမေဆိုသည်မှာ • • •''**

အမေတွေဟာ သားသမီးတွေနှင့် ပတ်သက်လာလျှင် အမေ့ဝတ္တရားငါးပါး ကျေပွန်ခဲ့ပြီးသူ။ ဘယ်သားသမီး သာစေ၊ နာစေ ဆိုသည့် စိတ်ဓာတ်မျိုးမမွေး။ သားသမီးတွေ ဘယ်သားသမီး ဆိုးဆိုး၊ ကောင်းကောင်း အမေ့စေတနာက သာတူညီမျှ တစ်တန်းတည်း။ အမေ့မေတ္တာက သမာသမတ် မျှမျှတတ။ အမေ့မှာ အဂတိတရားမရှိ။ ဘက်မလိုက်တတ်။ အတ္တမဆန်သော အတ္တနှင့် သားသမီးတွေအပေါ် မေတ္တာစေတနာ အကြင်အနာအချစ်တွေ ဝေငှပေးနေသူ။ ကိုယ်ကျိုးကို အဓိကမထားဘဲ သားသမီးတွေ ကောင်းစားရေးကို ရှေးရှုစဉ်းစား တွေးတောလုပ်ကိုင် ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော မြင့်မြတ်သောစိတ်ထားကို ဇရာရိပ်ရောက်သည့်တိုင် အသက်နှင့် ခန္ဓာတည်မြဲနေသရွေ့ သားသမီးတွေအပေါ် လွှမ်းခြုံပေးနေသည့် ပရဟိတ နှလုံးသားပိုင်ရှင်ဟု ဂုဏ်ပြုကင်ပွန်းတပ်ရသော် ကျွန်ုပ်အနေဖြင့် လွန်မည်မထင်ပါ။

**''အမေဆိုသည်မှာ • • •''**

''ရဲရဲနီနေသော သွေးတွေ''ကို အမေ့မေတ္တာ၊ စေတနာ၊ အကြင်နာ၊ ကရုဏာဓာတ်တို့ဖြင့် ''ဖြူသောနို့အဖြစ် ပြောင်းလဲပစ်နိုင်စွမ်းသူ''သည် အမေသာလျှင် ဖြစ်သည်။ ထိုစွမ်းအားသည် အမေ့မှာသာရှိသည်။ ထိုအမေ့ရဲ့ နီရဲသောသွေးမှ မေတ္တာတရား၊ မေတ္တာစေတနာအကြင်နာတို့ဖြင့် အသွင်ပြောင်းလာသော အဖြူရောင်သွေး–နို့ချိုကို ဖက်ပွေ့သောက်သုံးကာ ကျွန်ုပ်တို့အားလုံး ရှင်သန်အသက်ဆက် လူလားမြောက်ခဲ့ကြရတာ မဟုတ်ပါလားဟု ကျွန်ုပ်သုံးသပ်မိသည်။ သွားပေါက်ခါစ ရင်သွေးငယ်ရဲ့ လက်နှင့်ထုရိုက်၊ သွားလေးတွေနှင့် ကိုက်ထားလည်း နို့တိုက်မပျက်ခဲ့သူ၊ မေတ္တာမပျက်ခဲ့သူ၊ အပြုံးမပျက်ခဲ့သူမှာလည်း အမေတွေပဲ ဖြစ်နေသည်။

အမေတွေဟာ• • •လက်ညှိုးတွေဖြတ်ယူ၊ လူတွေကို လိုက်သတ်တဲ့ ''လက်ညှိုးပေါင်း တစ်ထောင်ပိုင်ရှင် အင်္ဂုလိမာလ''လို လူမိုက်ကြီးကိုလည်း မွေးထုတ်ခဲ့သည်။ လူသာသေပြီး နာမည်မသေသော မြန်မာသိ၊ ကမ္ဘာသိပြီး ပြည်သူအားလုံးရဲ့ စိတ်ထဲရင်ထဲ အတွေးစိတ်ကူးထဲမှာ ယနေ့တိုင် မမေ့နိုင်၊ ချစ်ခင်နှစ်သက်သတိရသော ကိုယ်ကျိုးစွန့်ပြီး မြန်မာပြည်–ပြည်သူပြည်သားတွေ လွတ်လပ်ရေးရအောင် လုပ်ပေးခဲ့သော မျိုးချစ်စိတ်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်သူရဲကောင်းတွေကိုလည်း မွေးထုတ်ခဲ့သည်။ အမေတွေဟာ မြန်မာသိ၊ ကမ္ဘာသိ၊ နိုင်ငံကျော်၊ ကမ္ဘာကျော်ကြတဲ့ အတွေးအခေါ်ပညာရှင်တွေ၊ စာပေဂီတပညာရှင်တွေ၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ပြဇာတ်၊ ဂီတစာဆို၊ အဆိုတော်တွေ၊ ကဗျာဆရာ၊ စာရေးဆရာတွေ၊ ဆေးပညာရှင်၊ ဒေါက်တာပါရဂူ၊ ပါမောက္ခတွေ သိပ္ပံပညာရှင်ကြီးများစွာကိုလည်း မွေးဖွားခဲ့သည်။

**ကျော်ဝင်းသက်**

# အားခဲလျှောက်လှမ်း လောကလမ်း



လူပြည်ခမ်းဝါ၊ လူ့ဘုံဌာ၌
ကြုံလှာမဆန်း၊ လောကလမ်းကား
ကြမ်းတမ်းတစ်ခါ၊ ချောတစ်ခါနှင့်
ဘယ်မှာပုံသေ ရှိအံ့နည်း။

အောင်မြင်သည့်ခါ၊ ရှိနိုင်ပါသို့
ရှုံးကာလဲကျ၊ ဝမ်းနည်းရသည့်
အချိန်များစွာ၊ ရှိနိုင်ပါ၏။

အောင်မြင်ချိန်မှာ၊ ထောမနာနှင့်
သူငါဝိုင်းဝန်း၊ ဆိုချီးမွမ်းသော်
ရွှန်းပလဲ့ဖြာ၊ သင့်မျက်နှာသည်
သိင်္ဂါအဆင်း၊ ငွေလမင်းသို့
ဝင်းပကြည်လင်၊ ပြုံးပျော်ရွှင်လည်း
သင့်တွင်သောက၊ ဗျာပါဒနှင့်
ဒုက္ခဖုံဖုံ၊ ကြုံတွေ့ဆုံသော်
အာရုံနှမ်းလျ၊ မရွှင်ပျဘဲ
စီးကျမျက်ရေ(ရည်)၊ ပင်လယ်ဝေလျက်
သည်းကြွေပျက်သုဥ်း၊ ကြိမ်မီးအုံးမျှ
ဆုံးရှုံးမှုဒဏ်၊ လူးလဲခံ၍
အံ့တုမရ၊ စွန့်ရသည်မှာ
ဓမ္မတာတည်း။

လောကဓမ္မတာ၊ ဟုတ်မှန်ပါလည်း
ဝမ်းသာဝမ်းနည်း၊ စဉ်ဒွန်တွဲလျက်
တည်မြဲဘယ်မှာ၊ မရှိပါသည့်
လူ့ရွာဌာနီ၊ ရောက်ခဲ့ပြီမို့
နှစ်လီကောင်းဆိုး၊ တွေ့ကြုံတိုးသော်
ကြိုးစားအားမွေး၊ ရှုံးမပေးဘဲ
အေးဆေးသေချာ၊ ရင်ဆိုင်ရာတည့်။

အောင်မြင်ချိန်တွင်၊ သင်ပျော်ရွှင်သို့
ပူပင်သောက၊ ဗျာပါဒနှင့်
ဒုက္ခဖုံဖုံ၊ တွေ့ကာကြုံလည်း
မဖြုံစတမ်း၊ သင့်စိတ်ဝမ်းက
နွမ်းလျအတိ၊ ဘယ်မရှိဘဲ
ဝီဘိကျောက်သား၊ ကျောက်စိုင်လားသို့
စိတ်အားမလျှော့၊ ရင်ကိုကော့လျက်
ဦးမော့ ဝင့်ထည်၊ ဖွဲ့မာန်စွယ်ဖြင့်
ရည်ရွယ်မျှော်မှန်း၊ သင့်အောင်ပန်းကို
တက်လှမ်းဆွတ်ချူ၊ အရယူဖို့
ကိုယ်ထူကိုယ်ထ၊ ဝီရိယနှင့်
မယိုင်မလဲ၊ လုံ့လဖွဲ့နှင့်
အားခဲချီတက် လျှောက်ပါလေ . . .။ ။

နေ့သစ်လင်း

# မြန်မာ့နည်း မြန်မာ့ဟန် မြန်မာဆန်ဆန်



မျိုးဇာတိပျက်၊ ဂုဏ်ကိုမက်၍
ကျီးငှက်တစ်ကောင်၊ ဒေါင်းယောင်ဆောင်သည့်
ကျီးကောင်ဘဝ . . .ပျက်တကား။

ဒေါင်းမျိုးကိုမြင်၊ လှဂုဏ်မင်၍
ကိုယ်တွင်တုယောင်၊ ဒေါင်းအတောင်များ
ဟန်ဆောင်တပ်ဆင်၊ ဒေါင်းကြားဝင်သော်
"သင်သည့်ဆိုးညစ်၊ မျိုးမချစ်တတ်"
နှုတ်ပစ်ဒေါင်းတောင်၊ ကျီးအတောင်ပါ
ပြောင်ကာကျွတ်ထွက်၊ ဘဝပျက်၏
ဒေါင်းငှက်များက . . .ဝိုင်းဆိတ်ကြ။
ကျီးတောင်များပါ . . .ကျွတ်လို့ကျ။

ကျီးငှက်ပမာ၊ တချို့မှာလျှင်
မျိုးပင်ပစ်လျက်၊ တိုင်းခြားဘက်ကို
နှစ်သက်ခုံမင်၊ တုယောင်ဆင်၍
ယဉ်ကျေးမှုပျောက်၊ ကျင့်ဝတ်ဖောက်ကာ
ယုတ်မာ ရိုင်းပြ၊ ရုပ်ဆိုးကြ၏။

သြော် . . .သားလှသမီး၊ ငှက်မိုက်ကျီးသို့
ရှုပြီးကြည့်ကာ၊ မတော်ရာကို
လော်မာဖောက်ပြန်၊ မပြုရန်နှင့်
ဉာဏ်ဖြင့်ဆင်ခြင်၊ ဝေးရှောင်ကြဉ်ကြ
"မြန်မာ့နည်း မြန်မာ့ဟန်၊ မြန်မာဆန်ဖို့"
ကာရန်ပီသ၊ ကဗျာလှဖြင့်
စာသန့်းဆော် . . .အပ်ပါသတည်း။ ။

မင်းမောင်နွယ်(မွန်ဌာနီ)

City MAGAZINE

# ရဝေရှင်ထွေး

ကိုဇော်



ရှင်ထွေးကို မိတ္ထီလာမြို့နယ်၊ ရေဝေရွာဇာတိ၊ ဖိုးသူတော် ဦးမင်းတို့နှင့် ဆွေမျိုးနီးစပ်တော်သည်ဟု ဆိုသည်။ တချို့က တောင်ငူမြို့တောင်ဘက် ခုနစ်မိုင်အကွာရှိ ရေဝေရွာသူကြီးရဲ့ သမီးဟုဆိုကြသည်။ တောင်ငူဘုရင် မင်းရဲသီဟသူရဲ့ ယုံကြည်အားကိုးရသော ကျေးသီးမြို့စား အမတ်ကြီးရဲ့ သမီးထွေးလို့ ဆိုကြပြန်သေးသည်။

မည်သို့ပင်ဆိုစေကာမူ တောင်ငူ(ကေတုမတီ)ဘုရင် မင်းရဲသီဟသူသည် တောင်ငူဘုရင်ခံဘဝကပင် ရှင်ထွေးကို မင်းစီးဝေါနှင့် တင်ဆောင်ကာ ခေါ်ယူခဲ့လေသည်။

ရှင်ထွေးသည် အသက် ဆယ်နှစ်ကတည်းကပင် အန်ချင်း အဆိုကောင်းလှသူလေးဖြစ်သည်။ တစ်ဆယ့်နှစ်နှစ် အသက်အရွယ်တွင် နန်းတွင်းသို့ရောက်လာကာ၊ သီးသန့်ဆောက်ပေးထားသော ရဝေဆောင်တွင် ကိုယ်လုပ်မောင်းမ အိပ်ဖန်စောင့် အခြွေအရံများနှင့် စံမြန်းခဲ့ရလေသည်။ အန်ချင်းကဗျာများကို ရေးဖွဲ့စပ်ဆို ဆက်သပေးရတာမို့ ရဝေရှင်ထွေးရယ်လို့ အမည်တွင်လာခဲ့လေသည်။

**နတ်ရှင်နောင်နှင့် ရဝေရှင်ထွေးတို့သည် ငယ်စဉ်တောင်ကျေးကတည်းက စာဆိုရေးဖွဲ့တတ်သူချင်း ဝါသနာတူ···**

မင်းရဲသီဟသူနှင့် မင်းခင်စောတို့တွင် သားတော်လေးပါးသာ ရှိသောကြောင့် ရှင်ထွေးကို သမီးအဖြစ် ခေါ်ယူမွေးစားခဲ့သည်မှာ စာဆိုတတ်သောကြောင့် ချီးမြှောက်သည့်သဘောပင် ဖြစ်ပါသည်။

ရဝေရှင်ထွေး အရွယ်ရောက်လာခဲ့သည်နှင့်အမျှ ချောမောလှပသော ရဝေဆောင် တစ်ပင်တိုင်ရွှေမင်းသမီးလေး ဖြစ်လာပါသည်။ ဤသည်ကား ရဝေရှင်ထွေးရဲ့ ဘဝအစပင် ဖြစ်ပါတော့သည်။

✦ ✦ ✦ ✦ ✦

နတ်ရှင်နောင်သည် မင်းရဲသီဟသူနှင့် မင်းခင်စောတို့ရဲ့ သားတော်လေးပါးရှိသည့် အနက်မှ ဩရသသားတော်ဖြစ်သည်။ နတ်ရှင်နောင်နှင့် ရဝေရှင်ထွေးတို့သည် ငယ်စဉ်တောင်ကျေးကတည်းက စာဆိုရေးဖွဲ့တတ်သူချင်း ဝါသနာတူနီးစပ်မှုရဲ့ သံယောဇဉ် တွယ်တာလာခဲ့ရသည်မှာ သဘောသဘာဝပင် ဖြစ်ပါသည်။

ရာဇဝင်ထဲက တစ်နေ့မှာ နတ်ရှင်နောင်သည် ခရီးသွားရာမှ ပြန်ရောက်လာပြီး ခဏမှာပဲ ကောတုမ္ဗရာဇိတိုင်းဖြစ်၊ အဖိုးသိန်းထိုက်သော ကြာချည်ပုဆိုးနှင့် ကတ္တီပါအင်္ကျီတို့ကို ဝတ်ဆင်မြန်းလိုက်သည်။ မြတဘက်ကို ခါးတွင်ပတ်လျက်၊ အမွှေးအထုံဂန္ဓာရုံတို့ လိမ်းခြယ်သကာ၊ ရူပါအပြည့်ပေးပြီးသကာလ၊ ရဝေဆောင်သို့ ရုတ်တရက် ဆောင်တော်ကူးလိုက်သောအခါတွင် ရဝေရှင်ထွေးရဲ့ကိုယ်မှာ ခါသာပိတ်တွန့်ကို ချုပ်ထားသည့် အတွင်းခံအင်္ကျီကိုသာ ဝတ်ထားသဖြင့်၊ အမြင်မတော်ဖြစ်နေသောကြောင့် ရဝေရှင်ထွေးသည် နီးရာအပေါ်ယံခြုံလွှာကို ကောက်ခြုံဖုံးကွယ်လိုက်ရသည်။ နတ်ရှင်နောင်သည် ရွှေဘောတော်ကျကာ အားပါးတရ ရယ်သွမ်းသွေးပြီးနောက်···

''မောင်တော် ခရီးသွားနေစဉ်ရက်များအတွင်းဝယ်···ဘယ်လောက်များ လွမ်းနေရပါသလဲ···လျှောက်တင်စမ်းပါအုံး ချစ်နှမတော်လေးရဲ့''

နဖူးမှာ လက်စုံဖူးတင်ကာ ဘယ်လောက်များ လွမ်းနေရတဲ့အကြောင်း ဦးတိုက် လျှောက်ထားရသည်မှာ ရဝေရှင်ထွေး၊ ဤသို့ဆိုရင် နတ်ရှင်နောင်နှင့် ရဝေရှင်ထွေးတို့သည် နှစ်ကိုယ်တူချစ်ညီမျှလို့ ရည်ငံနေကြပြီ၊ ချစ်ခရီးမှာလည်း အတော်ပင် ပေါက်ရောက်လို့ ချစ်ဦးသူတို့ စွဲလန်းတွယ်တာနေကြလေပြီ။

ရဝေရှင်ထွေးသည် နတ်ရှင်နောင်အား နဝရတ်ကိုးပါးဖြင့် စီခြယ်ထားအပ်သော မနောလင်ပန်းနှင့် စားတော်ဆက်သလိုက်လေသည်။

နတ်ရှင်နောင်သည် ရဝေရှင်ထွေးရဲ့ အချစ်မေတ္တာကို လက်ခံယူလိုက်ပြီး သူတို့နှစ်ဦးသားရဲ့ မင်္ဂလာပွဲအား သူတို့နှစ်ဦးသားသာ အသိအမှတ်ပြုခြင်းကို ခံယူခဲ့ကြရလေသည်။

နတ်ရှင်နောင်သည် ရဝေရှင်ထွေးရဲ့ ကိုယ်စား ''ချောင်းမမွှေတော်''ဘုရားတိုင် ရတုရေးဖွဲ့ရာတွင် သူတို့နှစ်ဦးသားသာ သိကြတဲ့အချစ်အား ဘုရားထံတိုင်တည် လျှောက်တင်ထားသော ရတုရဲ့ ညွှန်းဖွဲ့ဆိုလိုရင်းမှာ အစ်ကိုကြီးနှင့် ညီမလေးရဲ့ တိတ်တခိုးအချစ်ဇာတ်လမ်းပင် ဖြစ်သည်။ သေချာသည်မှာ နတ်ရှင်နောင်ရဲ့ ချစ်ဦးသူမှာ ရဝေရှင်ထွေးပင် ဖြစ်လေသည်။

နတ်ရှင်နောင်သည် စစ်ထွက်ချိန်တွေမှာ ''ပေါ်နွေလလျှင်ချီ'' ရတုဖြင့် ရဝေရှင်ထွေးကို ညွှန်းဖွဲ့ဆိုပြီး လွမ်းပြနေတတ်သကဲ့သို့ ရဝေရှင်ထွေးသည်လည်း ''ပေါ်နွေလလျှင်ချီ''ရတုရဲ့ အာဘောဂအားမီအောင် ''လေဝန်းကဆင်''ရတုကို ရေးဖွဲ့ညွှန်းဆိုသည်မှာ ''ရဝေနန်းမှ မေလွမ်းနေရပါသည်'' ဤရွေ့ဤမျှ နှစ်ဦးသားသာ သိနားလည်သော အချစ်တွေနဲ့ လွမ်းပြထားသော ရတုတွေပင် ဖြစ်ပါတော့သည်။

ဤရာဇဝင်ထဲက အချိန်ထိ အများသိထားကြသော နတ်ရှင်နောင်ရဲ့ချစ်သူ ရာဇဓာတုကလျာအား နတ်ရှင်နောင်ကိုယ်တိုင်ပင် မကြားဘူး၊ မတွေ့မြင်ဘူးဖူးသေးပါ။

✦ ✦ ✦ ✦ ✦

ရွှေဝါရောင်ကိုပဲ နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်တတ်သော ဓာတုကလျာသည် လက်မှာ အမြဲတမ်း ပယင်းပုတီး ကိုင်ဆောင်ထားတတ်သည်။ မကြာမီ သူမသည် သီလရှင် ဝတ်သွားလေမလား၊ လူတွေအများက စိတ်ဝင်စားကာ စောင့်ကြည့်ပြောဆိုနေကြပေမယ့်–

နန္ဒဘုရင် အယုဒ္ဓယသို့ စစ်ချီတိုက်အချိန်တွင် အိမ်ရှေ့မင်းကြီးစွာက အတင်းကာရော သိမ်းပိုက်လိုက်သောကြောင့် ဓာတုကလျာသည် အိမ်ထောင်မကျချင်ဘဲကျကာ ရာဇဓာတုကလျာ ဖြစ်သွားရလေသည်။

✦ ✦ ✦ ✦ ✦

၉၅၄ ခုနှစ်တွင် အိမ်ရှေ့မင်းကြီးစွာကိုယ်တိုင် ကြီးမှူးကာ၊ အယုဒ္ဓယသို့ စစ်ချီတက်လေသည်။ မိုးကောင်း၊ မိုးညှင်းသို့ စစ်ချီစစ်တက် တိုက်ပွဲဝင်ခဲ့ဖူးသည့် နတ်ရှင်နောင်သည် အသက် ၂၄နှစ်သာရှိပေမယ့် အိမ်ရှေ့မင်းကြီးစွာရဲ့ လက်ဝဲရံအဖြစ်နဲ့ ဥပေါသထ ဆင်စီးကာ ပါဝင်ခဲ့ရလေသည်။

အယုဒ္ဓယတပ်နှင့် ရင်ဆိုင်တိုက်ပွဲကြီးဖြစ်ပွားချိန်တွင် ရန်သူ့စိန်ပြောင်း ကျည်မှန်ကာ အိမ်ရှေ့မင်းကြီးစွာသည် ဆင်ကပ်



ထက်မှာပဲ အနိစ္စရောက်သွားလေသည်။ လက်ဝဲရံဖြစ်သော နတ်ရှင်နောင်သည် ဥပေါသထ ဆင်စီးပြီး ဦးစီးကာ ရန်သူများကို ဆက်လက်ချေမှုန်းတိုက်ခိုက်ရာ အယုဒ္ဓယ တပ်ပျက်သွားလေတော့သည်။

✦ ✦ ✦ ✦ ✦

ဟံသာဝတီနန်းတော်သို့ နတ်ရှင်နောင်တို့သည် အိမ်ရှေ့မင်းကြီးစွာရဲ့ရုပ်အလောင်းကို ပြန်သယ်ယူလာခဲ့သည်။ အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာသည် လင်တော်မောင်ရဲ့ ရုပ်အလောင်းကို လာရောက်ကန်တော့ချိန်တွင် မြင်လိုက်ရသောခဏမှာပင် နတ်ရှင်နောင်ရဲ့ ရင်ထဲက သနားစိတ်နှင့် ချစ်စိတ်တို့သည် ရောထွေးစိတ်လှုပ်ရှားမိသည်မှာ မရပ်မတည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။ ''တင့်လှပေဟန်''ရတုကို ရေးဖွဲ့ညွန်းဆိုမိရင်း၊ မြင်မြင်ချင်းပင် ချစ်စိတ်က ဖောက်ပြန်ချင်လေပြီ။

✦ ✦ ✦ ✦ ✦

နောက်တစ်နေ့ ရွှေနန်းတော်အတွင်းဝယ် စစ်ပြန်တပ်မှူးများကို ဂုဏ်ပြုသော ပွဲတွင် ရာဇဓာတုကလျာ မုဆိုးမပူပူနွေးနွေး ကိုယ်တိုင် လက်ဆောင်တော်များ ချီးမြှင့်လေသည်။ နတ်ရှင်နောင်သည် ယခုမှ နီးနီးကပ်ကပ် စမြင်တွေ့လိုက်တဲ့အချိန်မှာ ရာဇဣန္ဒြေမဆည်နိုင်တော့ဘဲ မုဆိုးမရယ်လို့ မိုးမမြင်၊ လေမမြင်ဖြစ်ကာ ရာဇဓာတုကလျာ အပေါ်မှာ ချစ်မေတ္တာစိတ်တွေ လွန်ကဲရေစီးကမ်းပြိုလေပြီ။ ''ရှစ်ဆိုင်ရွက်ကြာ'' ရတုကို ရေးဖွဲ့ညွန်းစေသည်မှာ ''ချစ်မိသူအလှဟူသမျှတို့ သခင်မထံ ပြန်ပေးစရာ လက်ဆောင်အနေနဲ့ မိမိအသက်ပင် ပေးဆပ်ချင်သည်၊ ဘယ်ပုံဘယ်နည်း စေလွှတ်ရပါ့၊ သခင်မရဲ့ စိတ်တော်နဲ့ အခန့်သင့်ပါမည်လော၊ တွေးတော စိတ်မောနေရပါသည်''တဲ့။

✦ ✦ ✦ ✦ ✦

နတ်ရှင်နောင်သည် ဟံသာဝတီရွှေနန်းတော်မှ ကေတုမတီ ရွှေပြည်နန်းသို့ ပြန်ရောက်လာကတည်းကစ၍ ဓာတုမှ ဓာတုကလျာ ဖြစ်နေကာ တမ်းတမှန်းချင်းနဲ့ တမ်းတမ်းစွဲလို့ နေချေပြီ။

ရဝေရှင်ထွေးနှင့် နှစ်ကိုယ်တူချစ်ညီမျှလို့ ရည်ငံခဲ့သော ချစ်ဦးသူနဲ့ ချစ်ပွဲဝင်ခဲ့တာတွေကလည်း တစ်နယ်သို့စိတ်ရောက်ကာ မေ့ပျောက်ကွယ်လို့ ရဝေဆောင်တော် မကူးတော့လေပြီ။

နတ်ရှင်နောင်ရဲ့ ငုပ်နေသော အနုသယစိတ်က မြင်မြင်ချင်းပင် ချစ်စိတ်ဝင်နေမိတဲ့ မုဆိုးမ ဓာတုကလျာ တစ်ပတ်နွှမ်းအပေါ်မှာ လွှမ်းမိုးစိတ်ပေါက်ရောက်ကာ တစ်ဖက်သတ်အချစ်နဲ့ ရူးသွပ်လို့နေပြီ။

ဤသို့ဤပုံ ဖြစ်ပျက်စုံကို ငယ်ချစ်ဦး ရဝေရှင်ထွေး ရိပ်မိပါသည်။ မိမိအနေနှင့်လည်း မိဖုရားကြီးမဖြစ်သင့်မှန်း မယှဉ်သာတဲ့အဆင့်က ကွာခြားလွန်းလှသည်။ ဓာတုကလျာမှာ ဘိုးတော်ဘုရင့်နောင်ရဲ့ တစ်ပင်တိုင် သမီးတော်ဖြစ်သည့်အတွက် မိမိ နဂိုရှိရင်းစွဲ မိဖုရားဖြစ်ရချည်သေးရဲ့ဆိုတဲ့ မျှော်လင့်ချက် တစ်စုံတစ်ရာမပါဘဲနဲ့ ခံယူချက် ချစ်စိတ်ကို ဖြေသိမ့်ကာ နေနိုင်ခဲ့ပြီပဲ။

နှစ်ကိုယ်တူ ချစ်ရည်မျှခဲ့ကြဖူးတဲ့ ငယ်ချစ်ဦး သူတို့အကြောင်းကို သူများတကာ

တွေ သိသွားမှာလည်း စိုးစိတ်စံစားနေရတဲ့ ဘဝမှာ ကျိတ်မှိတ်ရင်ထဲခံစားရင်း ဘုရားတိုင် ရတုတွေ ရေးဖွဲ့ဆိုညည်းလို့ ဖြေဆည်နေရပြီ၊ ချစ်ဦးသူ သိပါလေစ・・・။

✦ ✦ ✦ ✦ ✦

နတ်ရှင်နောင်သည် ၉၅၄ ခုနှစ်မှ ၉၆၄ ခုနှစ်အထိ ဆယ်နှစ်ဆယ်မိုးတိုင်တိုင် ဓာတုကလျာအား ရတုတွေ ရေးဖွဲ့ညွှန်းဆိုကာ လက်ဆောင်ပဏ္ဏာများဆက်သရင်း၊ မမနဲ့မောင် ရူးသွပ်ခြင်း ချစ်ရေးဆို ဇာတ်လမ်းတွင်နေသော်လည်း မုဆိုးမ ဓာတုကလျာသည် တုံ့ပြန်ခြင်းမရှိ၊ ပကတိတည်ငြိမ်ခြင်းနှင့် ဘာသာရေးကိုသာ ဦးစားပေးစိတ်ဝင်စားကာ သီလတရားနဲ့ ဥပုသ်ရက်ရှည်စောင့်နေလေသည်။

✦ ✦ ✦ ✦ ✦

၉၆၄ ခုနှစ်တွင် တောင်ငူဘုရင် မင်းရဲသီဟသူသည် ထီးနန်းတော်သစ် တည်ဆောက်ကာ သီးခြားဘုရင်အဖြစ် နန်းတက်ပြီး ထီးနန်းစိုက်တော်မူလေသည်။

ဩရသသားတော် နတ်ရှင်နောင်ကိုလည်း ဓာတုကလျာနှင့် လက်ထပ်ထိမ်းမြားပေးကာ အိမ်ရှေ့မင်းသားအရာ အပ်နှင်းပေးလေသည်။

ဤအချိန်မှစ၍ နတ်ရှင်နောင်ရဲ့ တစ်ဖက်သတ်အချစ် ရူးသွပ်ခြင်းသည်လည်း ပျောက်ကင်းသွားသကဲ့သို့ ရဝေရှင်ထွေးသည်လည်း ချစ်ဦးသူ နတ်ရှင်နောင်ရဲ့ စိတ်ချမ်းသာခြင်းနှင့် ယောက်မတော် ဓာတုကလျာကို စမြင်ရဖူးပါတော့သည်။ မုဒိတာလည်း ထားနိုင်ခဲ့လေသည်။

✦ ✦ ✦ ✦ ✦

နတ်ရှင်နောင်သည် တန်ခူးလတွင် ချစ်ဖူးသူ ဓာတုကလျာနှင့် ချစ်ကံဆုံ လက်ထပ်ထိမ်းမြားခဲ့ရသော်လည်း တန်ဆောင်မုန်းလတွင် ချစ်ကံကုန်ဆုံးကာ ဓာတုကလျာ ကွယ်လွန်သွားသောကြောင့် နတ်ရှင်နောင်ရဲ့ အသက်သုံးဆယ်ကျော် အိမ်ရှေ့ဥပရာဇာဘဝမှာ ချစ်ကံဆိုးခြင်းနှင့်ကြုံကာ ၁၀ နှစ်တာကာလ ချစ်ပိုင်ဆိုင်ခွင့် စောင့်စားလာခဲ့ရသမျှ ခုနစ်လနှင့် ချစ်ဖူးသူ ဓာတုကလျာ ကွယ်လွန်ကာ မုဆိုးဖိုဖြစ်သွားလေသည်။

✦ ✦ ✦ ✦ ✦

၉၇၁ ခုနှစ်တွင် တောင်ငူဘုရင် မင်းရဲသီဟသူ နတ်ရွာစံသွားသောအခါတွင် နတ်ရှင်နောင်သည် နန်းတက်ဘုရင်ဖြစ်ခဲ့ရသော်လည်း ချစ်ဖူးသူ ဓာတုကလျာမိဖုရားကြီးမရှိမဲ့တဲ့ အချစ်တစ်ခြမ်းပဲ့နဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ရလေသည်။



နတ်ရှင်နောင်ဘုရင်ကြီး သက်တော် ၄၀ နှစ်မှာ ဘဝဇာတာက ကောင်းလာမလိုနှင့် နန်းတက်ပြီး တစ်နှစ်ကျော်တွင် မဟုတ်မှလွဲရော၊ တိတိကျကျပြောလို့မရတဲ့ ရောဂါသည်းကာ၊ ထိုင်လို့မရ၊ အိပ်လို့လည်းမရတဲ့ ဝေဒနာ အလူးအလဲခံစားနေရချိန်မှာ ညောင်ရမ်းမင်းသားကြီးရဲ့သား သခင်လတ်သည် ကေတုမတီသို့ လာရောက်ဝိုင်းဝန်းကာ စစ်ရေးအရ ပိတ်ဆို့မှုခံရလေတော့သည်။

နတ်ရှင်နောင်ဘုရင်ကြီးလည်း ထိုင်လို့ အိပ်လို့မရတဲ့ ဝေဒနာကြောင့် အားမတန်မာန်လျှော့ကာ အညံ့ခံပြီး အင်းဝမင်းရဲ့ လက်အောက်ခံဘုရင်အဖြစ် နိမ့်ကျသွားလေသည်။

တစ်ချိန်တစ်ခါဆီက ရာဇဝင်သမိုင်းကြောင်းမှာ ချစ်ဦးသူ ရဝေရှင်ထွေးနှင့်လည်း ချစ်ကံဆုံခွင့်ရပေမယ့် လက်တွေ့ဘဝမှာ လက်ထပ်မပေါင်းသင်းလိုက်ရသည့်အပြင် အင်းဝဘုရင်ကြီးရဲ့ မိဖုရားငယ်အဖြစ်နဲ့ ကောက်ယူသိမ်းပိုက်သွားခြင်းကိုလည်း ခံလိုက်ရလေသည်။

✦ ✦ ✦ ✦ ✦

ရာဇဝင်သမိုင်းကြောင်း တစ်ချိန်တစ်ခါဆီက ရဝေရှင်ထွေးသည် နတ်ရှင်နောင်နှင့် ချစ်ကံဆုံလို့ ချစ်ဦးသူအဖြစ်နဲ့ နှစ်ကိုယ်တူ ချစ်ညီမျှတဲ့ အချစ်ကိုဖွင့်ဆို၊ အချစ်အလွမ်းအဆွေး တမ်းတမှုတွေနှင့်အတူ အန်ချင်းကဗျာ ရတုတွေ ရေးဖွဲ့စေညွှန်းဆိုခဲ့ကြဖူးတာ အမှတ်တရရှိနေခဲ့ဖူးပေမယ့်・・・။

လက်တွေ့ဘဝမှာ နတ်ရှင်နောင်နှင့် လက်ထပ်မပေါင်းသင်းလိုက်ရသည့်အပြင်၊ အင်းဝဘုရင်ကြီးရဲ့ မိဖုရားငယ်အဖြစ် သိမ်းပိုက်မြှောက်စားခံခဲ့ရပေမယ့်・・・။

ချစ်ဦးသူနှင့် လွဲခဲ့ရသော ကံတရား၊ ''ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခော・・・အပီယေဟိ သမ္ပယောဂေါ ဒုက္ခော''ဆိုတဲ့ ''ချစ်ရတဲ့သူနဲ့ ဝေးကွာနေရခြင်းသည် ဒုက္ခ・・မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းနေထိုင်ရခြင်းသည်လည်း ဒုက္ခ''ရဲ့ ဝေဒနာကို အချစ်ကံခေကာ ခံစားနေရသော ရဝေရှင်ထွေး။

ပဒေသရာဇ်စနစ်ရဲ့ ရာဇဝင်သမိုင်းကြောင်းတွင် ရဝေရှင်ထွေးကဲ့သို့သော မိန်းမသားတို့အဖို့ ကိုယ့်ဘဝကိုယ်ပင် ကိုယ်မပိုင်တဲ့ ဘဝနဲ့ပဲ နာကြည်းခံစားချက်တွေနှင့်အတူ နတ်ရှင်နောင်၊ ဓာတုကလျာကဲ့သို့ လူသိမများ၊ မထင်မရှားနဲ့ ရာဇဝင်သမိုင်းကြောင်းမှာ ဖြစ်တည်ပျက်စဉ်တွေနှင့်အတူ နိဂုံတံသွားခဲ့ရပါတော့သည်။

**ကိုဇော်**


ကိုယ့်မိန်းမပဲ
ဘာလို့ကြောက်ရ
မှာလဲဗျ...
ခင်ဗျားက..
ရှာကျွေးနေတဲ့
ခုဟာက..
မိန်းမက ရှာကျွေး
နေလို့ ကြောက်နေ
ရတာပေါ့ဗျာ...

# CITY CARTOON





# ကြိုးစားအားထုတ် အလုပ်လုပ်

စလင်း-ဦးအောင်သိန်း

စာရေးသူသည် စီးပွားရေးသမား မဟုတ်ပါ။ စီးပွားရေးလုပ်ငန်း လုပ်သူ မဟုတ်၍ စီးပွားရေးနားမလည်ပါ။ သို့သော် စီးပွားရေးသမားများ၊ လုပ်ငန်းရှင်များနှင့် တော့ အမြဲထိတွေ့ ဆက်ဆံနေရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများတွင် ဥပဒေအကြံပေး အတိုင်ပင်ခံအဖြစ် ဆောင် ရွက်နေရသည့်အတွက် ထိတွေ့နေသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ဆောက်လုပ်ရေး အကြောင်း နားမလည်သော်လည်း မြေရှင် နှင့် ကန်ထရိုက်တို့ အခန်းပေး အခန်းယူ ဆောက်လုပ်ခြင်း၊ Project အလိုက် လုပ်ငန်းအပ်နှံခြင်း၊ ပစ္စည်းပေးသွင်း၍ ဆောက် လုပ်မှုသက်သက် ငှားရမ်းခြင်း စသည့် လုပ်ငန်းရပ်များအတွက် နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန် ညှိနှိုင်း၍ ပဋိညာဉ်စာချုပ် များ ချုပ်ပေးရခြင်းကြောင့် နားယဉ်နေသည့် သဘောမျိုးရှိပါသည်။

ကုမ္ပဏီဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများ နှင့် မတူပါ။ အချို့ဌာနများရှိ ဝန်ထမ်းများသည် တစ်နေကုန်၍ စာတစ်မျက်နှာပင် မရေးရသော ဝန်ထမ်းများ လည်း ရှိပါသည်။ အလုပ်များသည်ဆိုလျှင်ပင် အမှန်တကယ် အားထည့်၍ မလုပ်သောကြောင့် အလုပ်ကြွေးများ ပိနေခြင်းသာဖြစ်ပါသည်။ ရုံးချိန်အပြည့် အားထည့်၍လုပ်ကိုင်သူ မရှိသလောက်ပင်။ ကုမ္ပဏီဝန်ထမ်းများက နိုင်ငံတော်က သတ်မှတ်သည့် ရုံးချိန်ထက် အချိန်ပိုပါသည်။ နံနက် (၈း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ အလုပ်ဆင်းရသည့် ကုမ္ပဏီကများပါသည်။ စနေလည်း အနည်းဆုံး





**လုပ်အားကွာခြားမှုကြောင့် ပုဂ္ဂလိကလုပ်လျှင် အောင်မြင်ပြီး အစိုးရလုပ်ငန်းများမှာ အရှုံးပေါ်နေခြင်း ဖြစ်ပါသည်။**



နေ့တစ်ဝက်အလုပ်ဆင်းရပါသည်။ ရုံးချိန်အတွင်း ကိုယ်ရေးကိုယ်တာ အရေးကြီးကိစ္စမှလွဲ၍ ဖုန်းမပြောရပါ။ ပြည်သူ့ဝန်ထမ်းများကဲ့သို့ ဝတ္ထုစာအုပ်ဖတ်နေခြင်း၊ အင်တာနက် ကြည့်ခြင်းမျိုး လုပ်နေ၍မရပါ။ ယေဘုယျအားဖြင့် ပြည်သူ့ဝန်ထမ်းများထက် လစာပိုရသည်ဟု ဆိုနိုင်ပါသည်။ ဤသည်မှာ သဘာဝကျပါသည်။ ကုမ္ပဏီဝန်ထမ်းများမှာ ပင်စင်၊ လုပ်သက်ဆုခံစားခွင့်မရှိ၍ ဖြစ်ပါသည်။


လုပ်အားကွာခြားမှုကြောင့် ပုဂ္ဂလိကလုပ်လျှင် အောင်မြင်ပြီး အစိုးရလုပ်ငန်းများမှာ အရှုံးပေါ်နေခြင်းဖြစ်ပါသည်။ ဥပမာ–ဘဏ်လုပ်ငန်းများကိုလေ့လာလျှင် တွေ့မြင်သိရှိနိုင်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်များတွင် လကုန်ရက်နှင့် လဆန်းစရက်လေးတွင် ဘဏ်၌ နံနက်ပိုင်းလူစည်ကားသည်။ ကျန်ရက်များတွင် ငွေသွင်း၊ ငွေထုတ်သူရှိသည်ဆိုရုံမျှသာ။ ပုဂ္ဂလိက ဘဏ်ကြီးများတွင် နေ့စဉ် ပျားပန်းခတ်မျှ ဝန်ထမ်းတိုင်းအလုပ်လုပ်နေကြသည်။ Customer နှင့်ဆွေမျိုးစပ် စကားမပြောအားပါ။ သူတို့အလုပ် သူတို့လုပ်နေကြသည်။ လူသစ်အနေဖြင့် သွားလျှင်လည်း အခက်အခဲမရှိပါ။ လိုအပ်သည်များကို မေးမြန်းပြီး ကူညီဆောင်ရွက်ပေးလိုက်ပါသည်။ ထုတ်ငွေများလျှင် ဘဏ်ဝန်ထမ်းများက သယ်ပို့ပေးပါသည်။ လုပ်ငန်းစဉ်အားလုံး အပိုကြေး တစ်ပြားတစ်ချပ်မှ မပေးရပါ။ မရလို့ မျက်နှာညိုးသွားတာမျိုး လုံးဝမရှိပါ။ ပညာပြ အချိန်ဆွဲတာမျိုးမရှိပါ။

နိုင်ငံတော်အစိုးရ စီးပွားရေးလုပ်ငန်းများ အရှုံးပေါ်ခြင်းသည် ယေဘုယျသုံးသပ်ရလျှင် ဝန်ထမ်းများ အလုပ်မလုပ်ကြ၍ဟု ဆိုနိုင်ပါသည်။ လုပ်ငန်းအပေါ် စေတနာမထားခြင်းလည်း ပါဝင်ပါသည်။ ရှုံးလည်းကိုယ်နဲ့မဆိုင် အနေသာကြီးဟု ခံယူထားကြသည်။ နိုင်ငံတော်အနေဖြင့် အရှုံးမခံနိုင်တော့၍ ပုဂ္ဂလိကသို့ လွှဲအပ်လိုက်လျှင် အလုပ်လက်မဲ့ဘဝ ရောက်သွားနိုင်သည်ကို ဝန်ထမ်းတိုင်း ခံယူထားသင့်သည်။ သို့မှသာ အလုပ်ကြိုးစား လုပ်ပေလိမ့်မည်။

ကုန်သွယ်ရေး(၁)၊ သမဝါယမအသင်းအရောင်းဆိုင်များ ပျောက်ကွယ်သွားကြပြီ။ ဝင်းသူဇာအရောင်းဆိုင်များ၏ အခြေအနေက ယိုင်နဲ့နေသည်။ နိုင်ငံသားများ ဆင်းရဲခြင်းသည် ဝန်ထမ်းများနှင့်လည်း ဆက်စပ်မှုရှိပါသည်။ ဝန်ထမ်းများ အလုပ်ကြိုးစား၍ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်ကာ အကျိုးအမြတ်ရလျှင် နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆင်းရဲမှုလျှော့ချနိုင်ပါသည်။ နိုင်ငံတော်က ချေးငွေလုံလောက်အောင် ထုတ်ပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ပေးခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် စီစဉ်ပေးခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်ပါသည်။

ငယ်စဉ်က သင်ကြားခဲ့ရသည့် သင်္ချာသဘောတရားတွင် ဆန်တစ်အိတ်ကို လူတစ်ယောက် သုံးလစားရလျှင် ထိုဆန်ကို လူသုံးယောက် စားမည်ဆိုပါက တစ်လသာ စားနိုင်ပေမည်။ ဝင်ငွေ၊ ထွက်ငွေ သဘောတရားသည် ဤအတိုင်းပင် တွက်ဆ၍ရသည်။ ဝင်ငွေ တစ်ယူနစ်ရှိပြီး ထွက်ငွေတစ်ယူနစ်ထက် ကျော်နေလျှင် ထိုမိသားစုစီးပွားရေး ဒုက္ခရောက်ပြီ။ ဝင်ငွေကို တိုးအောင် နည်းလမ်းရှာကြံလုပ်ရမည်။ ထွက်ငွေနည်းအောင် တစ်နည်းအားဖြင့် အသုံးစရိတ်နည်းအောင် ချွေတာခြင်း၊ တန်ဖိုးနည်းပစ္စည်း သုံးစွဲခြင်းမျိုး ပြုလုပ်ရမည်။

စာရေးသူကိုယ်တွေ့ လုပ်ခဲ့သည်များကို တင်ပြချင်ပါသည်။ ငွေအရင်းအနှီး မရှိ၍ဟု အကြောင်းပြသောလူများအတွက် နမူနာဖြစ်ပါသည်။ စာရေးသူ နယ်မြို့လေးမှာ နေစဉ်က သံချေးတက် အပ်ချုပ်စက်ခေါင်းများ ရနိုင်သည့် ကျေးရွာများမှ ဝယ်ယူ





ပါသည်။ ဒီဇယ်ဖြင့် ဆေးကြောသန့်စင်ပါသည်။ စာရေးသူ စက်မချုပ်တတ်၊ မပြင်တတ်ပါ။ ဆေးကြောပြီး စက်ပြင်ဆရာခေါ်၍ ပြင်သည်။ နောက် ပြန်ရောင်းသည်။ အခြားသော အသေးအဖွဲ့ အရောင်းအဝယ် အလုပ်များ လုပ်ပါသည်။ လင်မယား နှစ်ယောက် အောက်တန်းစာရေးလစာဖြင့် ဘဝတွင် လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် မရပ်တည်နိုင်ပါ။ အပိုဝင်ငွေရနိုင်မည့်အလုပ်၊ ကိုယ်နဲ့သင့်လျော်တဲ့ အလုပ်လုပ်ရပါသည်။ အပိုကုန်မည့်အလုပ် ရှောင်ကြဉ်ရပါသည်။ ဤသည်မှာ မိသားတစ်စု လူမှုစီးပွားရေးဘဝ ဖြစ်ပါသည်။

စာရေးသူတို့ နိုင်ငံ၏ ပို့ကုန်တန်ဖိုး၊ သွင်းကုန်တန်ဖိုးကို ကြည့်ပါက လစဉ် လိုငွေပြနေသည်။ ပို့ကုန်တွင် သယံဇာတနှင့် စိုက်ပျိုးသီးနှံသာ ဖြစ်သည်။ သွင်းကုန်တွင် စက်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ လူသုံးကုန် ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖြစ်နေသည်။ သွင်းကုန်ပစ္စည်းများက စက်ရုံများကထုတ်လုပ်သော ပစ္စည်းသာဖြစ်နေသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာပစ္စည်း အမျိုးမျိုးသည် စက်ရုံများက ရိုက်ထုတ်သော ပစ္စည်းများ ဖြစ်ပြီး အချိန်ကာလတိုတိုအတွင်း အရေအတွက်များများ ထုတ်နိုင်သည်။ တန်ဖိုး ကြီးကြီး ပေးရသည်။ ဆေးဝါးပစ္စည်း ကိရိယာတွေသည်လည်း အလားတူပင်။

စာရေးသူတို့နိုင်ငံက သယံဇာတပို့ရာတွင် ကုန်ကြမ်းအတိုင်းပို့သည်။ နည်းပညာခေတ်မမီသည့်အတွက် စိုက်ပျိုးသီးနှံ အရည်အသွေးက စံချိန်စံညွှန်းမမီချင်။ ထုထည်ကြီးမား၍ သယ်ယူပို့ဆောင်စရိတ်ကြီးသည်။ တန်ဖိုးကြီးကြီးမရ။ ထို့ကြောင့် သွင်းကုန် တန်ဖိုးက များနေခြင်းဖြစ်သည်။ မိသားစုတွင် ဝင်ငွေထက် ထွက်ငွေများလျှင် ဒုက္ခရောက်သကဲ့သို့ နိုင်ငံတော်လည်း အလားတူ ဖြစ်ပေသည်။

နိုင်ငံတော်အတွက် သွင်းကုန်လျှော့ချရမည်။ အသုံးစရိတ်ကျဉ်းအောင် ဆောင်ရွက်ရမည်။ စက်မှုလက်မှုလုပ်ငန်း တိုးတက်အောင် စီမံရမည်။ ချေးငွေများအပေါ် မှီခိုလွန်း၍ မဖြစ်။ ချေးငွေကို ရင်းနှီးမြှုပ်နှံမှု အတွက်သာ သုံးစွဲသင့်သည်။ အသုံးစရိတ်အဖြစ် သုံးစွဲခြင်း၊ အကျိုးစီးပွားမဖြစ်သော ငွေမြှုပ်သည့် လုပ်ငန်းမျိုးတွင် မသုံးစွဲသင့်ပေ။

ဝန်ထမ်းများအပိုင်းကလည်း တက်ကြွနိုးကြားပြီး အလုပ်လုပ်ကြမည်၊ နိုင်ငံတော်အကြီးအကဲများ အပိုင်းကလည်း အဆင့်မီသော စီမံခန့်ခွဲရေး နည်းလမ်းများ ကျင့်သုံးကြမည်ဆိုပါက မကြာမီသောကာလတွင် ကျွန်ုပ်တို့နိုင်ငံလေး ထွန်းတောက်လာလိမ့်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသတည်း။

**စလင်း–ဦးအောင်သိန်း**



# ဂါထာတော်

၊ အမျိုးသားစာပေဆုရ ၊

အိမ်ဖော်....

လေက တဖျောဖျောတိုက်ခတ်နေသည်။ လေကြောင့် မန်ကျည်းရွက်ခြောက်တွေက တဖွဲဖွဲ၊ မန်ကျည်းသီးပုပ်တွေက တဖြုတ်ဖြုတ် ကြွေလွင့်နေကြသည်။ သွပ်မိုးပေါ် ကြွေကျသွားသည့် မန်ကျည်းသီးတွေကြောင့် တချောက်ချောက်အသံများကလည်း မကြာခဏဆိုသလို ထွက်ပေါ်နေသည်။



**မိန်းကလေးဆိုတာ အချိန်နှောင်းရင် အကျိုးယုတ်လိမ့်မယ် သမီးရဲ့ဆိုပြီး**
**အမေ့စကားကို နာခံလိုက်မိတာ၊ ခုတော့**
**ကျွန်မမှာ ငါးပါးကြီးကို မှောက်နေရပြီ . . .**

မန်ကျည်းပင်အောက်မှာ ခုံရှည်တစ်လုံးရှိသည်။ ခုံရှည်ဘေးမှာ ပက်လက်ကုလားထိုင် နှစ်လုံးရှိသည်။ ရှေ့မှာတော့ ခပ်ဝိုင်းဝိုင်း မန်ကျည်းသားတုံးတိုကြီး တစ်ခုကို စားပွဲသဖွယ် ချခင်းထားသည်။ တုံးတိုကြီးပေါ်မှာတော့ ရေနွေးကရားနှင့် အကြမ်းပန်းကန်တချို့ရှိနေသည်။

အေးမူက ပက်လက်ကုလားထိုင် တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်နေသည်။ သူက လေသာသည့်ဘက်ကို မျက်နှာမူထားသည်။ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ ယှက်ကာ တိုးဝင်လာသည့်လေကို တစ်ဝရှူရှိုက်ရင်း ဇိမ်အကျကြီးကျနေသည်။ တကယ်တော့ သူက လူရောစိတ်ပါ ချမ်းသာနေမိသည်။ ကျေနပ်နေမိသည်။ သူနှင့် ကင်းကွာနေသည်မှာ ကြာမြင့်လှပြီဖြစ်သည့် လွတ်လပ်ခြင်း၊ ပေါ့ပါးခြင်း၊ ငြိမ်းအေးခြင်း အရသာများကို ပြည့်ပြည့်ဝဝကြီး ခံစားနေရလျက်ရှိသည်။

ထိုအခိုက် လမ်းပေါ်၌ ပေါ်လာသည့် ဒေါ်ခင်မြကို သူလှမ်းမြင်လိုက်ရသည်။ ဒေါ်ခင်မြက ထုံးစံအတိုင်း စက်ဘီးကို တရွေ့ရွေ့တွန်းလာနေသည်။ စက်ဘီးကယ်ရီယာပေါ်မှာတော့ တောင်းဝိုင်းဝိုင်းတစ်လုံးကို တင်ထားသည်။ တွေ့နေကျပုံစံအတိုင်းပင်။ အေးမူက ခေါင်းထောင်ပြီး မျှော်ကြည့်လိုက်စဉ်မှာပင် ခပ်အောက်အောက်အသံကို ညှစ်၍ အော်လိုက်သည့် ဒေါ်ခင်မြအသံက လေနှင့်အတူ စီးမျောလာခဲ့သည်။

''ခေါက်ဆွဲကြော် . . .ကြာဆံကြော်ပူပူ ကလေး''

''ဒေါ်ခင်မြ . . .ဒီကိုလာပါအုံး''

အေးမူက အသံပြုလိုက်သည်။ ဒေါ်ခင်မြက လှမ်းကြည့်လိုက်တော့ အေးမူက လက်ကိုပါ ယပ်ပြလိုက်သည်။ ဒေါ်ခင်မြက စက်ဘီးကိုတွန်းပြီး အတွင်းသို့ဝင်လာသည်။ ခုံရှည်ဘေးကိုရောက်လျှင် စက်ဘီးကို ဒေါက်ထောက်လိုက်သည်။

''ဟဲ့ အေးမူ၊ နင် ဒီပြန်ရောက်နေသလား''

''ဟုတ်တယ်၊ ဒီပြန်ရောက်တာ ငါးရက်လောက်ရှိပြီ၊ ဒေါ်ခင်မြ အရင်နေ့တွေက မမြင်ပါဘူး''

''အေး . . .ငါလည်း သိပ်နေလို့ မကောင်းတာနဲ့ အလုပ်နားနေတာဟေ့၊ ခုမှ သက်သာလို့ ပြန်ထွက်လာတာ၊ နင်ဘာစားမလဲ၊ ကြာဆံကြော်လား၊ ခေါက်ဆွဲကြော်လား''

''ကြာဆံကြော်တစ်ထုပ်လောက် ထားခဲ့ပါ၊ ထိုင်ပါအုံး၊ နားစမ်းပါအုံး၊ ရောင်းစရာတွေက ကုန်ခါနီးပီမဟုတ်လား''

''အေး . . .နည်းနည်းပဲကျန်ပါတော့တယ်၊ ငါလည်း နားချင်နေတာနဲ့ အတော်ပါပဲ၊ ထိုင်အုံးမယ်၊ လူက နာလန်ထစဆိုတော့ သိပ်အားမရှိချင်သေးဘူးဟဲ့''

ကြာဆံကြော်တစ်ထုပ်ကို တောင်းထဲက ထုတ်ယူပြီး တုံးစားပွဲပေါ်တင်ထားလိုက်သည်။ အေးမူက ဒေါ်ခင်မြကို ကြာဆံကြော်ဖိုး လှမ်းပေးပြီး ခုံရှည်ပေါ်ပြောင်းထိုင်လိုက်သည်။ ဒေါ်ခင်မြကလည်း အေးမူဘေးတွင် ဝင်ထိုင်သည်။ ချွေးပြန်နေသည့် မျက်နှာကိုလည်း တဘက်ဖြင့် ပွတ်သုတ်လိုက်သည်။

''နင့်အမေတို့လည်း မမြင်ပါလား၊ နင်က နင့်ယောက္ခမနဲ့ ရန်ဖြစ်ပြီး ဆင်းလာတာလား''

''ဒီနေ့ ဥပုသ်နေ့လေ၊ အမေတို့ ကျောင်းသွားကြတယ်၊ ကျွန်မက ယောက္ခမနဲ့ ရန်ဖြစ်လာတာ မဟုတ်ပါဘူး၊ ကျွန်မလည်း ကျန်းမာရေးသိပ်မကောင်းလို့''

''ဟင် . . .ဟုတ်လား၊ နင်ကရောဘာ ရောဂါလဲ၊ နင့်ကြည့်ရတာ အကောင်းကြီးပါ''

လူကိုအကဲခတ်ရင်း ဒေါ်ခင်မြက မှတ်ချက်ချသည်။ ဒေါ်ခင်မြစကားကြောင့်ပင် အေးမူက အကြောင်းစုံကို ရင်ဖွင့်လိုက်ချင်သည့်စိတ်များ တရွရွတက်လာသည်။ ကိုယ့်အကြောင်း ပြောပြရမည့်သူကို မျှော်နေခိုက်မို့ ငိုချင်ရက်လက်တို့ ဆိုသလိုလည်း ဖြစ်သွားသည်။

''မပြောချင်ပါဘူးဒေါ်ခင်မြရယ်၊ ကျွန်မမှာ မိဘစကားကို ယုံမိခါမှ စုံလုံးကန်းတော့တာပဲ၊ ကိုယ့်ဘာသာ အပျိုဘဝနဲ့နေနေတာ ဟုတ်နေပါရက်နဲ့ အိမ်ထောင်ပြုလိုက်ပါ သမီးရဲ့၊ ထွန်းသောင်ကို ယူလိုက်ပါသမီးရဲ့၊ မိန်းကလေးဆိုတာ အချိန်နှောင်းရင် အကျိုးယုတ်လိမ့်မယ် သမီးရဲ့ဆိုပြီး အမေ့စကားကို နာခံလိုက်မိတာ၊ ခုတော့ ကျွန်မမှာ ငါးပါးကြီးကို မှောက်နေရပြီ၊ အပျိုလို မနေမိလို့ ကိုယ်ရိတယ်လေးဆိုတာလို ဖြစ်နေရပြီ''

''ဟုတ်ရဲ့လားဟဲ့၊ နင့် ယောက္ခမ ဒေါ်စိန်မွှေးတို့က ဆင်းရဲကြတာလည်း မဟုတ်ပါဘူး၊ နင်ယူလိုက်တဲ့ ထွန်းသောင်ကလည်း လူအေးမှ တကယ့်လူအေးပါ၊ နင်က ဘာတွေ အဆင်မပြေဖြစ်နေတာလဲ''

''အပြင်လူကတော့ ဒီလိုပဲမြင်ကြတာပဲ၊ တကယ်ပေါင်းကြည့်တဲ့သူကမှ အတွင်းသိ၊ ယောက္ခမအိမ် လိုက်နေရလို့ အစားလည်း မဆင်းရဲပါဘူး၊ အဝတ်လည်း မညှိုးငယ်ပါဘူး၊ ဒါပေမဲ့ ကျွန်မကတော့ ဖြစ်နိုင်ရင် ဒေါ်ခင်မြတို့လိုပဲ ကိုယ့်ဝမ်းစာကိုယ်ကုန်းရုန်းပြီး ရှာစားချင်စားရပါစေ၊ လွတ်လပ်ပြီး ချောင်ချိတဲ့ ဘဝ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရတဲ့ ဘဝမျိုးကိုပဲ ပိုပြီးမြတ်နိုးတယ်၊ ခုဟာက ကျွန်မမှာ ချွေးမသာဆို

တယ်၊ အိမ်ဖော်လုံးလုံး ဖြစ်နေတာပဲ ဒေါ်ခင်မြရဲ့၊ လုပ်လိုက်ရတဲ့အလုပ်၊ မနက်မိုးလင်းကနေ မိုးချုပ်အထိ တစ်လုပ်ထဲကို လုပ်နေရတော့တာပဲ၊ အခု အလုပ်လုပ်ရင်းကနေ မူးလဲရာက ဆေးခန်းသွားပြတော့ ဆရာဝန်က အားသိပ်နည်းနေတယ်၊ အနားယူပေးပါပြောလို့ ကိုယ့်အမေအိမ် ကိုယ်ပြန်နားနေရတာပဲ''

''ဟုတ်လား• • •ဒါ့ဖြင့် နင့်အဖြစ်ကလည်း သိပ်မဟန်ပါလား၊ ဒါနဲ့ ဒေါ်စိန်မွှေးတို့က အိမ်သားတွေလည်း များပါတယ်ဟဲ့၊ သားတွေသမီးတွေရော အားလုံးပေါင်းလိုက်ရင် သူတို့အိမ်မှာ စုစုပေါင်း လူရှစ်ယောက်ကိုးယောက်လောက်တောင် ရှိနေတဲ့ဥစ္စာ''

''အမလေး•••အဲဒီလို လူများလို့လည်း ကျွန်မမှာ ခုလို သေချင်စော်နံနေရတာပေါ့ ဒေါ်ခင်မြရဲ့၊ လူများပြီး ပွဲမစည်ဆိုတာ သူတို့မှ တကယ်မှန်တာ၊ အိမ်သားအားလုံးကတော့ အေးကြပါရဲ့၊ ကျွန်မကိုလည်း ကောင်းသည် ဆိုးသည် ဘာမှမပြောဘဲ တန်းတူရည်တူ ဆက်ဆံကြပါရဲ့၊ ဒါပေမဲ့ သူတို့က ကျွန်မကို သာသာနဲ့နာနာ ဝိုင်းဖွပ်နေကြတာပဲ။ အသံတိတ် နှိပ်စက်နေကြတာပဲ၊ ချက်ရပြုတ်ရတာလည်း ကျွန်မပဲ၊ ချက်ရပြုတ်ရတာတော့ ထားပါတော့၊ ချက်ပြုတ်ပြီးတဲ့ အပြင် ဟင်းထမင်းတွေကိုပါ သူတို့အတွက် ခူးခပ်ပြင်ဆင်ပေးရပြန်တယ်။ သူတို့အိမ်က လူများတယ်၊ အိုးစားကြီးတယ်၊ အလုပ်သွားမယ့်သူနဲ့ အိမ်မှာ ကျန်ခဲ့မယ့်သူ၊ အရင်စားမယ့်သူနဲ့ နောက်မှ စားမယ့်သူ၊ အဲဒါတွေအတွက် လိုအပ်သလို ခွဲဝေပိုင်းခြားပေးရတယ်၊ အဲဒီလိုမှမလုပ်ရင် မရဘူး၊ ရှေ့လူက စားချင်သလောက် စားသွားပြီး နောက်လူအတွက် ဘာမှမကျန်ခဲ့လို့ ခဏခဏပြဿနာတက်ရတယ်၊ နောက်ဆုံးမှ စားရတာလည်း ကျွန်မပဲ၊ မလောက်ရင် ပြန်ချက်ရတာလည်း ကျွန်မပဲ''

''နေပါအုံးဟဲ့• • •သူတို့အိမ်မှာ သားလူပျိုတွေကတော့ထားပါတော့၊ မိန်းကလေးတွေချည်း သုံးယောက်တောင် ရှိသေးသမို့လား၊ သူတို့ကရော နည်းနည်းပါးပါး ဝိုင်းမလုပ်ကြဘူးလား''

''လုပ်တော့ရော ဒေါ်ခင်မြရယ်၊ ဟန်ပြလောက်သာ ရှိတော့မပေါ့၊ ကောင်မလေးတွေက အိုးမည်းအပေခံနိုင်ဖို့ ဝေးသေး၊ လက်က လက်သည်းဆိုးဆေးကိုတောင် အပွန်းအပဲ့ မခံချင်ကြတဲ့ဟာတွေ၊ မီးဖိုချောင်ကိစ္စကိုထားပါ၊ သူတို့ အဝတ်အစားတွေကိုတောင်မှ ကျွန်မက မလျှော်ပေးရတာကံကောင်း၊ ဘယ်–သူတို့က လှချင်တာလောက်သာသိပြီး အပျင်းက အတော်ထူတဲ့ဟာမလေးတွေပဲ၊ တစ်ပတ် ဆယ်ရက်လောက် ထိုးသိပ်ထည့်ထားတဲ့ သူတို့အဝတ်တွေကို လျှော်ကြပါဟဲ့၊ ဖွပ်ကြပါဟဲ့ဆိုပြီး သူတို့အမေကိုယ်တိုင်က လှုံ့ဆော်ပေးနေရတဲ့ဥစ္စာ၊ ဒီတော့ လျှော်တောင် သူတို့က ကိုယ့်အဝတ်အစားလောက်ပဲ လျှော်ကြတော့မပေါ့၊ တခြားသူရဲ့ အဝတ်အစားဆိုမိဘအဝတ်အစားတောင် လျှော်ပေးရကောင်းမှန်း သိကြတဲ့ဟာတွေ မဟုတ်ဘူး၊ ဒါကလည်း ကျွန်မက ယောကျ်ားအဝတ်၊ ကလေးအဝတ်၊ ယောက္ခမနှစ်ယောက်စလုံးရဲ့ အဝတ်တွေကိုပါ လျှော်ပေးနေမှန်းသိတော့ သူတို့က နေသာလို့ နေလိုက်ကြတာပါ၊ ပြောရရင် ကျွန်မယောကျ်ား ကိုထွန်းသောင်ရဲ့ ညီတွေဖြစ်တဲ့ ထွန်းမောင်တို့ထွန်းအောင်တို့ရဲ့ အဝတ်တွေကိုပါ ကျွန်မကပဲ လျှော်ပေးရတာပါ၊ သူတို့က ကိုယ့်အဝတ်ကိုယ် လျှော်ဝတ်တယ်ဆိုပေမယ့် တူတူတန်တန် လျှော်တတ်ကြတာမှ မဟုတ်ဘဲ၊ အဝတ်အစားကောင်းတွေကျတော့ ကျွန်မကပဲ ပြောင်စင်အောင် လျှော်ဖွပ်ပေးရတာပေါ့''

''နောက်ပြီး လျှော်ပေးရုံနဲ့ ပြီးသလားဆိုတော့ မပြီးသေးဘူးရှင့်၊ ပြောရရင် ကျွန်မယောကျ်ား ကိုထွန်းသောင်ကတောင် ဒီလောက် ချေးမများဘူး၊ ယောက္ခမအဘိုးကြီးက အင်္ကျီပုဆိုးကို အမြဲတမ်း ဒိုဘီကျမှဝတ်ချင်တာ၊ ဒီတော့ ကျွန်မမှာ အဝတ်တွေတစ်ပုံကြီးကိုလည်း မီးပူတိုက်ပေးရပြန်တယ်၊ ကျွန်မအဖြစ်ကို စဉ်းစားသာကြည့်ပါတော့ ဒေါ်ခင်မြရယ်''

''ဒါနဲ့ နင်က အိမ်အလုပ်တွေနဲ့ ဒီလောက်တောင် ချာလပတ်ရမ်းနေတော့ နင့်သားလေးကိုကျတော့ ဘယ်သူက ဂရုစိုက်ပြီး လုပ်ကိုင်ပေးနေသလဲ''

''အောင်မလေး • • •ဒေါ်ခင်မြရယ်၊ မေးမှ မေးတတ်ပလေ၊ ကလေးကိစ္စကိုလည်း ကျွန်မမှ မလုပ်ပေးရင် ဘယ်သူက လုပ်ပေးမှာတုန်း၊ ကလေးက ပထမတန်းရောက်နေပြီ၊ ဒါပေမဲ့ ခုထိ မအေကို ဆိုးချင်နွဲ့ချင်နေတုန်း၊ ယောကျ်ားလုပ်တဲ့သူကလည်း အေးတာမှ သောက်မြင်ကပ်လောက်အောင်ကို အေးတာ၊ ကလေးက ဖအေကို အားကိုး မရမှန်းသိတော့ ကျွန်မဘက်ချည်း လှည့်လှည့်လာတယ်၊ ဘာမဟုတ်တဲ့ ကျောင်းသွားခါနီး ခဲတံချွန်တဲ့ကိစ္စလေးကအစ မအေပဲ၊ ကျွန်မ ဒီမလာခင် တစ်ရက်လောက်ကပေါ့၊ ကျွန်မက ထမင်းအိုးကြီးကို ထမင်းရည် ငှဲ့နေတယ်၊ အဲဒါ ကလေးက ဘေးကိုရောက်လာပြီး 'အမေ့–ခဲတံချွန်ပေးအုံး' ဆိုပြီး လာပြောနေလို့၊ ကျွန်မက ထမင်းအိုးအဖုံးပွင့်ကျမှာလည်း စိုးရ၊ ကလေးကို ထမင်းရည်ပူလောင်မှာလည်း စိုးရနဲ့၊ စိတ်တော်တော့ကိုတိုတယ်၊ ဒါနဲ့ ကျန်တဲ့လူတွေက

ကောင်မလေးတွေက အိုးမည်းအပေခံနိုင်ဖို့ ဝေးသေး၊
လက်က လက်သည်းဆိုးဆေးကိုတောင်
အပွန်းအပဲ့ မခံချင်ကြတဲ့ဟာတွေ၊ မီးဖိုချောင်ကိစ္စကိုထားပါ . . .

သေနေလို့ ငါ့ကိုပဲ ခဲတံလာချွန်ခိုင်းရသလား ဆိုပြီး ကလေးကိုငေါက်ရင်း ရောပြီးကျိန်ဆဲပစ်လိုက်တယ်''

''အေးပါဟယ်၊ နှင့်ဒုက္ခက သေးမှ မသေးဘဲ၊ ခုမှ ငါသတိထားမိတယ်၊ နှင်တော်တော့ကို ချောင်သွားတာပဲ''

''မချောင်ဘဲနေပါ့မလား၊ ကျွန်မ မိုးလင်းအောင် ဘယ်တော့မှာမှ မအိပ်ရဘဲ မိုးချုပ်တော့လည်း ညဉ့်နက်မှ အိပ်ရာဝင်တယ်၊ အိမ်မှာက ရေတွင်းရှိတယ်၊ ရေတွင်းက မော်တာတော့ တပ်ထားတယ်၊ ဒါပေမဲ့ မော်တာက ပျက်နေတာကများနေတယ်၊ ဒါကြောင့် ရေကို ပုံးနဲ့ငင်နေရတာက များတယ်၊ လူတွေက ချိုးရေကိုတော့ ကိုယ့်ဘာသာငင်ပြီး ချိုးသွားကြတာပေါ့၊ သုံးရေကျတော့ ကျွန်မမှ မငင် ဘယ်သူကငင်မလဲ၊ မနက်ကျတော့ အလွယ်တကူ ချက်နိုင်ပြုတ်နိုင်အောင်လို့ ကျွန်မက မအိပ်ခင် ရေတစ်စည်လောက်ရအောင် ငင်နေရပြန်တယ်၊

ဒေါ်ခင်မြက ကျွန်မကို ပိန်သွားပြီပြောတယ်၊ ပိန်မှာပေါ့၊ ကျွန်မ လူလည်းပန်း၊ စိတ်လည်းညစ် ဖြစ်နေရတာ ဘယ်လောက်ကြာပြီလဲ၊ ကိုယ့်ခေါင်းကိုတောင် ဆီမထည့်နိုင်ဘဲ ဆံပင်ပြောင်းဖူးမွေးဖြစ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ ယောက္ခမဒေါ်စိန်မွေးက တစ်နေ့စာ၊ တစ်နေ့စာကို ဈေးတော့ ဝယ်ပေးပါရဲ့၊ ဒါပေမဲ့ သူက ဈေးဝယ်ပေးပြီးတာနဲ့ ပွဲစားပီပီ သူ့ဘာသာ ကျော့ကျော့မော့မော့ ဝတ်စားပြီး သူ့အလုပ်ရှိရာကို ထွက်သွားတော့တာ၊ ကျွန်မကသာ မီးခိုးတွေ တအူအူကြားထဲ ချက်ကျန်နေခဲ့ရတာ၊ တစ်ခါတလေ ချင်းတက်တို့၊ မန်ကျည်းမှည့်တို့လို မီးဖိုချောင်သုံးပစ္စည်းတွေ ပြတ်လပ်နေတဲ့အခါ ဘယ်သူ့မှ ဝယ်ခိုင်းစရာမရှိဘူး၊ ကိုယ်တိုင်ပဲ ထမင်းအိုး၊ ဟင်းအိုးတန်းလန်းနဲ့ ထဝယ်ရတယ်၊ ဒီကြားထဲ ကိုယ့်သားလေးအတွက် ဖိနပ်တို့၊ အဝတ်အစားတို့ကိုလည်း သူနဲ့လိုက်မယ့် အဆင်ကလေးတွေကို ကိုယ်တိုင် ဈေးထဲလိုက်ပြီး ဝယ်ပေးရပြန်တယ်၊

ကျွန်မမှာ အလုပ်နဲ့လက် ပြတ်ရတဲ့ အချိန်ဆိုလို့ ဘယ်မှရှိသလဲ၊ ဒေါ်ခင်မြ စဉ်းစားကြည့်၊ ကျွန်မလေ တစ်ခါတလေ လုပ်ရင်းကိုင်ရင်းကနေ လဲသေလိုက်ပါစေတောင် ဆုတောင်းမိတဲ့အထိပဲ၊ ဒါပေမဲ့ ဆုတောင်းလည်း မပြည့်ပါဘူး၊ ခုလို အားပြတ်ပြီး မူးလဲသွားတော့မှ ကျွန်မဖြင့် ဝမ်းသာလိုက်တာ၊ ဆရာဝန်က အေးအေးဆေးဆေး အနားယူရမယ်လို့လည်းပြောရော ထီပေါက်တဲ့သတင်း ကြားလိုက်ရသလိုပဲ၊ ငါ့အမေအိမ်မှာပဲ ငါပြန်နားမယ်၊ ဘယ်သူမှ လိုက်မလာနဲ့လို့ လင်ကိုရော၊ သားကိုရော အပြတ်ပြောထားခဲ့ပြီး တစ်ခါတည်း ဒီပြန်လာခဲ့တာပဲ၊ ကျွန်မဖြင့် ကံဆိုးတာပါပဲ ဒေါ်ခင်မြရယ်၊ ဒီ ကိုထွန်းသောင်ဆိုတဲ့လူကို ချစ်လို့လည်းမဟုတ်ရပါဘူး၊ ကြိုက်လို့လည်း မဟုတ်ရပါဘူး၊ ဒေါ်စိန်မွေးကြီးက ချွေးမအရှာထွက်ရာကနေ ကျွန်မအမေနဲ့တွေ့၊ ကျွန်မအမေက ငါ့သမီးလေး သူတို့အသိုင်းအဝိုင်းထဲရောက်ရင် ကောင်းစားရချည်သေးရဲ့လို့ အထင်တွေကြီးပြီး ကျွန်မကို နားချရာက ကျွန်မလည်း ခေါင်းညိတ်လိုက်မိတာ၊ ခုတော့ ကျွန်မမှာ သူတို့ရဲ့ အိမ်ဖော်ကြီးကိုဖြစ်လို့''

''ဒီဝဋ်ကကျွတ်အောင် အိမ်ခွဲနေဖို့၊ ကိုယ့်စီးပွားနဲ့ကိုယ်လုပ်ဖို့ လင်လုပ်တဲ့သူကို တိုက်တွန်းကြည့်ပါတယ်၊ လင်က တုတ်တုတ်တောင် မလှုပ်ဘူး၊ ငုတ်တုတ်ဟာ ငုတ်တုတ်ပဲ၊ ဘာအကြံအစည်၊ ဘာအမျှော်အမြင်မှ မရှိဘူး၊ ကိုယ့်မိသားစုရဲ့ ရှေ့ရေးဖြောင့်ဖြူးဖို့၊ ကိုယ့်သားမယား သက်သာချောင်ချိဖို့ ဘာဆိုဘာမှ မမြင်တတ်၊ မတွက်တတ်ဘူး၊ ကျွန်မတော့ ဒီနွံထဲကနေ ဘယ်တော့မှ လွတ်နိုင်တော့မယ် မထင်ပါဘူး ဒေါ်ခင်မြရယ်''

''အေးဟယ်–နှင့်အဖြစ်သနစ်တွေ သိလိုက်ရတာ ငါတောင် တော်တော်စိတ်ညစ်သွားတယ်၊ ကိုယ်ချင်းလည်း စာမိပါတယ်၊ တို့ကတော့ လုံးဝပဲပေါ့၊ ငါ့မှာလည်း သမီးတွေရှိတယ်၊ ဘယ်လောက်ပဲ ချမ်းသာတယ်ပြောပါစေ၊ သူတို့ရဲ့ ငွေဝယ်ကျွန်သဘောမျိုး၊ သူတို့ရဲ့ အိမ်ဖော်သဘောမျိုးတော့ ဘယ်တော့မှ အရောက်မခံဘူး၊ ကိုယ့်သားသမီးကို ဘယ်တော့မှ မျက်ရည်နဲ့မျက်ခွက်အဖြစ်မခံဘူး၊ ကိုင်း・・・ငါသွားလိုက်အုံးမယ်ဟယ်၊ ရောင်းစရာ နည်းနည်းကျန်သေးတယ်''



''သွား • • •သွား • • •ဒေါ်ခင်မြ''

ဒေါ်ခင်မြက ထိုင်ရာမှထသည်။ ထို့နောက် စက်ဘီးကိုတွန်းကာ ပြန်ထွက်သွားသည်။ လမ်းပေါ်ရောက်သည်နှင့် 'ကြာဆံကြော် • • •ခေါက်ဆွဲကြော် • • •ပူပူလေး'ဟု နှစ်ခွန်းသုံးခွန်းမျှ ဆက်အော်သွားသည်။ အေးမူက ကိုယ့်ခံစားချက်ကို ရင်ဖွင့်လိုက်ရသဖြင့် ပေါ့ပါးသလိုတော့ ရှိသည်။ ထိုင်ရာက ဖျတ်လတ်စွာထ၍ တုံးစားပွဲပေါ်က ကြာဆံကြော်ထုပ်ကို ကောက်ယူကာ အိမ်ထဲသို့ ဝင်သွားလိုက်သည်။

▼ ▼ ▼ ▼ ▼

ညပိုင်းရောက်တော့ လက ထိန်ထိန်သာနေသည်။ လပြည့်ည၏ လဝိုင်းဝိုင်းကြီးက မန်ကျည်းကိုင်းတွေကြားမှာ ခိုနားလျက်ရှိသည်။ အမေတို့က ဥပုသ်သည်တွေမို့ အိမ်ပေါ်မှာပင် ပုတီးစိတ်နေကြသည်။ အေးမူကတော့ မနက်တုန်းကလိုပင် မန်ကျည်းပင်အောက်က ကုလားထိုင်ပေါ်မှာ ထိုင်နေမိသည်။ သူနေလို့တော့ တော်တော်ကောင်းနေပါပြီ။ အားလည်း တော်တော်ရှိနေပါပြီ။ သို့ငြား ယောက္ခမအိမ်သို့ မပြန်ချင်သေး။ သည်မှာပင် ရသလောက် ဆက်နားနေချင်သေးသည်။ သို့ကြောင့်ပင် တစ်နေ့တစ်ခေါက် လာရောက်နေကျ လင်ဖြစ်သူ ကိုထွန်းသောင်တို့ သားအဖကို သူ အားလျော့နေသေးကြောင်း၊ အစားအသောက် မမှန်ချင်သေးကြောင်း စသဖြင့် အကြောင်းပြကာ နေ့စဉ် ပြောပြောလွှတ်လိုက်သည်။

အေးမူက ကောင်းကင်ကိုမော့ကြည့်လိုက်မိသည်။ သူ့စိတ်ထဲတွင် အမေ့အိမ်မှ မြင်ရသော လမင်းကြီးက ယောက္ခမအိမ်မှ မြင်ရသော လမင်းထက် ပို၍သာယာလှပနေသယောင် ထင်မြင်လိုက်မိသည်။ ယင်းအခိုက် ဝင်းပေါက်ဆီမှ လူရိပ်လိုလို အရာတစ်ခုကို တွေ့လိုက်ရသည်။ လှမ်းအသံပြုလိုက်သံကိုပါ ကြားရသည်။

''မမမူ • • •မမမူ ရှိလားဟင်''

''အေး • • •ရှိပါတယ်ဟေ့၊ ဝင်ခဲ့လေ၊ ဘယ်သူလဲမသိဘူး''

''ကျွန်မပါ၊ ဥမ္မာပါ၊ မမမူဆီ အလည်လာတာ''

''အေး • • •အေး၊ လာဟေ့–ဥမ္မာ၊ ဒီမှာ ထိုင်''

ဥမ္မာဆိုသောမိန်းကလေးက လရောင်ထဲကဖြတ်လာပြီး မန်ကျည်းရိပ်အောက် ဝင်လာသည်။ ပြီးလျှင် သူမက အေးမူဘေးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဤဥမ္မာဆိုသော မိန်းကလေးက အခြားသူမဟုတ်ပေ။ နံနက်က အေးမူထံဝင်လည်သွားသည့် ဒေါ်ခင်မြ၏ သမီးပင်ဖြစ်သည်။ သည်ကောင်မလေး၏ မလာစဖူး အလာထူးပုံကိုလည်း သတိထားလိုက်မိသည်။

''ဘာဟင်းစားခဲ့လဲ ဥမ္မာ၊ ဆိုင်သိမ်းခဲ့ပြီပေါ့''

''ဟုတ်ကဲ့၊ သိမ်းခဲ့ပြီ မမမူ၊ ဒီနေ့ ဘာဟင်းလဲဆိုတော့ မျှစ်နဲ့ မှိုနဲ့ ရောကြော်တာရယ်၊ ဆိုင်က ဝက်ခေါင်းသုတ်ရယ်နဲ့ စားခဲ့တယ်''

ဒေါ်ခင်မြက အိမ်တွင် စားသောက်ဆိုင်ကလေး တွဲဖွင့်ထားသည်။ ဆိုင်တွင် ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ဆီချက်၊ ဝက်သားသုတ်၊ ဝက်ခေါင်းသုတ် စသည်ဖြင့် ရောင်းသည်။ ဆိုင်တွင်ရောင်းရုံမက အသင့်ပါဆယ်ထုပ်ပြီးသား ခေါက်ဆွဲကြော်၊ ကြာဆံကြော်များကို ဒေါ်ခင်မြက စက်ဘီးဖြင့် ရပ်ကွက်တကာလှည့်ကာ ရောင်းချလေသေးသည်။

''နင့်အမေတောင် မနက်က ငါ့ဆီမှာ ခဏဝင်နားပြီး ငါနဲ့ စကားတွေပြောသွားသေးတယ်၊ နင်က အခု ငါ့ဆီအလည်သက်သက်ပဲလား''

''ဟုတ် • • •ဟုတ်ကဲ့ • • •ဟိုဒင်း''

ဥမ္မာက စကားတွေထစ်နေသည်။ မျက်နှာအမူအရာကပါ ရှက်ကိုးရှက်ကန်း၊ အိုးတိုးအမ်းတန်း ဖြစ်နေသည်။ မန်ကျည်းရိပ်အောက်တွင် ဖြစ်လင့်ကစား ထိုအဖြစ်က သိသာပေါ်လွင်နေသည်။ သည်ကောင်မလေး နည်းနည်းတော့ ထူးနေမှန်း အေးမူက ရိပ်မိလိုက်သည်။

''ဘာကိစ္စရှိလို့လဲ ဥမ္မာရဲ့၊ ပြောစရာရှိတာ ပြောပါ''

''ဟုတ်ကဲ့ မမမူ၊ ကျွန်မ မမမူကို မေးစရာလေးတွေရှိလို့ပါ၊ ဒီအကြောင်းတွေကို အမေတို့ကိုတော့ ဘာမှပြန်မပြောပါနဲ့နော် မမမူ''

''အေးပါ–စိတ်ချပါ၊ နင်မေးစရာရှိတာသာ မေးစမ်းပါ''

အေးမူက ကောင်းကင်ကို
မော့ကြည့်လိုက်မိသည်။
သူ့စိတ်ထဲတွင် အမေ့အိမ်မှ
မြင်ရသော လမင်းကြီးက
ယောက္ခမအိမ်မှ မြင်ရသော
လမင်းထက်
ပို၍သာယာလှပနေသယောင် . .



**ယင်းအခိုက်
သူ့ခေါင်းထဲတွင်
အလင်းတန်းတစ်ခုက
ဖျတ်ခနဲ
ပြိုးပြက်လက်သွားသည်**



''ဟုတ်...ဟုတ်ကဲ့၊ ကျွန်...ကျွန်မကိုထွန်းအောင်အကြောင်း နည်းနည်းလောက် မေးကြည့်ချင်လို့''

သိလိုက်ပြီ။ မိမိ၏ မတ်တော်မောင် ထွန်းအောင်နှင့် သည်ကောင်မလေး တစ်စုံတစ်ရာ ပတ်သက်နေပြီမှန်း အေးမူ သိလိုက်ပြီ။ ထို့ကြောင့် လူက လှုပ်လှုပ်ရှားရှား ဖြစ်သွားခြင်းနှင့်အတူ ဥမ္မာ့ကိုပါ ရေလာမြောင်းပေး စကားမျိုးကို အလိုက်သင့် ချခင်းပေးလိုက်သည်။

''နင်နဲ့ ထွန်းအောင်နဲ့က ဖြစ်နေကြလို့လား၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပါဟဲ့''

''ဖြစ်တော့ မဖြစ်သေးပါဘူး မမမူ၊ သူက အဖြေတောင်းထားတာတော့ ကြာပါပြီ''

သည်လိုကိုး။ ထွန်းအောင်က အဖြေတောင်းထားသတဲ့။ ကြည့်ရတာ သည်ကောင်မလေး ထွန်းအောင်ဘက်ကို ယိမ်းတော့ယိမ်းသလိုလိုရှိနေပေပြီ။ သည်အတောအတွင်း ထွန်းအောင်နှင့် ထွန်းအောင် မိသားစုအကြောင်းကို မိမိထံမှ လာရောက်သတင်းစုံစမ်းခြင်း ဖြစ်မည်ဟု အေးမူက သဘောပေါက်လိုက်သည်။ သို့သော် သူက သေချာအောင်တော့ ထပ်မေးလိုက်မိသည်။

''ငါက သူတို့မိသားစုထဲကို ရောက်နေတဲ့သူပဲ၊ သူတို့အားလုံးရဲ့အကြောင်းကို အူမချေးခါးမကျန် သိတာပေါ့၊ ကြည့်ရတာ နင် ထွန်းအောင်ကို သဘောကျနေပါပြီ၊ ဟုတ်တယ် မဟုတ်လား''

ကောင်မလေးက ခွန်းတုံ့မပြန်။ ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး တစ်ချက်ရယ်သည်။ မျက်နှာကိုပါ ငုံ့လိုက်သည်။ ဒါဆို သေချာပြီ။ သည်ကောင်မလေး ထွန်းအောင်ကိုကြိုက်နေပြီ။ သည်တော့ မိမိကလည်း ဒင်းတို့မိသားစုအကြောင်းကို အိတ်သွန်ဖာမှောက် ပြောပြရတော့မည် ပေါ့။ ထို မိသားစု အကြောင်း စိတ်ရောက်သွားမိသည်နှင့် အေးမူ အံကိုမသိမသာကြိတ်လိုက်မိသည်။ ခံစားချက်တွေကပါ တအိအိရှန်းကြွလာသည်။ မိမိဘဝ အကျဉ်းသားပမာ၊ အိမ်ဖော်ပမာ ဖြစ်ခဲ့ရသည့် အကြောင်းတွေ၊ သက်သာချောင်ချိမှုဟူ၍ တစ်စက်ကလေးမျှ မရှိခဲ့သည့်အကြောင်းတွေကို ဖွဲ့နွဲ့စီကုံးပြစရာ စကားလုံးတွေကလည်း လည်ချောင်းဝတွင် တိုးဝှေ့ပြည့်ကျပ်လာသည်။

ယောက္ခမကြီး ဒေါ်စိန်မွေးမှုစပြီး အောက်ဆုံးလူဖြစ်သော အငယ်ဆုံးသမီး အပျိုပေါက်မအထိ သူတို့အိမ်သား အားလုံး၏ မကောင်းကြောင်းကို ဗာရာဏသီချဲ့၍ ပြောပြပေတော့အံ့ဟု အေးမူ ပါးစပ်ပြင်လိုက်သည်။ ယင်းအခိုက် သူ့ခေါင်းထဲတွင် အလင်းတန်းတစ်ခုက ဖျတ်ခနဲ ပြိုးပြက်လက်သွားသည်။ ဖြတ်ထိုးဝင်ရောက်လာသည့် ဆင်ခြင်တုံတရားနှင့်အတူ အဖိုးတန်အသိတစ်ခုကို ရှောင်တခင် သူရရှိလိုက်သည်။

မြတ်စွာဘုရား...။ ယောက္ခမအိမ်က မကောင်းကြောင်းတွေ သည်ကောင်မလေးကို ဖွင့်ချမိတော့မလို ဖြစ်သွားပါပေါ့လား။ ဒါအမှားပဲ။ မဟာအမှားကြီးပဲ။ မိမိက ခံစားချက်တွေ တနင့်တပိုးနှင့် ဖွင့်ချပြလိုက်မည်။ ဒါတွေကို နားထောင်ပြီး သည်ကောင်မလေးက စိတ်ညစ်သွားလိမ့်မည်။ စိတ်ပျက်သွားလိမ့်မည်။ ရှေ့တိုးဖို့ ပြင်ဆင်ထားသည့်သူ့ ခြေလှမ်းတွေကိုလည်း ပြန်ရုတ်သွားလိမ့်မည်၊ ပြန်ဆုတ်သွားလိမ့်မည်။ ထိုရောအခါ...။

ကောင်မလေးကို ယောက္ခမအိမ်တွင်းရေးတွေ ခရေစေ့တွင်းကျ ဖောက်သည်ချလိုက်မည်ဆိုအံ့၊ စင်စစ် သည်လုပ်ရပ်က မိမိအကျိုး၊ မိမိအခွင့်အရေးကို မိမိဘာသာ ရိုက်ချိုးလိုက်သလို၊ ပိတ်သိမ်းလိုက်သလို ဖြစ်နေပါကလား။ အမှန်မတော့ သည်ကောင်မလေးသာ သူတို့အသိုင်းအဝိုင်းထဲကို ရောက်သွားပါက သူသာလျှင် ချွေးမသစ်ကလေးအဖြစ် မိမိအလုပ်၊ မိမိတာဝန်တွေကို ခွဲဝေယူမည့်သူ မဟုတ်ပါလား၊ တစ်နည်းအားဖြင့် မိမိကို အသက်ရှူချောင်အောင်၊ သက်သာရာရအောင် ကူညီမည့်သူ၊ စစ်ကူပေးမည့်သူ မဟုတ်ပါလား။

မိမိက ချွေးမအကြီးဖြစ်သည်။ အသစ်ရောက်လာသည့် ချွေးမအငယ်အား မိမိအလုပ်တွေကို တစ်ဝက်မက သုံးပုံနှစ်ပုံလောက်ပင် လွှဲအပ်လိုက်နိုင်သည့် အခွင့်အရေးမျိုး မိမိမှာ အလိုအလျောက် ရှိလာနိုင်သည်။ ပြီးတော့ ချွေးမအသစ်ရလာပြီမို့ မိမိတို့ လူဟောင်းများကို အိမ်ခွဲခွင့်တည်းဟူသော အခွင့်အရေးကိုလည်း ယောက္ခမများက ရုတ်တရက်ပေးလာနိုင်သည်။ သည်အကျိုးအမြတ်တွေက နည်းနည်းနောနော

မဟုတ်ပေ။ ထို့ကြောင့် မိမိအနေနှင့် သည်ယုန်ကိုမြင်မှတော့ သည်ချုံကိုထွင်ဖို့ ကောင်းလှပေပြီ။ ဥမ္မာမည်သော ဤမလိမ်မိုး မလိမ်မာကလေးအား မည်သည့်စကားမျိုးဖြင့် ပြောကြားနားသွင်းပေးရမည်ကို ခွဲခြားသိရှိဖို့ ကောင်းလှပေပြီ။

သို့နှင့်ပင် ရုတ်တရက်ပေါ်ပေါက်လာသည့် အတွေးအကြံနှင့်အတူ အေးမူက စိတ်ကိုပြောင်းလိုက်သည်။ မျက်နှာနှင့် အမူအရာကိုပါ ပြောင်းလိုက်သည်။ ထို့နောက်–

''စိတ်ကူးမလွဲနဲ့ ဥမ္မာ၊ ထွန်းအောင်က သိပ်တော်တာဟုတ်၊ ခုခေတ် လူငယ်တွေထဲမှာတော့ ရှာမှရှားပဲ၊ နောက်ပြီး သူတို့တစ်အိမ်သားလုံးကလည်း ဘာမှ ပြောစရာမရှိအောင်ကို ကောင်းကြတာ၊ ယောက္ခမတွေကဆို ကိုယ့်ချွေးမအပေါ် သိပ်ချစ်၊ သိပ်အလိုလိုက်ကြတာ၊ ခု ငါ့ကို ကြည့်ပါလား၊ ငါ့အမေအိမ်မှာ အေးအေးဆေးဆေး ပြန်နေချင်တဲ့ အချိန်နေလို့ရတယ်၊ ဘယ်သူမှ မတားဆီးဘူး၊ မကန့်ကွက်ဘူး၊ နင် ထွန်းအောင်ကို မြန်မြန်သာ အဖြေပေးလိုက်၊ ကြားလား–ဥမ္မာ''

ဟူ၍ အင်တိုက်အားတိုက်ပင် တရစပ်ပြောနေမိတော့သည်။ ဥမ္မာဆိုသော မိန်းကလေးကား အေးမူ လေမိကာ အငေးသားလေး နားစိုက်ထောင်နေရှာသည်။ ဥမ္မာက စိတ်ပါလက်ပါ နားထောင်နေလေလေ၊ အေးမူက ရွှန်းရွှန်းဝေအောင် ဖွဲ့ကာနွဲ့ကာနှင့် ပိုပြောလေလေ ဖြစ်နေပေရာ နံနက်တုန်းက မိခင်ဖြစ်သူကို ပြောခဲ့သည့်စကားနှင့် ယခုသမီးဖြစ်သူကို ပြောပြနေသော စကားတို့က ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိနေပေသည်။ ထိုအဖြစ်၏ အံ့သြစရာကောင်းလှပုံကို အေးမူက သိပင်သိငြားသော်လည်း အိမ်ဖော်အသစ်ကလေးတစ်ယောက် မြန်မြန်ရရှိပါမည့်အရေး ရှေ့သို့သာ အာရုံစိုက်ပြီး လှော်ပြီးရင်း လှော်နေမိတော့၏။

**ရဲမြတ်တင်(အမျိုးသားစာပေဆုရ)**



## အပေါ်ကကြည့်တော့ တစ်မျိုး




လူတစ်ယောက် အပေါင်ဆိုင်တစ်ဆိုင်သွားပြီး ငွေချေးတယ်။ ဆိုင်ပိုင်ရှင်က သူလိုတဲ့ငွေကိုချေးဖို့ သဘောတူတယ်။ ဒါပေမဲ့ 9 ရာခိုင်နှုန်း အတိုးပေးရမယ်လို့ ပြောတယ်။

ဒီလောက်များတဲ့ အတိုးနှုန်းကို မပေးလိုဘူးလို့ ငွေချေးမယ့် လူက ငြင်းတယ်။

''9 ရာခိုင်နှုန်းဆိုတာ အတိုးများလွန်းတယ်၊ တရားဥပဒေနဲ့လည်း မညီဘူး၊ ဒီလိုကိစ္စမျိုးကို ဘုရားသခင် ကြည့်နေမယ်လို့ဆိုတာ ခင်ဗျား မသိဘူးလား''

''သိပ်သိတာပေါ့ ကိုယ့်လူ၊ ဒါပေမဲ့ ကောင်းကင်ဘုံက ဘုရားသခင်က အောက်ကိုကြည့်တဲ့အခါ ဒီ 9 ဆိုတဲ့ဂဏန်းကို 6 လို့ပဲ မြင်မယ်လေ''လို့ အပေါင်ဆိုင်ပိုင်ရှင်က ပြန်ရှင်းပြလိုက်ပါတယ်။

**မောင်သီဟ**



# ဂင်းနက်စ်မှတ်တမ်းများ

ကိုခန့်(သုတေသန)



## ဖော့ဖယောင်းလို ပျော့ပျောင်းသူ

အီတလီနိုင်ငံ၊ ရောမမြို့၌ ဖေဖော်ဝါရီလ ၃ ရက်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Lo Show dei Recordအစီအစဉ်တွင် ဗြိတိန်နိုင်ငံသူ လိုင်လာနီ ဖရန်ကို၏ ခန္ဓာကိုယ်ပျော့ပြောင်းမှု သရုပ်ပြသ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်ဖြစ်ခဲ့ပါသည်။ အစီအစဉ်အရ ဗြိတိန်နိုင်ငံသူ လိုင်လာနီဖရန်ကိုသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်၌ ပုံတွင်ပြထားသည့်အတိုင်း ဝမ်းလျားမှောက်ကာ သူမ၏ နောက်ခြေနှစ်ချောင်းအား နောက်လှန်ညွှတ်ကွေးပြီး အရာဝတ္ထုများအား လက်နှင့်ကိုင်တွယ်အသုံးပြုသည့်အလား သရုပ်ပြသသွားနိုင်ခဲ့ပါသည်။ ပြပွဲ၏ နောက်တပ်အစီအစဉ်တစ်ရပ်အဖြစ် ဖရန်ကိုသည် သူမ၏နောက်ခြေနှစ်ချောင်းအား နောက်လှန် ညွှတ်ကွေးထားသည့်အတိုင်း ခါးမပါဘဲနှင့် တစ်မိနစ်အတွင်း ၂၅ပတ်တိတိကို လှည့်လည်သရုပ်ပြသမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဗြိတိန်နိုင်ငံသူ လိုင်လာနီဖရန်ကိုအား ပွဲအပြီးတွင် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်လက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။



# ကမ္ဘာ့အသက်အကြီးဆုံး ကိုယ်ချင်းဆက်အမြွှာ





ဖေဖော်ဝါရီလ၅ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းအရ ကမ္ဘာ့အသက်အကြီးဆုံး ကိုယ်ချင်းဆက်အမြွှာအဖြစ် အမေရိကန်နိုင်ငံမှ Roonnie နဲ့ Donnie Galyon တို့ဟာ ယနေ့တိုင် မှတ်တမ်းဝင်နေဆဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ညီနောင်နှစ်ဦးဟာ ၂၀၀၉ခုနှစ်ကတည်းက ဂင်းနက်စ်မှတ်တမ်းဝင်ထားတာပါ။ ၁၉၅၁ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ မွေးဖွားခဲ့တဲ့ ညီနောင်တို့ဟာ ယနေ့ဆိုရင် အသက် ၆၁ နှစ်ကျော်သွားပြီ ဖြစ်ပါတယ်။ သူတို့ရဲ့ဘဝဟာ အခက်အခဲမျိုးစုံနဲ့ ကျင်လည်ခဲ့ရပါတယ်။ မိဘများကလည်း မပြည့်စုံတော့ ကျောင်းလည်းမထားနိုင်ခဲ့ဘူး။ ထားရင်လည်း အခြားကလေးငယ်များက နှိမ့်ချကြမှာကိုလည်း စိုးရိမ်ထိတ်လန့်လို့ ဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ မိသားစုကလည်း ဆင်းရဲလေတော့ သူတို့နှစ်ဦးကို လမ်းမပေါ်တွေမှာ Reality Show လို ပြသပြီး ဝင်ငွေရှာခဲ့ပါတယ်။ ဒီလိုနဲ့ ထူးထူးခြားခြား အမြွှာနှစ်ဦးကို ကမ္ဘာက သိသွားအောင် လုပ်ခဲ့သလို သိအောင်လည်း လုပ်ခဲ့ကြရပါတယ်။ နောက်တော့ မိသားစုဝင်ငွေကောင်းလာပြီး ယခုတော့ အိုဟိုင်းအိုပြည်နယ်မှာ မိသားစုနဲ့ အတူနေထိုင်နေပြီ ဖြစ်ပါတယ်။ ယနေ့ချိန်ထိလည်း သူတို့ရဲ့အလုပ်အကိုင်က ရုပ်သံလိုင်းတွေမှာ ပါဝင်သရုပ်ဆောင်တဲ့ Reality show personality များ ဖြစ်ပါတယ်။ရုပ်သံလိုင်းတွေက သူတို့ရဲ့အခက်အခဲ၊ နေထိုင်မှုပြဿနာ အစရှိသဖြင့်တို့ကို ရိုက်ကူးဖော်ပြပေးကြပြီး တစ်ကမ္ဘာလုံးရှိ ကိုယ်ချင်းဆက်တို့ရဲ့ သနားစရာဘဝကို သိမြင်စေခဲ့ပါတယ်။ လက်ရှိမှာတော့ Roonnie တို့ ကိုယ်ချင်းဆက်ညီအစ်ကိုဟာ တစ်ကမ္ဘာလုံးရှိ ကိုယ်ချင်း၊ ရင်ချင်းဆက်ပြီး သာမန်လူလို မနေထိုင်နိုင်တဲ့ အမြွှာများအားလုံးရဲ့ လေးစားစရာပုဂ္ဂိုလ်များ ဖြစ်ပါတယ်။

# အလွတ်ခုန်ချန်ပီယံ

အီတလီနိုင်ငံ၊ ရောမမြို့၌ ဖေဖော်ဝါရီလ ၁ ရက်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Lo Show dei Record အစီအစဉ်တွင် ဗြိတိန်နိုင်ငံသား အလွတ်ခုန်ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ တင်မိုသီ၏ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင် ဖြစ်ခဲ့ပါသည်။ အစီအစဉ်အရ ဗြိတိန်နိုင်ငံသား အလွတ်ခုန်သမားတစ်ဦးဖြစ်သူ တင်မိုသီနှင့် အီတလီနိုင်ငံသား စတန့်သမားတစ်ဦးဖြစ်သူ ဒန်နီရယ်ဝေါ်တာတို့သည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်၌ ပုံတွင်ပြထားသည့်အတိုင်း အမြင့် ၇ပေ၊ အကွာအဝေး ၁၃ပေနှင့် ၁ဒသမ၄၈ လက်မရှိ သံမဏိဘားတန်း ၇ခုအား တစ်တန်းချင်းစီ အလွတ်ခုန်ကူး၍ တဖက်သို့ အရောက်ကူးရမည်ဖြစ်ပါသည်။ ပထမဆုံး အီတလီနိုင်ငံသား ဒန်နီရယ်ဝေါ်တာက ဘားတန်းအား အလွတ်ခုန်ကျော်ဖြတ်ရာ တတိယတန်းအရောက်တွင် ဆက်လက်ခုန်နိုင်ခြင်းမရှိခဲ့ပေ။ အလွတ်ခုန်သမားတစ်ဦး ဖြစ်သူ တင်မိုသီကမူ ၎င်း၏ရှေ့ရှိ ဘားတန်း ၇ တန်းအား အချိန်အားဖြင့် ၄ဒသမ၄၅ စက္ကန့်အတွင်း အောင်မြင်စွာခုန်လွှားကျော်ဖြတ်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဗြိတိန်နိုင်ငံသား အလွတ်ခုန်သမားတစ်ဦးဖြစ်သူ တင်မိုသီအား ပွဲအပြီးတွင် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်လက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။



# ဗီယက်နမ် ဆပ်ကာပ်ညီနောင်

ဇန်နဝါရီလ ၂၈ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းအရ ဗီယက်နမ်ဆပ်ကပ်ညီနောင်နှစ်ဦးတို့၏ သရုပ်ပြစွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်များအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ဆပ်ကပ်ညီနောင်နှစ်ဦးဖြစ်သည့် Giang Quoc Nghiep နှင့် Giang Quoc Co တို့သည် ဇန်နဝါရီလ ၂၇ ရက်က ပုံတွင်ပြထားသည့်အတိုင်း ဟန်ချက်ညီစွာဖြင့် ဦးခေါင်းခြင်းထိစပ်ကာ တစ်ဦးက ထမ်းပိုးပြီး စပိန်နိုင်ငံ ဂျီရိုနာမြို့လယ်ရှိ စိန့်မေရီ ဘုရားကျောင်းသို့တက်ရာ လှေကားထစ်ပေါင်း ၉၀ကို အောင်မြင်စွာတက်လှမ်းနိုင်သည့် သရုပ်ပြသမှုကို ပြသနိုင်ခဲ့ပါသည်။ အချိန်အားဖြင့် ၅၂စက္ကန့်သာကြာမြင့်သည့် သရုပ်ပြသပွဲသို့ ဂျီရိုနာမြို့တော်ဝန် အပါအဝင် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများနှင့် ပရိသတ်များစွာတို့ အားပေးကြည့်ရှုခဲ့ကြပါသည်။ သရုပ်ပြပွဲအပြီးတွင် ဗီယက်နမ်ညီနောင်တို့အား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း အပ်နှင်းပေးအပ်ခဲ့ပါသည်။





# လက်ဖျောက်တီးချန်ပီယံ



ဖေဖော်ဝါရီလ ၇ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းအရ ဂျပန်တက္ကသိုလ်ကျောင်းသားလေး၏ သရုပ်ပြစွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ဂျပန်တက္ကသိုလ်ကျောင်းသား ဆာတိုယူကိဖူဂျီမူယာသည် ၎င်း၏ လက်ဖျောက်တီး စွမ်းရည်ဖြင့် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်းသည့်အနေဖြင့် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်၌ တစ်မိနစ်အတွင်း လက်ဖျောက်တီး အကြိမ်အရေအတွက် ၂၇၈ ကြိမ်တိတိကို တီးခတ်သွားနိုင်ခဲ့ပါသည်။ ဆာတိုယူကိဖူဂျီမူယာ၏ စွမ်းရည်ကို မှတ်တမ်းတင်ရုပ်သံအား အနှေးပြကွက်များဖြင့် ပြန်လည်စစ်ဆေးပြီးမှသာ အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းနောက်တွင် တက္ကသိုလ်ကျောင်းသား ဆာတိုယူကိဖူဂျီမူယာအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။



## အိန္ဒိယလူငယ်၏ သရုပ်ပြသမှု

ဇန်နဝါရီလ ၂၇ ရက်ကထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းအရ အိန္ဒိယလူငယ်၏ သရုပ်ပြသမှုကလည်း ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုမှုကို ရရှိသွားပါသည်။ များသောအားဖြင့် လေးလံသောအရာဝတ္ထုများကို လူအားဖြင့်ဆွဲယူရာတွင် ခြေကုပ်တစ်ခုခုကို ရယူပြီးမှ ဆွဲယူလေ့ရှိကြပါသည်။ သို့သော်လည်း အသက်၁၈နှစ်အရွယ်ရှိ အိန္ဒိယလူငယ်လေးတစ်ဦးဖြစ်သူ Abhishek Choubey သည် လက်နှစ်ဘက်ကိုနောက်ပစ်ပြီး လက်ပြင်ကြောသားနှစ်ဘက်၏ အားကိုယူကာ ပုံတွင်မြင်တွေ့ရသည့်အတိုင်း မော်တော်ကားကြိုးချိတ်၏ သစ်သားပြားစကိုညှပ်ပြီး အကွာအဝေး ၂၇ ဒသမ ၅ မီတာကို ၄၈စက္ကန့်အတွင်း ရောက်အောင်ဆွဲယူနိုင်ခဲ့မှုကို အောင်မြင်စွာသရုပ်ပြသနိုင်ခဲ့ပါသည်။မော်တော်ကား၏ အလေးချိန်မှာ ၁၀၇၀ ကီလိုဂရမ် (၂၃၅၈ဒသမ၉၄ပေါင်) ရှိပါသည်။ Abhishek Choubey ၏ အောင်မြင်စွာသရုပ်ပြသနိုင်ခဲ့မှုကြောင့် ပွဲအပြီးတွင် ၎င်းအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြု မှတ်တမ်းကိုပါ တစ်ပါတည်း ပေးအပ်ခဲ့ပါသည်။



## ဘီယွန်းစေး

ဖေဖော်ဝါရီလ ၂ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းအရ အသက် (၃၅)နှစ်အရွယ် ဘီယွန်ဆေးတစ်ယောက် ဂင်းနက်စ်မှတ်တမ်းဝင် အဆိုတော် ဖြစ်လာဖွယ်ရှိနေတယ်လို့ သိရှိရပါတယ်။ သူမဟာ အမြွှာကိုယ်ဝန်လွယ်ထားရတဲ့ အကြောင်းကို ဖေဖော်ဝါရီလ(၁)ရက်နေ့က ဆိုရှယ်မီဒီယာမှတစ်ဆင့် ဘရာစီယာနဲ့ အတွင်းခံကိုသာ ဝတ်ထားတဲ့ သူမရဲ့ ဓာတ်ပုံကို Instagram ပေါ်မှာ တင်ခဲ့ပါတယ်။ ဘီယွန်းစေးရဲ့ ကိုယ်ဝန်နဲ့ဓာတ်ပုံဟာ ဓာတ်ပုံတင်ပြီး ၈နာရီအကြာမှာပဲ Likeပြုလုပ်သူ ၆ဒသမ၆သန်း ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဘီယွန်ဆေးဟာ ဂင်းနက်စ် မှတ်တမ်းဝင်အဆိုတော်ဖြစ်ဖို့ သေချာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက စံချိန်တင် Like အများဆုံးရခဲ့တဲ့ပုံက ဆယ်လီနာဂိုမက်ဇ်ရဲ့ ကိုကာကိုလာ သောက်နေတဲ့ပုံဖြစ်ပြီး Likeလုပ်သူ ၆ ဒသမ ၃သန်း ရရှိခဲ့ပါတယ်။



**ကိုခန့်(သုတေသန)**

Source..Guinnes World Records.com

# ကားနှင့် တာယာ ကိုက်ညီပါမှ

## အန္တရာယ်လည်းကင်း ဈေးလည်းချိုမည်

သိပ္ပံစာရေးဆရာကိုကိုအောင်



မော်တော်ကား တာယာများ ထုတ်လုပ်ရာတွင် တာယာဘေးမျက်နှာပြင်ပေါ်၌ တာယာနှင့်ပတ်သက်သော သတင်းအချက်အလက်အပြည့်အစုံကို ရိုက်နှိပ်ဖော်ပြပေးကြရသည်။ မည်သည့်နိုင်ငံက ထုတ်လုပ်သည့် တာယာဖြစ်စေ၊ မည်သည့် အမှတ်တံဆိပ် တာယာဖြစ်စေ နိုင်ငံတကာ သတ်မှတ်စံနှုန်းများအရ အောက်ဖော်ပြပါ အချက်အလက်များကို မလွဲမသွေ ဖော်ပြကြရသည်–

(၁) တာယာအမျိုးအမည် (Brand)
(၂) တာယာအမျိုးအစား (Type)
(၃) တာယာအရွယ်အစား (Size)
(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)
(၅) ထုတ်လုပ်မှုရက်စွဲ (Manufacturing Date)
(၆) အများဆုံးခံနိုင်သည့်လေဖိအား (Maximum Pressure)
(၇) အများဆုံးခံနိုင်သည့်ဝန်အား(Maximum Load)
(၈) အမြင့်ဆုံးမောင်းနိုင်သည့်အမြန်နှုန်း (Speed)
(၉) အထူးဖော်ပြချက်များ (Special Description)

တာယာအမျိုးအမည်ဆိုသည်မှာ တာယာ၏ အမှတ်တံဆိပ်ကို ဆိုလိုခြင်းဖြစ်သည်။ တာယာအမျိုးအမည်သည် တာယာတစ်ခုလုံးတွင် အထင်ရှားဆုံးသော စာလုံးများလည်းဖြစ်သည်။ တာယာအမျိုးအစားဆိုသည်မှာ ကျွတ်ထည့်သုံးရန်မလိုသော Radial Ply တာယာနှင့် ကျွတ်ထည့်သုံးရသည့် Cross Ply တာယာ စသည်ဖြင့် ခွဲခြားထားခြင်းကို ဆိုလိုသည်။

တာယာအရွယ်အစားဆိုသည်မှာ ဘီးခွေ၏အချင်းနှင့် တာယာ

အလုံး၏ ကန့်လန့်ဖြတ်အတိုင်းအတာတို့ကို ပူးတွဲဖော်ပြထားခြင်းဖြစ်သည်။ ဥပမာ– တာယာ၏ ကန့်လန့်ဖြတ်အတိုင်းအတာမှာ ၇ ဒသမ ၅လက်မရှိပြီး၊ အချင်း ၁၅ လက်မရှိသည့် ဘီးခွေတွင် တပ်ဆင်အသုံးပြုရမည့် တာယာများကို ၇ ·၅၀ X ၁၅ ဟူ၍ ဖော်ပြပေးထားခြင်းမျိုးဖြစ်သည်။

ထုတ်လုပ်သည့်နိုင်ငံဆိုသည်မှာ တာယာကို တာဝန်ယူထုတ်လုပ်သည့် စက်ရုံနှင့် ကုမ္ပဏီတို့ အခြေစိုက်တည်ရှိရာနိုင်ငံကို ဖော်ပြထားခြင်းဖြစ်သည်။ ဤနေရာတွင် တာယာအမှတ်တံဆိပ်ချင်းတူစေကာမူ ထုတ်လုပ်သည့်ကုမ္ပဏီခွဲနှင့် စက်ရုံခွဲအများအပြား ရှိနိုင်သည့်အတွက် တာဝန်ယူထုတ်လုပ်သည့် ကုမ္ပဏီနှင့် စက်ရုံတို့ အခြေစိုက်ရာ နိုင်ငံကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

ထုတ်လုပ်မှုရက်စွဲဟု ဆိုရာ၌ တာယာကို နောက်ဆုံးအဆင့် အပြီးသတ်ထုတ်လုပ်ခဲ့သည့် ရက်စွဲကို ဖော်ပြထားခြင်းဖြစ်သည်။ ထုတ်လုပ်မှုရက်စွဲကို များသောအားဖြင့် ခုနှစ်နှင့် လတို့ကိုသာ ဖော်ပြလေ့ရှိကြပြီး၊ ယေဘုယျအားဖြင့် ဖော်ပြထားသည့် ထုတ်လုပ်မှု ရက်စွဲမှစ၍ ငါးနှစ်မပြည့်မီကာလအတွင်း သုံးစွဲကြရမည်ဖြစ်သည်။

တာယာများ၌ Maximum Pressure ဟူသော စာသားနှင့် ကပ်လျက်တွင် ကိန်းဂဏန်းအချို့ ပူးတွဲဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ ယင်းဖော်ပြချက်၏ အဓိပ္ပါယ်မှာ တာယာကို လေဖြည့်သွင်းသည့်အခါ အများဆုံးခံနိုင်ရည်ရှိသည့် လေဖိအား(လေပေါင်)ကို ကန့်သတ်ပေးထားခြင်းဖြစ်သည်။ လေဖိအား ၃၈ ပေါင်အထိသာ ခံနိုင်ရည်ရှိသည့်တာယာများပေါ်တွင် 38 psi ဟုလည်းကောင်း၊ လေဖိအား ၅၁ ပေါင်အထိသာ ခံနိုင်ရည်ရှိသည့် တာယာများတွင် 51 psi ဟုလည်းကောင်း ဖော်ပြပေးထားကြသည်။ Psi ၏ အဓိပ္ပါယ်မှာ တစ်စတုရန်းလက်မပေါ်တွင် သက်ရောက်နေသည့် ဖိအား(လေပေါင်ချိန်) (Pound per Square Inch) ပင် ဖြစ်သည်။

မည်သည့် တာယာမဆို ယင်းတာယာက အများဆုံးထမ်းထားနိုင်သည့် ဝန်အားအကန့်အသတ်မှာ ရှိစမြဲပင်ဖြစ်သည်။ သတ်မှတ်ဝန်အားထက်ပို၍ လေးလံလာသည့်အခါ တာယာ၏ ခံနိုင်ရည်အား ကုန်ဆုံးသွားပြီး ပေါက်ကွဲပျက်စီးသွားလိမ့်မည်ဖြစ်သည်။ တာယာ၏ ဝန်ခံနိုင်အားကို ကီလိုဂရမ်ဖြင့်လည်းကောင်း၊ ပေါင်ဖြင့် လည်းကောင်း ဖော်ပြထားလေ့ရှိကြသလို၊ သင်္ကေတများဖြင့်လည်း ဖော်ပြထားလေ့ရှိကြသည်။ ဥပမာအားဖြင့် 86 ဟူသော Code No. သည် ၅၃၀ ကီလိုဂရမ် (သို့မဟုတ်) ၁၁၆၈ ပေါင်ကို ကိုယ်စားပြုပြီး၊ 91 ဟူသော Code No. သည် ၆၁၉ ကီလိုဂရမ် (သို့မဟုတ်) ၁၃၅၆ ပေါင်ကို ကိုယ်စားပြုပေးထားခြင်းဖြစ်သည်။ Code No. ၏ ဂဏန်းစဉ်ကြီးသွားလေ ဝန်ခံနိုင်ရည်အား ပိုရှိလေဖြစ်ပြီး ဂဏန်းစဉ် ငယ်သွားလေ ဝန်ခံနိုင်ရည်အား နည်းသွားလေဖြစ်သည်ကို သတိပြုကြရန် လိုအပ်သည်။

**တာယာတစ်လုံးတွင် အများဆုံးခံနိုင်သည့်**
**ဝန်အားသတ်မှတ်ချက်ရှိသလို၊**
**အမြင့်ဆုံးမောင်းနှင်နိုင်သည့်**
**အမြန်နှုန်းသတ်မှတ်ချက်လည်း ရှိသည်။**



တာယာတစ်လုံးတွင် အများဆုံးခံနိုင်သည့် ဝန်အားသတ်မှတ်ချက်ရှိသလို၊ အမြင့်ဆုံးမောင်းနှင်နိုင်သည့် အမြန်နှုန်းသတ်မှတ်ချက်လည်း ရှိသည်။ အချို့သော တာယာများ ယင်းသို့သော အမြန်နှုန်းကန့်သတ်ချက်ကို ကိန်းဂဏန်းများဖြင့် အပြည့်အစုံ ဖော်ပြထားကြသော်လည်း တာယာအများစု၌မူ နိုင်ငံတကာ သတ်မှတ်ချက်များဖြစ်သော အက္ခရာများဖြင့်သာ ဖော်ပြထားလေ့ရှိကြသည်။ အင်္ဂလိပ်အက္ခရာ L ဟု ရိုက်နှိပ်ထားသော တာယာများကို တစ်နာရီလျှင် ၇၅ မိုင် (သို့မဟုတ်) ၁၂၀ ကီလိုမီတာနှုန်းအထိသာ အမြင့်ဆုံးမောင်းနှင်နိုင်ပြီး၊ အင်္ဂလိပ်အက္ခရာ H ဟု ရိုက်နှိပ်ဖော်ပြထားသော တာယာများကို တစ်နာရီလျှင် မိုင် ၁၃၀ (သို့မဟုတ်) ကီလိုမီတာ ၂၁၀ အမြန်နှုန်းအထိသာ မောင်းနှင်နိုင်ကြမည်ဖြစ်သည်။

အချို့သော တာယာထုတ်လုပ်သူများသည် မိမိတို့ ထုတ်လုပ်ထားသော တာယာများပေါ်တွင် သာမန်ထက်ပို၍ ထူးခြားသော အကြောင်းအရာများကို ဖော်ပြထားလေ့ရှိကြသည်။ အထူးသဖြင့် ရာသီဥတု လွန်ကဲစွာပူပြင်းသော ဒေသများတွင် မောင်းနှင်နိုင်သော တာယာ၊ ရေခဲမှတ်အောက်ကျဆင်းသည့် အအေးလွန်ကဲသော ဒေသများတွင် မောင်းနှင်နိုင်သည့် တာယာ၊ ရွှံ့ညွန်ထူထပ်လွန်းသော ဒေသများတွင် မောင်းနှင်နိုင်သည့် တာယာ၊ မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် တာယာ စသည်ဖြင့် သမားရိုးကျသုံး တာယာများထက် ထူးခြားသည့် အရည်အသွေးနှင့် ပြည့်စုံသော တာယာများပေါ်၌ ထုတ်လုပ်သူတို့က အထူးဖော်ပြချက်အနေဖြင့် ရိုက်နှိပ်ထားကြသည်ကိုလည်း တွေ့ရှိနိုင်သည်။

သမားရိုးကျသုံး တာယာများထက် အရည်အသွေးအားဖြင့်လည်းကောင်း၊ အသုံးဝင်မှုအားဖြင့်လည်းကောင်း၊ ထူးခြားသာလွန်သော တာယာများကို ကမ္ဘာကျော် တာယာကုမ္ပဏီများက ထုတ်လုပ်ပေးလျက်ရှိနေကြသည်။ အဆိုပါ အတန်းအစားများသည် မောင်းနှင်အသုံးပြုရာ၌ သမားရိုးကျ တာယာများထက် ပိုမိုထူးခြားကောင်းမွန်သလို၊ ဈေးနှုန်းအားဖြင့်လည်း သမားရိုးကျ တာယာများထက် များစွာကြီးမြင့်ကြသည်။

အပျော်စား ဆလွန်းကားများအတွက် စွတ်စိုနေသော လမ်းများပေါ်၌ မောင်းနှင်သည့်အခါ လမ်းမချော်နိုင်သည့်အပြင် ဆီစားနှုန်းသက်သာအောင် စီမံပြုလုပ်ထားသော တာယာများပေါ်တွင် MXV ဟု ရိုက်နှိပ်ဖော်ပြထားသော တာယာများသည်လည်း နည်းပညာမြင့် မြန်နှုန်းမြင့်ကားများအတွက် စွတ်စိုသည့်လမ်းပေါ်တွင် လမ်းမချော်နိုင်စေရန်လည်းကောင်း၊ အရှိန်သတ် ဘရိတ်နင်းရာ၌ တရွတ်တိုက် ပါမသွားစေရန်လည်းကောင်း၊ ပန်းသားများကို အထူးစီမံထုတ်လုပ်ထားသော အရည်အသွေးမြင့် ပစ္စည်းများဖြစ်ကြသည်။ ပြိုင်ကားများ၌ တပ်ဆင်မည့် တာယာများသည် ကုတ်အား ပိုမိုရရှိခြင်း၊ အထမြန်ခြင်း၊



ဘရိတ်နင်းသည့်အခါ တရွတ်တိုက် ပါမသွားနိုင်ခြင်း၊ အရှိန်လျှော့ရာတွင် လျင်မြန်စွာ အရှိန်လျှော့ကျခြင်း၊ လျှပ်တစ်ပြက်ကွေ့ရာတွင် ကား၏ အင်နားရှားသက်ရောက်မှုနှင့် ဗဟိုခွာအားကို လျှော့ပါးစေခြင်း စသည့်အရည်အသွေးများနှင့် ပြည့်စုံရန် အထူးလိုအပ်သည်။ ထိုသို့သော အရည်အသွေးမျိုးဖြင့် ထုတ်လုပ်ထားသည့် တာယာများ၏အပေါ်တွင် MXX ဟု ရိုက်နှိပ်ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာ့ဒေသ နိုင်ငံများထဲတွင် ရေခဲမှတ်အောက် အပူချိန်ကျဆင်းသော ဒေသများလည်း အများအပြားပါဝင်နေသည်။ ထိုဒေသများတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းခြင်း၊ ရေခဲနေခြင်းများသည် အမြဲလိုလို ဖြစ်ပေါ်နေတတ်ရာ၊ ထိုသို့သော ရေခဲပြင်နှင့် ဆီးနှင်းပြင်များပေါ်၌ ချွတ်ချော်ခြင်းမရှိစေရဘဲ ချောမွေ့စွာ မောင်းနှင်နိုင်ရန်အတွက် XM+S200 ဟု ရိုက်နှိပ်ဖော်ပြထားသော အဆင့်မြင့် တာယာများကို ထုတ်လုပ်ရောင်းချပေးလျက် ရှိနေကြသည်။ ထိုအတန်းအစား တာယာများကို ရေခဲပြင်နှင့် ဆီးနှင်းပြင်များအပေါ်၌သာမကဘဲ၊ ရွှံ့ညွှန်ထူထပ်သော ဒေသများ၌ပါ တပ်ဆင်အသုံးပြု မောင်းနှင်နိုင်ကြသည်။

ယင်းသို့သော အထူးစီမံပြုလုပ်ထားသည့် တာယာမျိုးမှလွဲ၍ ကျန် သမားရိုးကျသုံး တာယာများကို တပ်ဆင်အသုံးပြုပြီး လမ်းမများပေါ်တွင် မောင်းနှင်သွားလာကြရာ၌ သတိပြုရန်အချက်မှာ တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် ဝန်အားနှင့် အမြင့်ဆုံးမောင်းနှင်နိုင်သည့် အမြန်နှုန်းတို့သည် လမ်း၏ အနေအထားပေါ်၌ မူတည်နေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ယင်းသို့သော ရိုက်နှိပ်ဖော်ပြထားချက်များသည် ချောမွေ့ညီညာသော လမ်းမျက်နှာပြင်များပေါ်တွင် မောင်းနှင်နေသည့်အခါမျိုးအတွက်သာလျှင် ဖြစ်သည်။

အကယ်၍ လမ်းသား ညီညာမှုမရှိခြင်း၊ ချိုင့်နှင့် ကျင်းများရှိနေခြင်း၊ ကတ္တရာလှိုင်းတွန့်များ ဖြစ်ပေါ်နေခြင်း၊ မို့မောက်သော အဖုအထစ်များ ဖြစ်ပေါ်နေခြင်း စသည့် လမ်းအနေအထားမျိုးပေါ်၌ မောင်းနှင်သည့်အခါ၌မူ ခွင့်ပြုထားသော အမြင့်ဆုံးမြန်နှုန်း၏ ၉၀ ရာခိုင်နှုန်းအထိသာ စိတ်ချလက်ချ မောင်းနှင်နိုင်မည်ဖြစ်သည်။ ကတ္တရာခင်းသောလမ်း မဟုတ်ဘဲ၊ ကွန်ကရစ်ခင်းထားသော လမ်းမျိုးဖြစ်ပါကမူ အမြင့်ဆုံးခွင့်ပြုထားသည့် မြန်နှုန်း၏ ၇၅ ရာခိုင်နှုန်းအထိသာ မောင်းနှင်ကြရမည်ဖြစ်သည်။

အချို့သော လမ်းများသည် ရေတိုက်စားခံရခြင်းကြောင့်သော်လည်းကောင်း၊ အချောမသတ်ရသေးခြင်းကြောင့်သော် လည်းကောင်း၊ ယန္တရားကြီးများ အမြဲမပြတ် မောင်းနှင်သွားလာနေသော စီမံကိန်းလမ်းမျိုး ဖြစ်နေခဲ့လျှင်သော်လည်းကောင်း၊ လမ်းမျက်နှာပြင်ပေါ်တွင် ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပြည့်နှက်နေတတ်သည်။ အဆိုပါ လမ်းမျိုးပေါ်၌ မောင်းနှင်ရသည့်အခါ တာယာတွင် ရိုက်နှိပ်ဖော်ပြထားသည့် ခွင့်ပြုအမြန်နှုန်း၏ ၇၅ ရာခိုင်နှုန်းအောက်၌သာ မောင်းနှင်ကြရမည် ဖြစ်သလို၊ ဝန်တင်ရာ၌လည်း အများဆုံးခံနိုင်သည့် ဝန်အား၏ ၈၀ ရာခိုင်နှုန်းထက် မပိုအောင်သာ တင်ဆောင်မောင်းနှင်ကြရမည် ဖြစ်သည်။

**အဝေးပြေး လမ်းမများပေါ်၌ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်နေရင်း မမျှော်လင့်ဘဲ ရုတ်တရက် တာယာပွင့်ထွက်မှုကြောင့် ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှု ဖြစ်ကြရခြင်းမှာ တာယာများပေါ်၌ ရိုက်နှိပ်ထားသည့် ဖော်ပြချက်များကို မသိရှိကြခြင်း၊ သိရှိသော်လည်း အလေးဂရုမပြုမိကြခြင်း၊ ဂရုပြုမိသည့်တိုင် လမ်းအခြေအနေပေါ် မူတည်ပြီး ဝန်တင်အားနှင့် အမြန်နှုန်း အတိုးအလျှော့ ပြုလုပ်ရမည်ကို မသိရှိကြခြင်း၊ သိရှိကြသော်လည်း မြန်နှုန်းမြင့်မြင့် မောင်းနှင်နေရင်း သတိလက်လွတ်ဖြစ်သွားခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။**

အကယ်၍ မော်တော်ကားတစ်စီးတွင် တပ်ဆင်ထားသော ဘီးလေးဘီးရှိ တာယာလေးလုံးအနက်၊ သုံးလုံးမှာ အမြင့်ဆုံးမောင်းနှင်နိုင်သည့် ခွင့်ပြုအမြန်နှုန်းက တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ သာ ဖြစ်နေသည်ဆိုပါက၊ လမ်းအခြေအနေပေါ်မူတည်ပြီး မောင်းနှင်ကြရာတွင် ခွင့်ပြုအမြန်နှုန်း အနည်းဆုံးဖြစ်နေသည့် တာယာ၏ အပေါ်တွင်သာ အခြေခံစဉ်းစားပြီး မောင်းနှင်ကြရမည်ဖြစ်သည်။

အလားတူပင် တာယာလေးလုံးအနက် သုံးလုံး၏ ခွင့်ပြု

**ရော်ဘာသားများ၏သက်တမ်း ကုန်ဆုံးသွားပြီဖြစ်သော သက်တမ်းလွန်တာယာများသည် ခွင့်ပြုဝန်တင်အား အများဆုံးသို့ မရောက်မီ၌လည်းကောင်း၊ ခွင့်ပြုအမြန်နှုန်း အမြင့်ဆုံးသို့ မရောက်မီ၌လည်းကောင်း အချိန်မရွေးပွင့်ထွက်သွားနိုင်သည်။**




ဝန်အားမှာ ၆၀၀ ကီလိုဂရမ်စီဖြစ်ပြီး ကျန်တစ်လုံးမှာမူ ၄၈၀ ကီလိုဂရမ် ဖြစ်နေသည်ဆိုပါကလည်း ခွင့်ပြုဝန်အား အနည်းဆုံးဖြစ်သော တာယာပေါ်တွင် ရိုက်နှိပ်ထားသည့် ၄၈၀ ကီလိုဂရမ်၏ အပေါ်တွင်သာ အခြေပြုလျက် စဉ်းစားဆင်ခြင် မောင်းနှင်ကြရမည် ဖြစ်သည်။

အဝေးပြေးလမ်းမကြီးများပေါ်၌ မြန်နှုန်းမြင့်မြင့် မောင်းနှင်နေရင်း ရုတ်တရက် တာယာပွင့်ထွက်ပြီး ထိခိုက်တိမ်းမှောက်မှု၊ အသက်အန္တရာယ်ဖြစ်ပွားမှု စသည်တို့ကို ကြုံတွေ့ကြရခြင်းမှာ တာယာများပေါ်၌ ရိုက်နှိပ်ထားသည့် ဖော်ပြချက်များကို အလေးဂရုမပြုမိကြခြင်းကြောင့် ဖြစ်ကြရသလို၊ သက်တမ်းလွန်တာယာများ၊ အရည်အသွေးညံ့ဖျင်းသော တာယာများ၊ အတန်းအစားနိမ့်သော တာယာများ၊ ပန်းသားပါးနေသော တာယာများ၊ ပန်းမျက်နှာပြင်နှင့် ဘေးသားမျက်နှာပြင်တို့တွင် ပြစ်ချက်ရှိနေသော တာယာများ၊ အကြိမ်ပေါင်းများစွာ ဖာထေးပြုပြင်ထားသည့် တာယာများကြောင့်လည်း ဖြစ်ပွားကြရလေ့ရှိသည်။

တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံးခံနိုင်သည့် လေဖိအားနှင့် ဝန်အား၊ အမြင့်ဆုံးမောင်းနိုင်သည့် အမြန်နှုန်း ကန့်သတ်ချက်များကို လိုက်နာသည့်အပြင်၊ လမ်းအခြေအနေပေါ် မူတည်၍လည်းကောင်း၊ လမ်းအနေအထားပေါ်မူတည်၍လည်းကောင်း၊ အမြန်နှုန်းကို အချိုးကျလျှော့ချမောင်းနှင်ကြခြင်းအားဖြင့် မြန်နှုန်းမြင့် အခြေအနေမျိုးတွင် ရုတ်တရက် တာယာပွင့်ခြင်းမျိုးမှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

သို့ရာတွင် တာယာများပေါ်၌ ရိုက်နှိပ်ဖော်ပြထားသော အများဆုံး ခံနိုင်သည့် လေဖိအားသည်လည်းကောင်း၊ ဝန်ခံနိုင်အားသည် လည်းကောင်း၊ အမြင့်ဆုံးမောင်းနှင်နိုင်သော အမြန်နှုန်းသည်လည်းကောင်း၊ တာယာအသစ်စက်စက် အနေအထားမှာ သုံးစွဲသက်တမ်း ခြောက်လအထိသော ကာလအတွက်သာလျှင် သတ်မှတ်ပေးထားခြင်းဖြစ်သည်ကိုမူ သတိပြုကြရန် လိုအပ်သည်။ တာယာသုံးစွဲမှုသက်တမ်း ခြောက်လထက်ကျော်လွန်လာပါက အသစ်အနေအထားမှာကဲ့သို့ တင်ဆောင်မောင်းနှင်၍ မရနိုင်တော့ပေ။

ထို့ပြင် တာယာသက်တမ်း ခြောက်လဟုဆိုရာတွင်လည်း ထိုကာလအတွင်း၌ မော်တော်ကားဆိုင်းထိန်းပစ္စည်းများ၏ ချွတ်ယွင်းချက်ကြောင့် တာယာပန်းသားနှင့် ဘေးနှုတ်ခမ်းသားများ ပွန်းစားခံထားရခြင်းမရှိသော အနေအထားမျိုးကိုသာ ဆိုလိုခြင်းဖြစ်သည်။ တာယာအသစ်စက်စက် အနေအထားမှ သက်တမ်းခြောက်လအထိ ကာလအတွင်း ဆိုင်းထိန်းပစ္စည်းများကြောင့် ပွန်းစားခံထားရသော တာယာများဖြစ်နေပါကမူ၊ သတ်မှတ်ဝန်အားနှင့် အမြန်နှုန်းများအတိုင်း အပြည့်အဝ တင်ဆောင်မောင်းနှင်၍ မရနိုင်သည်ကိုလည်း ကြိုတင်ဆင်ခြင်လျက် သိရှိထားကြရမည်ဖြစ်သည်။

သက်တမ်းလွန် တာယာများကို မှားယွင်းသုံးစွဲမိခြင်းသည်လည်း မြန်နှုန်းမြင့်မောင်းနှင်သည့်အခါမျိုး၌သာမကဘဲ မြန်နှုန်းနိမ့်ဖြင့် မောင်းနေစဉ်၌ပါ တာယာပွင့်ထွက်သွားခြင်းမျိုး ဖြစ်ပွားလာနိုင်သည်။ ရော်ဘာသားများ၏သက်တမ်း ကုန်ဆုံးသွားပြီဖြစ်သော သက်တမ်းလွန်တာယာများသည် ခွင့်ပြုဝန်တင်အား အများဆုံးသို့ မရောက်မီ၌လည်းကောင်း၊ ခွင့်ပြုအမြန်နှုန်း အမြင့်ဆုံးသို့ မရောက်မီ၌လည်းကောင်း အချိန်မရွေးပွင့်ထွက်သွားနိုင်သည်။

အလားတူပင် အရည်အသွေးညံ့ဖျင်းသော တာယာများသည်လည်း စံချိန်မမီသော ကုန်ကြမ်းများကို သုံးစွဲထားခြင်းနှင့် ထုတ်လုပ်မှု နည်းပညာဆိုင်ရာ အားနည်းချက်များကြောင့် အာမခံချက် လုံးဝမရှိသော တာယာများဖြစ်ကြသည်။ အာမခံချက် မရှိသည့်အတွက် မည်သို့သော အခြေအနေမျိုး၌မဆို ကွဲအက်ပျက်စီးသွားနိုင်သည့် အန္တရာယ်ရှိနေသည်။

တာယာထုတ်လုပ်သော ကုမ္ပဏီကြီးများသည် ဆလွန်း၊ ပစ်ကပ်၊ လိုက်ထရပ်၊ ဘတ်စ် စသည့် အမျိုးမျိုးသောယာဉ်များအတွက် တာယာအတန်းအစား အမျိုးမျိုးကို ထုတ်လုပ်ပေးကြရသည်။ ဆလွန်းကားများတွင် တပ်ဆင်အသုံးပြုရမည့် အတန်းအစားကို လိုက်ထရပ်ယာဉ်များတွင် တပ်ဆင်အသုံးပြုမိပါက အချိန်တိုကာလအတွင်းမှာပင် တာယာများ ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ ထို့အတူ

တာယာအရွယ်အစားချင်း တူစေကာမူ အပေါ့စား ဝန်တင်ယာဉ် အတွက် ထုတ်လုပ်ထားသည့် တာယာအတန်းအစားကို Fork Lift ကဲ့သို့သော ဝန်အလေးမသည့် ယာဉ်များ၌ တပ်ဆင်သုံးစွဲမိပါ ကလည်း လွယ်လင့်တကူပင် ပေါက်ကွဲပျက်စီးသွားလိမ့်မည်ဖြစ် သည်။

မည်သည့် တာယာမဆို အသစ်စက်စက် အနေအထားမျိုး၌ ပင် ပန်းမျက်နှာပြင်ပေါ်နှင့် ဘေးသားမျက်နှာပြင်တို့အပေါ်၌ တစ်စုံ တစ်ခုသော ပြစ်ချက်ရှိနေမည်ဆိုပါကလည်း ခွင့်ပြုဝန်တင်အား အများဆုံးအထိ မရောက်မီ၌လည်းကောင်း၊ ခွင့်ပြု အမြန်နှုန်း အမြင့်ဆုံးအထိ မရောက်မီ၌လည်းကောင်း၊ အချိန်မရွေး ပေါက်ကွဲ ပျက်စီးသွားနိုင်သည်။ တာယာထုတ်လုပ်သော စက်ရုံများ၌ ထုတ် လုပ်ပြီးသော တာယာများကို ဈေးကွက်ထဲသို့ မပို့ဆောင်မီ အရည် အသွေးစစ်ဌာနသို့ ပို့ဆောင်၍ စစ်ဆေးမှုခံကြရသည်။ အဆိုပါ ဌာနက ရော်ဘာသား အကျက်မညီသော တာယာများ၊ ရော်ဘာ သားအတွင်း လေခိုနေသော တာယာများ၊ ရော်ဘာသား အထူ အပါးမညီသော တာယာများ စသည်တို့ကိုပယ်၍ စံချိန်မီ တာယာ များကိုသာ ဈေးကွက်ထဲသို့ ပို့ဆောင်ပေးကြရသည်။

သို့သော် တစ်ခါတရံ၌ အရည်အသွေးစစ်ဆေးသည့် ဌာန၏ လိုအပ်ချက်တစ်ခုခုကြောင့်လည်းကောင်း၊ ဈေးကွက်ထဲသို့ ပို့ဆောင် သည့် အရောင်းဌာန၏ လိုအပ်ချက်တစ်ခုခုကြောင့်လည်းကောင်း၊ ပန်းသား အကျက်မညီသော တာယာများ၊ ပန်းသားနှင့် ဘေး မျက်နှာပြင်၌ လေခိုနေသော တာယာများ၊ အထူအပါးမညီသော တာယာများသည် တာယာအရောင်းဆိုင်များသို့ ရောက်ရှိလာတတ် သည်။ ထိုသို့သော တာယာမျိုးကို မှားယွင်းဝယ်ယူသုံးစွဲမိမည် ဆိုပါကလည်း မောင်းနှင်အသုံးပြုနေရင်း အချိန်မရွေး တာယာ ပွင့်ထွက်သွားနိုင်သည်။

အကြောင်းအမျိုးမျိုးကြောင့် ရေဒီယယ် တာယာများ ပေါက် သည့်အခါ ဖာထေးပြုပြင်သုံးစွဲလေ့ရှိကြသည်။ ထို့အတူပင် Cross Ply တာယာများ၌ ထည့်သွင်းအသုံးပြုသော ကျွတ်များ ပေါက်သည့် အခါ၌လည်း ပြန်လည်ဖာထေး သုံးစွဲကြလေ့ရှိကြသည်။ ရေဒီယယ် တာယာများ၌လည်းကောင်း၊ ကျွတ်များ၌လည်းကောင်း၊ သေးငယ် သော အပေါက်ကလေးများကိုသာ ဖာထေးပြုပြင်သုံးစွဲသင့်ပြီး အရွယ်အစားကြီးမားသော အပေါက်များကိုမူ ပြန်လည်ဖာထေး သုံးစွဲရန် မသင့်ပေ။

သေးငယ်သောအပေါက်များကို ပြန်လည်ဖာထေး သုံးစွဲရာ၌ လည်း အများဆုံး နှစ်ကြိမ်အထိသာ ဖာထေးထားသည့် တာယာ များကိုသာ ဆက်လက်သုံးစွဲသင့်ပြီး၊ ထို့ထက် အကြိမ်ရေပိုများ အောင် ဖာထေးထားသော တာယာနှင့် ကျွတ်များကို မြန်နှုန်းမြင့် မောင်းနှင်မည့် ကားများနှင့် ခရီးဝေးမောင်းနှင်မည့် ကားများ၌ တပ်ဆင်သုံးစွဲရန် မသင့်ပေ။ အကြိမ်ပေါင်းများစွာ ဖာထေးပြုပြင် ထားသည့် တာယာများသည် မောင်းနှင်သုံးစွဲနေရင်း အချိန်မရွေး ပွင့်ထွက်ပြီး ထိခိုက်မှုအန္တရာယ်နှင့် အသက်အန္တရာယ်များကို ဖြစ် ပွားစေနိုင်သည်။

ထို့ကြောင့်ပင် မော်ဒယ်လ်နိမ့်ကားများ၌ဖြစ်စေ၊ မော်ဒယ်လ် မြင့် မြန်နှုန်းမြင့်ကားများ၌ဖြစ်စေ၊ ကားအမျိုးအစားနှင့် စက်စွမ်းရည် မည်မျှကောင်းစေကာမူ ကားဘီးတွင်တပ်ဆင်မည့် တာယာများကို မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်သုံးစွဲနိုင်ခြင်း မရှိပါက၊ အချိန်မရွေး အန္တရာယ်ကျရောက်ဖြစ်ပွားလာနိုင်သည်ကို သတိပြုဆင်ခြင်ကြခြင်း အားဖြင့် မြန်နှုန်းမြင့်မြင့်မှာ တာယာပွင့်ထွက်သွားသည့်အဖြစ်မျိုးမှ ရှောင်လွှဲနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**

## ကိုယ့်ရှူး ကိုယ်ပတ်

မြို့မှာ အတန်အသင့်ထင်ရှားတဲ့ အမျိုးသမီးကြီး တစ်ယောက် ''မန်ဟတ္တန် (Manhattan) ရဲ့ အကောင်းစား ဟိုတယ်တစ်လုံးက မန်နေဂျာကို စည်းရုံးဆွေးနွေးတယ်–


''လာမယ့် စနေညမှာ အလှူရန်ပုံငွေရရှိရေးအတွက် ကပွဲ လေးတစ်ခု လုပ်ချင်ပါတယ်၊ အဲဒါ ဟိုတယ်ကခန်းမကို အခမဲ့ငှား ပေးလို့များ ဖြစ်နိုင်မလားရှင်၊ ဒီကပွဲကရတဲ့ အလှူငွေကို ဘဝခရီး မှာ လှေလှော်ရင်း တက်ကျိုးသလိုဖြစ်ခဲ့ရတဲ့ အပယ်ခံ ဆင်းရဲ သား ဘေ့စ်ဘောကစားသမားဟောင်း လူငယ်လေးတွေရဲ့ဘဝ ကို ကယ်တင်ပေးချင်လို့ပါ''

ဟိုတယ်မန်နေဂျာက ရည်ရွယ်ချက်ကောင်းမွန်ကြောင်း ထောက်ခံပြောဆိုပါတယ်။ ဒါပေမဲ့ ဒီအချိန်က ဧည့်သည်ကျတဲ့ အချိန်ဖြစ်ပြီး ဟိုတယ်က အခန်းအားလုံး ကြိုတင်စာရင်းသွင်း ထားပြီးဖြစ်လို့ အခက်အခဲရှိကြောင်း ငြင်းပါတယ်။ ပြီးတော့မှ–

''မစ္စစ်ဗင်ပူစတာ (Mrs. Van Puyster) ခင်ဗျား၊ အစ်မ ကြီးမှာလည်း အင်မတန်ခမ်းနားတဲ့ ပြခန်းရှိတယ်မဟုတ်လား၊ အစ်မကြီးရဲ့ ကိုယ်ပိုင်ခန်းမကြီးမှာ အဲဒီကပွဲကို စီစဉ်ပေးလို့ မရဘူးလား''လို့ ပြောတဲ့အခါမှာတော့ အဲဒီ မြို့စားကတော် ဟောင်း မုဆိုးမကြီးက အလန့်တကြားနဲ့–

''ဘာ– ဘယ်လို၊ အဲဒီ မဟုတ်တရုတ် ပေါက်ပန်းစားတွေ ကို ကျွန်မဆီမှာ ဗရုတ်ကျခိုင်းဖို့လား'' အော်ပြောပြီး ဒေါကန် သွားပါတော့တယ်။ ။

**မောင်သီဟ**



# CITY CARTOON





(၁)

တွေ့မြင်နေကျအရာတစ်ခုကို အထူးတလည် ဂရုမပြုမိတာဟာ ကြည့်တဲ့သူရဲ့ ပေါ့လျော့မှုကြောင့်လား၊ အကြည့်ခံရတဲ့ အရာရဲ့ မပြောင်းလဲမှုကြောင့်လား၊ ဒါမှမဟုတ် အသားကျနေတဲ့ အနေအထားကြောင့်လား။

ဝေခွဲလို့မရခဲ့။

ဒါပေမဲ့ အဲဒီ ပုံမှန်ဖြစ်တည်မှုလေးကို ပျက်ယွင်းသွားစေနိုင်တဲ့ မမျှော်လင့်ထားတဲ့ ထိုးစစ်တစ်ခုကို ကြုံတွေ့ခဲ့ရတယ်။ ဒါကြောင့်လည်း အိပ်မောကျနေခဲ့တဲ့ နှလုံးသား ခံတပ်လေးလည်း နိုးထအသက်ဝင်လာခဲ့ပါတယ်။

(၂)

''မလင်း…ကိုဥက္ကာက လက်ထပ်ခွင့်တောင်းတယ်ဆို''

''သတင်းက မြန်လိုက်တာ၊ နင့်အစ်ကို မိုးသောက်ဆီက သိလာတာလား''

''အစ်ကိုလေးက သိတောင်မသိသေးဘူး၊ မလင်း လက်ခံလိုက်လား''

မေးလာတဲ့ သူရရဲ့ အသံလှိုင်းက လှုပ်ခတ်နေတယ်။ သူ့မျက်နှာပေါ်မှာလည်း ထူးဆန်းတဲ့ အရိပ်တချို့ရှိနေတယ်။ သူရက ကျွန်မသူငယ်ချင်း မိုးသောက်ရဲ့ညီလေး။ ငယ်ငယ်ကတည်းက မောင်နှမတွေလို ကြီးပြင်းခဲ့တာမို့ ကျွန်မအတွက်တော့ မောင်လေးအရင်းနဲ့ မခြားတဲ့သူ။

''မစဉ်းစားရသေးပါဘူးဟာ''

''လက်မခံနဲ့၊ ကျွန်တော် သဘောမတူဘူး''

သူရက မျက်နှာထားတင်းတင်းနဲ့ ယတိပြတ်ကန့်ကွက်တယ်။ ကိုဥက္ကာဆိုတဲ့သူက ဖေဖေ့မိတ်ဆွေရဲ့ သား။ ဆောက်လုပ်ရေး အင်ဂျင်နီယာ။ ကျွန်မကို မြင်မြင်ချင်း သဘောကျတယ်ဆိုပြီး ကမ်းလှမ်းလာတဲ့သူ။ လူတော်လူကောင်းတစ်ယောက် ဆိုတာကိုတော့ သိထားရတယ်။

''လုံးဝ မစဉ်းစားသင့်တဲ့သူလား၊ ဘာကြောင့်လဲ''

''သူက အခုမှပေါ်လာတဲ့သူပါဗျာ။ အခုချက်ချင်းဖြစ်လာတဲ့ အချစ်နဲ့ နှစ်ပေါင်းများစွာ ဖြစ်တည်လာတဲ့ သံယောဇဉ်…နှစ်ခုထဲက တစ်ခုရွေးဆိုရင် မလင်း ဘာကိုရွေးမလဲ''

''သူရ နင်ဘာပြောချင်တာလဲ''

သူရကို တည့်တည့်ကြည့်ရင်း မေးလိုက်မိပြီ။

''အစ်ကိုလေးလေ၊ မလင်းရဲ့သူငယ်ချင်း၊ ကျွန်တော့်ရဲ့ အစ်ကို မိုးသောက်လေ၊ မလင်းအတွက် အမြဲအဆင်သင့်ရှိနေခဲ့တဲ့ အစ်ကိုလေးရဲ့ သံယောဇဉ်တွေကို ထည့်မတွက်တော့ဘူးလား''

ကျွန်မ မင်သက်သွားမိတယ်။

မိုးသောက်နဲ့ ကျွန်မရဲ့ကြားက ကြီးမားနက်ရှိုင်းတဲ့ ခင်မင်မှု၊ ချည်နှောင်ထားခဲ့တဲ့ ငယ်သူငယ်ချင်း သံယောဇဉ်၊ ဒီ ခင်မင်မှုသံယောဇဉ်ကို ဘာသာပြန်ဖို့မှ မလိုတာ။ မိုးသောက်က ကျွန်မကို သိပ်ခင်တာ။ ကျွန်မကလည်း သူ့ကိုခင်တယ်။

''ငါတို့က သူငယ်ချင်းတွေလေ''

အသားကျနေတဲ့ စကားလုံးတွေက နှုတ်ဖျားကနေ လျှောခနဲ ထွက်ကျလာတယ်။

''အဲဒါ ဆိုးတာပဲ၊ နီးကပ်လွန်းရင် မမြင်ရဘူးတဲ့၊ မလင်း နောက်တစ်လှမ်းဆုတ်ပြီး ကြည့်သင့်တယ်၊ အစ်ကိုလေးရင်ထဲက အနက်ရှိုင်းဆုံးနေရာမှာ မလင်းကလွဲပြီး ဘယ်သူများ ရှိနိုင်အုံးမှာလဲ''

သူရ ရည်ညွှန်းချင်တဲ့ အဓိပ္ပါယ်။ အာရုံထဲ ပြေးဝင်လာတဲ့အသိ။ နှလုံးသားတံခါးကို ခပ်ပြင်းပြင်းလာခေါက်တဲ့ ခံစားမှု။ ဘုရားရေ– မိုးသောက်ရဲ့ရင်ထဲက အနက်ရှိုင်းဆုံးနေရာမှာ…အနက်ရှိုင်းဆုံးနေရာမှာ။ သူရက ပြောတယ်။ ကျွန်မ ရှိနေတယ်တဲ့။

ဒါ့ဖြင့် ကျွန်မပဲ ဘာသာပြန်လွဲခဲ့တာများလား။

ဇဝေဇဝါအတွေးတွေနဲ့ မရေရာတဲ့ သံသယတွေကိုပွေ့ပိုက်ရင်း ဆောက်တည် ရာမရချင်တော့။ ခေါင်းထဲမှာ မူးဝေပြီး ရင်တွေတုန်လာတယ်။

မဖြစ်တော့။ တိတိကျကျသိရမှ ဖြစ်တော့မယ်။ ရလာမယ့် အကျိုးဆက်က 'နောင်တ' ဆိုရင်တောင် ကျွန်မရင်ထဲက သံသယကို ချေဖျက်နိုင်ဖို့အတွက် လမ်းဆုံးအောင် လျှောက်ရတော့မှာပဲ။



**နီးကပ်လွန်းရင် မမြင်ရဘူးတဲ့၊**

**မလင်း နောက်တစ်လှမ်းဆုတ်ပြီး ကြည့်သင့်တယ်၊**

**အစ်ကိုလေးရင်ထဲက အနက်ရှိုင်းဆုံးနေရာမှာ**

**မလင်းကလွဲပြီး**



**ကျွန်တော့်တစ်ကိုယ်လုံး**
**လေဟာနယ်ထဲ ရောက်ရှိသွားသလိုပဲ။**
**လင်းလက် ဆက်ပြောနေတဲ့ စကားတချို့က**
**ကျွန်တော့်နားထဲ မဝင်နိုင်တော့ . . .**

ဒါကို ခေါင်းမာမှုလို့ ကင်ပွန်းတပ်ရင်လည်း ကျွန်မ လက်ခံမှာပါ။ အဲဒီ ခေါင်းမာမှုကြောင့်ပဲ မိုးသောက်ရဲ့ ဖုန်းနံပါတ်ကို ကျွန်မ မတွေဝေဘဲ နှိပ်လိုက်မိပါပြီ။

(၃)

လင်းလက် ဖုန်းဆက်ခေါ်ကတည်းက ဘာရယ်မသိပေမယ့် စိတ်ထင့်နေခဲ့တယ်။ တွေ့တော့လည်း ဘာမှမပြော။ ဒါပေမဲ့ လင်းလက်ရဲ့ မျက်နှာပေါ်မှာ စကားလုံးတွေကို မြင်နေရတယ်လို့ ထင်တယ်။

သူ ကျွန်တော့်ရင်ထဲအထိ ဖောက်ထွင်းပြီး ကြည့်နေသလိုပဲ။

''လင်းလက် နင်ဘာဖြစ်နေတာလဲ''

''ကိုဥက္ကာက ငါ့ကို လက်ထပ်ချင်တယ်တဲ့''

လင်းလက်က မျက်နှာထားတည်တည်နဲ့ ခပ်ပြတ်ပြတ်ပြောတယ်။ ကျွန်တော် လုံးဝမမျှော်လင့်ထားတဲ့ စကားပဲ။ ကျွန်တော့်တစ်ကိုယ်လုံး လေဟာနယ်ထဲ ရောက်ရှိသွားသလိုပဲ။ လင်းလက် ဆက်ပြောနေတဲ့ စကားတချို့က ကျွန်တော့်နားထဲ မဝင်နိုင်တော့။ ကျွန်တော့်ရဲ့ ရင်ခုန်သံတွေကိုပဲ အတိုင်းသား ပြန်ကြားနေမိတယ်။

ဘုရားရေ၊ သူ့ကို လက်ထပ်ခွင့်တောင်းတဲ့သူ ရှိနေတယ်တဲ့။ ကျွန်တော် ဘာလုပ်ရမလဲ။

''နင်နဲ့ ကိုဥက္ကာက Project တွေမှာ လက်တွဲလုပ်နေကြတာပဲ၊ နင် သူ့ကို ဘယ်လိုမြင်လဲ''

လင်းလက်ရဲ့ အပြောအဆို၊ အမူအရာက သက်သောင့်သက်သာပဲ။ ကျွန်တော့်မှာသာ အာရုံတွေကိုစုစည်းရင်း ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း ပုံမှန်အနေအထားပြန်ရောက်အောင် ကြိုးစားယူနေရတာ။

ပြဿနာတိုင်းကို ခေါင်းအေးအေးနဲ့ ဖြေရှင်းနိုင်ခဲ့တဲ့ ကျွန်တော်။ ဒီအခိုက်အတန့်လေးမှာပဲ ရင်ထဲက အမှန်တရားတစ်ခုကို တွေ့ရှိလိုက်တယ်။

''နင် ဘယ်လိုဆုံးဖြတ်ထားလဲ''

ကျွန်တော့်အသံနှုန်းကို ပုံမှန်ဖြစ်အောင် ထိန်းနေရတယ်။

''ငါ့ကို မမေးနဲ့၊ ငါမေးတာ နင် အရင်ဖြေ၊ ကိုဥက္ကာက ဘယ်လိုလူလဲ''

''လူတော်ပါ၊ ငါတို့အသိုင်းအဝိုင်းမှာ နာမည်ပျက်မရှိဘူး၊ နောက်ခံကလည်း ကောင်းတယ်၊ မိန်းကလေးတစ်ယောက်အတွက်တော့ စဉ်းစားသင့်တဲ့လူပဲ''

''ဒါဆို ငါ လက်ခံသင့်တယ်ပေါ့၊ ဟုတ်လား မိုးသောက်''

ကျွန်တော့်မျက်လုံးတည့်တည့်ကို စိုက်ကြည့်နေတဲ့ လင်းလက်ရဲ့အကြည့်ကတော့ တည်ငြိမ်လွန်းတယ်။ အဲဒီအကြည့်ကို ရင်ဆိုင်ရခက်နေတာက ကျွန်တော်။ သူ့စကားကို ထောက်ခံဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမလို့မရ။ ကန့်ကွက်ရအောင်လည်း ကျွန်တော့်ရင်ခုန်သံတွေနဲ့ ထပ်တူကျစေမယ့် စကားလုံးကို လည်း ရှာလို့မရ။

''အဲဒါတော့ . . .''

ကျွန်တော် တုံ့ဆိုင်းနေမိတယ်။ ရင်ထဲမှာ စကားတွေအများကြီးဆိုပေမယ့် နှုတ်ကတော့ တစ်လုံးမှထွက်မလာဘူး။ ကျွန်တော် ကျောက်ရုပ်လို ဖြစ်နေတာကိုတွေ့တော့ လင်းလက်က သက်ပြင်းချတယ်။

''နင် မပြတ်သားဘူး မိုးသောက်''

''ဟင်''

ကျွန်တော် သူ့ကိုပဲ ငေးကြည့်နေမိတယ်။

''နင်က ငါ့ကိုအကြံပေးနိုင်ခဲ့တဲ့လူ၊ ဒါကြောင့်လည်း ငါ နင့်ကိုမေးခဲ့တာ၊ အခုတော့ နင်မပြတ်သားဘူး၊ ဒါ နင့်ပုံစံမှမဟုတ်တာ၊ ထားလိုက်တော့၊ ဒီနေ့ ပြောခဲ့သမျှကို နင် မေ့လိုက်တော့၊ ငါလည်း မေ့လိုက်ပြီ''

(၄)

'နင်မပြတ်သားဘူး'ဆိုတဲ့ မှတ်ချက်စကားက ကျွန်တော့်ရင်ထဲမှာ ပဲ့တင်ထပ်နေတယ်။ 'မေ့လိုက်ပါ'ဆိုတော့မှ ကျွန်တော် ဘယ်လိုမှ မေ့လို့မရတော့။

အဖြူရောင်လို့ ယုံကြည်ထားခဲ့တဲ့ ကျွန်တော့်ခံစားချက်တွေ အရောင်ပြောင်းသွားခဲ့တယ်ဆိုတာ၊ ကျွန်တော့်ခြေလှမ်းတွေက

အဖြူရောင်စည်းကို ဖြတ်ကျော်ခဲ့ပြီဆိုတာ သိလိုက်ရတဲ့ အခိုက်အတန့်မှာ သူငယ်ချင်းဆိုတဲ့ အမည်ခံခေါင်းစဉ်အောက်မှာ ကျွန်တော် မလုံမလဲနဲ့ ထွက်ပေါက်ပိတ်မိနေခဲ့တယ်။

ကျွန်တော့်စကားတစ်ခွန်းဟာ သူကျွန်တော့်ဘေးက ထွက်သွားနိုင်အောင် အထောက်အကူပြုသွားမလား စိုးရိမ်တယ်။ အဲဒီ အတွေးတွေကြောင့်ပဲ ရင်ထဲက ပဲ့တင်ထွက်လာတဲ့ စကားလုံးတွေက နှုတ်ခမ်းဝမှာ အလိုလိုပျောက်ကွယ်သွားခဲ့တယ်။

''အစ်ကိုလေးက မလှုပ်လို့ ကျွန်တော့်ဘာသာ ဝင်ရှုပ်ခဲ့တာ၊ ဘယ်လိုလဲ၊ ကိုယ့်ကိုယ်ကိုယ် ရှင်းရှင်းလင်းလင်းမြင်ပြီလား၊ ရင်ထဲကို ထိရဲ့လား၊ သူငယ်ချင်းလို့ပဲ ဖွင့်ငြင်းနိုင်သေးလား''

ညီလေးသူရရဲ့ မထိတထိစကားကို ကျွန်တော် မငြင်းနိုင်။ ကိုယ့်ကိုယ်ကိုယ် မညာနိုင်တော့သလို ဖုံးကွယ်ထားဖို့လည်း မစွမ်းသာ။ အခုအချိန်မှာ ကျွန်တော်လုပ်ရမှာက ယောကျ်ားပီပီသသ ဖွင့်ပြောဖို့။ ကိုဥက္ကာဆိုတဲ့ အရည်အချင်းရှိတဲ့ လူတစ်ယောက်နဲ့ မျှမျှတတ ပြိုင်ဆိုင်နိုင်ဖို့ပဲ။

အဲဒီအတွက် အရှုံးအမြတ်ရာခိုင်နှုန်းကို ချိန်ဆနေဖို့မလို။ ကျွန်တော် ရိုးသားဖို့ပဲ လိုတယ်။

(၅)

''ငါတို့နှစ်ယောက်ကြားမှာ သူငယ်ချင်းဆိုတဲ့ အဖြူရောင်စည်းတစ်ကြောင်း ရှိနေတယ်၊ ဒါကြောင့် ငါမပြတ်သားခဲ့တာ၊ နင်နဲ့အနီးဆုံးမှာရှိနေခဲ့ပေမယ့် နင့်ဘေးမှာတော့ ငါ ရပ်ခွင့်မရှိခဲ့ဘူးလေ၊ ငါ အခု ရိုးရိုးသားသား ဝန်ခံမယ်၊ လင်းလက်…ငါ့ဘက်ကတော့ အဖြူရောင်စည်းကို ကျော်ခဲ့ပြီ၊ နင့်ကို အရင်လို အကြံပေးတာမျိုး မလုပ်ချင်တော့ဘူး၊ ငါ နင့်ရဲ့ဘေးမှာ ရပ်ခွင့်ရချင်တယ်၊ ငါ နင့်ရဲ့ချစ်သူဖြစ်ချင်တယ်၊ နင် ငါ့ကို လက်ခံ ပေးနိုင်မလား''

မျှော်လင့်ခဲ့ပြီးသား အခြေအနေဆိုပေမယ့် ရင်ထဲမှာ နွေးထွေးနေတဲ့ လှုပ်ရှားမှုကတော့ ဝေဒနာအသစ်အဆန်းပဲ။

''နင့်စကားအတွက် နောင်တမရတာ သေချာလား မိုးသောက်''

''အခုအချိန်မှာ ဖွင့်မပြောမိရင်သာ နောင်တရမှာ''

ဖုန်းထဲကကြားနေရတဲ့ အသံကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ရှိတဲ့ တိုက်ပွဲဝင် စစ်သူကြီးတစ်ဦးလို တည်တည်ငြိမ်ငြိမ် ဝင့်ဝင့်ကြွားကြွား။

ဒီလိုတော့လည်း သတ္တိတွေ ဘယ်ကများ ရောက်လာပါလိမ့် မိုးသောက်ရယ်။

''ငါ ကိုဥက္ကာကို ရွေးမယ်ဆိုရင် နင် ဘာလုပ်မလဲ''

''ငါ မျှော်လင့်ထားတဲ့ အဖြေမဟုတ်ဘူး၊ ဒါပေမဲ့ နင့်ဆုံးဖြတ်ချက်ကိုတော့ ငါ လေးစားမှာပါ''

''နင် သူ့ကိုရှုံးမှာ မကြောက်ဘူးလား''

''ငါ သူ့ကိုရှုံးရင်တောင် ငါ့ နှလုံးသားကိုတော့ မရှုံးဘူး၊ ငါ အရိုးသားဆုံး ဝန်ခံခဲ့ပြီးပြီ၊ နင့်ကို ဆုံးရှုံးရမယ်ဆိုရင်တောင် နင် ငါ့ရင်ထဲကို မြင်သွားတယ်ဆိုတဲ့အသိနဲ့ပဲ ငါ ကျေနပ်နေလိုက်မယ်''

ခင်မင်မှုသက်တမ်းတစ်လျှောက်မှာ ကျွန်မရဲ့ လိုအပ်ချက်တွေကို ဖွင့်ပြောစရာမလိုအောင် နားလည်ဖြည့်ဆည်းပေးခဲ့တဲ့သူ၊ အခက်အခဲကြုံလာတိုင်းလည်း ကျွန်မဘက်က အမြဲရပ်တည်ပေးခဲ့တဲ့သူ၊ ကျွန်မအတွက် နှစ်ယောက်မရှိနိုင်တဲ့သူ။

နောက်ပြီး ကျွန်မတို့နှစ်ယောက်ကြားမှာ ချည်နှောင်ထားတဲ့ သံယောဇဉ်၊ အပြန်အလှန် နားလည်မှု၊ ပွင့်လင်းမှုတွေကြောင့် အချစ်ထက်ပိုပြီး လေးနက်ခိုင်မြဲနေတဲ့ သံယောဇဉ်။

ကျွန်မရဲ့ကမ္ဘာထဲမှာ ဒီ သံယောဇဉ်တွေနဲ့ပဲ ပြည့်နှက်နေခဲ့တယ်ဆိုတာ ကိုဥက္ကာဆိုတဲ့ မငြင်းသင့်တဲ့လူဟာလည်း ဒီ သံယောဇဉ်တွေကို မနိုင်းယှဉ်နိုင်ဘူးဆိုတာ ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် သိနှင့်နေခဲ့ပြီပဲ။

''နင် တစ်ခုခုဆုံးဖြတ်ထားပြီးပြီဆိုတာ ငါသိတယ်၊ ငါတို့နှစ်ယောက်ကြားမှာ အချိန်ကာလ သတ်မှတ်ချက်မလိုဘူး၊ ဟန်မဆောင်တတ်တဲ့ နင့်ရင်ထဲကစကားကိုပဲ ငါလိုချင်တာ၊ လင်းလက်…နင်ပြောပါ၊ ပြောသာပြောပါ''

သူ့မျက်နှာကို မမြင်ရပေမယ့် တုန်တုန်လှုပ်လှုပ်ဖြစ်နေမယ့် သူ့ပုံစံကိုတော့ မြင်နေမိတယ်၊ ကျွန်မ ငြိမ်နေမိတယ်၊ သူကလည်း ထုံးစံအတိုင်း ကျွန်မဆီက တုံ့ပြန်စကားကို စိတ်ရှည်ရှည်နဲ့ စောင့်နေတယ်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်။ ကြယ်ရောင်တွေနဲ့ လင်းသန့်နေတဲ့ ကောင်းကင်ပြင်။ ငွေသော်တာရဲ့ အေးမြတဲ့ အငွေ့အသက်။ လေထဲမှာ သင်းပျံ့နေတဲ့ ပန်းရနံ့ကလေးတွေ၊ သူတို့အားလုံးက ကျွန်မကို သိမ်သိမ်မွေ့မွေ့ကလေး ဖြားယောင်းနေကြတယ်။

ရင်ထဲကို စီးဝင်လာတဲ့ ခံစားချက်။

သံယောဇဉ်လို့ပဲ ဆိုဆို၊ နှောင်ကြိုးလို့ပဲ ပြောပြော၊ ဒီထက်ပိုတယ်လို့ပဲ သတ်မှတ်သတ်မှတ်၊ ဒီလမ်းသစ်ကို စလျှောက်လှမ်းဖို့ ဆုံးဖြတ်ပြီးမှတော့ တွေဝေတုံ့ဆိုင်းနေဖို့မလို။ ရိုးသားမှုသာ လိုတယ်လေ။

''အေးလေ…နင်က သတ္တိရှိရှိနဲ့ တံခါး ခေါက်လာပြီပဲ၊ ငါကလည်း ရိုးသားရတော့မှာပေါ့''

''ငါကလည်း ရိုးသားမှုကိုပဲ လိုချင်တာပါ''

မိုးသောက်အသံက အဖျားခတ်ပြီး တုန်ယင်နေတာကို သတိထားလိုက်မိတယ်။

''ငါတို့တွေခင်ခဲ့တာ ကြာလှပြီနော်''

ကျွန်မအသံတွေလည်း တုန်ယင်နေပြီလား မသိ။

''အေး…ငယ်ငယ်ကတည်းကလေ''

''တံခါးခေါက်တဲ့သူဟာ နင်မှန်းသိနေမှတော့…''

မိုးသောက်ရဲ့ အသက်ရှူသံပြင်းပြင်းကို ကျွန်မကြားနေရတယ်။ ကျွန်မရဲ့လက်တွေလည်း အေးလို့။ အကျယ်ကြီးမပြောရဲလို့ တိုးတိုးလေးပဲ ပြောလိုက်တယ်။

''နင်မှန်းသိနေမှတော့ ငါက တံခါးမဖွင့်ပေးဘဲ နေနိုင်မှာတဲ့လား မိုးသောက်ရယ်''

**ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)**


''ဆရာ တာဝန်ထမ်းဆောင်ရမယ့် ကျောင်းက ဟောဒီနေရာမှာ ရှိတယ်''

ကော့သောင်းမြို့နယ် ပညာရေးမှူးက မြေပုံကားချပ်ပေါ်တွင် ကျောင်းတည်နေရာကို ညွှန်တံဖြင့်ထောက်ပြရင်း ကျွန်တော့်ကို ရှင်းပြသည်။

''ဒီကျွန်းက ပလော်ကာကျန်လိုကျွန်း၊ ဒါက ဇာနီကျွန်း၊ ဟောဒီ ကျွန်းကြီးက ဇာဒက်ကြီးကျွန်းပဲ၊ တွဲဖက်အလယ်တန်းကျောင်းက ဒီဇာဒက်ကြီးကျွန်းပေါ်မှာ ရှိတယ်''

မြေပုံအရ မြန်မာပြည်တောင်ဘက်အစွန်းတွင် တည်ရှိသည့် နေရာဖြစ်သည်။ ထိုနေရာရှိကျောင်းသို့ ကျွန်တော်သွားရောက် တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

''အဲဒီ ဇာဒက်ကြီးကျွန်းဟာ 'ပုလုံးတုံတုံး' ကျေးရွာအုပ်စုမှာ ပါတယ်၊ ပုလုံးတုံတုံး ကျေးရွာအုပ်စုမှာ သံကျွန်း၊ ရွှေကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဇာနီကျွန်း၊ တလွန်းရွာ၊ ညောရွာတွေပါတယ်၊



ဆရာသွားရမှာက တလွန်းရွာမှာရှိတဲ့ ကျောင်းပဲ၊ ဆလုံရွာတွေ ထဲမှာတော့ အကြီးဆုံးနဲ့ လူဦးရေအများဆုံး ရှိတဲ့ ရွာကြီးပဲ''

မြေပုံပေါ်ကြည့်ပြီး ကျွန်တော် သက်ပြင်း ချလိုက်မိသည်။ ဤမျှ ဝေးလံသီခေါင်၍ အသွားအလာခက်ခဲသော နေရာဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် စိတ်ထဲလေးလံနေခဲ့သည်။

''ဒီကနေ အဲဒီကျွန်းကို ပုံမှန်သွားတဲ့ သင်္ဘောတွေ၊ စက်လှေတွေရှိရဲ့လား ဆရာကြီး''

''ပုံမှန်သွားတဲ့လှေတော့ မရှိဘူး၊ အဲဒီမှာ ရေတပ်က အခြေစိုက်စခန်းရှိတယ်၊ နှစ်ပတ်တစ်ခါလောက် ဒီ ကော့သောင်းလာပြီး ဈေးဝယ်လေ့ရှိတယ်၊ ရေတပ်စခန်းက စီစဉ်ပေးထားတာ၊ ဆရာ့ရဲ့ နေထိုင်စားသောက်ရေးတာဝန်အားလုံး တပ်ကပဲ တာဝန်ယူစီစဉ်ပေးလိမ့်မယ်၊ ဒီမှာ ဆရာ့အတွက် ခန့်စာ၊ အဲဒီမှာ ကျောင်းအုပ်ဆရာမကြီး 'ဒေါ်ခင်ဆွေတင့်'ရှိတယ်၊ သူက အဲဒီကျွန်းမှာ အခြေကျနေပြီ၊ ဖော်လံတီယာလုပ်ပြီး ဆက်တာဝန်ထမ်းဆောင်နေတာ၊ ခန့်စာ သူ့လက်ထဲအပ်လိုက်ပါ၊ ရောက်ရှိသတင်းပို့ကြောင်း ထောက်ခံချက်ကို နှစ်ပတ်တစ်ခါလာတဲ့ စက်လှေကြုံနဲ့ ပြန်ထည့်ပေးလိုက်ပါ၊ နောက်တော့ ဆရာပျော်သွားမှာပါ၊ ဆရာ ဘယ်တော့လောက်သွားချင်လဲ၊ သွားချင်တဲ့အချိန်ပြော၊ သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်း စီစဉ်ပေးမယ်၊ ခုမှ မေလဆန်းပဲဆိုတော့ ကျောင်းဖွင့်ဖို့လိုပါသေးတယ်''

''နှစ်ပတ်တစ်ခါလာတဲ့ စက်လှေက ဘယ်တော့လောက် ရောက်လာမလဲ''

နေဦးဟုဆိုကာ ပညာရေးမှူးက သူ့နောက်ကျောဘက်ရှိ ပြက္ခဒိန်ပေါ် လှမ်းကြည့်လိုက်သည်။

''ခုလာမယ့် စနေနေ့မှာ ကျွန်းကနေ ကော့သောင်းကိုလာမယ်၊ မနက် ကိုးနာရီလောက် ရောက်လာပြီး နေ့လယ် တစ်နာရီခွဲမှာ ပြန်ထွက်မယ်''

''ခု စနေနေ့လာမယ့် လှေနဲ့ပဲ လိုက်သွားချင်ပါတယ်၊ ဆရာဆက်သွယ်စီစဉ်ပေးပါ''

''ဒါဆိုလည်း ကောင်းတာပဲ၊ ဇွန်လဆို မိုးကျလာတော့မယ်၊ လှိုင်းလေပြင်းလာမယ်၊ ခုချိန် လှိုင်းသိပ်မရှိသေးဘူး၊ စီစဉ်ပေးပါ့မယ်၊ လာမယ့်စနေ ဂျက်တီဆင်းခဲ့ပါ၊ ဘာလုပ်ပေးရအုံးမလဲ''

''ရပါပြီ ဆရာ''

''ဆရာက လူပျိုလူလွတ်ပဲ၊ ဟိုမှာ ဆလုံမလေးတွေနဲ့တွေ့ပြီး မောင်ကြီး မပြန်နိုင် ဖြစ်နေအုံးမယ်၊ ကဲ-ကဲ သွားလို့ရပါပြီ''

စနေနေ့နံနက် ဆယ့်တစ်နာရီမထိုးမီ ကျွန်တော် ကော့သောင်း ဂျက်တီသို့ ရောက်နှင့်နေသည်။ ထင်းရှူးသေတ္တာတစ်လုံးနှင့် အိပ်ရာလိပ် တစ်လိပ်သာပါသည်။ တံတားပေါ်တွင်တွေ့ရသော ရေတပ်ဝတ်စုံဝတ် ရဲဘော်တစ်ဦးကို ကျွန်တော်မေးကြည့်လိုက်သည်။

''ရဲဘော်တို့ တန်ကေးစက်လှေက ဇာဒက်ကြီး ပြန်မှာမဟုတ်လား၊ ကျွန်တော်က တလွန်းရွာမှာ တာဝန်ထမ်းဆောင်ရမယ့် ကျောင်းဆရာပါ၊ ဒီမှာ ခန့်စာပါပါတယ်၊ ကျွန်တော် တစ်ပါတည်းလိုက်သွားချင်လို့ပါ''



''ဩော်-သိပြီ..သိပြီ၊ မနက်က ကျွန်တော့်တို့ စီအို ပြောနေတာကြားလိုက်မိတယ်၊ ကျွန်တော်နဲ့လိုက်ခဲ့ပါ''

ကျွန်တော်နှင့် ရဲဘော်တို့ ဂျက်တီတွင် ဆိုက်ကပ်ထားသော တန်ကေး စက်လှေပေါ်သို့ တက်ခဲ့ကြသည်။ တက်မခန်းတွင် ဗိုလ်ကြီးတစ်ဦးကို တွေ့ရသည်။ ရဲဘော်က ကျွန်တော့်ခန့်စာကို ဗိုလ်ကြီးထံသို့ ကမ်းပေးလိုက်သည်။

''မြို့နယ်ပညာရေးမှူးက ဆက်သွယ်ထားပါတယ်၊ ဆရာ့မှာ ဘာပစ္စည်းတွေ ပါလာလဲ''

''ဟို တံတားပေါ်မှာ သေတ္တာတစ်လုံးနဲ့ အိပ်ရာလိပ်တစ်လိပ်ပဲ ပါတာ''

''ဆရာနေပါ၊ ကျွန်တော်တို့ သယ်ပေးမယ်၊ ကဲ-ကဲ သုံးလေးယောက် ဆရာ့ပစ္စည်းတွေ သွားသယ်ခဲ့ကြအုံး''

မသယ်နဲ့ဟုဆိုသော်လည်း မရပါ။ ရဲဘော် သုံးလေးဦးက ကျွန်တော့်သေတ္တာနှင့် အိပ်ရာလိပ်ကို စက်လှေပေါ်သို့ သယ်ယူလာကြသည်။

''နေ့လယ် တစ်ချက်ခွဲကျမှ စက်လှေထွက်မယ်၊ အလုပ်ကိစ္စရှိရင် ဆရာသွားလို့ရသေးတယ်''

''ဘယ်ကိုမှ မသွားတော့ပါဘူး''

''ဒါဆိုလည်း ကျွန်တော့်ဘေးမှာပဲ ထိုင်ပါ၊ အောက်မှာ ပစ္စည်းတွေနဲ့ရှုပ်နေမယ်''

ကျောင်းဆရာများကို ဤမျှအလေးထားမည်ဟု ကျွန်တော်မထင်ခဲ့ပါ။ ဗိုလ်ကြီးမှာ ကျွန်တော်နှင့် သက်တူရွယ်တူခန့်ပင်ရှိမည်ထင်သည်။ နေ့လယ်တစ်နာရီသာသာခန့်တွင် ကမ်းပေါ်ဈေးဝယ်သွားသူများ အထုပ်အပိုးပစ္စည်းများဖြင့် တဖွဲဖွဲ စက်လှေပေါ် ပြန်လာနေကြသည်။ အကြပ်ကြီးတစ်ဦးက စာရွက်တစ်ရွက်ကိုင်ပြီး အမည်ခေါ်ကာ လူစုံ၊ မစုံ စစ်နေသည်ကို တွေ့ရသည်။ ထို အကြပ်ကြီးက စာရွက်ကိုင်ကာ တက်မခန်းသို့ တက်လာသည်။ လူစုံကြောင်း ကျွန်တော့်နံဘေးက ဗိုလ်ကြီးထံ သတင်းပို့လိုက်သည်။

''လူစုံပါတယ် စီအို၊ အားလုံးပြန်ရောက်ပါပြီ''

''လူစုံရင် ရေယာဉ်ထွက်ဖို့ပြင်တော့''

တစ်နာရီခွဲတိတိတွင် တန်ကေးစက်

လေ့ ကော့သောင်းဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။ စက်လှေ ပုံမှန်သာခုတ်မောင်းလာခဲ့သည်။ ညနေ လေးနာရီသာသာခန့်တွင် ရှေ့တည့်တည့်က ကန့်လန့်အနေအထားနှင့် ကျွန်းကြီးကိုလှမ်းတွေ့ရသည်။ ကျွန်တော် ဗိုလ်ကြီးကို မေးလိုက်သည်။

''ရှေ့ကကျွန်းဟာ ဘာကျွန်းလဲ ဗိုလ်ကြီး''

''ဒီကျွန်းက ပလော်ကာကျန်လိုကျွန်းလို့ ခေါ်တယ်၊ ဘယ်ဘက်ကွေ့လိုက်ရင် ဇာဒက်ကြီးကျွန်းကို မြင်ရတော့မယ်၊ ကျွန်တော်တို့ လက်ဝဲဘက်ကို ကြည့်လိုက်ပါအုံး''

ကျွန်တော်တို့ တန်ကေးစက်လှေ လက်ဝဲဘက်တွင် ညို့မှိုင်းနေသော ကျွန်းကြီးကို တွေ့ရသည်။

''အဲဒါ ဇာနီကျွန်းပေါ့၊ ဟိုမှာ ကျောက်ဖြူကြီးတစ်လုံး ထောင်နေတာတွေ့တယ်မဟုတ်လား၊ တွေ့ရတဲ့ဝင်ပေါက်ကို ဆလုံတွေက 'ကျောက်ဖြူအော်'လို့ ခေါ်ကြတယ်၊ ညဘက် လသာတဲ့အချိန် အဝေးကကြည့်ရင် ဒီ ကျောက်ဖြူကြီးဟာ စက်လှေတစ်စီးကျောက်ချရပ်နားနေသလား ထင်ရတယ်၊ ရောက်ခါစက ကျွန်တော်တို့ အဲဒီ ကျောက်တုံးကြီးကို သင်္ဘောတစ်စီးလို့ အမှတ်မှားခဲ့ကြသေးတယ်''

စက်လှေမှာ ရှေ့တည့်တည့်ရှိ ပလော်ကာကျန်လိုကျွန်းကို ဦးတည်ခုတ်မောင်းနေရာက ဝဲဘက်သို့ကွေ့လိုက်သည်။ ပလော်ကာကျန်လို ကျွန်းတန်းရှည်ကြီးက ယာဘက်တွင် ကျန်ခဲ့သည်။ ရှေ့တွင် မြင့်မားညိုမှောင်နေသော ဇာဒက်ကြီးတောင်ကို ဘွားခနဲတွေ့လိုက်ရသည်။ ကျွန်တော်တို့ တန်ကေးစက်လှေ ဇာနီကျွန်းနှင့် ပလော်ကာကျန်လို ကျွန်းနှစ်ကျွန်းကြားက ဆက်လက် ခုတ်မောင်းလာသည်။ ဇာဒက်ကြီးတောင်ခြေတွင် သွပ်မိုးနေအိမ်များကို လှမ်းတွေ့နေရသည်။ မလှမ်းမကမ်း ကုန်းထိပ်တွင် စေတီတော်တစ်ဆူကိုလည်း ဖူးတွေ့ရသည်။ ကျွန်တော်တို့ တန်ကေးစက်လှေ ဇာဒက်ကြီးကျွန်းနှင့်တည့်တည့် ရေလယ်တွင် ရပ်နားကျောက်ချလိုက်သည်။ ရေယာဉ်ကျောက်ချနေစဉ်မှာပင် တဘုတ်ဘုတ်နှင့် ပဲ့ချိတ်စက်လှေများ ရောက်ရှိလာသည်။ ကျွန်တော့်အမည်ကို ခေါ်သံလည်းကြားရသည်။

**အဲဒါ ဇာနီကျွန်းပေါ့၊**
**ဟိုမှာ**
**ကျောက်ဖြူကြီးတစ်လုံး**
**ထောင်နေတာတွေ့တယ်**
**မဟုတ်လား၊**
**တွေ့ရတဲ့ဝင်ပေါက်ကို**
**ဆလုံတွေက**
**'ကျောက်ဖြူအော်' လို့**
**ခေါ်ကြတယ် . . .**

''ဆရာထွန်းမြင့်၊ ဆရာထွန်းမြင့်၊ ဒီလှေပေါ်ကိုဆင်းခဲ့ပါ၊ ဒီလှေက ဆရာ့ကို လာကြိုတဲ့လှေပါ''

အသံကြားရာသို့ တန်ကေးစက်လှေပေါ်က ကျွန်တော်ငုံ့ကြည့်လိုက်သည်။ လှေမောင်းသူတစ်ဦးနှင့် အရပ်ထောင်ထောင်မောင်းမောင်း လူတစ်ဦးကိုတွေ့ရသည်။

''ဆရာလေး အသာနေ၊ သေတ္တာနဲ့ အိပ်ရာလိပ် ကျွန်တော်တို့ချပေးမယ်၊ ရဲဘော်နှစ်ဦးက ကျွန်တော့်သေတ္တာနှင့် အိပ်ရာလိပ်ကို လှေငယ်ပေါ်သို့ ချပေးသည်။ ကျွန်တော်တစ်ဦးတည်းကို လှေတစ်စီးနှင့် လာကြိုခြင်းဖြစ်သည်။ ကျွန်တော်လှေပေါ်အရောက်တွင် ဇာဒက်ကြီးတောင်ခြေရှိ တလွန်းရွာဘက်သို့ မောင်းထွက်လာသည်။

''ကျွန်တော့်နာမည် 'ဦးစတိ'ပါ၊ ဒီက ဆလုံတွေရဲ့ လူကြီးပါ၊ ဆရာ့ကို လာကြိုတာပါ''

''ဩော်…ကျေးဇူးတင်ပါတယ်၊ ကျွန်တော့် နာမည် ထွန်းမြင့်ပါ''

လာကြိုသူ ဦးစတိဆိုသူကို ကျွန်တော် သတိထားကြည့်လိုက်မိသည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကြောက်ရွံ့မိသကဲ့သို့ ခံစားခဲ့မိသော်လည်း ဦးစတိက ခင်မင်ဖော်ရွေသောအပြုံးဖြင့် ကျွန်တော့်ကိုကြိုဆိုခဲ့သည်။ မိနစ်အနည်းငယ်သာ မောင်းရသည်။ တလွန်းရွာ သောင်ပြင်စပ်သို့ ရောက်လာသည်။ တန်ကေးစက်လှေကြီး ဆိုက်ကပ်နိုင်သည့် တံတားမရှိပေ။ ပဲ့ချိတ်လှေငယ်ဖြင့်သာ သယ်ယူပို့ဆောင်ကြရသည်။ ဆလုံယောကျ်ားငယ် သုံးလေးဦး ပြေးဆင်းလာပြီး ကျွန်တော့်ပစ္စည်းများ ကူညီသယ်ယူသွားကြသည်။

''တန်ကေးစက်လှေပေါ်မှာ ဆက်သွယ်ရေးစက် ပါတယ်လေ၊ ဒီစခန်းကို အကြောင်းကြားလို့ ရေတပ်စခန်းက လာပြောတယ်၊ ဒါကြောင့် ဆရာလေးကို လာကြိုနိုင်တာ၊ ခုပစ္စည်းတွေ သယ်ယူသွားသူတွေဟာ ဆရာလေးတပည့်တွေပဲ''

တပည့်လေးများက ဦးဆောင်ကာ ကျွန်တော့်ပစ္စည်းများ သယ်ယူသွားကြသည်။ ကျွန်တော်နှင့် ဦးစတိတို့ နောက်က လိုက်သွားကြသည်။ ရှေ့တွင် မြင့်မားလှသော ဇာဒက်ကြီးတောင်ကို လှမ်းတွေ့ရသည်။ တောင်ကြီးက ဆလုံရွာကို လေဒဏ်၊ မိုးဒဏ်က အကာအကွယ်ပေးထားပုံရသည်။ ဝေးလံသီခေါင်သော ဤလိုဒေသတွင် ဤမျှစည်ကားနေသော ရွာနှင့်စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်းများ ရှိနေသည်ကို ကျွန်တော်အံ့သြမိသည်၊ ကျွန်တော့်အတွက် သီးသန့်အိမ်တစ်လုံးကို ရေတပ်စခန်းက စီစဉ်ပေးထားသည်။ ပစ္စည်းများ နေသားတကျထားပြီးမှ ရောက်ရှိကြောင်း သတင်းပို့ရန် ကျောင်းအုပ်ဆရာမကြီးထံသို့ ထွက်လာခဲ့သည်။ ဆရာမကြီး၏အိမ်သို့ ရောက်ရှိတွေ့ဆုံပြီး မြို့နယ်ပညာရေးမှူး ပေးလိုက်သည့် အလုပ်ခန့်စာကို ပေးလိုက်သည်။

''ဆရာလေးက စောပြီးရောက်လာတာပဲ၊ စောစောရောက်လာတော့လည်း ကောင်းတာပေါ့လေ၊ အရင်က ဒီရွာမှာ မူလတန်းကျောင်းသာရှိခဲ့တာ၊ တွဲဖက်အလယ်တန်းကျောင်းဖြစ်တာ မကြာသေး

ဘူး၊ ကျွန်မက ဟိုအရင် မူလတန်းကျောင်းကတည်းက ဒီကိုရောက်နေခဲ့တာ၊ မူလတန်း ကလေးတွေက ဆလုံကလေးတွေများပါတယ်၊ ဆရာလေး ဆလုံစကားအသင့်အတင့်နားလည်အောင်တော့ လေ့လာထားမှ ပိုပြီးအဆင်ပြေမယ်''

''ဒီရွာမှာ ဘုန်းတော်ကြီးကျောင်း၊ ဆေးခန်းတွေလည်း ရှိနေတယ်နော်''

''ဟိုးထိပ်က စေတီဟာ ကိုးတောင်ပြည့်စေတီလေ၊ ဆုတောင်းပြည့်အေးစေတီလို့ ဘွဲ့အမည်ပေးထားတယ်၊ ဟိုအဆောက်အဦးကတော့ ဆလုံယဉ်ကျေးမှုပြတိုက်ပေါ့၊ နောက်တော့ ဆရာလေးသိလာမှာပါ၊ ဆရာလေး ရောက်လာတာ ကျွန်မ သိပ်အားရတယ်၊ ကဲ-ကဲ နားပါအုံး''

ဤသို့ဖြင့် ဝေးလံသီခေါင်လှသော မြန်မာပြည်တောင်ဘက်စွန်းက ဇာဒက်ကြီးကျွန်းပေါ်တွင် ကျွန်တော် စတင်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဤကျွန်းတွင် ကျွန်တော် စိတ်အဝင်စားဆုံးသောအရာမှာ ဆလုံယဉ်ကျေးမှုပြတိုက်ဖြစ်သည်။ ရေတပ်အခြေစိုက် စခန်းမှူးဦးဆောင်၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။ ဆလုံလူမျိုး မတိမ်ကော၊ မကွယ်ပျောက်စေရန်၊ ဆလုံရိုးရာ ထိန်းသိမ်းရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အဓွန့်ရှည်ရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဆလုံယဉ်ကျေးမှုပြတိုက် ဆောက်လုပ်ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ပြီး 'မြန်မာ'ဟု စုပေါင်းခေါ်ဆိုသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများမှာ ကချင်(၁၂)မျိုး၊ ကယား(၉)မျိုး၊ ကရင်(၁၁)မျိုး၊ ချင်း(၅၃)မျိုး၊ ဗမာ(၉)မျိုး၊ မွန်(၁)မျိုး၊ ရခိုင်(၇)မျိုး၊ ရှမ်း(၃၃)မျိုး စုစုပေါင်း (၁၃၅)မျိုး ရှိသည်။ ဗမာ(၉)မျိုးမှာ ဗမာ၊ ထားဝယ်၊ မြိတ်၊ ယော၊ ရဘိန်း၊ ကဒူး(ခုံကူး)၊ ဂဏန်း၊ ဆလုံ၊ ဖုန်း(ဖွန်)ဟူ၍ဖြစ်ရာ ဆလုံလူမျိုးမှာ ဗမာ(၉)မျိုးတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။ ပြတိုက်အတွင်း ဆလုံတိုင်းရင်းသား ရိုးရာနတ်တိုင်၊ နတ်အိမ်၊ နတ်ဘုရား၊ ဖုံ၊ ဖျာ၊ လှေထွင်းသည့်ဓား၊ တစေးပုလွေ၊ ဝါးလက်ခုပ်၊ ခက်ရင်းထည့်သည့်ခြင်း၊ ငါးထိုးစူးနှင့် ကဗန်းလှေပုံစံများလည်း ပြသထားသည်ကို တွေ့ရသည်။

ဆလုံလူမျိုးမှာ ဗမာ(၉)မျိုးတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။ ပြတိုက်အတွင်း ဆလုံတိုင်းရင်းသား ရိုးရာနတ်တိုင်၊ နတ်အိမ်၊ နတ်ဘုရား၊ ဖုံ၊ ဖျာ၊ လှေထွင်းသည့်ဓား၊ တစေးပုလွေ၊ ဝါးလက်ခုပ်၊ ခက်ရင်းထည့်သည့်ခြင်း၊ ငါးထိုးစူးနှင့် ကဗန်းလှေ ပုံစံများလည်း ပြသ . . .

ကျွန်တော့် နေထိုင်စားသောက်ရေးကို ရေတပ်စခန်းက စီစဉ်ပေးထားသော်လည်း ကျွန်တော့်ဆန္ဒအရ အိမ်တွင် ကိုယ်တိုင်ချက်ပြုတ်စားသောက်ခဲ့သည်။ ကျောင်းဖွင့်ပြီး စာသင်ရက်များရလာသည်နှင့်အမျှ အားလုံးနှင့် ခင်မင်ရင်းနှီးလာခဲ့ပြီဖြစ်သည်။ ရေတပ်စခန်းမှ မိသားစုဝင်ကလေးများ 'တလွန်း'ရွာ၊ 'ညော'ရွာက ဆလုံလေးများ အများဆုံး ကျောင်းတွင်ပညာသင်ကြားနေကြသည်။ ဆရာလေး၊ ဆရာလေးနှင့် အားလုံးက ကျွန်တော့်ကို တလေးတစားဆက်ဆံကြသည်။ ရပ်ရေးရွာရေးကိစ္စများတွင်လည်း ကျွန်တော့်ကို နေရာပေးဆောင်ရွက်စေကြသည်။ ဆလုံကျောင်းသားများနှင့် ပတ်သက်၍ အဓိကကူညီပေးသူမှာ ရွာလူကြီး ဦးစတိဖြစ်သည်။ ဦးစတိကျေးဇူးကြောင့်-

| | |
|---|---|
| မှန်သည်ကို | မှုန့်(ရ်) |
| မှားသည်ကို | ဖလမ်းကပ် |
| အဖေကို | အပေါင်း |
| အမေကို | အနောင်း |
| သားကို | အနမ် |
| သမီးကို | အနိုင်း |
| ယောက်ျားလေးကို | ကော် |
| မိန်းကလေးကို | မဲ့ |
| နေကောင်းလားကို | နလော်နီအမောအိုင်း |
| ကျေးဇူးတင်ပါတယ်ကို | ဗွန်း(န်)အိုး |
| နာမည်ဘယ်လိုခေါ်လဲကို | နလော်အညန်း<br>အနူလန်း |
| သမီးရည်းစားကို | ကော်နန်း |
| ရဲဘော်ကို | မာတား |
| ယောက်ျားကို | ကပ်နိုင်း |
| မိန်းမကို | ဘိနိုင်း |

စသည့် ဆလုံဘာသာစကား မြန်မာအဓိပ္ပါယ်ကို နားလည်ပြောဆိုတတ်ခဲ့ပြီဖြစ်သည်။ ဆရာဖြစ်သော ကျွန်တော့်ကို တပည့်ဆလုံလေးများသင်ပေးသည့် ခပ်၊ ဒွပ်၊ တလှိန်း၊ ပမ့်၊ နစ်မန့်၊ နမ်(ဗ်)၊ ဝူကျ၊ ဝလေ့၊ ချပိုင်၊ ကပေ့ါ စသည့် တစ်မှတစ်ဆယ်အထိ ရေတွက်ပုံကို ဆလုံစကားဖြင့် ရွတ်တတ်၊ ပြောတတ်ခဲ့ပြီ ဖြစ်သည်။

တစ်နေ့နံနက် ကျောင်းမသွားမီ အိမ်တွင် ကျွန်တော် ထမင်းအိုးတည်နေစဉ် ရွာလူကြီး ဦးစတိ ကျွန်တော့်အိမ်ရောက်လာသည်။ ချိုင့်တစ်လုံး လက်ထဲဆွဲလာသည်ကို တွေ့ရသည်။

''ဆရာလေး ဘာချက်နေတာလဲ''

''ထမင်းအိုး တည်နေတာ''

''ဟင်းရော ချက်ပြီးပြီလား''

''ဟင်းတော့ မချက်ရသေးဘူး''

''ဒါဆို အတော်ပဲ၊ ဟင်းမချက်နဲ့တော့၊ ဒီမှာ ဆရာလေးအတွက် ဟင်းယူလာတယ်''

''ဘာဟင်းလဲ ဦးစတိ''

''ငါးလိပ်ကျောက်သား ဆီပြန်ဟင်းပါ''

''ငါးလှေဝင်တာလည်း မကြားမိဘူး၊ ရေတပ်စခန်းက ငါးဝေငှတာလည်း မရှိပါဘူး၊ ဘယ်ကရလာတာလဲ''

''အဘွားကြီး အော်ထဲရှိတဲ့ မြောင်းထဲက ချိတ်လာတာတဲ့၊ ကျွန်တော့်အသိ လာပို့ပေးတာ၊ ဆီပြန်ဟင်းချက်ပြီး ဆရာလေးဆီ ပို့ပေးပါဆိုလို့ လာပို့တာ၊ စားကြည့်ပါအုံး၊ စားပြီးရင် ကြိုက်သွားမယ်''

ငါးလိပ်ကျောက်သားဟင်း တစ်ချိုင့်

ပေးပြီး ဦးစတိပြန်သွားသည်။ ဟင်းချိုင့်ကို ကျွန်တော်ဖွင့်ကြည့်လိုက်သည်။ နီရဲမွှေးကြိုင်နေသော ငါးလိပ်ကျောက် အသားတုံးဟင်းကို တွေ့ရသည်။ ကျွန်တော့်အတွက် ညမနက်စာ ဟင်းမချက်ရတော့ပါ။ စားကြည့်မှ လွန်စွာအရသာရှိလှသော အသားဖြစ်ကြောင်း သိရသည်။ ငါးလိပ်ကျောက် အသားမှာ ချိုနေပါသည်။ ဦးစတိပြောခဲ့သည့်အတိုင်း ငါးလိပ်ကျောက်သားဟင်းကို ကျွန်တော် အကြိုက်တွေ့သွားပါတော့သည်။ အဘွားကြီး အော်ထဲရှိမြောင်းထဲက ငါးလိပ်ကျောက်ချိတ်၍ ရခဲ့သည်ဟု ဦးစတိပြောခဲ့သည်။ အချိန်ရသည့်တစ်နေ့ ငါးလိပ်ကျောက် ချိတ်နည်း ဦးစတိကို သင်ခိုင်းပြီး ကိုယ်တိုင် ငါးလိပ်ကျောက်ချိတ်ကြည့်ချင်သည်။ မည်သည့်ပစ္စည်းဖြင့် မည်သို့ ချိတ်ရသည်ကို ကျွန်တော်မသိသေးပါ။ ကိုယ်တိုင် ချိတ်၍ရသော ငါးလိပ်ကျောက်ကို ကိုယ်တိုင်ဟင်းချက်ချင်သည့်ဆန္ဒ ဖြစ်နေမိသည်။ ဦးစတိနှင့် နောက်ထပ်တွေ့ဆုံတော့မှ ကျွန်တော့်ဆန္ဒကို ပြောပြမည်ဟု စိတ်ကူးထားခဲ့သည်။

ကျောင်းပိတ်ရက်တစ်နေ့ အေးအေးလူလူ စာဖတ်နေစဉ် အိမ်အောက်က ခေါ်သံကြားလိုက်ရသည်။

''ဆရာလေး၊ ဆရာလေး၊ လာပါအုံး၊ ဆရာလေးတပည့်တစ်ယောက်ကို ထမ်းပြီး ဆေးခန်းဘက်သွားတာ တွေ့ရတယ်၊ ဘာဖြစ်လို့လဲ မသိဘူး၊ ဆရာလေး သွားကြည့်ပါအုံး''

ကျောင်းအုပ်ဆရာမကြီးကို အိမ်အောက်တွင် တွေ့လိုက်ရသည်။

''ဟုတ်လား ဆရာမကြီး၊ ကျွန်တော် ဆေးခန်းဘက် လိုက်သွားပါ့မယ်''

ကပျာကယာပင် ဆေးခန်းရှိရာဘက်သို့ ကျွန်တော်လိုက်သွားသည်။ တတိယတန်းက ကျွန်တော့်တပည့်နှင့် သူ့ဖခင်ကို တွေ့လိုက်ရသည်။

''ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ''

''အော်ထဲက မြောင်းထဲမှာ ငါးလိပ်ကျောက်သွားချိတ်တာ ငါးလိပ်ကျောက် အထိုးခံလိုက်ရတာ''

''အခု ဘယ်လိုနေသေးလဲ''

''အဆိပ်တက်နေတုန်း ထင်တယ်၊ ဆေးခန်းက ဆေးထိုးပေးပြီး အနာကို ဆေးထည့်ပေးနေတယ်''

ကျွန်တော့်တပည့် ဒဏ်ရာကို သေချာကြည့်လိုက်မိသည်။ ခြေမျက်စိအောက်နားတွင် ဒဏ်ရာသေးသေးလေး တွေ့ရသည်။

''ဖြစ်ပုံကို အသေးစိတ်ပြောပြပါအုံး''

''အော်ထဲက မြောင်းမှာ ကျွန်တော် ငါးလိပ်ကျောက် ချိတ်နေတုန်း ကျွန်တော့်သားက သူလည်းချိတ်ချင်တယ်ဆိုပြီး ရေထဲဆင်းလိုက်လာတာ၊ ကျွန်တော် သတိမထားလိုက်မိဘူး၊ အော်သံကြားလို့ ကြည့်လိုက်တော့ သားက သဲပြင်ပေါ်လဲကျနေပြီ၊ ငါးလိပ်ကျောက် အထိုးခံလိုက်ရတဲ့ခြေထောက်လှုပ်လို့မရတော့ဘူး ဖြစ်သွားတယ်၊ သဲပြင်ပေါ် ရေစပ်စပ်မို့ တော်သေးတယ်၊ ရေများနေရင်တော့ ရေနစ်သွားနိုင်တယ်၊ ကျွန်တော်လည်း မကြုံဖူးတော့ ဆေးခန်းကိုပဲ ခေါ်လာတာ''

တစ်နေ့ကပင် ဦးစတိ ငါးလိပ်ကျောက်သားဟင်း လာပေး၍ ကျွန်တော် စားခဲ့ရသေးသည်။ ကိုယ်တိုင်သွားပြီး ငါးလိပ်ကျောက် ချိတ်မည်ဟု စိတ်ကူးခဲ့သေးသည်။ ယခု ငါးလိပ်ကျောက်အထိုးခံရ၍ ကျွန်တော့်တပည့် ဆေးခန်းရောက်နေပြီး ငါးလိပ်ကျောက်ချိတ်စဉ် အန္တရာယ်ရှိကြောင်း သိခဲ့ရသည်။ ဦးစတိကို မေးကြည့်ရပါဦးမည်။

နောက်တစ်နေ့ ကျောင်းဖွင့်ရက်တွင် ငါးလိပ်ကျောက်အထိုးခံရသော တပည့်မှာ ကျောင်းသို့ရောက်မလာပါ။ အနာမကျက်သေးကြောင်း သိရသည်။ ဒဏ်ရာမကြီးသော်လည်း တဆစ်ဆစ်နာနေသည်ဟု သိရသည်။ သုံးလေးရက် ကျောင်းပျက်ပြီးမှ ကျောင်းပြန်တက်လာသည်ကို တွေ့ရသည်။ သို့သော် အနာက ပြည်တည်နေပြီဖြစ်သည်။ အနာယဉ်းနေပြီး ပြည်များလည်းတွေ့ရသည်။ ဆေးထိုး၊ ဆေးသောက်၊ ဆေးထည့်ခြင်းများ ပြုခဲ့သော်လည်း အနာမကျက်နိုင်သေးဘဲ ရှိနေသည်။ ကျွန်တော် ဘဝင်မကျဖြစ်နေမိသည်။ ဦးစတိကိုမေးကြည့်မည် စိတ်ကူးသော်လည်း ဦးစတိက ရွာတွင်မရှိပါ။ ကော့သောင်းသို့ ဈေးဝယ်သွားနေသည်မှာ သုံးလေးရက်ရှိနေပြီဖြစ်သည်။ ဦးစတိပြန်လာတော့မှ ငါးလိပ်ကျောက်ထိုး၍ ဖြစ်သည့် အနာအကြောင်းမေးရမည်။ တစ်ပတ်ခန့် ကြာတော့မှ ဦးစတိ ရွာသို့ပြန်ရောက်လာသည်။ ရွာသို့ ပြန်ရောက်ရောက်ချင်းပင် ဦးစတိ ကျွန်တော့်ဆီရောက်လာသည်။



ကော့သောင်းမှ မုန့်များ၊ ခတ်ခဲများဝယ်လာပြီး ကျွန်တော့်ကိုလာပေးခြင်းဖြစ်သည်။

''လာမယ့်အပတ် ကျောင်းပိတ်ရက် ဦးစတီ အလုပ်အားသလား၊ ဘယ်သွားဖို့ရှိလဲ''

''အားပါတယ်၊ ဘာကိစ္စရှိလို့လဲ ဆရာလေး''

''ကျွန်တော့်ကို ငါးလိပ်ကျောက် ချိတ်နည်း သင်ပေးပါလား၊ ကိုယ်တိုင်သွားချိတ်ချင်လို့ပါ''

''ဩော် . . .ဘာများလဲလို့၊ ငါးလိပ်ကျောက် ကိုယ်တိုင်ချိတ်ချင်တာကိုး၊ ကျွန်တော်နဲ့ အော်ထဲ လိုက်ခဲ့ပေါ့၊ ကျွန်တော်ပြပေးမယ်၊ သိပ်မခက်ပါဘူး''

ဆလုံများက လေကွယ်ရာ၊ မိုးကွယ်ရာ နေရာများကို ''အော်''ဟုခေါ်ကြသည်။ ''ဂလက်''ဟုလည်း ခေါ်ကြသည်။

''ငါးလိပ်ကျောက်ကို ဘာနဲ့သွားချိတ်မလဲ''

''ချိတ်တဲ့ပစ္စည်း ကျွန်တော်ယူခဲ့မယ်၊ ဆရာလေး စောင့်နေပါ''

''ဒါနဲ့ . . .ကြုံတုန်း ဦးစတီကိုမေးရအုံးမယ်၊ ငါးလိပ်ကျောက် အထိုးခံရရင် အဆိပ်တက်တတ်လား၊ အထိုးခံရရင် ပစ်လဲကျသွားတယ်ဆို၊ ပြီးတော့ အထိုးခံရတဲ့ အနာကလည်း လွယ်လွယ်နဲ့ မပျောက်တော့ဘဲ အနာယဉ်းပြီး ပြည်တည်နေရင် ဘယ်လိုဆေးကုရမလဲ၊ ဦးစတီ သိလား''

''ဘာဖြစ်လို့ ဒီအကြောင်းတွေ မေးတာလဲ ဆရာလေး''

''ကျွန်တော့် တပည့်လေးတစ်ယောက် ငါးလိပ်ကျောက်အထိုးခံရပြီး သုံးလေးရက် ကျောင်းမတက်နိုင်ဘူး၊ ဆေးခန်းက သောက်ဆေး၊ ထိုးဆေးပြီးတော့ အနာကို ဆေးထည့်ပေးတယ်၊ ဒါတောင် အနာက မကျက်ဘဲ ပြည်တည်နေတယ်၊ ဘယ်လိုကုသရမလဲ''

''ဒီကိစ္စလား၊ အကြောင်းသိရင် လွယ်လွယ်လေးပါ၊ ကဲ–ဆရာလေး ငါးလိပ်ကျောက် အထိုးခံထားရတဲ့ ကလေးဆီသွားကြမယ်၊ ကျွန်တော် ကုသပေးမယ်''

ကျွန်တော်နှင့် ဦးစတီတို့ တလွှန်းရွာ အစွန်ပိုင်းသို့ ထွက်လာကြသည်။ ငါးလိပ်ကျောက် အထိုးခံရသည့်ကလေးကို အဆင်သင့်တွေ့ရသည်။ ဦးစတီက အနာကို ကြည့်လိုက်သည်။

''ပင်လယ်ရေ၊ ရေငန်နဲ့ထိတွေ့နေတာကိုး၊ ဘယ်ပျောက်ပါ့မလဲ''

ဦးစတီက ငါးလိပ်ကျောက်အထိုးခံရသည့် ကလေးကို သူ့အနီးသို့ခေါ်ပြီး အိမ်အတွင်းသို့ လှမ်းပြောလိုက်သည်။

''ရေချိုတစ်ပုံးလောက် ယူခဲ့ပါ''

ကျွန်တော့်တပည့်၏ ဖခင်က ရေပုံးတစ်ပုံးဆွဲပြီး ထွက်လာသည်။

''ရေချိုက ဘာလုပ်ဖို့လဲ''

''ကလေးရဲ့အနာက ပြည်တွေကို ရေချိုနဲ့ ဆေးပစ်ရမယ်''

ပြောပြောဆိုဆို ဦးစတီက အနာက ပြည်များကို ညှစ်ထုတ်ပြီး ရေချိုဖြင့် အထပ်ထပ် ဆေးလိုက်သည်။

''အနာကို ရေချိုနဲ့ တစ်နေ့ နှစ်ကြိမ်လောက် ဆေးပေးပါ၊ ပင်လယ်ရေငန် မထိစေနဲ့၊ ဒါဆိုပျောက်ပြီ''

''အနာက ရေငန်နဲ့ မကြာခဏထိနေလို့ မပျောက်တာလား၊ ငါးလိပ်ကျောက်က ဘယ်လိုထိုးတာလဲ''

''ငါးလိပ်ကျောက်တွေက ရေနောက်ထဲမှာ နေကြတာ၊ ရေနောက်မှ ထွက်လာကြတာ၊ ဆရာ့တပည့်က ငါးလိပ်ကျောက်ရှိနေတဲ့ ရေနောက်တဲ့နေရာထဲ ဆင်းသွားလို့ ငါးလိပ်ကျောက် အထိုးခံရတာပါ''

''ဟုတ်တယ်၊ ကျွန်တော် ငါးလိပ်ကျောက် ချိတ်နေတုန်း သားက ရေနောက်ထဲ ဆင်းသွားခဲ့မိတာ၊ အဲဒီမှာ ငါးလိပ်ကျောက် အထိုးခံရတယ်''

''ရေနောက်အောင် နောက်လိုက်မှ ငါးလိပ်ကျောက်က ထွက်လာတာ၊ သူ့အမြီးအရင်း စအိုနားမှာ ဆူးလေးရှိတယ်၊ ခြေထောက်ကို သူ့အမြီးနဲ့ပတ်ပြီး နောက်ဆုတ်သလိုမျိုး နောက်ပြန်ထိုးလိုက်တာ၊ ကျင်ခနဲဖြစ်သွားပြီး ထုံသွားတတ်တယ်၊ အထိုးခံရတဲ့ ခြေထောက် တန်းနေပြီး ရုတ်တရက် ကွေးမရဖြစ်ကာ လမ်းလျှောက်လို့မရတော့ဘူး၊ လူကြီးတွေက သတိရှိပေမယ့် ကလေးတွေက လဲကျသွားတတ်တယ်၊ အဆိပ်ကြောင့်ဖြစ်တာ၊ ငါးလိပ်ကျောက်အဆိပ်က မသေနိုင်ပါဘူး၊ လဲကျသွားလို့ ရုတ်တရက် မထနိုင်ဘဲ ရေနစ်သွားနိုင်တယ်၊ ငါးလိပ်ကျောက် သွားချိတ်ရင် အဖော်ပါမှကောင်းတာ''

''ငါးလိပ်ကျောက် အထိုးခံခဲ့ရရင် အဆိပ်မတက်၊ အနာမယဉ်းအောင် ဘယ်လိုလုပ်ရမလဲ''

''ငါးလိပ်ကျောက် အထိုးခံရတာနဲ့ ဆားငန်ရေနဲ့ဝေးတဲ့ ကုန်းပေါ်ကို အမြန်ဆုံးတွဲခေါ်သွားရမယ်၊ သွေးတွေကို ညှစ်ထုတ်ပြီး ရေချိုနဲ့ သုံးလေးကြိမ် ဆေးကြောပစ်

**ငါးလိပ်ကျောက်အဆိပ်က မသေနိုင်ပါဘူး၊ လဲကျသွားလို့ ရုတ်တရက် မထနိုင်ဘဲ ရေနစ်သွားနိုင်တယ်၊ ငါးလိပ်ကျောက် သွားချိတ်ရင် အဖော်ပါမှကောင်းတာ . . .**



ရမယ်၊ ရေခြောက်သွားတော့မှ ဆေးထည့် လိုက်ရုံပဲ၊ အနာမကျက်မချင်း ရေငန်တော့ ထိလို့မရဘူး၊ ဒီဒေသက ရေပြည့်တာနဲ့ ရေက ရောက်လာပြီလေ၊ ရေငန်နဲ့ထိနေရင် အနာမပျောက်တော့ဘူး၊ ယဉ်းလာပြီး ပြည်တည်လာရော၊ ရေငန်နဲ့မထိရင်တော့ သုံးလေးရက်နဲ့ ပျောက်သွားမယ်''

**အော်ထဲတွင်**
**ရေ မစစ်သေးပါ။ လှေရပ်ပြီး**
**ဦးစတိက**
**ကျောက်ချလိုက်သည်။**
**မိနစ်အနည်းငယ်အတွင်း**
**ရေစစ်သွားပြီး လှေမှာ**
**တစောင်းအနေအထားဖြင့် . . .**



''ဒါတွေကို ကျွန်တော် ခုမှသိရတာ၊ ဦးစတိပြောပြလို့ ဗဟုသုတတိုးလာတယ်၊ လာမယ့် ကျောင်းပိတ်ရက် ဦးစတိ ဆက်ဆက် လာခဲ့နော်၊ ငါးလိပ်ကျောက်သွားချိတ်ဖို့ ကျွန်တော်စောင့်နေမယ်နော်''

''ငါးလိပ်ကျောက် အထိုးခံရမှာ ဆရာလေး မကြောက်ဘူးလား''

''ဦးစတိပြောပြလို့ သိခဲ့ရပြီလေ၊ အထိုးမခံရအောင် နေမှာပေါ့''

နောက်နှစ်ရက်တွင် ငါးလိပ်ကျောက် အထိုးခံခဲ့ရသော ကျွန်တော့်တပည့်အနာက သက်သာလာသည်ကို တွေ့ရသည်။ လေးငါးရက်အကြာတွင် အနာလုံးဝပျောက်ကင်းသွားပါတော့သည်။

သူ၏ ကတိအတိုင်း ကျောင်းပိတ်ရက်တစ်ရက်တွင် ဦးစတိ သူ့ကိုယ်ပိုင်လှေဖြင့် ကျွန်တော့်ဆီ ရောက်လာသည်။

''ရေတောင် မစစ်သေးဘူး ဦးစတိ''

''လှေယူသွားမှဖြစ်မယ်၊ နို့မဟုတ်ရင် ရေတက်ကြမ်းတော့ ကမ်းစပ်ကို ပြေးနေရအုံးမယ်၊ ကျွန်တော့်လှေနဲ့ပဲ လိုက်ခဲ့ပါ''

ကျွန်တော်တို့နှစ်ဦး တလွန်းရွာအရှေ့ဘက်၊ အဘွားကြီး အော်ထဲရှိ သောင်ပြင်ကျယ်ကြီးဘက်သို့ ထွက်လာခဲ့ကြသည်။ မိနစ်အနည်းငယ်သာ မောင်းရသည်။ အော်ထဲ ရောက်လာသည်။ အော်ထဲတွင် ရေ မစစ်သေးပါ။ လှေရပ်ပြီး ဦးစတိက ကျောက်ချလိုက်သည်။ မိနစ်အနည်းငယ်အတွင်း ရေစစ်သွားပြီး လှေမှာ တစောင်းအနေအထားဖြင့် သောင်ပေါ်တင်နေသည်။ ရေစစ်သွားပြီ၊ သွားစို့ဟုဆိုကာ ဦးစတိ လှေပေါ်က ဆင်းလိုက်သည်။ ဦးစတိနောက်သို့ ကျွန်တော်လိုက်သွားသည်။ ကျွန်တော်တို့နှင့် မလှမ်းမကမ်း သောင်ပြင်ပေါ်တွင် ဆလုံအမျိုးသမီးတစ်သိုက်ကို တွေ့လိုက်ရသည်။ သူတို့အနီးက ဖြတ်လျှောက်သွားစဉ် တစ်လံခန့်ရှည်သော ကြိုးတစ်ချောင်းကိုယ်စီ ကိုင်ထားကြသည်ကို တွေ့ရသည်။ ကြိုးစ တစ်ဖက်ထိပ်တွင် အပ်ကြီးကြီးပုံစံ သံချောင်းချွန်တစ်ချောင်း တပ်ထားသည်ကိုလည်း တွေ့ရပြန်သည်။

''ဟိုက အမျိုးသမီးတွေ ဘာကို လိုက်ရှာနေကြတာလဲ''

''ပင်လယ်မျှော့ လိုက်ရှာနေကြတာ''

''လက်ထဲကကြိုးနဲ့ အပ်ကြီးလိုလို သံချွန်က ဘာအတွက်လဲ''

''ရေစစ်သွားခဲ့ရင် သောင်ပြင်ပေါ်မှာ ပင်လယ်မျှော့တွေ တင်ကျန်ခဲ့တယ်၊ တစ်ကောင်ချင်းလိုက်ကောက်၊ အပ်နဲ့ဖောက်၊ ကြိုးနဲ့သီထားကြတာ၊ ရေပြန်မတက်ခင်အထိ တစ်လံလောက်ကြိုးအရှည် ပြည့်လုနီးပါး ပင်လယ်မျှော့ရကြတာ၊ မကြာခင် ဆရာလေးတွေ့ရမယ်''

''အဲဒီမျှော့တွေက စားလို့ရသလား''

''စားလို့ကောင်းတာ၊ ကြိုးနဲ့သီထားတဲ့အတိုင်း ခြောက်သွားအောင် နေလှမ်းရတယ်၊ နဂိုက အမည်းရောင်ပေမယ့် ခြောက်တော့ ဖြူသွားတယ်၊ စားဖို့ထက် ရောင်းဖို့လိုက်ကောက်နေကြတာ၊ များများရတော့ ယိုးဒယားဘက် သွားရောင်းကြတာ''

''ဩော် . . . ဒီလိုကြောင့်ကိုး''

ကျွန်တော် သဲပြင်ပေါ်ကြည့်လိုက်သည်။ တစ်ထွာသာသာ ပင်လယ်မျှော့ မည်းမည်းသုံးလေးကောင်တွေ့လိုက်ရသည်။ စကားပြောရင်း ကျွန်တော်တို့ ရှေ့ဆက်လျှောက်သွားကြသည်။ ဦးစတိလက်ထဲတွင် သံချိတ်နှစ်ခုပါလာသည်ကို တွေ့ရသည်။ လေးငါးပေခန့် အရှည်ရှိပြီး အဖျားတွင် သံချိတ်တပ်ထားသည်။ ကောက်နေသော သံချိတ်အဖျားပိုင်းမှာ ချွန်ထက်နေသည်ကို တွေ့လိုက်ရသည်။ ရေမြောင်းတစ်ခုအနီးတွင် ဦးစတိရပ်တန့်လိုက်သည်။ သောင်ပြင်ပေါ် ရေစစ်သွားပြီဖြစ်သော်လည်း မြောင်းများထဲတွင် ပင်လယ်ရေ ကျန်နေခဲ့သည်။ ရှည်လျားသော မြောင်းအတွင်းရေက ခါးစောင်းမျှ အနက်ရှိနေသည်။ ဦးစတိက သူကိုင်ထားသော ငါးလိပ်ကျောက်ချိတ် နှစ်ချောင်းအနက် ကျွန်တော့်ကို တစ်ချောင်းပေးသည်။ ပြီးနောက် ဦးစတိက ရေမြောင်းထဲ ဆင်းသွားပြီး ရေနောက်အောင် မွှေနှောက်လိုက်သည်။ တဝုန်းဝုန်းနှင့် အတန်ကြာ မွှေနှောက်လိုက်သည်။ ရွှံ့နွံများထလာပြီး မြောင်းအတွင်း ရေနောက်သွားတော့သည်။ ရေနောက်သွားသည်နှင့် ဦးစတိက မြောင်းပေါ် အမြန်ပြန်တက်လိုက်သည်။

''ရေနောက်သွားရင် ငါးလိပ်ကျောက်တွေ ရေနောက်ထဲ ရောက်လာလိမ့်မယ်၊ ကျွန်တော် ချိတ်ပြမယ်၊ ကျွန်တော် ချိတ်သလို ဆရာလေး လိုက်လုပ်ပေတော့၊ ဦးစတိက သံချိတ်ကို ရေနောက်ထဲနှစ်ပြီး အား

ဖြင့်လွဲ၍ ချိတ်ပါတော့သည်။ ရှေ့နောက် ဘေးဘယ်ညာ အမျိုးမျိုးချိတ်သည်။

''ဟိုဘက်နားသွားပြီး ကျွန်တော်လုပ်သလိုသာ လိုက်လုပ်တော့ ဆရာလေး''

ဦးစတိလုပ်နည်းအတိုင်း ရေနှောက်ပြီး ကျွန်တော်လိုက်လုပ်သည်။ ငါးမိနစ်ခန့် မနားတမ်း လိုက်ချိတ်သည်။ လက်များ ညောင်းလာ၍ ခေတ္တနားစဉ် ဦးစတိကို လှမ်းကြည့်လိုက်သည်။ ပုဂံပြားအဝိုင်းခန့်ရှိ ငါးလိပ်ကျောက်ငယ်တစ်ကောင် ဦးစတိ ချိတ်ထဲ ငြိပါလာသည်ကို တွေ့လိုက်ရသည်။

''ဦးစတိ တစ်ကောင်ချိတ်မိသွားပြီ၊ ကျွန်တော် မရသေးဘူး''

''လာ••ဆရာလေး၊ ဟိုဘက်နားက မြောင်းဘက် ပြောင်းရအောင်''

ကျွန်တော်တို့နှစ်ယောက် ကိုက်အနည်းငယ်ခန့်ဝေးသောနေရာသို့ ပြောင်းခဲ့ကြသည်။

''ရေနောက်သွားအောင် ဘာလို့နှောက်ရတာလဲ''

''ငါးတွေရောက်လာလို့ရေနောက်သွားတာထင်ပြီး ငါးလိပ်ကျောက်တွေ ငါးဖမ်းစားဖို့ ရောက်လာကြတာ၊ ရေနောက်နေတော့ မြောင်းပေါ်က လူတွေ၊ ရေထဲက သူ့ရန်သူတွေကို မမြင်ရဘူးလေ၊ ဒါကြောင့်ပါ''

နောက်တစ်နေရာတွင် ဦးစတိက ရေမြောင်းထဲဆင်းပြီး ရေနှောက်ပြန်သည်။ ကျွန်တော်လည်း ရေမြောင်းထဲဆင်းပြီး ဦးစတိ လုပ်သည့်အတိုင်း ရေကို နှောက်လိုက်သည်။ ပြီးနောက် ချိတ်ကိုကိုင်ကာ လိုက်ချိတ်သည်။

''ဒီနေရာမှာ ငါးလိပ်ကျောက် ပိုများမယ်ထင်တယ်၊ လှုပ်ရှားမှုတွေ တွေ့နေရတယ်၊ အားစိုက်ပြီးသာ လိုက်ချိတ်ပေတော့ ဆရာလေးရေ''

ဦးစတိပြောသည့်အတိုင်း ကျွန်တော် လိုက်ချိတ်သည်။ ဆယ်မိနစ်ခန့်အကြာတွင် ကျွန်တော်ချိတ်သည့်ချိတ် လေးခနဲဖြစ်သွားသည်။ ကျွန်တော် ချိတ်ကိုဆွဲတင်လိုက်သည်။ ငါးလိပ်ကျောက် ခပ်သေးသေး တစ်ကောင် ပါလာသည်။ ကျွန်တော် အလွန်ပျော်ရွှင်သွားခဲ့သည်။ တစ်ကောင်ချိတ်ရင်း ကြွားလိုက်မည်ဟူသော အတွေးဖြင့် ခပ်လှမ်းလှမ်းက ဦးစတိကို လှမ်းကြည့်လိုက်သည်။ ဦးစတိက နောက်ထပ် သုံးကောင်



ရရှိထားပြီးဖြစ်သည်ကိုတွေ့ရသည်။ နောက်ထပ် အချိန်အတန်ကြာ လိုက်ချိတ်ကြသော်လည်း ထပ်မရတော့ပါ။

''ဆရာလေးက အလေ့အကျင့်မရှိသေးတော့ လက်မောင်းတွေ အောင့်နေတော့မယ်၊ တော်လောက်ပြီး ပြန်ကြပါစို့၊ တော်ကြာ ဒီရေတက်လာတော့မယ်''

ကျွန်တော်နှင့် ဦးစတိ လှေရှိရာသို့ ပြန်လာကြသည်။ ဦးစတိက ငါးလိပ်ကျောက်များကို အမြီးမှစုကိုင်ကာ သယ်ယူလာသည်။ လှေပေါ်မှာပင် ခေတ္တနားကြသည်။

''ဆရာလေး ငါးလိပ်ကျောက် ချိတ်တတ်သွားပြီ မဟုတ်လား၊ ကိုယ်တိုင်ချိတ်ပြီး ငါးလိပ်ကျောက်ဖမ်းချင်တဲ့ ဆရာလေးဆန္ဒ ပြည့်ပြီပေါ့နော်၊ နောက်ကို ငါးလိပ်ကျောက် လာချိတ်ရင် ရေနောက်ထဲမဆင်းမိဖို့ သတိထားနော်၊ ငါးလိပ်ကျောက် အထိုးခံရရင်လည်း ကျွန်တော်ပြောခဲ့သလို အနာကို အရင်ဆုံး ရေချိုနဲ့စင်အောင်ဆေးပါ၊ နောက်မှ ဆေးထည့်ပါ၊ တစ်ရက်နှစ်ရက်နဲ့ ပျောက်သွားလိမ့်မယ်''

''ဦးစတိပြောတာ ကျွန်တော် မှတ်ထားပါတယ်''

ထိုစဉ်မှာပင် တဝေါဝေါမြည်သံများကြားရပြီး ပင်လယ်ဒီရေတက်လာသည်။ သဲသောင်ပြင်ပေါ် တစောင်းဖြစ်နေသော လှေမှာ သဲမှလွတ်သွားပြီး တည့်မတ်သွားတော့သည်။ ဦးစတိက ကျောက်ကြိုးဆွဲပြီး ကျောက်ဆူးကို လှေပေါ်တင်လိုက်သည်။

''ကျွန်တော် ချိတ်လို့ရတဲ့ ငါးလိပ်ကျောက်တွေ ဆရာလေးပဲ ယူသွားပါ''

''မယူပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပဲဟာ၊ ဒီတစ်ကောင်နဲ့တင် နှစ်ရက်စာလောက် ဖူလုံသွားပြီ၊ ဦးစတိ ချက်သလို ဆီပြန်ချက်မယ်''

''ကျွန်တော်မိတဲ့ ငါးလိပ်ကျောက်တွေ ဓားထက်ထက်နဲ့ အမြောင်းလိုက်ခွဲပြီး နေလှမ်းထားပေါ့၊ ဆားမသုံးနဲ့၊ ခွဲပြီး ပင်လယ်ရေနဲ့ပဲ ဆေးလိုက်ပါ၊ သုံးရက်လောက်လှမ်းရင် ခြောက်ပြီး ဆားပေါ့ ငါးလိပ်ကျောက်ခြောက် စားလို့သိပ်ကောင်းတာ၊ ကော့သောင်း သွားတော့ လက်ဆောင်ပေးဖို့ရတာပေါ့''

''ဒါဆိုလည်း ကျွန်တော် ယူသွားပါ့မယ်''

ဦးစတိက ပဲ့ချိတ်စက်ကိုနှိုးလိုက်သည်။ ဒီရေအတက် မြန်လွန်းလှသည်။ လှေမောင်း၍ရသည့် အနေအထားဖြစ်နေပြီ။

''ပဲ့ချိတ်စက်လှေ မောင်းလို့ရပြီ၊ ပြန်ကြစို့ ဆရာလေး''

ဦးစတိက ပဲ့ချိတ်စက်ကို ဖြည်းဖြည်းသာ မောင်းလာသည်။ ကျွန်တော့်ကို အိမ်ပြန်ပို့ပေးပြီးမှ ဦးစတိပြန်သွားသည်။ ဦးစတိ ပေးလိုက်သည့် ငါးလိပ်ကျောက်ကို အသာဖယ်ထားလိုက်သည်။ နောက်မှ ငါးခြောက်ခွဲရမည်။ ကျွန်တော်ကိုယ်တိုင် ချိတ်၍ရခဲ့သော ငါးလိပ်ကျောက်ကို ခုတ်ထစ်ပြီး အတုံးလေးများဖြစ်အောင် လှီးဖြတ်လိုက်သည်။ ရေချိုဖြင့် အထပ်ထပ်ဆေးပြီး ငရုတ်သီးထောင်းကာ ဆီပြန်ဟင်းချက်လိုက်သည်။ တလွန်းရွာတွင် ပထမဆုံးချက်သော ငါးလိပ်ကျောက်ဟင်းတစ်ခွက်ပင် ဖြစ်သည်။

**မောင်မောင်မိုးအောင်**

**(စာပေဗိမာန်စာမူဆုရ)**




# အဘညို

ရွာတွင် ဖျားနာ၊ မကျန်းမာက
ကွမ်းယာမြုံ့လျက်၊ ဆေးအိပ်ဖက်ကာ
လာရောက်ဖေးထူ၊ သဘောဖြူသည့်
ကူညီတတ်သော အဘညို။

ပုံပြင်ထုံးဟောင်း၊ တိတ်ဇာတ်ကြောင်းကို
ပြန်ပြောင်းနှစ်မျော၊ ဟာသနှောလျက်
ပြောပြတတ်သော အဘညို။

ရပ်မှုရေးတာ၊ စဉ်းစားရာတွင်
ရှေ့မှာမားမတ်၊ သူလျှင်ရပ်၍
သုံးသပ်ပိုင်းဆစ်
လက်ဖြစ်ခတ်တီး၊ အံ့သြချီးရ
ဉာဏ်ကြီးလှသော အဘညို။

သူ၏ကြံဉာဏ်၊ လက်မခံက
မာန်ရှိန်ကွယ်လျှိုး၊ စိတ်မဆိုးဘဲ
တိုးတိတ်ညင်သာ၊ ပြုံးပြကာလျှင်
စာနာတတ်သော အဘညို။

လယ်ယာထဲမှာ၊ သူလိုက်ပါလျက်
ပေါင်မှာကြောင်ကျား၊ မင်ကြောင်များနှင့်
အားသွင်းမာန်စိုက်၊ ခါးတောင်းကျိုက်ကာ
သျှောင်ငိုက်ပြေကျ၊ အားသွန်ပြသည့်
အာဂဇာနည် အဘညို။

သက်ရွယ်အရ၊ ကြီးမားလှမို့
ခေါ်ရပြောရ၊ ဆက်ဆံရလည်း
အဘမအို၊ ပျိုဆဲပျိုသည့်
နှစ်ရှင်သန်၊ ဇရာရန်ကို
အောင်လံမလှဲ၊ စိန်ခေါ်နွှဲလျက်
တိုက်ပွဲဝင်သို့ ရှိတကား။ ။

မောင်ပြည့်စွမ်း(ပင်လယ်ဘူး)

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်စင်

စံပြအလှမယ် (Model) နိုင်သဇင်



ပထမ

သွယ်သွယ်ထွန်း





**ဒုတိယ**

သွယ်သွယ်ထွန်း





**တတိယ**

သွယ်သွယ်ထွန်း

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်စင်

စံပြအလှမယ် (Model) နိုင်သဇင်



**ပထမ**

သွယ်သွယ်ထွန်း



**ဒုတိယ**

သွယ်သွယ်ထွန်း



**တတိယ**

သွယ်သွယ်ထွန်း



# စိတ်လက်ကြည်ရွှင် ကျန်းမာလိုလျှင်

‖ ရွှေရတီ ‖



ယနေ့အချိန်ကာလသည် သိပ္ပံခေတ်၊ နည်းပညာခေတ်ဖြစ်သည်။

ဆေးပညာ၊ ဆေးလောကသည် ခေတ်မီကျယ်ပြန့်တိုးတက်လာသည်။

ဆေးသိပ္ပံ၊ ဆေးတက္ကသိုလ် ဆေးဝါးစက်ရုံများလည်း တိုးချဲ့လာကြသည်။

ဆရာဝန်၊ သူနာပြု၊ ဆေးပညာရှင်များလည်း တိုးပွားလာသည်။

ဆေးရုံ၊ ဆေးခန်း၊ ခွဲစိတ်ခန်း အရေအတွက်လည်း များပြားလာသည်။

လူနာ၊ လူမမာအရေအတွက်သည်လည်း တိုးမပေါက်အောင် ပေါများလာကြသည်။

ထိုအချက်၊ ဤအချက်တို့ကို ထောက်ချင့်ခြင်းအားဖြင့် တစ်ဖက်က ဆေးပညာနှင့်ပတ်သက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်မှာ ဝမ်းသာစရာပင်။ တစ်ဖက်ကကြည့်လျှင် လူတို့၏ ကျန်းမာရေးအခြေအနေ၊ အဆင့်အတန်းမှာ နိမ့်ကျဆုတ်ယုတ်နေသည်ကို ညွှန်ပြနေပေသည်။

ခေတ်မီဆေးဝါး၊ ပစ္စည်းကိရိယာအစုံအလင်ရှိသဖြင့် လျင်လျင်မြန်မြန်နှင့် ရောဂါဝေဒနာများ ပျောက်ကင်းကြသလို၊ လွယ်လွယ်ကူကူနှင့် အသက်ပျောက်ကြသူများ အများအပြားပင်။

လူတို့သည် ခေတ်နှင့်အညီ ကြီးပွားရေးနှင့် စီးပွားရေးအလုပ်များကိုသာ အာသာငမ်းငမ်း ရှိကြသော်လည်း ကျန်းမာရေးဘက်တွင်မူ ဂရုမစိုက်အား၍ နောက်ကောက်ကျကျန်ခဲ့ရပေသည်။ မကျန်းမာလျှင် ဆေးရုံရှိသည်။ ဖျားနာချူချာလျှင် ဆရာဝန်ရှိသည်ဟု ယူဆထားကြဟန်ရှိသည်။



စီးပွားရေးအရ ဆေးရုံ၊ ဆေးခန်းများကလည်း အပြိုင်အဆိုင်ပေါ်ထွက်လာ၍ စီးပွားဆန်ဆန် ပြုမူလာကြသည်။ သေးရာကိုပုံကြီးချဲ့ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ကြသူမှာ အများအပြားပင်။ နည်းပညာ တိုးတက်ကောင်းမွန်လာသလို ကျွမ်းကျင်မှု အားနည်းနေသည်လားမသိ၊ တစ်နေရာနှင့် တစ်နေရာ ဆေးစစ်ချက်မှာ မတူကြပေ။

လူနာရောက်လာလျှင် ပြာပြာသလဲ ပြုစု စောင့်ရှောက်ကုသပေးကြသည်မှာ အံ့သြလောက်စရာပင်။ ငွေကြေး ဘယ်လောက်ကုန်ကျမည်ကို ကြိုမသိရပေ။ လူနာရှင်ဘက်မှ ဆေးကုသစရိတ် တတ်နိုင်၊ မတတ်နိုင်သည်ကို မမေးမြန်း။ အားလုံးလုပ်ကိုင်ပြီးစီးတော့မှ ကွန်ပျူတာငွေစာရင်းရှင်းတမ်းထွက်လာသည်။ တစ်ဖက်က ရောဂါဝေဒနာပျောက်ကင်း၍ ဝမ်းသာရမလို၊ တစ်ဖက်က ရှာဖွေစုဆောင်းထားသမျှ စုပုံပေးလိုက်ရ၍ စိတ်လက်မကြည်မသာ ဖြစ်ကြရသည်။

ထို့ကြောင့် စိတ်လက်ကြည်ရွှင် ကျန်းမာလိုလျှင်– ဓမ္မဓိဋ္ဌာန်ကျကျနှင့် လက်တွေ့သဘာဝတွင် မိမိကိုယ်မိမိ အလိုအလျောက်ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက် လုပ်လိုလျှင် ငွေကုန်လည်း သက်သာ၊ ကိုယ်စိတ်ထိခိုက်စရာမရှိနိုင်တော့ပေ။

**စိတ်နေစိတ်ထား**

ရုပ်ခန္ဓာသည် စိတ်၏ တည်မှီရာနေအိမ်ဖြစ်ပေသည်။ လူနာတစ်ရာလျှင် ၇၅ ရာခိုင်နှုန်းသည် စိတ်ကြောင့် ရောဂါဝေဒနာဖြစ်ရသည်ဟု အဆိုရှိသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီ၏ စိတ်နေစိတ်ထားသည် အလွန်အရေးပါလှပေသည်။

ခန္ဓာကိုယ်တစ်ခုလုံး၏ အဓိကအစိတ်အပိုင်းသည် ဦးနှောက်အဖွဲ့အစည်းနှင့် စိတ်ဖြစ်သည်။ ခိုင်လုံကောင်းမွန်သော ခန္ဓာကိုယ်ကျန်းမာရေးတည်ဆောက်ရေးအတွက် အပေါင်းလက္ခဏာဆောင်သော အပြုစိတ်နေစိတ်ထား ရှိနေစေရန်မှာ ဦးစွာပထမဖြစ်နေပေသည်။

စီးပွားရေးတွင် စီးပွားရေးအောင်မြင်လိုလျှင် ကြွယ်ဝမှုအသိစိတ်ရှိရန်မှ အစပြုသကဲ့သို့၊ ကျန်းမာရေးတွင်လည်း ခိုင်လုံကောင်းမွန်သော ကျန်းမာမှုဖြစ်စေရန် ကျန်းမာရေးအသိစိတ်ထား ရှိရန်လိုပေသည်။

ကျန်းမာရေးအသိစိတ်ဆိုသည်မှာ– ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O)မှ ''လူတိုင်းကျန်းမာ သက္ကရာဇ်(၂၀၀၀)မှာ''ဟူ၍ ဆောင်ပုဒ်ထုတ်ပြီး လူတိုင်း ကျန်းမာရေးအသိစိတ်ဓာတ် ရှိနေစေခဲ့သည်။ အလားတူနှစ်စဉ်နှစ်တိုင်း ကျန်းမာရေးသတိမူ ဆောင်ပုဒ်များ ထုတ်ဝေခဲ့ပါသည်။

နာမကျန်းခြင်းနှင့် အနာရောဂါရှိခြင်းများကို မတွေးတော၊ မကြံစည်၊ မစဉ်းစားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် စိတ်သည် မိမိထင်မြင်တွေးဆ ကြံစည်စဉ်းစားသည့်အတိုင်း မလွဲမသွေ အကောင်အထည်ဖော် ဖြစ်ပေါ်လာတတ်စေခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ကောင်းမွန်သော အကြောင်းအရာ၊ သာယာပျော်ရွှင်ဖွယ် ကိစ္စရပ်များကိုသာ ပြောဆိုကြံစည် စိတ်ကူးစဉ်းစားသင့်ပေသည်။

''ငါသည် တစ်နေ့ပြီးတစ်နေ့ ပိုမိုကောင်းမွန်ပြီး ကျန်းမာနေရမည်''ဟု အကြိမ်တစ်ထောင်မက အမြဲရွတ်ဆိုပေးခြင်းဖြင့် မိမိစိတ်ကိုမိမိ တိုက်တွန်းပေးရမည်။

အစာစားပြီး၍ ဓာတ်ပြောင်းလဲလာသော အရည်များသည် ကြံစည်စိတ်ကူးခြင်းမှ ဖြစ်ပေါ်လာသော အင်အားတို့နှင့် ပေါင်းစပ်၍ အာရုံကြောအစုအဝေးနှင့် သွေးလျှောက်ကြောများမှနေပြီး ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များဆီသို့ ရောက်ရှိစေသည်။

ထိုအချက်မှန်ကန်ကြောင်း အထောက်အထားပြရလျှင် သားငယ်ကို နို့ချိုတိုက်ကျွေးနေသော မိခင်သည် စိတ်ပူပန်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ဝမ်းနည်းငိုကြွေးခြင်း ဖြစ်ခဲ့ပါမူ သူမ၏ နို့ရည်မှာ အဆိပ်

တစ်မျိုးအဖြစ် ပြောင်းလဲသွားပြီး ထိုနို့ရည်ကို စို့မိသူကလေးငယ်မှာ မိနစ်ပိုင်းအတွင်း နာမကျန်းဖြစ်စေနိုင်သော အချက်ပင်ဖြစ်ပေသည်။

အစားစားသောက်နေချိန်တွင် စိတ်ဆိုး ဒေါသထွက်ခြင်း၊ စိတ်ပူပန်စိုးရိမ်ခြင်း၊ ကြောက်ရွံ့ကြောင့်ကြစိတ်များ ဖြစ်ပေါ်ပါက ကိုယ်ခန္ဓာတွင်း အဆိပ်သင့်ခြင်းဖြစ်စေနိုင်ပါသည်။

## စားသောက်နည်းလမ်း မှန်ကန်ရန်

**၁။ အစားအသောက်များ စားသောက်ရာတွင် ပိုလွန်မှုမရှိစေရ။**

ပိုလွန်မှုသည် လူ၏ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အညစ်အကြေးစွန့် အင်္ဂါအစိတ်အပိုင်းများကို လုပ်အားပိုမိုစေပါသည်။ ကြာလာလျှင် လူကို ဒုက္ခပေးလာနိုင်ပါသည်။

ထိုအချက်ကို လိုက်နာမိစေရန်မှာ အစားစားသောက်ရာတွင် ဝမ်းဝခါနီး(သို့မဟုတ်) ဗိုက်မပြည့်ခင် စားပွဲဝိုင်းမှ အမြန်ထရန် အကျင့်ကိုကျင့်သုံးရန် ဖြစ်ပါသည်။ ထိုအကျင့်သည် အစပိုင်းတွင် အခက်အခဲရှိကောင်း ရှိပေလိမ့်မည်။ ရေရှည်တွင် ဆရာဝန်ခနှင့် ဆေးဖိုးဝါးခအများကြီး သက်သာလာပေလိမ့်မည်။ အစားကျူးခြင်းဆိုသည့်

> အစားစားသောက်နေချိန်တွင် စိတ်ဆိုးဒေါသထွက်ခြင်း၊ စိတ်ပူပန်စိုးရိမ်ခြင်း၊ ကြောက်ရွံ့ကြောင့်ကြစိတ်များ ဖြစ်ပေါ်ပါက ကိုယ်ခန္ဓာတွင်း အဆိပ်သင့်ခြင်း ဖြစ်စေနိုင်ပါသည်။

ကိုယ့်စိတ်ကိုယ်ထိန်းသိမ်းနိုင်ခြင်း အကျင့်ကိုပါ တစ်ခါတည်း ရရှိလာပေမည်။

**၂။ အစားအစာများကို အမျိုးအမည်၊ အမျိုးအစားညီညွတ်မျှတအောင် စားပါ။**


သားငါး၊ ဟင်းသီးဟင်းရွက်တို့တွင် သဘာဝအရ မူလပြဋ္ဌာန်းထားပြီးဖြစ်သော အာဟာရဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် အခြားဓာတ်သဘာဝများ အမျိုးမျိုးပါဝင်လျက် ရှိနေပေသည်။ စားစရာ တစ်မျိုးတည်းကိုသာ စားသုံးခြင်းဖြင့် ဓာတ်သဘာဝအားလုံး မရရှိနိုင်ပေ။ အမျိုးအမည် အချိုးအဆ မျှတမှန်ကန်ပြည့်ဝအောင် အမျိုးစုံလင်စွာ စားသုံးသင့်ပေသည်။

**၃။ အစားအစာကို ပလုပ်ပလောင်း အတင်းမျိုမချရ။**

အစာကို ကြေညက်အောင် ဝါးစားမှ အစာချေဖျက်အား ကောင်းပေမည်။

**၄။ မနက်စာ၊ နေ့လယ်စာ၊ ညနေစာ တစ်ခုနှင့်တစ်ခုအကြား(အပိုစာ) တိုလီမိုလီများ မစားရပါ။ ရင်ပြည့်ရင်ကယ်၍ အစာမကြေဖြစ်တတ်သည်။**

အကယ်၍ စားသောက်လိုပါလျှင် ငှက်ပျောသီး၊ သဘော်သီး၊ သစ်သီးဖျော်ရည်၊ အစာကြေလွယ်သော အစာများကို အစားထိုးဖြည့်စားသောက်နိုင်ပါသည်။ (မလိုအပ်လျှင် မည်သည့်အစာကိုမျှ မစားလျှင်



ပိုကောင်းသည်)

**၅။ အရက်သေစာ၊ ဆေးလိပ်၊ ကွမ်း၊ ဆေးဝါးများ ရှောင်ကြဉ်ပါ။**

**၆။ ဗီတာမင်၊ သတ္တုဓာတ်များ သင့်တင့်လျောက်ပတ်စွာ မရဟုထင်လျှင် ဆရာဝန် ညွှန်ကြားချက်အရ အထူးဖော်စပ်ထားသော အားဖြည့်ဆေးများ မှီဝဲနိုင်ပါသည်။**

**၇။ အစာစားတော့မည်ဆိုလျှင် စိတ်အေးချမ်းမှုရှိစေရန် ပြင်ဆင်ပေးထားရမည်။ (အစာစားခြင်းသည် ဘုရားဝတ်ပြုခြင်းမျိုးကဲ့သို့ စိတ်တည်ငြိမ်အေးချမ်းရမည်၊ စိတ်ဆိုးစိတ်ပျက်စရာများ ရှောင်ဖယ်ထားပါ)**

## ကိုယ်စိတ် ဖြေလျှော့ခြင်း

နေ့စဉ် တစ်နေ့တစ်နာရီ ကိုယ်စိတ်ဖြေလျှော့နားနေမှု အကျင့်ရှိအောင် ပြုကျင့်သင့်သည်။ ထိုအချိန်တွင် ကိုယ်စိတ် အားထုတ်ကြိုးပမ်းမှုမှန်သမျှကို ဖယ်ရှားစွန့်လွှတ်ထားရမည်။

နောက်တစ်ချက်မှာ တစ်နေ့လျှင် ၆ နာရီမှ ၈ နာရီအထိ နှစ်ခြိုက်စွာအိပ်စက်အနားယူရန် ဖြစ်သည်။ အိပ်ချိန်အတွင်း မိမိအတွင်းစိတ်က ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျက်စီးဆုံးရှုံးသွားသော ဆဲလ်ကလေးများ နေရာတွင် အစားထိုးခြင်း၊ ယိုယွင်းပျက်စီးမှုများ ပြင်ဆင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းများ ဆောင်ရွက်သည်။ အကယ်၍ အိပ်ချိန်ကို ဖဲ့ယူခြင်း၊ အလဟဿဖြုန်းခြင်း၊ တောင်တွေး မြောက်တွေးပြုခြင်း များလာလျှင် ခန္ဓာကိုယ်ထိခိုက်၍ ကျန်းမာရေးချို့ယွင်းလာပေလိမ့်မည်။

ကစားခုန်စား၊ ဝါသနာပါရာ အပျော်တမ်း အလုပ်တစ်ခုခုကို တစ်နေ့ တစ်နာရီခန့် လုပ်ရိုးလုပ်စဉ် တာဝန်ရှိအလုပ်များမှ ရပ်နားကာ စိတ်ပြောင်းစိတ်လွှဲ လုပ်ကိုင်သင့်၏။

ပျော်ရွှင်နှစ်သက်ဖွယ် ဖျော်ဖြေရေး တစ်ခုခုကိုလည်း အားလပ်ချိန်တွင် ကြည့်ရှုအားပြုသင့်သည်။

## မျှော်လင့်ခြင်း

မျှော်လင့်ခြင်းကင်းမဲ့သူသည် အသက်မဲ့သူပမာ ဖြစ်နေသည်။ ခိုင်လုံကောင်းမွန်သော ကျန်းမာမှုသည် မျှော်လင့်ခြင်းကိုဖြစ်စေသည်။ မျှော်လင့်ချက်ရှိသူသည် ခိုင်လုံကောင်းမွန်သော ကျန်းမာမှုကို ဖြစ်စေသည်။

ရည်ရွယ်ချက် အတိအကျထားရှိ လုပ်ကိုင်လျှင် လုပ်ကိုင်စရာ အစီအစဉ်တစ်ခုပြီး တစ်ခု တန်းစီရှိနေ၍ မျှော်လင့်ခြင်း၊ မျှော်လင့်ချက်ကို ဖြစ်ပွားစေပါသည်။ မိမိသွားရမည့်လမ်း၊ မိမိရောက်ရှိမည့် ပန်းတိုင်ကို ကြိုတင်တွေးမြင်သိရှိထားသူသည် သူ့ အစီအစဉ်အတိုင်း လိုက်နာကြိုးပမ်းရ၍ သဘာဝအတိုင်း မျှော်လင့်ချက်ကောင်းများ ပေါက်ဖွားလာပေ၏။ မျှော်လင့်ချက်ရှိနေသူ၊ ရည်ရွယ်ချက် အောင်မြင်သူသည် အလွန်ပျော်ရွှင်နေသူဖြစ်မည်။

ကြောက်ရွံ့ခြင်း၊ ပူပန်ခြင်း၊ သံသယများခြင်း၊ မျှော်လင့်ချက်ကင်းမဲ့သူတို့သည် ကိုယ်ခန္ဓာတွင်း အဆိပ်သင့်နေသူများ ဖြစ်ပေလိမ့်မည်။

သင့်ခန္ဓာကိုယ်တွင်း၌ အသက်နှင့်ခန္ဓာ တည်မြဲရှင်သန်ရန် မည်သို့မည်ပုံလုပ်ဆောင်ရမည်ကို ညွှန်ကြားလမ်းညွှန်ပေးမည့် ဆရာဝန်တစ်ဦးကို သဘာဝတရားက လူတိုင်းအား ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုဆရာဝန်သည် ခိုင်လုံကောင်းမွန်သော ကျန်းမာမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် ကျွမ်းကျင်တတ်စွမ်းမှုရှိပေသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် တန်ဖိုးရှိသည်။ အသက်ကို ဉာဏ်စောင့်သည်။ သင့် ကျန်းမာရေးသည် သင့်လက်ထဲတွင်သာ ရှိနေပေသည်။

**ရွှေရတီ**

## မိတ်ဆွေစစ်နဲ့ မိတ်ဆွေတု



တစ်ည၊ တစ်ကိုယ်တော်ဖျော်ဖြေပွဲပြီးတဲ့နောက် စန္ဒရားဆရာ လီယိုပိုးဂေါ်ဒိုစကီ (Leopold Godowsky) က မိတ်ဆွေတစ်ယောက်နဲ့အတူ ဇာတ်ရုံကနေ ထွက်လာတယ်။

''ခင်ဗျား ဒီနေ့ည ဘယ်လိုဖြစ်တာလဲ၊ တစ်ခုခု အံ့ချော်နေသလိုပဲ'' လို့ မိတ်ဆွေကပြောတယ်။

''ကျုပ်သိတယ်''လို့ ဂေါ်ဒိုစကီက ဝန်ခံတယ်။

''ဒီနေ့တီးခတ်ရတာ သိပ်အဆင်မပြေဘူးဗျာ''

ဒီအချိန်မှာပဲ၊ ဂေါ်ဒိုစကီရဲ့ ပြိုင်ဘက်တစ်ဦးက သူ့ဆီ အတင်းလျှောက်လာပြီး လက်ဆွဲနှုတ်ဆက်တယ်၊ ပြီးတော့–

''လီယိုပိုး၊ ဒီနေ့ည ခင်ဗျားတီးခတ်သွားတာ အံ့သြစရာပဲဗျာ၊ ကျုပ်ဖြင့် ဒီထက်ကောင်းတာ မကြားဖူးဘူး''လို့ ဆက်ပြောတယ်။

ဂေါ်ဒိုစကီက အတော်အခံရခက်သွားတယ်၊ အဲဒီပြိုင်ဘက် စန္ဒရားဆရာလည်း ထွက်သွားရော မိတ်ဆွေဘက်ကိုလှည့်ပြီး–

''ကျုပ်ကိုယ်ကျုပ် ဒီလောက်ကြီး ဆိုးဝါးသွားခဲ့တယ်လို့ မထင်မိဘူးဗျာ''လို့ ညည်းပြော ပြောလိုက်ပါတယ်။ ။

**မောင်သီဟ**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

City Magazine Vol-244 မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ 'ရာပြတ်ဌာန'အကြောင်းကို စာဖတ်ပရိသတ်များ၊ စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူ ပြည်သူများ လေ့လာ၊ သိရှိနိုင်ရန် ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ity Magazine Vol-245 မှာတော့ ''ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဌာနတစ်ခုဖြစ်တဲ့'' ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန'' အကြောင်း သိကောင်းစရာ၊ မှတ်သားစရာ၊ လေ့လာစရာ၊ သိရှိလိုက်နာနိုင်ရန်တို့အတွက် ဖော်ပြပေးလိုက်ပါတယ်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန

**ဌာန၏သမိုင်းအကျဉ်း**

၁၈၇၄ ခုနှစ် ဗြိတိသျှခေတ်တွင် ပထမဆုံးသော ရန်ကုန်မြူနီစီပယ်အဖွဲ့ကို စတင်တည်ထောင်ခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် မြို့တွင်း(၆)မြို့နယ်သာရှိပြီး၊ လူဦးရေမှာလည်း (၁)သိန်းခန့်သာ ရှိပါသည်။ ရန်ကုန်မြို့တွင် လူနေထိုင်မှု ပိုမိုများပြားလာသည့်အတွက် ခေတ်အဆက်ဆက် အစိုးရများမှ မြို့သစ်များ ဖော်ထုတ်ကာ ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်ပေါင်း (၃၃)မြို့နယ်နှင့် အကျယ်အဝန်းဧရိယာ စတုရန်းမိုင်ပေါင်း (၂၃၁.၂)မိုင် ရှိလာပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ(၅.၅)သန်းခန့် နေထိုင်လျက်ရှိပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ လူဦးရေ(၃.၉)သန်းခန့် အခြေပြု နေထိုင်လျက်ရှိပါသည်။

၁၉၈၈ ခုနှစ် မြူနီစီပယ်ကာလတွင် ရန်ကုန်မြို့၏ သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးဌာနက ဆောင်ရွက်ပေးခဲ့ရပြီး၊ ညသန့်လုပ်ငန်း(မိလ္လာသိမ်းခြင်း)နှင့် နေ့သန့်လုပ်ငန်းအဖြစ် အမှိုက်လှဲသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရသည်။ ထိုစဉ်က သန့်ရှင်းရေးဌာနသည် မိလ္လာသိမ်းခြင်း၊ ရေမြောင်းများရှင်းလင်းခြင်း၊ နောက်ဖေးလမ်းကြား အမှိုက်များသိမ်းဆည်းခြင်း၊ လမ်းဘေးမြက်များရှင်းခြင်း၊ အမှိုက်များလှဲကျင်းသိမ်းဆည်းခြင်း၊ ခြံထွက်အမှိုက်များသိမ်းဆည်းခြင်း၊ သုသာန်ကိစ္စများဆောင်ရွက်ခြင်း၊ ခဝါရုံလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခပေးသန့်စင်ခန်း လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးရပါသည်။

မြူနီစီပယ်ခေတ်တွင် အမှိုက်သိမ်းစနစ်အနေဖြင့် ခေါင်းလောင်းတီးစနစ်၊ ပတ်သိမ်းစနစ်နှင့် အမှိုက်ကန်တွင် စွန့်ပစ်စေ၍ သိမ်းဆည်းခြင်းစနစ်တို့ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ဒေါပုံ(သဘော်ကျင်း)၊ သာကေတ(ဘောလုံးကွင်း)၊ ကျောက်တိုင်၊ လှိုင်မြို့နယ်ရှိ (သပေါ့တော)၊ (ချောင်းဝ)၊ မြောက်ဥက္ကလာရှိ ကျောက်ရေတွင်း လေဆိပ်လမ်း၊ မယ်လမုဘုရားရှေ့၊ စော်ဘွားကြီးကုန်းရှေ့၊ မြဝတီစာပုံနှိပ်တိုက် စသည့်ချိုင့်ဝှမ်းများရှိရာ နေရာများတွင် အလျဉ်းသင့်သလို သွားရောက်စွန့်ပစ်ခဲ့ပြီး၊ ဝန်ထမ်းအင်အား (၁၄၀၀)ဦးခန့်ဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၀ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဟု ပြင်ဆင်ဖွဲ့စည်းပြီးနောက် ယခင် သန့်ရှင်းရေးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဟု အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါသည်။

အမှိုက်သိမ်းဆည်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ယခင်က အမှိုက်သိမ်းဆည်းစနစ် (၃)ခုဖြစ်သော (၁)လမ်းကြောင်းလှဲသိမ်းစနစ်၊ (၂) အမှိုက်ကန်သိမ်းစနစ်၊ (၃) မြို့နယ်အတွင်းပတ်သိမ်းစနစ်တို့ဖြင့် ဆောင်ရွက်ခဲ့ရာမှ ယခုအခါ အမှိုက်ပုံး/အမှိုက်ကန်များမှ သိမ်းဆည်းခြင်း၊ ခေါင်းလောင်းတီးစနစ်ဖြင့် ရပ်ကွက်/လမ်းများအတွင်း လိုက်လံသိမ်းဆည်းခြင်း(လှည်း/ယာဉ်)၊ လမ်းမကြီးများတွင် လှဲသိမ်းစနစ်ဖြင့် လိုက်လံသိမ်းဆည်းခြင်း၊ သီးခြားအမှိုက်သိမ်း စနစ်(On Call)ဖြင့် သိမ်းဆည်းခြင်း၊ ဆေးရုံ၊ ဆေးခန်းထွက် အမှိုက်များနှင့်ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲခြင်းများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရန်ကုန်မြို့တော်အတွင်း မြေပြင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ မြို့နယ်သန့်ရှင်းရေးတာဝန်ခံရုံးများ ဖွင့်လှစ်ကာ ခရိုင်ရုံး(၄)ရုံးမှ ဌာန၏ လမ်းညွှန်ချက်နှင့်အညီ အနီးကပ်ကြပ်မတ် ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။

### ဌာန၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံ

**လုပ်ငန်းတာဝန်များ**

ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးမြို့ဖြစ်ပြီး Leading City ဖြစ်သဖြင့် ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးများနည်းတူ သန့်ရှင်းသပ်ရပ်သာယာလှပသော ပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပေါ်လာစေရန် ရည်မှန်း၍ အောက်ပါလုပ်ငန်း တာဝန်များအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်–

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခများ စည်းကြပ်ကောက်ခံသည့် မြို့နယ်များရှိ လမ်းမကြီးများနှင့်လမ်းသွယ်များမှ အမှိုက်သရိုက်များကို စနစ်တကျ လှဲသိမ်းသယ်ယူစွန့်ပစ်ခြင်း။

သန့်ရှင်းရေးဆောင်ရွက်ခ ကောက်ခံသောမြို့နယ်၊

ရပ်ကွက်များတွင် အမှိုက်စွန့်ပစ်နိုင်ရန်အတွက် သင့်လျော်သော အမှိုက်သိမ်းစနစ်များကို စီမံဆောင်ရွက်ခြင်း။

စီမံဆောင်ရွက်သည့် အမှိုက်သိမ်းစနစ်များကို အစဉ်ဆောင်ရွက်နိုင်ရေးအတွက် အမှိုက်ပုံရန်နေရာ သတ်မှတ်ခြင်း၊ အမှိုက်ကန်များ တည်ဆောက်ခြင်း၊ အမှိုက်ပုံးများ ချထားပေးမှု စီမံဆောင်ရွက်ခြင်း။

သန့်ရှင်းရေးဆောင်ရွက်ခ ကောက်ခံခြင်းမပြုသော အစိုးရဌာနအဆောက်အအုံများ၊ ပရဝုဏ်များ၊ ဝင်းခြံများအတွင်း အမှိုက်သရိုက် ရှင်းလင်းရေး၊ ထွက်ရှိအမှိုက်များကို ဌာနက သတ်မှတ်သော အပြီးသတ် အမှိုက်စွန့်ပစ်နေရာသို့ သယ်ယူစွန့်ပစ်ရေးများ ညွှန်ကြားဆောင်ရွက်ခြင်း။

သိမ်းဆည်းပြီးသော အမှိုက်များကို အပြီးသတ်စွန့်ပစ်ရန်အတွက် အစီအမံများပြုလုပ်ခြင်း။

အများပြည်သူသုံး အခပေး အဆင့်မြင့်သန့်စင်ခန်းများကို သန့်ရှင်းစွာ ဖွင့်လှစ်ထားရှိပေးခြင်း။

သုသာန်များကို စနစ်တကျဖွင့်လှစ်၍ မြေမြှုပ်/ဂူသွင်းခြင်း၊ မီးသင်္ဂြိုဟ်ခြင်းလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲခြင်း။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရန် ရေထု၊ လေထု၊ မြေထုအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ ညစ်ညမ်းစေခြင်းများနှင့် အသံဆူညံခြင်းတို့အား စောင့်ကြည့်လေ့လာခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်းနှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်ချက်များ ဖြည့်စွက်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ စစ်ဆေးအရေးယူခြင်း။

ဌာနအတွက်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ အမှိုက်သိမ်းယာဉ်များ၊ နိုင်ငံတကာအဆင့်မီ အမှိုက်ပုံးများ၊ ဝယ်ယူရန် တင်ပြခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စနစ်တကျ ထုတ်ပေးမှတ်တမ်းတင်ခြင်း။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း။

ပြည်သူများအနေဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် စည်းကမ်းလိုက်နာရေးအတွက် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ စည်းရုံး၊ ဟောပြော၊ ပညာပေး အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခြင်း။

ဌာနဝင်ငွေရ ဆိုင်များအား ကြီးကြပ်ဆောင်ရွက်ခြင်း။

**ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် အမှိုက်သိမ်းစနစ်များနှင့် အချိန်၊ စွန့်ပစ်ခွင့်ရှိသည့် အမှိုက်အမျိုးအစား**

**အမှိုက်ကန်စနစ်** ။ ညနေ (၁၈း၀၀)နာရီမှ ည (၂၃း၀၀) နာရီအထိ တစ်ကြိမ်၊ နံနက် (၀၆း၀၀)နာရီမှ (၁၀း၀၀) နာရီအထိ တစ်ကြိမ်။

**အမှိုက်ပုံးစနစ်** ။ မြို့နယ်များတွင် ချထားပေးသော Euro Standard Size အမှိုက်ပုံးများတွင် လည်းကောင်း၊ အမှိုက်ကန်များတွင်လည်းကောင်း သတ်မှတ်ထားသည့်အချိန်အတိုင်း စွန့်ပစ်နိုင်ပါသည်။

**ခေါင်းလောင်းတီးစနစ်**။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းရရှိထားသည့် နေ့ရက်နှင့်အချိန်များတွင် ယာဉ်/လှည်းဖြင့် အမှိုက်ထုတ်ကောက်အမှိုက်သိမ်းစနစ်/ ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ကို ဆောင်ရွက်ပါသည်။

အထက်ပါ အမှိုက်သိမ်းစနစ်(၃)ခုစလုံးတွင် ကော်မတီမှ သတ်မှတ်ပေးထားသည့် အမှိုက်အိတ်များဖြင့် လုံခြုံစွာ ချည်နှောင်၍ စွန့်ပစ်ပေးရပါမည်။ မီးဖိုချောင်ထွက် အမှိုက်များကိုသာ စွန့်ပစ်ရမည်ဖြစ်ပါသည်။

**နောက်ဖေးလမ်းကြားအမှိုက်များ ရှင်းလင်းသိမ်းဆည်းမှု**

နောက်ဖေးလမ်းကြားအမှိုက်များမှာ ပြည်သူများမှ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များဖြစ်သဖြင့် ကော်မတီအနေဖြင့် တရားဝင်သတ်မှတ်ထားသော အမှိုက်စွန့်ပစ်မှု စနစ်များအတိုင်း သိမ်းဆည်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ သက်ဆိုင်ရာလမ်း/ရပ်ကွက်မှသာ သိမ်းဆည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ရာတွင် ပြည်သူများ အဆင်ပြေစေရန်အလို့ငှာ နောက်ဖေးလမ်းကြားအမှိုက် ရှင်းလင်းသိမ်းဆည်းမည်ဆိုပါက ကော်မတီမှ ယာဉ်ငှားရမ်းခ ကင်းလွတ်ခွင့်ပြုပြီး ကုန်ကျမည့် စက်သုံးဆီသာ ကျခံပေးရမည်ဖြစ်ပါသည်။ ၎င်းအမှိုက်များကို ရှင်းလင်းသယ်ထုတ်ခြင်း၊ ယာဉ်ပေါ်တင်ခြင်းများကိုမူ သက်ဆိုင်ရာလမ်း/ရပ်ကွက်မှသာ တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ရာတွင် ကော်မတီမှ စီမံချက်ဖြင့် နောက်ဖေးလမ်းကြားအမှိုက်များကို ပြည်သူလူထုနှင့် ရပ်ကွက်အဖွဲ့အစည်း၏ တင်ပြချက်အပေါ် စိစစ်၍ အခမဲ့(လုပ်သား၊ အမှိုက်သိမ်းယာဉ်၊ စက်သုံးဆီ) ဆောင်ရွက်ပေးလျက် ရှိပါသည်။

* * * * *

**မြို့နယ်အလိုက် သန့်ရှင်းရေးဆောင်ရွက်ခကောက်ခံသည့်နှုန်းထားများ**

– **တစ်ရက်လျှင် ၂ဝိ/–နှုန်း (၃)လတစ်ကြိမ်တွင် ၁၈ဝဝိ/–(၁)လလျှင် ၆ဝဝိ/–နှုန်း**ဖြင့် ပေးချေရမည့် မြို့နယ်များမှာ– ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ရန်ကင်း၊ ကမာရွတ်မြို့နယ်။

– **တစ်ရက်လျှင် ၁၅ိ/–နှုန်း (၃)လတစ်ကြိမ်တွင် ၁၃၅ဝိ/–(၁)လလျှင် ၄၅ဝိ/–နှုန်း**ဖြင့် ပေးချေရမည့် မြို့နယ်များမှာ–သင်္ဃန်းကျွန်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်မြို့နယ်။

– **တစ်ရက်လျှင် ၁ဝိ/–နှုန်း (၃)လတစ်ကြိမ်တွင် ၉ဝဝိ/–(၁)လလျှင် ၃ဝဝိ/–နှုန်း**ဖြင့် ပေးချေရမည့် မြို့နယ်များမှာ– ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်။

**စီးပွားရေးအမှိုက်သိမ်းဆည်းခ ကောက်ခံခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများနှင့် ဆေးရုံဆေးခန်းများ၏ အမှိုက်သိမ်းဆည်းခကို စီမံရေးရာဌာန၏ လုပ်ငန်း

လိုင်စင်နှုန်းထားအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ခံလျက်ရှိပါသည်–

- စီးပွားရေးလုပ်ငန်းများ
  (အနည်းဆုံး ၅၀ဝိ/–မှ အများဆုံး ၅၅၀၀၀ဝိ/–ထိ)
- ဆေးရုံ/ဆေးခန်း
  (အနည်းဆုံး ၁၅ဝဝိ/–မှ အများဆုံး ၃၀၀၀၀ဝိ/–ထိ)
- ဟိုတယ်/မိုတယ်/အင်း/တည်းခိုခန်း
  (အနည်းဆုံး ၄၀ဝိ/–မှ အများဆုံး ၃၀၀၀၀ဝိ/–ထိ)
- နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်ဟိုတယ်များ
  (၁–၈–၂၀၁၃ မှစ၍ မြန်မာကျပ်ငွေဖြင့်ကောက်ခံသည်)

### သီးခြားအမှိုက်သိမ်းဆည်းခ (On Call)

ခြံထွက်အမှိုက်၊ သာမန်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက် အမှိုက်နှင့် အိမ်ရာဝင်းများ၊ ဌာနဆိုင်ရာ အဝန်းအဝိုင်းများမှ ထွက်ရှိသော အမှိုက်များကိုစွန့်ပစ်ရန် ဌာနသို့ အကြောင်းကြားသည့်အခါ ဌာနမှ သီးခြား အမှိုက်သိမ်းဆည်းပေးပြီး အမှိုက်သိမ်းဆည်းခ အဖြစ် အောက်ပါအတိုင်း ကောက်ခံပါသည်–

- ကားသေး(၂·၅)တန်ယာဉ်(အားမာန်သစ်/GBS) ၃၅၀၀၀/–
- ကားလတ် (၅)တန်ယာဉ် (Cheng Long) ၇၀၀၀၀/–
- ကားကြီး (၇·၅/၈)တန်ယာဉ် ၁၀၅၀၀၀/–
  (10 Wheel Dump Truck? Power Plus၊ပုံးကား)
- အမှိုက်သိမ်းလှည်း (၁)ခေါက်လျှင် ၂၅၀၀/–

### နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများသို့ မိမိအစီအစဉ်ဖြင့် အမှိုက်လာရောက်စွန့်ပစ်ပါက ပေးဆောင်ရမည့် သတ်မှတ်နှုန်းထား

ကော်မတီ၏ အမှိုက်သိမ်းစနစ်တွင်လည်း ပါဝင်ခြင်းမရှိ၊ သီးခြား အမှိုက်သိမ်းစနစ် On Call စနစ်ဖြင့် အမှိုက်သိမ်းဆည်းခြင်းမျိုးမဟုတ်ဘဲ အမှိုက်များကို မိမိအစီအစဉ်ဖြင့် သယ်ယူ၍ သတ်မှတ်ထားသော နောက်ဆုံး စွန့်ပစ်အမှိုက်ပုံများသို့ လာရောက်စွန့်ပစ်မည်ဆိုပါက သတ်မှတ်ထားသော အမှိုက်စွန့်ပစ်ခနှုန်းထားမှာ ကနဦး အမှိုက်တစ်တန်လျှင် ၅၀၀၀/–နှုန်းဖြစ်ပြီး နောက်ထပ်တစ်တန်ပိုတိုင်း ၂၀၀၀/–နှုန်း ပေးဆောင်ရန် သတ်မှတ်ထားပါသည်။

### အများပြည်သူသုံး သန့်စင်ခန်းများ

ပြည်သူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အလို့ငှာ ကော်မတီမှ အများပြည်သူသုံးအဆင့်မြင့် သန့်စင်ခန်းများကို ဆောက်လုပ်ပေးလျက်ရှိရာ မြေပေါ်သန့်စင်ခန်း(၂၇)ခု၊ ရွှေ့လျားအပေါ့သွားသန့်စင်ခန်း (၄)ခု၊ စုစုပေါင်း (၃၁)ခုကို အခမဲ့ သန့်စင်ခန်းများအဖြစ် ထားရှိဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ရွှေ့လျား Mobile သန့်စင်ခန်းများ

ပြည်သူများလိုအပ်လျက်ရှိပါက ငှားရမ်းအသုံးပြုနိုင်ရန်အတွက် ကော်မတီအနေဖြင့် ရွှေ့လျား (Mobile) သန့်စင်ခန်းများအား ပြုလုပ်ထားရှိပြီး ငှားရမ်းခနှုန်းထားမှာ တစ်လုံးလျှင် ၁၀၀၀၀/–နှုန်း ဖြစ်ပါသည်။

### နာရေးကိစ္စများ ဆောင်ရွက်ရန် ခရိုင်အလိုက် မြို့နယ်များခွဲခြားသတ်မှတ်ခြင်း

- ရေဝေးသုသာန်တွင် တောင်ဥက္ကလာပ၊ တာမွေ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း(အရှေ့ခြမ်း)၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊ လှိုင်(အရှေ့ခြမ်း)၊ သာကေတ၊ သင်္ဃန်းကျွန်း၊ အင်းစိန်၊ ဒဂုံ(မြောက်) (မြောက်ဘက်ခြမ်း)မြို့နယ်တွင် နေထိုင်သူများ။
- ထိန်ပင်သုသာန်တွင် ကျောက်တံတား၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ မရမ်းကုန်း၊ လှိုင်(အနောက်ခြမ်း)၊ လမ်းမတော်၊ လသာ၊ လှိုင်သာယာ (အနောက်ခြမ်း)၊ အင်းစိန်၊ အလုံမြို့နယ်တွင်နေထိုင်သူများ။

(မှတ်ချက်။ ထိန်ပင်သုသာန်တွင် သဂြိုဟ်ရန်သတ်မှတ်ထားသည့် မြို့နယ်များမှ ရေဝေးသုသာန်တွင် အအေးခန်းထားရှိပြီး သဂြိုဟ်လိုပါက နယ်ကျော်အခွင့်အရေးကြေး ၁၀၀၀၀၀/–ပေးသွင်းရမည်ဖြစ်ပြီး၊ သတ်မှတ်သုသာန်မဟုတ်ဘဲ တိုက်ရိုက်သဂြိုဟ်လိုပါက နယ်ကျော်အခွင့်အရေးကြေး ပေးသွင်းရန်မလိုပါ။)

- ကျိုစုသုသာန်တွင် ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်) (တောင်ဘက်ခြမ်း)၊ ဒဂုံ(အရှေ့)၊ သာကေတမြို့နယ်တွင် နေထိုင်သူများ။
- ကျူချောင်သုသာန်တွင် ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူများ။
- ဒလသုသာန်တွင် ဒလမြို့နယ်တွင် နေထိုင်သူများ။
- ဆိပ်ကြီးခနောင်တိုသုသာန်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် နေထိုင်သူများ။
- ဆိပ်ကြီးသုသာန်တွင် ကြည့်မြင်တိုင်မြို့နယ် (တစ်ဘက်ကမ်း)၊ အလတ်ချောင်းကျေးရွာတွင် နေထိုင်သူများ။

### သဂြိုဟ်ခြင်းဆိုင်ရာ လိုအပ်သောစာရွက်စာတမ်းများ

- နာရေးဖြစ်ပေါ်သည့်အခါ အလောင်းသယ်ယူခြင်းအား သုသာန်များမှ (၂၄)နာရီ သယ်ယူပေးခြင်းအားဖြင့် ဝန်ဆောင်မှုပေးပါသည်။
- ကာယကံရှင်မှ သုသာန်များသို့ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။
- ကာယကံရှင်၏ဆန္ဒအရ အအေးခန်းထားလိုခြင်းကို ဆောင်ရွက်ပေးပါမည်။
- တိုက်ရိုက်သဂြိုဟ်မှုပြီးဆုံးသည်အထိ တာဝန်ယူ ဆောင်ရွက်ပေးပါသည်။
- သေချိုင်းလက်မှတ်မအပ်လျှင် (လုံးဝ) သယ်ဆောင်ခြင်းမပြုပါ။
- အရိုးကောက်ခြင်းအတွက် ပြင်ပသို့ သယ်ယူမည်ဆိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်းများ လိုအပ်ပါသည်–

(လျှောက်လွှာ၊ လျှောက်ထားသူ၏ဝန်ခံချက်၊ မိသားစုမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သေချိုင်းလက်မှတ်၊ သန်းခေါင်စာရင်း

မိတ္တူ၊ ကွယ်လွန်သူ၏မှတ်ပုံတင်မိတ္တူ၊ လျှောက်ထားသူ၏ မိတ္တူ)

– ရဲမှုခင်းနှင့်ပတ်သက်သော အလောင်းများကို သက်ဆိုင်ရာ ရဲစခန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပြီး အထောက်အထားဆိုင်ရာ ကင်းရှင်းမှသာ သင်္ဂြိုဟ်ခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးပါသည်။

**အလောင်းသယ်ယူရန် အချိန်သတ်မှတ်ခြင်း**

အလောင်းသယ်ယာဉ်များသည် သင်္ချိုင်းလက်မှတ်ပါရှိပြီးသော အလောင်းကို သယ်ယူရန်ဖြစ်ပါက (၂၄)နာရီအတွင်း သယ်ယူခွင့်ပြုသည်။ ဆက်သွယ်ခေါ်ယူသူ နာရေးရှင်ဘက်မှ (၁)ဦးသည် သယ်ယူမည့် အလောင်းသယ်ယာဉ်နှင့်အတူ လိုက်ပါရမည်ဖြစ်ပါသည်။

**ရက်လွန်ဆေးဝါးများ ဖျက်ဆီးခြင်းအတွက် ဆောင်ရွက်ခ သတ်မှတ်ခြင်း**

– မီးရှို့ဖျက်ဆီးမှုအတွက် မီးရှို့ချိန်တစ်နာရီ (ကျပ် ၁၀၀၀၀) နှုန်း ကောက်ခံပါသည်။

– တစ်နာရီထက် ကျော်လွန်သော (၁၅)မိနစ်တိုင်းအတွက် (ကျပ် ၂၅၀၀)နှုန်း ကောက်ခံပါသည်။

– ၁ကုဗပေထက် ပိုမိုသည့်ထုထည်အတွက် ၁ကုဗပေလျှင် ကျပ် ၄၅၀၀/–နှုန်း ထပ်မံကောက်ခံပါသည်။

**အထက်တွင် ဖော်ပြခဲ့ပြီးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေးဌာနအကြောင်းကို သိသင့်သိထိုက်သလောက် သိရှိလောက်ပြီဟု ယူဆပါတယ်။**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအကြောင်း မိမိသိရှိလိုသော အချက်အလက်များရှိပါက–**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန(ရုံးချုပ်)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**(၁၂)ထပ်ရုံး၊ (၆)လွှာ၊ ကုန်သည်လမ်း(ဗိုလ်မြတ်ထွန်း လမ်းနှင့် သိမ်ဖြူလမ်းကြား)**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့**
**ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။**

## အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းသော ရန်ကုန်မြို့ကြီးကို တည်ဆောက်ကြပါစို့






## 3 R ဆိုသည်မှာ . . .

အမှိုက်ပမာဏကို လျော့ချသည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။



### Reduce အမှိုက်လျော့ချခြင်း

- ကြာရှည်ခံမည့် ပစ္စည်းများကိုသာ ဝယ်ယူခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။
- မလိုအပ်ဘဲ ပစ္စည်းများ ဝယ်ယူသည့်အခါ အမှိုက်ထွက်ရှိနိုင်သဖြင့် လိုအပ်သည့်ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။
- ပစ္စည်းများဝယ်ယူရာတွင်လည်း ကြာရှည်ခံသည့်အိတ်များ အသုံးပြုခြင်းဖြင့် ဈေးဆိုင်များတွင် ပလပ်စတစ်အိတ် အသုံးပြုမှုအား လျော့ချကြပါစို့။
- မီးဖိုချောင်ထွက်အမှိုက်များတွင် ပါဝင်ထွက်ရှိသည့် အရည်များအား စစ်ထုတ်ဖယ်ရှားပြီး စွန့်ပစ်ခြင်းဖြင့် အမှိုက်ထွက်ရှိမှုပမာဏအား လျော့ချကြပါစို့။

### Reuse ပြန်လည်သုံးစွဲခြင်း




- အကြိမ်ကြိမ်ပြန်လည်သုံးစွဲနိုင်သည့် ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။
- မိမိ၏ အသုံးအဆောင်ပစ္စည်းများအား အခြားသူများသို့ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းဖြင့် ပြန်လည်သုံးစွဲမှု ပြုကြပါစို့။
- မိမိသုံးစွဲသည့် ပစ္စည်းများအား ပုံသဏ္ဌာန်ပြောင်းလဲခြင်းမရှိဘဲ သင့်လျော်သည့်နေရာများတွင် ပြန်လည်သုံးစွဲခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။
- ပစ္စည်းများအား အကြိမ်ကြိမ်ပြန်လည်အပြည့်အဝသုံးစွဲခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။

### Recycle ပြန်လည်တီထွင် အသုံးချခြင်း



- အမှိုက်အမျိုးအစားခွဲခြားခြင်းဖြင့် ရရှိလာသည့် အသုံးမလိုသော သတင်းစာ၊ စာစောင်များ၊ စက္ကူများ၊ စာအုပ်အဟောင်းများ၊ ပုလင်းများ၊ သံဗူး/ကော်ဗူးများ၊ သံတိုသံစများအား ပြန်လည် တီထွင်အသုံးပြုခြင်းဖြင့် အမှိုက်ထွက်ရှိမှုအား လျော့ချကြပါစို့။
- ဈေးထွက်အမှိုက် (ဟင်းသီးဟင်းရွက်အမှိုက်) ဖြင့် သဘာဝမြေဩဇာပြုလုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် တီထွင်အသုံးပြုကြပါစို့။
- Recycle ထုတ်ကုန်များ ဝယ်ယူသုံးစွဲကြပါစို့။

**သင့်မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် ကွမ်းတံတွေး မထွေးပါနှင့်၊**




### စည်းကမ်းတကျ အမှိုက်စွန့်ပစ်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ

- ❐ ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပေါ်စေနိုင်သည့် ပိုးမွှားအန္တရာယ်များမှ ကာကွယ်နိုင်ခြင်း
- ❐ အနံ့ဆိုးများထွက်ရှိမှု လျော့နည်းလာနိုင်ခြင်း
- ❐ စနစ်တကျ အမှိုက်စွန့်ပစ်သည့်အတွက် သိမ်းဆည်းရလွယ်ကူခြင်း
- ❐ အမှိုက်သိမ်းလုပ်သားများ၏ ကျန်းမာရေးမထိခိုက်ခြင်း
- ❐ မြို့တော်သန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်ခြင်း
- ❐ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လူမှုဝန်းကျင်တွင် အကျိုးကျေးဇူးများ ရရှိစေခြင်း
- ❐ Recycle လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိခြင်း

# မောင်သာနိုး

## ဆင်းရဲငြိုငြင်သောနေ့တစ်နေ့၌ လူတစ်ယောက်စကားကိုသဘောကျမိခြင်း



(တစ်)

မိုးနောင်း၍ ဆောင်းရာသီသို့ ကူးကူလာခဲ့ပြီ။ ဖူးသစ်စ ဆောင်းနံနက်ခင်းမို့ထင်ရဲ့ အပြင်တွင် နှင်းပွင့်၊ နှင်းဖတ်ကလေးတို့ ဆုပ်ဆုပ်ခဲခဲ ဝေ့ဝဲသွန်ကျနေမှုကြောင့် ပတ်ဝန်းကျင်တစ်ခွင်ကို ကောင်းစွာမမြင်ရပေ။ နှင်းရည်၊ နှင်းစက်တို့၏ လိမ်းကျံကပ်ငြိမှုကြောင့် သစ်ရွက်ကလေးတို့ စိုလက်စိမ်းဖန့်နေမည်မှာ ကေန်။ သွပ်မိုးပေါ်သို့ နှင်းစက်၊ နှင်းပေါက်များ တဖြောဖြောကြွေကျနေသံက မိုးရေစက်တွေအလား သည်းထန်လွန်းလှသည်။ လမ်းကြားကလေးအတွင်းရှိ တခြားဆိုင်များနှင့်မတူ တမူကွဲပြားစွာ နန်းဆန်နေသော လက်ဖက်ရည်ဆိုင်ကလေးအတွင်း၌ မိတ်ဆွေသူငယ်ချင်းတစ်ယောက်နှင့် အတူထိုင်နေဖြစ်သည်မှာ နာရီဝက်လောက် ရှိခဲ့ပြီ။ သူ၏ ရုတ်တရက်အမေးကြောင့် ကျွန်တော်ပင် ငိုင်တွေသွားမိသည်။ သူ့အမေးကို စေးစေးပိုင်ပိုင် ပြန်ဖြေနိုင်ရန် စကားလုံးများကို အပြေးအလွှားရှာဖွေကြည့်မိသည်။ လက်ဖက်ရည်များလည်း အေးခဲတောင့်တင်းနေခဲ့ပြီ။ သူကလည်း ကျွန်တော့်ကိုကြည့်လျက် ကျွန်တော်ကလည်း အဝေးတစ်နေရာကို ငေးကြည့်လျက်၊ ကြားထဲတွင် စားပွဲတစ်ပွဲလုံးက သမုဒ္ဒရာကြီးတစ်စင်းလို ဝေးလျားလွန်းလှသည်။ ကျွန်တော်တို့ထိုင်စက လူတစ်ယောက်စ နှစ်ယောက်စ တွေ့ရသော ဆိုင်ကလေးသည် အခုတော့ လက်ဖက်ရည်သောက်သုံးမည့်သူတွေ ဖြည်းဖြည်းမှန်မှန် ဝင်ရောက်လာခဲ့သဖြင့် စည်ကားစပြုလာခဲ့ပြီ။

"ကိုသာစိုး ကျွန်တော်မေးထားတာ ပြန်မဖြေရသေးဘူးနော်၊ တိုင်းတစ်ပါး ယဉ်ကျေးမှုတွေ ဘယ်ကနေ ထိုးဖောက်ဝင်ရောက်နေတာလဲ"

ကျွန်တော်တွေးနေတာ ကြားသွားလို့ထင်သည်။ ကျွန်တော့်ကို ဒုတိယအကြိမ် ထပ်မံနှိုးဆော်လာခဲ့သည်။ ကျွန်တော် ဆက်စဉ်းစားနေလို့တော့ မဖြစ်။ သူ ကျေနပ်မှုရှိလောက်မည်ထင်သည့် စကားလုံးတို့ကို နှုတ်မှစီးသွန်လိုက်သည်။

"ကျွန်တော့်စိတ်ထင် မီဒီယာ (Media)တွေကနေလည်း တဆင့်ထိုးဖောက်ဝင်ရောက်လာလိမ့်မယ်၊ ဥပမာဗျာ–တီဗီ (Channel) လိုင်းတို့၊ ဖုန်းတို့၊ ခေတ်မီနည်းပညာ ပစ္စည်းတွေကြောင့်တို့ ဘာတို့ပေါ့၊ နောက်ပြီး နိုင်ငံခြားအတွေ့အကြုံရှိသူတွေရဲ့ လက်ဆင့်ကမ်းဝေငှမှုတွေကြောင့်လည်း ယဉ်ကျေးမှုတွေ ထိုးဖောက်ဝင်ရောက်လာနိုင်တယ်၊ ကျွန်တော်ကတော့ အဲဒါတွေကြောင့် ထင်တယ်ဗျာ"

စကားဆုံးပြီး သူ့မျက်နှာကိုကြည့်လိုက်တော့ ကျွန်တော့်စကားကို စူးစူးစိုက်စိုက်လေး နားထောင်နေပုံရသည်။ ခေါင်းလေး တဆတ်ဆတ်ညိတ်လို့။ ထို့နောက် လေးလေးဆဆ မျက်နှာဖြင့်–

"ဘာကြောင့် တိုင်းတစ်ပါးယဉ်ကျေးမှုတွေ ဒီလောက် လျင်လျင်မြန်မြန်ကြီး ကျွန်တော်တို့နိုင်ငံကို ထိုးဖောက်စိမ့်ဝင်သွားရတာလဲ ကိုသာစိုး"

ရှော့ . . .ခက်ပြီ။ တစ်ခုဖြေပြီးလို့မှ အသက်ရှူဝမည်ကြံတုန်း နောက်မေးခွန်းတစ်ခုကဆက်ထွက်ကျလာသည်။ ဦးနှောက်ကို အပြေးအလွှားအလုပ်ပေးရပြန်ပြီ။ သို့သော် သိပ်တော့မကြာလိုက်။ ဖြိုးခနဲ ဖျတ်ခနဲ အတွေးစတစ်ခု ထင်းသွားသည်။

"တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို အထင်ကြီးမှုတွေကြောင့်လည်း ဖြစ်နိုင်တယ်၊ ဒါ့အပြင် ကျွန်တော်တို့တစ်တွေရဲ့ အသစ်အဆန်းကို စူးစမ်းခုံမင် လေ့လာလိုမှုတွေကြောင့်လည်း ဖြစ်နိုင်တယ်၊ ကျွန်တော်ကတော့ အဲဒီနှစ်ချက်ကိုပဲ စဉ်းစားလို့ရတယ် ကိုရေချမ်းရာ . . ."

လူပြည့်နှက်စပြုလာပြီဖြစ်သောကြောင့် အသံအချို့ ဆိုင်ပြင်သို့ လျှံထွက်ကျလာသည်ကို အခုမှသတိပြုမိသည်။ သို့သော် သူကတော့ ဆိုင်မှာ ကျွန်တော်တို့အပြင် လူထပ်ရှိသည်ဟု မြင်ပုံမပေါ်။ အသံတချို့ကိုလည်း သူကြားပုံမရ။ သူသိချင်နေသော မေးခွန်းတွေရဲ့အဖြေပေါ်ကိုသာ စိတ်ကို စူးနစ်တိမ်းညွတ်ထားပုံရသည်။ ဖန်ရည်တစ်ခွက်ကို ဂွပ်ခနဲမော့ချသည်။ ပြီး–

"ကိုသာစိုးပြောတာလည်း မှန်တယ်၊ ဒါပေမဲ့ ကျွန်တော်တွေးမိတာလေးတစ်ခုကိုလည်း ပြောပြချင်တယ်၊ နားထောင်မလား ကိုသာစိုး"

ကျွန်တော် အားရလန်းဆတ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သူ့နှုတ်မှ အန်ချလာမည့် အဓိပ္ပါယ်လေးနက်ပြည့်ဝသော စကားတို့ကို ကျွန်တော်နားထောင်ခွင့်ရတော့မှာမို့လို့ဖြစ်သည်။ ကျွန်တော် ထင်တော့ ထင်သည်။ သူ သည်လောက် ကျွန်တော့်ကို မေးလာပုံထောက်တော့ သူတစ်ခုခုပြောချင်နေ၍ ဖြစ်မည်ဆိုတာ ကျွန်တော်သိနှင့်ဖို့ကောင်းသည်။ သို့တစေ အကြောင်းတော့မရှိ။ ကျွန်တော် အခု နားထောင်ခွင့်ရတော့မှာမို့လို့ပဲ ဖြစ်သည်။

"ဘာကြောင့် တိုင်းတစ်ပါးယဉ်ကျေးမှုတွေ လျင်လျင်မြန်မြန် ထိုးဖောက်ဝင်ရောက်နေတာလဲဆိုတော့ ကျွန်တော်တို့က မကောင်းလို့ဗျ၊ သူတို့က အရမ်းကောင်းနေလို့၊ ဥပမာဗျာ...ကျွန်တော်တို့စာပေ အရမ်းကောင်းနေရင် သူတို့စာပေကို ဖတ်တော့ဖတ်မယ်ဗျာ၊ ဒါပေမဲ့ ဒီလောက်ကြီး အရမ်းကာရော ဖတ်နေမှာမဟုတ်ဘူး၊ နောက်ပြီး ကျွန်တော်တို့ ရုပ်ရှင်အနုပညာသာ တိုးတက် မြင့်မားနေရင် သူတို့ဇာတ်ကားတွေကို အချိန်ကုန်၊ ငွေကုန်ခံပြီး ကြည့်နေမှာ

**တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို**

**အထင်ကြီးမှုတွေကြောင့်လည်း ဖြစ်နိုင်တယ်၊**

**ဒါ့အပြင် ကျွန်တော်တို့တစ်တွေရဲ့ အသစ်အဆန်းကို စူးစမ်းခုံမင် . . .**

**ကျွန်တော်တို့ စာပေအနုပညာတွေ ကိုယ်ခံအားချိနဲ့နေလို့ သူတို့တွေရဲ့ လွှမ်းမိုးမှုခံနေရတာ၊ ကျွန်တော်တို့ စာပေအနုပညာသာ ကိုယ်ခံအားမြင့်မားနေရင် . . .**

မဟုတ်ဘူး၊ ကျွန်တော်ပြောချင်တာကတော့ ကိုသာစိုးရာ . . . ကျွန်တော်တို့ စာပေအနုပညာတွေ ကိုယ်ခံအားချိနဲ့နေလို့ သူတို့တွေရဲ့ လွှမ်းမိုးမှုခံနေရတာ၊ ကျွန်တော်တို့ စာပေအနုပညာသာ ကိုယ်ခံအားမြင့်မားနေရင် သူတို့ ဒီလို လျင်လျင်မြန်မြန်ကြီး လွှမ်းမိုးနိုင်မှာ မဟုတ်ဘူး''

သူ့စကားအဆုံးမှာ ကျွန်တော့် ကိုယ်တွင်း စီးဆင်းနေသော သွေးကြောများ ရှိန်းခနဲ ဖြစ်သွားမိသည်။ ဘယ်လိုမှ ထင်မထားသော အတွေး။ သူ့နှုတ်ဖျားမှ ယိုစီးကျလာသည့် လေးနက်ပြည့်ဝသော စကားတွေ။ သူပြောတာ သွေးထွက်အောင်မှန်သည်ဟု စိတ်ထဲကနေ သူ့ကို ချီးကျူးနေမိသည်။ သူ့၌ ကျွန်တော်ထင်မထားသည့် အတွေးတွေ ရှိရှိနေတတ်တာ ရံဖန်ရံခါ သတိပြုမိသည်။ နှစ်ယောက်တည်း အေးအေးလူလူရှိသည့်အခိုက်ဆို သူ့နှုတ်ဖျားမှ ယခုလို အားခွန်ပြည့်ဝသော စကားတို့ကို မကြာမကြာ ပြောတတ်သည်။ ထိုအခါ ကျွန်တော်ကလည်း သေသေချာချာလေး နားထောင်မိစမြဲ။ သူကလည်း ညင်ညင်သာသာ တိုးတိုးဖွဖွလေး ပြောမိစမြဲ။



(နှစ်)

''ကိုသာစိုး ဘာတွေတွေးနေတာလဲ''

ဟု သူ စကားဖြတ်ပြောလိုက်တော့မှ သူ့ကို ချီးမွမ်းခန်းဖွင့်နေသော ကျွန်တော့်စိတ်တို့ အရှိန်သေသွားသည်။

''ဘာမှ မတွေးပါဘူးဗျာ . . . ဒီလိုပါပဲ''

ဟု ပြောပြီး အဓိပ္ပါယ်မရှိ ဟိုး . . . ခပ်ဝေးဝေးတစ်နေရာကို ငေးကြည့်နေမိသည်။ သစ်ကိုင်းဖျားဆီမှ ငှက်တစ်ကောင်၏ ကျီကျီကျာကျာ အော်မြည်သံကို ကြည်ကြည်မြမြလေး ကြားနေရသည်။ လေတစ်ချက်ဝှေ့ယမ်းလိုက်သဖြင့် ညှိုးနွမ်းနေသော သစ်ရွက်တချို့တို့ မြေပြင်ထက်သို့ ကြွေပြုတ်လာသည်။ မရဲတရဲ ထိုးခွဲဝင်စပြုနေသော အလင်းမျှင်တန်းကြောင့် နှင်းပွင့်ကလေးတို့ အရည်ပျော်စပြုပြီ။ နှင်းမှုန်မြူခြည်တို့ တစ်စတစ်စ တပ်ရုတ်သိမ်းစပြုနေခဲ့ပြီ။ ခပ်စောစောက မှုန်မှိုင်းနေသောမြင်ကွင်းတို့ အနည်းငယ် လင်းကျင်းလာခဲ့ပြီ။ သူက ဆက်၍–

''ကိုသာစိုး အခုလို တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို ကျေကျေနပ်နပ်ကြီး လက်ခံကျင့်သုံးနေတဲ့ လူတွေကို ခင်ဗျား ဘယ်လိုမြင်သလဲ''

ဟု ထပ်မံမေးချလာခဲ့ပြန်သည်။

''ကျွန်တော် သေချာတော့မပြောတတ်ဘူးဗျာ၊ လုပ်ပါ ခင်ဗျားပဲပြောပြပါ''

အမှန်တကယ်ကိုပဲ မပြောတတ်၍ သူ့ကို မေးလိုက်ခြင်းဖြစ်သည်။ သူကတော့ ကျွန်တော့်ကိုဘယ်လိုထင်မည်မသိ။ နောက်ပြီး သူ့အတွေးအခေါ်တွေကို နှစ်ခြိုက်၍လည်း သူ့ကိုပြောခိုင်းလိုက်ခြင်း ဖြစ်သည်။ သူဆက်ပြောမည့် စကားတို့ကို ကျွန်တော်ငံ့လင့်နေမိသည်။

''ကျွန်တော်ကတော့ဗျာ သူတို့ကို အပြစ်မမြင်ပါဘူး၊ ဘာလို့လဲဆိုတော့ လူဆိုတာက ကောင်းတာနဲ့ မကောင်းတာဆို ကောင်းတာကိုပဲ ရွေးချယ်တတ်ကြတာကိုး၊ ကိုယ့်ဥစ္စာကမှ မကောင်းတာ၊ သူတို့ကောင်းတာကို သွားရွေးချယ်တာ အပြစ်ဘယ်ပြောလို့ရပါ့မလဲ၊ မဟုတ်ဘူးလား ကိုသာစိုး''

သူ့အမေးမှာ ကျွန်တော်တို့ တိုင်းပြည်အခြေအနေကို အားမလိုအားမရဖြစ်နေသော ကရုဏာဒေါသအသံတို့ ဆွတ်ပျံ့ဖွယ်ခိုဝင်နေသည်ဟု ကျွန်တော်ထင်မြင်မိသည်။ ကွဲအက်ရှတနေသော သူ့အမေးအောက်မှာ

တွေးစရာတွေကလည်း တစ်ထွေးကြီး။

''ကိုယ့်စာပေ၊ ကိုယ့်အနုပညာ၊ ကိုယ့်နည်းပညာတို့ ကြီုလိုဖျော့တော့နေသောကြောင့် တိုင်းတစ်ပါးယဉ်ကျေးမှုတွေ လွယ်လင့်တကူ ထိုးဖောက်ဝင်ရောက်လာတာပါ'' တဲ့။ သူ့အပြောအောက်မှာ ကျွန်တော့်ခေါင်းတို့ ငိုင်စင်းသွားမိသည်။ ကျွန်တော် ဘယ်လိုမှ ပြန်လည်မချေပနိုင်။ သူ့အပြောတို့က မှန်နေသည်ကိုး။ သူက ပီဘိ တွေးခေါ်ပညာရှင်ကြီးတစ်ဦးနှယ်။ ဆက်ထွက်ကျလာသည့် သူ့စကားတို့ကို ကြည့်ပါဦး။

''တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို ပျော်မွေ့စွာကြိုဆိုနေတဲ့ လူတွေကို အပြစ်မတင်ပါနဲ့တဲ့၊ ကိုယ့်စာပေ၊ ကိုယ့်အနုပညာ၊ ကိုယ့်နည်းပညာတို့ကမှ တိုးမှမတိုးတက်တာတဲ့၊ ဒါကြောင့် ကောင်းတဲ့အရာတွေကိုပဲ သုံးနေတာ သူတို့အပြစ်မဟုတ်ပါဘူးတဲ့''

သူ့စကားတို့၌ ကျွန်တော်တို့တစ်တွေကို ခပ်ဖွဖွပြစ်တင်မောင်းမဲနေသည်ဟု ကျွန်တော် ခံစားမိသည်။ သို့သော်…သူ့အပြောတို့၌ သူ့စိတ်စေတနာ၊ သူ့ရည်ရွယ်ချက်တို့ကို ထင်ထင်လင်းလင်းမြင်နေ၊ တွေ့နေရသောကြောင့် သူ့ကို စိတ်မဆိုးသည့်အပြင် တိုးလို့ပင် လေးစားချစ်ခင်သွားမိသည်။

**(သုံး)**

လက်ဖက်ရည်ဆိုင်တွင် အချိန်အတော်ကြာ ထိုင်နေရလို့ထင်သည်။ နှစ်ဦးသား ကိုယ်တွေ၊ လက်တွေ ကိုက်ခဲလာသည်။ ထို့နောက် ကျသင့်ငွေရှင်းပေးပြီး အပြင်သို့ ထွက်လာလိုက်သည်။ တစ်ချက်တိုးခတ်လာသော ဆောင်းလေနုနုကလေးကြောင့် နှစ်ဦးသား တင်းကြပ်နေသောစိတ်တို့ ပြေလျော့သွားသည်။ လမ်းကြားကလေးကို လွန်သော် လမ်းမကြီးတစ်ခုကို အတိုင်းသား တွေ့နေရပြီး နှစ်ဦးသား လမ်းခွဲလာလိုက်သည်။

အဆောင်ပြန် လမ်းတစ်လျှောက် မိတ်ဆွေ သူငယ်ချင်း၏ စကားတို့က ကျွန်တော့်နားဝမှာ တရစ်ဝဲလည်လည် မင်းမူနေခဲ့သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေ လွှမ်းမိုးတာမခံချင်ဘူးဆိုလျှင် ပို၍ အရေးတကြီးလုပ်စရာတစ်နည်းသာ ရှိမည်ဟု ဆိုပါစို့။ ထိုအရာမှာ မိမိစာပေ၊ မိမိအနုပညာ၊ မိမိနည်းပညာတို့ကို ခိုင်ခံ့တိုးတက်တောင့်တင်းအောင် လုပ်ရန်မှတစ်ပါး တခြားမဖြစ်ရာချေဟု…။

**မောင်သာစိုး(ပြည်)**



## လေ့ကျင့်မှ ကျွမ်းကျင်

အနုပညာရှင် ပါဒရူစကီ (Padrewski) ဟာ တစ်ခါမှာ ဝိတိုရိယဘုရင်မကြီးရဲ့ ရှေ့မှောက်မှာ ဖျော်ဖြေခဲ့ရတယ်။ ဘုရင်မကြီးက အတော်လေး နှစ်ခြိုက်ပြီး ချီးမွမ်းစကားဆိုတယ်–

''မစ္စတာ ပါဒရူစကီ၊ အသင်ဟာ ပါရမီရှင်တစ်ယောက်ပဲ''

ဒီတော့ အနုပညာရှင်ကြီးက–

''ဟုတ်ကဲ့ပါ ဘုရင်မကြီး၊ ကျွန်တော်ဟာ အခုအချိန် ပါရမီရှင်တစ်ဦး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ဒီအဆင့်မရောက်ခင်တုန်းကတော့ အတော်လေး ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်''လို့ ပြန်ပြောခဲ့တယ်။ ။

**မောင်သီဟ**





# Celebrity and SHOWBIZ

ကိုသားကြီး







## မအိုသေးတဲ့ အနုပညာတွေနဲ့

ကော်ဇောနီပေါ်မှာ သူမကို ပြန်လည်မြင်တွေ့ခဲ့ကြရပါပြီ။ တစ်ချိန်က ပုရိသတို့အသည်းစွဲ မင်းသမီးချောနီကိုးကစ်မန်းပါ။ ဩစတြေးလျမင်းသမီးကြီးဟာ သူမပါဝင်သရုပ်ဆောင်ထားတဲ့ Lion ဇာတ်ကား အထူးပွဲကို တက်ရောက်လာတာ ဖြစ်ပါတယ်။ အသက် ၄၉ နှစ်ရှိပြီဖြစ်ပေမယ့် လှပပြီး အရွယ်တင်နုပျိုနေဆဲ မင်းသမီးကြီးကို အားလုံးငေးမောခဲ့ကြရပါတယ်။ နီကိုးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလက Golden Globe Awards ဆုပေးပွဲ မှာ Eyes Wide Shut ဇာတ်ကားနဲ့ အကောင်းဆုံးဇာတ်ပို့ဆုအတွက် ရေပန်းစားခဲ့ပါသေးတယ်။ ဗီအိုလာဒါဗစ်က Fences ဇာတ်ကားနဲ့ ဒီဆုကို သိမ်းပိုက်သွားပေမယ့် နီကိုးဟာ ဒီဇင်ဘာလတုန်းက AACTA နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုကို ရယူနိုင်ခဲ့ပါသေးတယ်။ မအိုသေးတဲ့ သူမရဲ့ အနုပညာတွေနဲ့ပေါ့။







# ဘရစ်တနီ ပျော်နိုင်ပါပြီ

ပေါ့ပ်ကြယ်ပွင့် ဘရစ်တနီ စပီးယားတစ်ယောက် ပျော်နိုင်ပါပြီ။ သူမအတွက် အိပ်မပျော်နိုင်တဲ့ညတွေ အဆုံးသတ်သွားခဲ့ပါပြီ။ ဘရစ်တနီရဲ့ ညီမအငယ်ဆုံး ဂျာမီလင်းမှာ ၈ နှစ်အရွယ် သမီးလေးတစ်ယောက် ရှိပါတယ်။ မက်ဒီလို့ အမည်ရတဲ့ ဒီကောင်မလေးဟာ ပြီးခဲ့တဲ့ သီတင်းပတ်မှာ အပျော်စီးကားလေးနဲ့ဆော့ရင်း ရေကန်ထဲကျသွားခဲ့ပါတယ်။ ဂျာမီလင်းနဲ့ မိသားစုဝင်တွေဟာ ရေအောက်မှာ ၂ မိနစ်လောက် ကြိုးစားဆယ်ယူခဲ့ရသလို မက်ဒီလေးကိုလည်း နယူးအော်လန်က ကလေးဆေးရုံမှာ အရေးပေါ်ကုသမှုတွေ လုပ်ခဲ့ရပါတယ်။ သူတို့အားလုံး စိုးရိမ်ခဲ့ရတာက ဦးနှောက်ပိုင်း ထိခိုက်သွားမှာကိုပါ။ ဘရစ်တနီကိုယ်တိုင်လည်း တူမလေးအတွက် အစိုးရိမ်ပိုခဲ့ရသလို ပရိသတ်တွေကိုပါ ဝိုင်းဝန်းဆုတောင်းပေးကြဖို့ ပန်ကြားခဲ့ပါတယ်။ အခုတော့ မက်ဒီလေးဟာ ဆေးရုံကနေ ရဟတ်ယဉ်နဲ့ အိမ်ပြန်နိုင်ခဲ့ပါပြီ။ ဒါဟာ မယုံနိုင်စရာ ကံကောင်းမှုပဲလို့ ဘရစ်တနီက ဆိုလေရဲ့။




# မြွေပါလည်းဆုံး သားလည်းဆုံး

ဗြိတိန်နာမည်ကျော်ရုပ်သံကြယ်ပွင့် စတက်ဖန်ဘီယာကတော့ မြွေပါလည်းဆုံး သားလည်းဆုံးရမယ့်ကိန်း ဆိုက်နေပါပြီ။ သူဟာ မကြာခင်က ဖြစ်ရပ်မှန် ရုပ်သံဇာတ်လမ်းတွဲ Geordie Shore ကြယ်ပွင့်ဟောင်း ချာလော့တီနဲ့ ကြိတ်ခုတ်ခဲ့ပါတယ်။ ဒါဟာ သူ့ရဲ့ အေဂျင်စီဖြစ်တဲ့ Celebs Go Dating ရဲ့စည်းမျဉ်းကို ချိုးဖောက်ခဲ့တာပါပဲ။ ဒါကြောင့် စတက်ဖန်ဟာ Celebs Go Dating အေဂျင်စီကနေ ထုတ်ပယ်ခံလိုက်ရပါတယ်။ ဒါပေမဲ့ သူ့အတွက် သတင်းဆိုးက ဒီမှာတင် ရပ်မနေခဲ့ပါဘူး။ The Sun သတင်းစာက သူ့ရဲ့ လျှို့ဝှက်ဓာတ်ပုံတချို့ကို ဖွင့်ချလိုက်တာကြောင့် ပြဿနာပိုကြီးသွားခဲ့ပါတယ်။ စတက်ဖန်ဟာ အမျိုးသမီးနှစ်ယောက်နဲ့ နမ်းရှုပ်နေတဲ့ပုံတွေပါ။ သူတို့ပုံစံက သာမန်မဟုတ်သလို ရုပ်သံအစီအစဉ်နဲ့လည်းမသက်ဆိုင်တာကြောင့် ချစ်သူ ချာလော့တီရဲ့ အဆက်ဖြတ်မှုကိုပါ စတက်ဖန် ခံနေရပါပြီတဲ့။








# ဟီလန်ရဲ့ ရိုးဂုဏ်မြောက်အလှ








ဟီလန်ဖလာနာဂန်။ ITV ရုပ်သံလိုင်းမှာ အပတ်စဉ်တင်ဆက်နေတဲ့ Coronation Street ဇာတ်လမ်းတွဲပရိသတ်တွေကတော့ သူမကိုကောင်းကောင်းသိကြမှာပါ။ ဒီဇာတ်လမ်းတွဲမှာ ရော့စီဝက်ဘ်စတီရာအဖြစ် ဟီလန်ရဲ့သရုပ်ဆောင်မှုတွေက ပြောင်မြောက်လွန်းနေတယ်လေ။ ဒါကြောင့်လည်း ၂၀၀၀ ခုနှစ်ကတည်းက စတင်ပြသခဲ့တဲ့ Coronation Street ဇာတ်လမ်းတွဲတွေကို အခုထိ ပရိသတ်အားပေးနေတာပေါ့။ ဒီတစ်ပတ်မှာတော့ ဟီလန်ဟာ သူမရဲ့ လှပကျော့ရှင်းတဲ့ ကောက်ကြောင်းတွေကို ဖော်ပြပြီး ဖမ်းစားနိုင်ခဲ့ပြန်ပါတယ်။ တစ်နည်းအားဖြင့် ပရိသတ်အကြိုက်တွေ့ခဲ့တဲ့ သီတင်းပတ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဟီလန်ကတော့ ချမ်းသာတာ၊ ဆင်းရဲတာ၊ ပညာတတ်တာ၊ မတတ်တာထက် ရိုးသားမှုရှိဖို့ကသာ ပိုအရေးကြီးတယ်လို့ ပရိသတ်တွေကို တွစ်တာကတစ်ဆင့် အမှာစကားပါးလိုက်လေရဲ့။



# ဒေါ်နယ်ထရန့်နဲ့ ပူတင်ကို တွေ့ချင်နေတဲ့ လင်ဆေးလိုဟန်





အမေရိကန် အဆိုတော်မင်းသမီးချော လင်ဆေးလိုဟန်ကတော့ သူမ အတွေ့ချင်ဆုံး ပုဂ္ဂိုလ်နှစ်ယောက်ကို ဒေးလီးမေးလ်သတင်းစာနဲ့ အင်တာဗျူးမှာ ဖွင့်ဟသွားခဲ့ပါတယ်။ အဲဒီသူတွေက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ရုရှားသမ္မတပူတင်ပဲ ဖြစ်ပါသတဲ့၊ ကိစ္စကတော့ ဆီးရီးယား ဒုက္ခသည်တွေ ပြဿနာကို အဖြေရှာရေးပါ။ ဒီကမ္ဘာအင်အားကြီး ခေါင်းဆောင်နှစ်ဦးဟာ ဆီးရီးယားပြည်တွင်းစစ်ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ့်သူတွေလို့လည်း လင်ဆေးလိုဟန်က ယုံကြည်နေပါတယ်။ ဒါ့အပြင် ဒီဆွေးနွေးပွဲမှာ Mean Girls ဇာတ်ကားကို အတူတွဲဖက်သရုပ်ဆောင်ခဲ့ဖူးတဲ့ ကနေဒါမင်းသမီး ရေချယ်မက်စ်အဒမ်၊ ဘရက်ပစ်နဲ့ ဂျူလီတို့စုံတွဲပါ ရှိစေချင်ပါသတဲ့။ လင်ဆေးဟာ ဆီးရီးယားအရေးအတွက် တူရကီသမ္မတ အာဒိုဂန်နဲ့သွားရောက်တွေ့ဆုံခဲ့ပြီးဖြစ်သလို အသက် ၇ နှစ်သာရှိသေးတဲ့ ဆီးရီးယားအွန်လိုင်းဘလော့ဂါမလေး ဘန်နာနဲ့လည်း ဆုံဖြစ်ခဲ့ပါသေးသတဲ့။

## အဲဒါ– –ရှင့်ကြောင့်




အီးမေးလ်ဖောက်ထွင်းခံရတဲ့သတင်းတွေ အတော်လေး ကြားခဲ့ရပါတယ်။ ဒီအထဲမှာ မန်ယူနဲ့ အင်္ဂလန်ဘောလုံးသမားဟောင်း ဒေးဗစ်ဘက်ဟမ်းရဲ့ အီးမေးလ်လည်း အဟတ်ခံခဲ့ရပါတယ်။ နှစ်သစ်ကူးကာလတုန်းက ဆုဘွဲ့စာရင်းထဲ မပါခဲ့တာကြောင့် ဆဲဆိုခဲ့တာတွေ၊ အိုဘီအီးဘွဲ့ ချီးမြှင့်ခံရတဲ့ အော်ပရာအဆိုတော် ဂျန်ကင်းကို ဝေဖန်ထားတာတွေ၊ ရန်ပုံငွေပွဲတွေမှာ ငွေမလှူချင်လို့ ငြင်းဆန်ခဲ့တာတွေ စတဲ့လျှို့ဝှက်ချက်တချို့ ပေါက်ကြားခဲ့တာကြောင့် ဘက်ဟမ်းဟာ ဝေဖန်မှုတွေ ခံနေရပါတယ်။ ဒီအကြောင်းအရာဟာ သူတို့မိသားစုအပေါ် ဘယ်လောက်ရိုက်ခတ်မှုရှိလဲဆိုတာ ဇနီးဖြစ်သူ ဗစ်တိုးရီးယားကိုကြည့်ရင် သိနိုင်တယ်လို့ မီဒီယာတွေက ဆိုပါတယ်။ ဗစ်တိုးရီးယားဟာ ပုံမှန်ဝတ်ဆင်နေကျ  တန်ဖိုးကြီးဖက်ရှင်ဝတ်စုံတွေကိုတောင် မဆင်မြန်းနိုင်တော့ဘဲ အားကစားဝတ်စုံလေးနဲ့ လမ်းထွက်လာတာဟာ ဘက်ဟမ်းနာမည်နဲ့ ထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေ ကျဆင်းလာလို့များလားဆိုတာ စဉ်းစားစရာကောင်းနေတယ်တဲ့။

## ဒုတိယမြောက် ဂိုက်ာ်းစတား



အဖေ့ခြေရာနင်းမယ့်သူလို့ အလက်ဆန်ဒရာကို ပရိသတ်တွေက တစ်ပေး နေကြပါပြီ။ အသက် ၂၅ နှစ်အရွယ် မော်ဒယ်လေးဟာ God-father ဇာတ်ကားနဲ့ အောင်မြင်မှုတွေရခဲ့တဲ့ ဂန္ထဝင်မင်းသားကြီး အန်ဒီဂါစီယာရဲ့ သမီးထွေးလေးဖြစ်ပါတယ်။ စွဲမက်စရာကောက်ကြောင်းတွေ ပိုင်ဆိုင်ထားသလို အလက်ဆန်ဒရာဟာ မော်ဒယ်လောကမှာတင် အောင်မြင်မှုရနေသူ မဟုတ်ပါဘူး။ လန်ဒန်၊ နယူးယော့ခ် နဲ့မီလန်မြို့ကြီးတွေမှာ စီးပွားရေးလုပ်ငန်း တွေလုပ်ကိုင်နေသူပါ။ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး သူမရဲ့ခံယူချက်လေးကလည်း ပရိသတ်အကြိုက်ဖြစ်နေပါတယ်။ ခန္ဓာကိုယ်အချိုးအစား ဘယ်လိုပဲရှိနေပါစေ၊ ကိုယ့်တန်ဖိုးကိုယ်သိနားလည်ဖို့နဲ့ ဆွဲဆောင်မှုရှိအောင် နေတတ်ဖို့သာ အရေးအကြီးဆုံးလို့ အလက်ဆန်ဒရာက ဆိုလေရဲ့။



# ဖုန်းကော်တွေး

## OK ပါတယ်.....



Phone Screen ပေါ်မှာ မောင့်မျက်နှာက ပြုံးနေပါသည်။ မောင်ပြုံးလိုက်တိုင်း မျက်လုံးလေးတွေက အရောင်လက်သွားပြီး ညာဘက်က ပါးချိုင့်လေးပေါ်လာတတ်တာကို ကျွန်မ မှတ်မိနေပါသေးသည်။ သန့်စင်ကြည်လင်သော သည်အပြုံးတွေကို ကျွန်မ ရင်ထဲ စွဲငြိခဲ့ဖူးတာလည်း အမှန်ပင်ဖြစ်ပါသည်။ ဓာတ်ပုံထဲမှာ မောင်က ပန်းနုရောင်ခေါင်းပေါင်း၊ တိုက်ပုံအဖြူ၊ အင်္ကျီအဖြူနှင့် ပန်းရောင်အစင်းကလေးများပါသော ပိုးလုံချည်တို့ဖြင့် ခန့်ထည်ချောမောနေသလို မောင့်ဘေးမှာ မောင့်လက်မောင်းကို တွဲခိုလျက် ရပ်နေသော သတို့သမီး ကောင်မလေးကလည်း လှပလွန်းနေပြန်ပါသည်။



မဟာဆန်သော မျက်နှာနှင့် ခပ်မြင့်မြင့် ထုံးထားသော ဆံထုံးတို့က လိုက်ဖက်လှသည်။ ပန်းရောင်ဝတ်စုံလေးနှင့် မောင့်ဘေးမှာ နွဲ့နွဲ့လေးရပ်နေဟန်က အသက်ပါလှသည်။ နှစ်ယောက်စလုံး အပျော်ရွှင်ဆုံးအချိန်မှာ ရိုက်ထားသော ဓာတ်ပုံဆိုတာ သိသာလှသည်။ မောင် အရမ်းပျော်နေမှာပဲဟု ကျွန်မ တွေးလိုက်မိပါသည်။ ဓာတ်ပုံလေးကိုကြည့်ရင်း ကျွန်မကိုယ်ကျွန်မလည်း ပြန်မေးနေမိသည်။ ဝမ်းနည်းနေသည်လား---မဟုတ်ပါ။ ပျော်ရွှင်ကျေနပ်နေသည်လား---ဒါလည်း မဟုတ်ပြန်ပါ။ မနာလိုဝန်တိုမှုများနှင့် မကျေမနပ် ဖြစ်နေတာလည်း မဟုတ်ဟုပင် အဖြေထွက်ပါသည်။ ထုံကျဉ်နေသော နှလုံးသားသည် သက်ရောက်လာသော အတို့အထိများကို မသိနိုင်၍ ခံစားမှုကင်းမဲ့သလို ဖြစ်နေသည်လားတော့ မပြောတတ်ပါ။ ကျွန်မ ဖြစ်လိုသည်ကတော့ တည်ငြိမ်ရင့်ကျက်သော နှလုံးသား၊ သဘောထားပြည့်ဝသော ဦးနှောက်တို့ဖြင့် ခံစားမှုများစွာကို ထိန်းချုပ်နိုင်သူတစ်ဦးသာ ဖြစ်လိုပါသည်။

အမှန်က မောင့်ဓာတ်ပုံကလေး ကျွန်မဖုန်းထဲတွင်ရှိနေရန် အကြောင်းမရှိတော့ပါ။ တစ်ချိန်တုန်းကတော့ မောင့်ပုံရိပ်များစွာသည် ကျွန်မသုံးနေသော Hand Set ကလေး၏ Gallery ထဲတွင် နေရာယူခဲ့ဖူးပါသည်။ မောင်နှင့်ဝေးနေသော အချိန်များတွင် မောင့်ရုပ်ကလေးတွေကို ဖွင့်ကြည့်ရင်း ကျွန်မတစ်ယောက်တည်း စကားတွေပြောလိုက်၊ ပြုံးလိုက်၊ ငိုလိုက်လည်း ဖြစ်နေခဲ့ဖူးပါသည်။ ဖုန်းကိုဖွင့်လိုက်တိုင်း မောင့်မျက်နှာလေးကို မြင်နိုင်အောင် မောင့်ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ Wallpaper အဖြစ် တင်ထားခဲ့ဖူးတာလည်း နှစ်အတော်များများကြာရှည်ခဲ့ပါသည်။ ကျွန်မ မောင့်ကို အမှန်တကယ် ချစ်ခဲ့ပါသည်။

စတွေ့စဉ်က မောင်သည် ကျွန်မတာဝန်ကျသောရွာမှ ဆယ်တန်းအောင်ပြီးစ လူငယ်လေးတစ်ယောက်သာ ဖြစ်ပါသည်။ ပညာရေးကောလိပ်ဆင်းပြီးစ ပထမဆုံး အလုပ်ဝင်ရသော အတွေ့အကြုံမို့ စိုးရိမ်အားငယ်မှုများနှင့် မောင်တို့ရွာကလေးကို ရောက်ခဲ့ရသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ရွာလူကြီးများက ရွာထဲမှာ နေစရာကအစ အဆင်ပြေအောင် စီစဉ်ပေးကြ၍ စိုးရိမ်မှုတို့ အတော်အတန် လျော့ပါးပြေပျောက်ပြီး ထိုရွာကလေးမှာ နေသားတကျ ရှိလာခဲ့ပါသည်။ ပထမတစ်နှစ် နွေကျောင်းပိတ် အိမ်ပြန်ပြီး နောက်နှစ် ကျောင်းဖွင့်စ ဇွန်၊ ဇူလိုင် မိုးစက်များနှင့်အတူ မောင်ဆိုသော ကောင်လေးတစ်ယောက် ကျွန်မ၏ရင်ထဲသို့ ဝင်ရောက်လာခဲ့ပါသည်။

အသားခပ်ညိုညို၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်၊ ညာဘက်ပါးတွင် ပါးချိုင့်ကလေးပါသော၊ ပြုံးလိုက်တိုင်း မျက်လုံးကလေးတွေ အရောင်လက်ပြီး ပါးချိုင့်ကလေး ပေါ်လာတတ်သော စပယ်ပန်းတွေ နေ့တိုင်း လက်ဆောင်ပေးတတ်သော၊ စကားပြောလျှင် တိုးတိုးညင်ညင်နှင့် ယဉ်ကျေးစွာပြောဆိုတတ်သော ကျွန်မကို ဆရာမဟု ခေါ်တတ်သော(ချစ်သူတွေဖြစ်ကြသည့်အထိ ကျွန်မကို ဆရာမဟုပင် ခေါ်ခဲ့ပါသည်။) မောင့်ကို ကျွန်မ မြတ်မြတ်နိုးနိုးပင် ချစ်မိသွားခဲ့တာကို ဝန်ခံရပါမည်။

အဲဒီနှစ်ထဲမှာပဲ မောင်က ရဲတပ်ဖွဲ့ထဲသို့ ဝင်ရောက်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မောင် တာဝန်ကျသော ရဲစခန်းက ရွာနှင့် သိပ်မဝေးလှသည်မို့ အားလပ်ချိန်ရတိုင်း မောင်က ကျွန်မဆီကို လာနိုင်ခဲ့သည်။ ကျွန်မ ကျောင်းအားသောရက်တွေမှာလည်း မနီးမဝေးက မြို့ငယ်လေးသို့ မောင်နှင့်အတူ ဆိုင်ကယ်လေးစီးပြီး သွားရောက်လည်ပတ်ခဲ့ကြပါသည်။ သည့်တုန်းက မောင့်ဆိုင်ကယ်နောက်မှာထိုင်ရင်း မောင့်ခါးကို ဖက်၊ မောင့်ကျောပြင်ကို ပါးအပ်ကာ လိုက်ပါခဲ့ရသော ကျွန်မမှာ တစ်လောကလုံးကို အပိုင်ရထားသလိုမျိုး ပြီးပြည့်စုံသော ခံစားမှုတို့ဖြင့် ကြည်နူးကျေနပ်မဆုံး ဖြစ်ခဲ့ရပါသည်။ မြို့ငယ်လေးရဲ့ ဈေးတန်းထဲမှာ ခြီရံလိုက်ပါနေသလို လုံခြုံနွေးထွေးခဲ့ရသည်။ ချစ်ခြင်းဟူသည် ပျော်ရွှင်ကြည်နူးမှုများကို ယူဆောင်ပေးတတ်သော အရာတစ်ခုဖြစ်သည်ဟု ကျွန်မ ယုံကြည်ခဲ့ပါသည်။

\- - - - - - - - - - - -

နွေကျောင်းပိတ်ရက်များမှာတော့ မောင့်ကိုထားခဲ့ပြီး ကျွန်မ၏ ဇာတိရွာသို့ ပြန်ရပါသည်။ ရှည်လျားစွာ အထီးကျန်ဖြတ်သန်းရသော နွေညများတွင် မောင့်ကိုလွမ်းတိုင်း လက်ကိုင်ဖုန်းကလေးကို အားကိုးရပါတော့သည်။ ဒီနေ့ ဘယ်သွားတယ်၊ ဘာလုပ်တယ်၊ ဘာဟင်းနဲ့ ထမင်းစားတယ်ဆိုတာကအစ၊ ရေချိုးတာ၊ ခေါင်းလျှော်တာအဆုံး မောင့်ဆီကို ပြောပြရမှ နေသာထိုင်သာ ရှိသွားသလို၊ မောင်က တာဝန်ချိန်မို့

အဲဒီနှစ်ထဲမှာပဲ မောင်က ရဲတပ်ဖွဲ့ထဲသို့ ဝင်ရောက်၍
တာဝန်ထမ်းဆောင်ခဲ့ပါသည်။
မောင် တာဝန်ကျသော ရဲစခန်းက
ရွာနှင့် သိပ်မဝေးလှသည်မို့ . . .

မအားလျှင် မောင့်ဆီမှ Message လေး တစ်ကြောင်းလောက်တော့ ဖတ်လိုက်ရမှ စိတ်ထဲမှာ ကျေနပ်သွားရသည်အထိ ကျွန်မ ရူးသွပ်စွာ စွဲလန်းခဲ့ရပါသည်။ မောင် အမြဲတမ်း ကျွန်မကိုမေးလေ့ရှိတာက R U OK? ဟူသော အတိုကောက်မေးခွန်းလေး ဖြစ်ပါသည်။ ကျွန်မက ဆရာမပီပီ စာရေးလျှင် စာလုံးပေါင်းမှန်အောင်ရေးဖို့ မောင့်ကိုပြောတော့ မောင်က အချိန်မရလို့ပါဟုဆိုပါသည်။ ဘာပဲဖြစ်ဖြစ် မင်းအဆင်ပြေရဲ့လားဟု အဓိပ္ပါယ်ရသော R U OK? ဟူသည့် မက်ဆေ့ချ်လေးတွေကတော့ မောင့်ဆီက မကြာခဏ ရောက်လာပြီး ကျွန်မ၏ အလွမ်းစိတ်ကို ဖြေသိမ့်ပေးနိုင်ခဲ့သည်က အမှန်ပင်ဖြစ်ပါသည်။

ချစ်သက်တမ်း သုံးနှစ်ကျော်ကျော်လောက်တွင် ကျွန်မက အလယ်တန်းပြ ရာထူးတိုးပြီး မောင်တို့ရွာမှ တခြားတစ်ရွာသို့ ပြောင်းရွှေ့ခဲ့ရသလို မောင်လည်း တိုင်းမြို့ကြီးတစ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းရပါသည်။ အရင်လို လူချင်းတွေ့ချိန် နည်းသွားသည့်အခါ ဖုန်းအဆက်အသွယ်သာ နှစ်ယောက်ကြားမှာရှိသည့် တစ်ခုတည်းသော ဆက်သွယ်မှု ဖြစ်ခဲ့ရပါတော့သည်။ သည်တော့လည်း ဖုန်းထဲကစကားလုံးတွေ၊ မက်ဆေ့ချ်စာကြောင်းလေးတွေအားလုံး လွမ်းဆွတ်မှုထဲတွင် ပျော်ဝင်သွားသော ပျော်ဝင်ပစ္စည်းလေးများ ဖြစ်သွားကြပါသည်။ ရိုးရိုးမက်ဆေ့ချ်ပဲဖြစ်ဖြစ်၊ Viber မှာပဲဖြစ်ဖြစ်၊ Messenger မှာပဲဖြစ်ဖြစ် မောင့်ဆီက ပေးပို့ထားသော R U OK? ဆိုတဲ့ စာကြောင်းလေးတွေ အပြည့်နေရာယူထားကြပါသည်။ ကျွန်မအတွက်ကတော့ ချစ်ခြင်းဟာ လွမ်းဆွတ်တမ်းတမှုကိုလည်း ဖန်တီးပေးတတ်ပါလားဟူသော အသိအမြင်တစ်ခု ထပ်ပြီးတိုးလာခဲ့ရပြန်ပါသည်။ မောင့်ကို ကျွန်မ လွမ်းခဲ့ဖူးသည်လည်း အမှန်ဖြစ်ပါသည်။

\- - - - - - - - - - -



အဝေးသင်နဲ့ ဘွဲ့ရသွားတော့ မောင်က ဒုလုံခြုံရေးမှူးသင်တန်း တက်ခွင့်ရခဲ့သည်။ ကျွန်မ ဝမ်းသာရပါသည်။ မောင့်မိသားစုအတွက်ရော ကျွန်မတို့နောင်ရေးအတွက်ပါ အားတက်ပျော်ရွှင်ခဲ့ရသည်။ မှတ်မိနေသေးသည်။ မောင် သင်တန်းပြီးလို့ ဇီးပင်ကြီးမှ ပြန်လာခါစ ကျွန်မရယ်၊ ကျွန်မတို့ကျောင်းက သူငယ်ချင်း ဆရာမနှစ်ယောက်ရယ်၊ ပုဂံညောင်ဦးသို့ ဘုရားဖူးသွားခဲ့ကြသည်။ ပုဂံ၊ ပုပ္ပါး နေရာစုံလျှောက်လည်ကြ၊ ဓာတ်ပုံတွေရိုက်ကြနှင့် ဘယ်လိုပျော်တယ်ဆိုတာကို စာဖွဲ့မပြတတ်လောက်အောင် ပျော်ခဲ့ကြပါသည်။ မိုးမမြင်၊ လေမမြင်ဆိုသောစကားသည် ကျွန်မတို့အတွက် ရည်ရွယ်ထားသလားပင် ထင်မိခဲ့ပါသည်။ အချစ်သည် ဘဝကို ရင်ဆိုင်ကျော်ဖြတ်ရန် သတ္တိ၊ ခွန်အား၊ မျှော်လင့်ချက်တို့ကိုလည်း ဖြစ်ထွန်းစေသည့်အကြောင်း ကျွန်မ၏အသိတွင် စာတစ်ကြောင်း တိုးခဲ့ရပြန်ပါသည်။

တစ်နေ့---ထိုတစ်နေ့သည် ကမ္ဘာကနေကိုလှည့်ပတ်ရာမှ နေက ကမ္ဘာကို လာ၍လှည့်ပတ်သောနေ့ ဖြစ်မည်ထင်ပါသည်။ မောင် ခွင့်သုံးရက်ရ၍ ရွာသို့ပြန်လာခိုက် ကျွန်မကလည်း တပည့်ကလေးတစ်ဦးက အလှူဖိတ်သဖြင့် မောင်တို့ရွာကို ရောက်နေခိုက်နှင့် ကြုံနေသည်။ အလှူအိမ်မှာ မနက်ပိုင်းနေပြီး ညနေစောင်းတော့ မောင်တို့မိဘများအိမ်သို့ ရွာမှ တပည့်မကလေးများနှင့် အတူသွားကြပါသည်။ ကျွန်မတို့ရောက်သွားတော့ မောင်က ရေချိုးရန်ပြင်ဆင်နေသည်။

''ခဏထိုင်ကြအုံးနော်၊ ရေချိုးလိုက်ချင်လို့''

ဟု ပြောပြီး ရေစည်နားသို့ လျှောက်သွားသည်။ မောင့်အမေက ရေနွေးကြမ်း လက်ဖက်သုတ်တို့နှင့် ညှော်ခံရှာသည်။ ကျွန်မတို့ထိုင်သော ခုံတန်းလျားဘေးက စားပွဲလေးပေါ်တွင် မောင့်ဖုန်းလေး တင်ထားသည်ကို တွေ့ရသည်။ ကျွန်မ အမှတ်တမဲ့ ကောက်ယူပြီး ဖွင့်ကြည့်လိုက်မိသည်။ လွန်ခဲ့သော သုံးရက်ခန့်ကပင် မောင်နှင့် ကျွန်မ Viber သုံးပြီး အပြန်အလှန်အလွမ်းသယ်ခဲ့ကြသေးသည်။ ဒါလေးတွေကို ပြန်ကြည့်ဦးမှဟု Viber ကို ဖွင့်လိုက်မိသည်။ အို--မောင်နှင့် ကောင်မလေးတစ်ယောက် အပြန်

အလုပ် Chat ထားသည်များ၊ စတစ်ကာ
များ၊ ဓာတ်ပုံများ ကျွန်မ အံ့သြမင်သက်စွာ
နှင့် တစ်ကိုယ်လုံးထူပူသွားသည်။ ရှက်သလို
လို၊ ကြောက်သလိုလို၊ ပြောမပြတတ်သော
ခံစားချက်က ရင်မှာ တဖြည်းဖြည်းပျံ့နှံ့လာ
သည်။ ပျံ့နှံ့ရာမှပြည့်ကြပ်လာသည်။အသက်
ရှူမဝသလို မွန်းကြပ်သည့်ခံစားမှုကလည်း
ခါးသီးစွာ စိုးမိုးလာပြန်သည်။ တိတိကျကျ
ပြောနိုင်သည်က ထိုအချိန်တွင် ကျွန်မ
အရမ်းငိုချင်နေတာပဲ ဖြစ်ပါသည်။ အချစ်
သည် ငိုကြွေးခြင်းကိုလည်း ရုတ်တရက်
ထိုးပေးသွားတတ်ပါသည်။

- - - - - - - - - -

ကလေးတွေရှေ့၊ မောင့်မိဘတွေရှေ့
မှာ မငိုမိအောင် ထိန်းထားခဲ့သော ကျွန်မ
သည် မောင်နှင့် နှစ်ယောက်ချင်းတွေ့သော
အခါ ရှိုက်ရှိုက်ငင်ငင် ငိုချလိုက်မိပါသည်။
မောင်ကတော့ ကျွန်မကို တတွတ်တွတ်
တောင်းပန်စကားဆိုနေခဲ့သည်။ သာမန်
ခင်မင်ရုံသဘောမျိုးဆိုလျှင် ကျွန်မ ကြိုးစား
၍ ခွင့်လွှတ်နားလည်ပေးနိုင်ပါသည်။ ယခု
ဟာက ချစ်ပါသည်၊ ကြိုက်ပါသည်၊ လွမ်း
လှပါသည်ဟု အပြန်အလှန် ချွဲချွဲနွဲ့နွဲ့ပြော
ထားကြသည်။ ပေးပို့ထားသောစာများ၊
စတစ်ကာများ၊ ဓာတ်ပုံများအရ လူချင်းပင်
တွေ့ဖူးဆုံဖူးနေကြပြီဖြစ်ကြောင်း သိနိုင်
သည်။ ကျွန်မ မောင့်ကို ခွင့်လွှတ်ပေးရန်
ဆုံးဖြတ်လိုက်ပါသည်။ ခွင့်လွှတ်ရင်းနှင့်ပင်
စွန့်လွှတ်ရန်ကိုပါ ဆုံးဖြတ်လိုက်ပါသည်။
မောင့် အကြောင်းပြချက်က 'ပျင်းလို့'ဟု
ဆိုပါသည်။ ပျင်းပျင်းရှိတိုင်း မိန်းကလေး
တွေကို ချစ်တယ်ဟုပြောတတ်သော
ယောကျ်ားတစ်ယောက်ကို တန်ဖိုးထားမြတ်
နိုးရန်၊ ယုံကြည်ကိုးစားရန် ခက်ပါသည်။
ကျွန်မတို့ လက်ထပ်ပြီးချိန်ကျမှ မောင် သည်
လိုမျိုး ခဏခဏပျင်းနေလျှင်ဟူသော
အတွေးက ကျွန်မကို စိုးမိုးလာသောအခါ
နှလုံးသားကို ထုံဆေးထိုးပြီး ဦးနှောက်၏
ညွှန်ကြားမှုကိုသာ အတိအကျလိုက်နာခဲ့ပါ
သည်။ အချစ်နှင့်ပတ်သက်၍ ပကတိရိုးသား
ဖြူစင်သော ပင်ကိုကပင် ရိုးသားပွင့်လင်း၍
တစ်ဖက်သားအပေါ်လည်း ယုံကြည်တတ်
သော ကျွန်မလို ဆရာမတစ်ယောက်၏
အဖြူရောင်နှလုံးသားကိုမှ အရောင်ဆိုးရက်
ခဲ့သော မောင့်အပေါ် မစွန့်လွှတ်ဘဲနှင့်လည်း
ခွင့်လွှတ်နိုင်မည်မထင်ပါ။ ကျွန်မ မောင့်ကို
စွန့်လွှတ်လိုက်ပါသည်။ ကျေးဇူးရှိမှ ကျေးဇူး
စွပ်သည်ဆိုသော စကားလိုပင် ချစ်သူကသာ
အသည်းခွဲလိမ့်မည်ဖြစ်ကြောင်း ကျွန်မ ဆင်
ခြင်မိပါသည်။ အချစ်ဆုံးဆိုသော တစ်
ယောက်တည်းသော လူတစ်ယောက်က
အဆိုးဝါးဆုံးသော အခြေအနေခံစားမှုတို့ကို
ပေးလာသည်မှာ ကျွန်မ၏ ကံမကောင်း
အကြောင်းမလှမှုပင် ဖြစ်ပါလိမ့်မည်။ ခါးသီး
မှုတွေကိုသာ ပေးလာသော အချစ်ကိုလည်း
အချစ်ဟုခေါ်ဆိုရန် ထိုက်တန်ပါရဲ့လား။ ချစ်
သောသူနှင့် ကွေကွင်း၍ ခံစားရသော စိတ်
ဒုက္ခကို ''အသည်းကွဲခြင်း''ဟု အမည်ပေး
ကြမည်ဆိုလျှင် ကျွန်မကိုလည်း အသည်းကွဲ
နေသော မိန်းကလေးတစ်ယောက်ဟု ဆို
ကြလိမ့်မည် ထင်ပါသည်။ သို့ဆိုလျှင်
အသည်းကွဲခြင်း၏ အကြောင်းရင်းဇာစ်မြစ်
သည် အချစ်မှလွဲ၍ အခြားတစ်စုံတစ်ရာ
မဖြစ်နိုင်ပါ။

- - - - - - - - - -

ကျွန်မက မောင့်ကို ကြိုးစားအဆက်
ဖြတ်လိုက်သည်။ မောင်ကလည်း ကျွန်မကို
ကြိုးစား၍ ဆက်သွယ်ပါသေးသည်။ သို့
သော် ကျွန်မဆုံးဖြတ်ချက်က ခိုင်မာခဲ့ပါ
သည်။ နောက်ပိုင်းတွင်တော့ မောင့်သတင်း
တွေကို အစုံအလင်ကြားလာရသည်။ မောင်
နှင့် ထိုမိန်းကလေးတို့ ချစ်သူတွေအဖြစ် တွဲ
နေကြကြောင်း၊ ထိုမိန်းကလေးသည် မောင်
တာဝန်ကျရာ တိုင်းမြို့ကြီးမှ မြို့မျက်နှာဖုံး
ကြွယ်ဝချမ်းသာသော အသိုင်းအဝိုင်းမှဖြစ်
ကြောင်း၊ မကြာမီ လက်ထပ်ကြတော့မည့်
အကြောင်းများပဲ ဖြစ်ပါသည်။ ကျွန်မ
မောင့်ကို ချစ်ခဲ့ပါသည်။ သို့သော် မနှမြော
ပါ။ မောင့်လိုလူကိုမှ ရွေးပြီးချစ်မိခဲ့သော
ကျွန်မ၏ အချစ်များကိုသာ နှမြောတသ ဖြစ်
မိပါသည်။ အလွယ်တကူပြောင်းလဲသွား
တတ်သော မောင့်သဘောကိုလည်း အံ့သြ
နေမိပါသည်။ ဝင်ငွေ၊ ရာထူး၊ အဆင့်အ
တန်းတို့ မြင့်မားလာသောအခါ လူသည်



> မောင် လက်ထပ်သွားပြီဆိုသော
> သတင်းကိုကြားရသည်။
> မောင်လက်ထပ်လိုက်သော မိန်းကလေးမှာ
> မောင့်ဖုန်းထဲတွင်
> ကျွန်မတွေ့ခဲ့သော…

ထိုထက်ပို၍များသော၊ ပို၍မြင့်သော အရာများကို ပိုမိုတွယ်တာ မက်မောတတ်လေသလားဟုလည်း တွေးမိပါသည်။ မောင့်အတွေးထဲမှာ ကျွန်မသည် သူ၏အဆင့်အတန်း၊ ရာထူး၊ ဂုဏ်သိမ်တို့နှင့် လိုက်ဖက်ညီမှုမရှိဘဲ နိမ့်ကျသော တောသူဆရာမ ရိုးရိုးအအကြီးတစ်ယောက်ဟူ၍ သတ်မှတ်ခဲ့ပြီး ဖြစ်ပါလိမ့်မည်။

သိပ်မကြာလိုက်ပါ။ မောင် လက်ထပ်သွားပြီဆိုသော သတင်းကိုကြားရသည်။ မောင်လက်ထပ်လိုက်သော မိန်းကလေးမှာ မောင့်ဖုန်းထဲတွင် ကျွန်မတွေ့ခဲ့သော မောင်နှင့် ဆက်သွယ်ခဲ့သည့် မိန်းကလေးပဲ ဖြစ်ပါသည်။ ကျွန်မတို့ဇာတ်လမ်းကို မသိသေးသော သူငယ်ချင်းတစ်ယောက်က မောင့်တို့ ဓာတ်ပုံကို Facebook မှာတွေ့ပြီး ဘယ်လိုဖြစ်ကြတာလဲဆိုသည့် အမေးစကားနှင့်အတူ ကျွန်မထံ တစ်ဆင့်ပို့လိုက်ရာမှ မောင်တို့ မင်္ဂလာစုံတွဲပုံမှာ ကျွန်မ၏ဖုန်းထဲသို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်။ သူငယ်ချင်း၏အမေးကို ကျွန်မ ဘယ်လိုမှ မတုံ့ပြန်မိပါ။ အချိန်တန်တော့လည်း သူ ရေလည်သွားမှာပါလေဆိုသည့် အတွေးဖြင့် ဒီအတိုင်းထားလိုက်ပါသည်။ အချို့မေးခွန်းများကို အဖြေပေးလိုက်ခြင်းထက် မဖြေဘဲထားလိုက်ခြင်းက ပို၍ကောင်းမွန်ကြောင်း ကျွန်မသိထားသည်မှာ မကြာသေးပါ။ ပျက်စီးယိုယွင်းမှုအချို့ကို အကောင်းအတိုင်း ပြန်ဖြစ်စေရန် အချိန်ကာလတစ်ခု လိုအပ်ကြောင်းကိုလည်း ကျွန်မ သိနေပါသည်။ ကလေးငယ်များကို ပညာသင်နေသော ဆရာမတစ်ယောက်အတွက် လောကကြီးထဲမှ သင်ယူရရှိလိုက်သော အသိပညာများ ဖြစ်ပါသည်။ အချို့သော အကြောင်းအရာများကို နားလည်တတ်မြောက်ရန်အတွက် လောကဆိုသော ဆရာကြီးကို ချစ်ခြင်းမေတ္တာများစွာ ပေးဆပ်ရကြောင်းကိုလည်း ကျွန်မသိရပြန်ပါသည်။



\- - - - - - - - - - - -

ဖုန်းစခရင်မ်ပေါ်မှာ မောင့်မျက်နှာက ပြုံးနေပါသည်။ မောင့်ဘေးမှာ ရပ်နေသည့် သတို့သမီးလေးကလည်း ပြုံးနေပါသည်။ ကျွန်မ တစ်ချက်ပြုံးလိုက်သည်။ ပြီးလျှင် ဓာတ်ပုံလေးကို လက်ညှိုးထိပ်ကလေးဖြင့် ကြာကြာလေးဖိထားလိုက်သည်။ ပြီးလျှင် ပေါ်လာသော အမှိုက်ပုံးပုံလေးကို တို့လိုက်သည်။ Hand Set ကလေးကတော့ ဝတ္တရားကျေပွန်စွာ မေးပါသေးသည်။ သည်ဓာတ်ပုံကို အမှန်တကယ် ပယ်ဖျက်ပစ်မည်လော၊ မဖျက်ဘဲ ထားလိုသေးပါသလောဟူ၍။ ကျွန်မ တုံ့ဆိုင်းမနေပါ။ OK ဆိုသော စကားလုံးလေးကို ချက်ချင်းတို့ထိလိုက်ပါသည်။ စက္ကန့်ပိုင်းမျှ အချိန်ယူပြီးသည်နှင့် ဓာတ်ပုံကလေး ပျောက်ကွယ်သွားပါသည်။ ဖုန်းထဲမှ ပုံကလေးကို ပယ်ဖျက်ရန် အချိန်နည်းနည်းလေး ယူရသော်လည်း နှလုံးသားတစ်ခုတွင် နှစ်ရှည်လများ သိမ်းဆည်းသိုလှောင်ထားခဲ့သော အမှတ်သညာများကို ပယ်ဖျောက်ရန်အတွက် ပို၍များသော အချိန်ကာလတစ်ခု လိုအပ်ပါလိမ့်မည်။

မောင့်ကိုချစ်ခဲ့မိသော ချစ်ခြင်းမေတ္တာများကို နှလုံးသားထောင့်တစ်နေရာတွင် သိုဝှက်မြှုပ်နှံထားရင်း မောင်နှင့်ပတ်သက်ခဲ့သမျှသော အမှတ်တရများစွာကို ပယ်ဖျက်ပစ်နိုင်ရန် အချိန်ကာလတစ်ခုတော့ လိုအပ်ကောင်း လိုအပ်မည်ဖြစ်ပါသည်။ ယခုအခိုက်အတန့်လေးတွင် မောင်က ကျွန်မကို မေးနေကျ မေးခွန်းလေးဖြစ်သော R U OK? ဟု မေးလာခဲ့ပါလျှင် ကျွန်မ အဆုတ်အဆိုင်းမရှိ ဖြေဆိုလိုက်ပါမည်။

OK ပါ မောင်…ဟူ၍။

(မည်သူ့ကိုမျှ မရည်ရွယ်ပါ။ တိုက်ဆိုင်မှုရှိလျှင် ထိုတိုက်ဆိုင်မှုရှိသူကို ရည်ရွယ်ပါသည်။)

**မင်းဇော်ထွေး**


# ထွန်စက်မြင်တိုင်း လွမ်းနေသည်

(၁) ထင်မြင်မမှား "ပင်စင်စား"မို့
စိတ်ထားအမှန်ဖြစ်ပေါ်ပြန်မှ
"ကာရန်"အလှရှာကြံရ၍
ရင်မှ"ကဗျာ"ရေးမိသည်။
(၂) လယ်ယာသမား မိဘများမှ
မွေးဖွားခဲ့ရာ "ထက်-အညာ"လျှင်၊
"ပြည်ရွာ"လူထု ကောင်းကျိုးပြုဖို့
စက်မှုလယ်ယာသို့ ဝင်ခဲ့သည်။
(၃) "စပါး"နှင့် "ကြံ" ဖြစ်ထွန်းရန်နှင့်
"သီးနှံ"များပြား"ကြီးသန်"ထွားဖို့
"ကျွဲ""နွား"အသက်သနားလျက်မှ
"ထွန်စက်"မောင်းလျက်"လယ်""ယာ"ထက်၌
"ချွေးစက်"တွေကျ ထွန်ယက်ရလည်း
စိတ်မှကြည်သာ ပီတိဖြာသည်
"လယ်ယာ"ပျော်မွေ့ တောဓလေ့မို့
မမေ့ပါရ အမှန်ပနှင့်
ဘဝထဲမှာ ပျော်မွေ့ခဲ့။
(၄) "ထွန်စက်"နှင့်တူ တာဝန်ယူမှ
ကြည်ဖြူမပျက် ခရီးဆက်ခဲ့
"အထွက်တိုးရန်"အကြောင်းမှန်၍
"စီမံကိန်းနယ်" အသွယ်သွယ်သို့
သည်"လယ်ထွန်စက်" "အသွားထက်"နှင့်
"နက်နက်""ညက်ညက်" မောင်းခဲ့သည်။
(၅) "မောင်ဖြူ"စိတ်ကောင်း "ထွန်စက်မောင်း"မှ
ပြန်ပြောင်းတစ်မျိုး "ရာထူး"တိုးခဲ့
အကျိုးမပျက် စွမ်းဆောင်ချက်နှင့်
"ထွန်စက်မောင်းခေါင်းဆောင်" ဖြစ်ခဲ့သည်။
(၆) ဩော် . . .ယခုချိန်ခါ ဘဝတာ၌
စဉ်လာမပျက် ရှိနေလျက်မို့
အသက်နှင့်ယှဉ် လုပ်ငန်းခွင်မှ
"ပင်စင်"ခံစား ရှိခဲ့ငြားလည်း
စိတ်ထားမပျက် ဖြစ်တည်လျက်မို့
"ထွန်စက်"မြင်တိုင်း လွမ်းနေသည်။

တာမာသင်းခိုင်(စက်မှုလယ်ယာ)



ထိုနေ့က တန်ဆောင်မုန်းလပြည့်နေ့။ ကောင်းကင်မှာ တိမ်ညိုမကင်းပေမယ့် ရာသီဥတုကတော့ သာသာယာယာရှိသည်။ သို့သော် ရန်ကုန်လိုင်းကားတွေက ထုံးစံအတိုင်း မသာယာ။ လာသမျှကားတိုင်းက ခရီးသည်တွေ ငါးပိသိပ်၊ ငါးချဉ်သိပ်။



မြောက်ဥက္ကလာ ခြောက်ကွေ့မှတ်တိုင်မှ စောင့်စီးသည့်ပင် အဆင်မပြေ။ သြော်– အခါကြီးရက်ကြီးပေမို့ ထင်ပါရဲ့။

''ကားတွေကလည်း ကြပ်လိုက်တာဗျာ နော်''

ကျွန်တော့်လိုပင် ကားချောင်ချောင်ကို စောင့်နေဟန်တူသော အသက်သုံးဆယ်ခန့် ပုဂ္ဂိုလ်ကို စကားခေါ်လိုက်သည်။ ထိုပုဂ္ဂိုလ်က ကျွန်တော့်ကို လူထူးဆန်းသဖွယ် တစ်ချက်ကြည့်ပြီး ပြုံးသည်။

''ရန်ကုန်မှာ ကားကြပ်တာ မဆန်းဘူးဗျ။ ကားချောင်မှသာ ဆန်းတာ''

သူ့စကားက ဘာစကားလဲ။ ဝွတိုက်သော စကားလား။ မျက်နှာကလည်း မချိုမချဉ်နှင့်။ လူကို တောကလာသည်ဆိုပြီး အထင်သေးတာများလား။ ထိုအတွေးက ဘယ်ဘက်ရင်အုံကို ဆစ်ခနဲဖြစ်သွားစေသည်။ ထို့ကြောင့် ဘုပြောပြောလိုက်သည်။

''ဒါဆို ခင်ဗျားကရော ဘာဖြစ်လို့ ချောင်တဲ့ကားကို စောင့်နေတာလဲ၊ ကားကြပ်ကြပ်ပဲ လိုက်စီးပါလား''

''နီး––နီး––နီး––၊ မောင်ရင့်ကို ဘယ်သူက ကားစောင့်နေတယ် ပြောလို့လဲ၊ ကိုယ်က Passenger(ခရီးသည်) စောင့်နေတာ။ ကိုယ်က တက္ကစီသမား။ ကားငှားချင်ရင် ပြောလေ၊ တောကလာတာဆိုတော့ ပုံမှန်ဈေးနဲ့ပဲ လိုက်ပို့ပေးမယ်လေ''

''မငှားဘူး၊ ကိုယ့်ဟာကိုယ် လိုင်းကားနဲ့ သွားမယ်''

ကျွန်တော့်ကိုကြည့်ပြီး ထိုကားသမားက တဟားဟားရယ်သည်။ ထိုအခိုက်မှာပင် (၄၃)ကားကြီး ထိုးဆိုက်လာသည်။ ထုံးစံအတိုင်း လူတွေအပြည့်။

''ကဲ မောင်ရင်၊ လာတဲ့ကားနဲ့သာ လိုက်သွားပေတော့။ ချောင်တဲ့ကားစောင့်နေရင် တောတောင် ပြန်ရောက်မှာ မဟုတ်ဘူးဟေ့''

အလိုက်ကန်းဆိုးမသိသော ထိုလူက ပြောပြီး ရယ်နေပြန်သည်။

''ကဲ တက်တက်၊ နောက်ကားပါတယ်၊ မြန်မြန်တက်''

သူ့ဘုကြည့်ကြည့်ပြီး ကားပေါ်ပြေးတက်ခဲ့သည်။ ယာဉ်နောက်လိုက်က ကျွန်တော့်ကို အတင်းထိုးတင်သည်။အဆင်းလူတွေပင် မကုန်သေး။ ဘာကိုစိတ်တိုနေမှန်းမသိသော ကျွန်တော်လည်း ဖွတ်တိုးတက်လိုက်၏။

ပြဿနာ ထိုမှာစသည်။ တရားခံက ထီး။

''အောင်မလေး လုပ်ကြပါဦး၊ ပါသွားပြီ ပါသွားပြီ၊ ဟဲ့ သူငယ် မင်း ထီး–ထီး''

အဘွားအိုတစ်ယောက်က ကျွန်တော့်လက်ကို အတင်းဖမ်းဆွဲပြီးအော်သည်။ ရှေ့တိုးနေသော ကျွန်တော့်မှာ နောက်ပြန်ရောက်သွားသည်။ ကြည့်လိုက်တော့ အဘွားကြီး၏ဈေးဆွဲခြင်းနှင့် ကျွန်တော့်ထီးကောက်ကြီးက ချိတ်မိလျက်သား။ ကားအတက်အဆင်းမှာ သူလည်း အောက်မရောက်၊ ကျွန်တော်လည်းအပေါ်မရောက်။ ဘေးနားကလူတွေလည်း အကုန်ကိုးရိုးကားယား။ ဘေးမှမြင်သူတွေက တဟားဟား တဝါးဝါး ပွဲကျကုန်သည်။

ချိတ်မိနေသော ထီးလက်ကိုင်ကောက်ကိုဖြုတ်ပြီး ရုက်ရုက်နှင့်ရှေ့တိုးခဲ့၏။ အရေးထဲ အလိုက်ကန်းဆိုးမသိသော ကိုရွှေစပယ်ရာ အသံပြဲကြီးနှင့်ထအော်သည်။

''ဗျို့ ထီးကောက်ကြီးနဲ့ အစ်ကိုလေး ရှေ့ရောက်အောင် တိုးပါဗျို့''

''သေချင်ဆိုး''ဟု စိတ်ထဲမှ တအားဆဲပစ်လိုက်မိသည်။ သူ့အပြောမခံချင်သဖြင့် ရှေ့ဆက်တိုးပြန်တော့ ထီးက ကန့်လန့် ကန့်လန့်နှင့် ဒုက္ခပေးပြန်သည်။ ဟို့လူထိုးမိ၊ သည့်လူတိုက်မိဖြင့် မေတ္တာပို့သံတွေ ဆူညံကုန်သည်။ အဆိုးဆုံးက ဈေးသည်ဖြစ်ဟန်တူသောအသက်လေးဆယ်ခန့် လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်ကို သွားထိုးမိခြင်းပင်။

''ဟဲ့–ဟဲ့ နင့်ထီး နင့်ထီး''

အော်သံနှင့်အတူ လက်ထဲမှထီးကြီးက ခါထွက်သွားသည်။

''ဘာဖြစ်လို့လဲအစ်မ၊ ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲ မသာရဲ့၊ နင့်ထီးက ငါ့ကို မတော်တရော်တွေ ထိုးမိတော့မယ်ဟဲ့၊ အောင်မလေးနော်၊ သတိထားပြီး လက်ကမြန်ပေလို့သာပေါ့၊ မဟုတ်ရင်တော့ စွပ်ကနဲပဲ''

ရယ်သံတွေက ဝါးကနဲပြိုဆင်းသွား



**ကိုယ်က တက္ကစီသမား။ ကားငှားချင်ရင် ပြောလေ၊ တောကလာတာဆိုတော့ ပုံမှန်ဈေးနဲ့ပဲ လိုက်ပို့ပေးမယ်လေ . . .**

သည်။ ကျွန်တော့်ရင်ဘတ်ကြီးပါမက မျက်နှာပါ ဖြန်းခနဲ ရှက်သွေးတို့ လွှမ်းသွား၏။ ကားပေါ်ကနေ ဒိုင်ဗင်ပစ်ပြီး ခုန်ဆင်းလိုက်ချင်သည့် စိတ်တွေကို မနည်းချုပ်တည်းထားလိုက်ရသည်။ ရှက်လွန်း၍ ဘယ်သူ့ကိုမှလည်း မကြည့်ရဲတော့။ ချွေးစေးတို့က ချက်ချင်း စို့တက်လာသည်။

မဖြစ်ချေတော့။ နောက်တစ်ခါ မထိုးမိအောင် ထီးကြီးကို သတိထားပြီးကိုင်ထားမှ ဖြစ်တော့မည်။ အမှန်တော့ အစကတည်းက သည်ထီးကြီးကို မယူလာချင်။ အဖေတို့ခေတ်က ကိုင်ခဲ့သော ထီးကောက်အမည်းကြီးမို့ ကိုင်ရမှာရှက်သည်။ သို့သော် ဇမ္ဗူအေးကျောင်းတိုက်ထဲမှ မြသိန်းတန်ကျောင်းဆရာတော် အဘဘုန်းကြီးက ကပ္ပိယ၏ထီးကြီးကို အတင်းယူသွားခိုင်းသည်။

''မိုးကုန်ပြီဆိုပေမယ့် ရန်ကုန်မိုးက အစိုးရတာ မဟုတ်ဘူးငညို၊ ထီးယူသွားချေ၊ သူများထီး မေ့လည်းမကျန်ခဲ့စေနဲ့''ဟု မှာလိုက်သေးသည်။ ခုတော့ ထိုထီးက ဒုက္ခနှင့်လှလှပေးလေပြီ။ ခုပင်ကြည့်၊ ထီးကြီးကို အောက်ပဲချထားရမလိုလို၊ အပေါ်ကိုပင်မြှောက်ထားရတော့မလိုလိုနှင့် ဘယ်လိုကိုင်၍ ဘယ်လိုထားရမှန်း မသိပေ။

ထိုအချိန်မှာပင် ကယ်တင်ရှင်လေး ပေါ်လာသည်။ သူက ပါးဖောင်းဖောင်းကလေးနှင့် ကောင်မလေး။

''ဟော့–အဲဒီထီး တို့ပေးထားလေ။ ကိုင်ခဲ့ပေးမယ်''

ထိုင်ခုံက ကောင်မလေးက အပြုံးကလေးနှင့်လှမ်းပြောသည်။ အပြုံးကလေးက ချစ်စရာကောင်းလိုက်သည်မှာ မျက်လုံးထဲတွင် စွဲထင်သွားသည်။ အင်း–အပြုံးကလေးမှမဟုတ်၊ သူ့မျက်နှာကလည်း မို့မို့ဖောင်းဖောင်းကလေးနှင့် နုညက်စွာ လှရက်နိုင်ပါသည်။ ထို ပါးဖောင်းဖောင်းကလေးပေါ်မှာ ရှင်မတောင်သနပ်ခါးကို ခပ်ပါးပါးလေး လူးထားပြီး ဝိုင်းဝိုင်းစက်စက် ပါးကွက်ကလေးကွက်ထားသည်။ ထို့ကြောင့် စိတ်ထဲမှ ဝလုံးလေးဟု အမည်ပေးလိုက်သည်။

ကြည်နူးဝမ်းမြောက်စွာဖြင့် ထီးကြီးကို မိန်းမလှလေးဆီ ကမ်းပေးလိုက်သည်။ ကြည်နူးစိတ်ကြောင့် ကျေးဇူးစကားတောင် ပြောရန်မေ့သွားသည်။ ဝလုံးလေးက သူ့ရင်ခွင်မှာ ထီးကိုတစ်ခြမ်းစောင်းကလေး ပွေ့

**သို့သော်**

**ဇမ္ဗူအေးကျောင်းတိုက်ထဲမှ**

**မြသိန်းတန်ကျောင်းဆရာတော်**

**အဘဘုန်းကြီးက**

**ကပ္ပိယ၏ ထီးကြီးကို**

**အတင်းယူသွားခိုင်းသည် . . .**



ထားလိုက်တာမြင်တော့ ရင်ထဲမှာ လှုပ်ကနဲ။ ချက်ချင်း လူစင်စစ်က ထီးဖြစ်သွားချင်သည့် စိတ်က တားမနိုင်၊ ဆီးမရဖြစ်သွား၏။ ထီးကလေးသာ ငါဖြစ်ခဲ့ရင်ဆိုသော အတွေးမဆုံးမီ ရင်ဘတ်ကြီးက တဖျပ်ဖျပ်ခုန်လာသည်။ ကြည်နူးနှစ်သက်ခြင်း နှင့်လွင့်မြောသွားစဉ် မာရ်နတ်က ဝင်နှောင့်သည်။

''ဗျို့–ထီးဆရာကြီး၊ ကားခလေး ကမ်းပါဦးဗျ''

အမေတို့ပြောပြောနေသည့် အရေးကောင်း ဒိန်းဒေါင်ဖျက်ဆိုတာ ဒါမျိုးဖြစ်လိမ့်မည်။ သူ့အသံပြဲကြီးကြောင့် ရင်ခုန်သံတွေတောင်မှ ဘယ်ဆီလွင့်ပျောက်သွားသည် မသိတော့။

''ရော့––ရော့––ဒီမှာ''

စိတ်ပျက်သံနှင့် ငွေတစ်ထောင်တန် ထုတ်ပေးလိုက်သည်။

''ဘယ်ကို သွားမှာလဲ၊ အကြွေမပါဘူးလား အစ်ကို''

''အဲဒါ အသေးဆုံးပဲ၊ သွားမှာက ရွှေတိဂုံ''

စိတ်ပေါက်ပေါက်နှင့် ပြောလိုက်တော့ သကောင့်သား မဲ့ပြုံးပြုံးသည်။ ''ဒါဆို အကြွေရတဲ့အထိစောင့်၊ ပြန်အမ်းမယ်'' ဆိုပြီး လှည့်သွားသည်။ ကားကလည်း ကြာလေကြပ်လေဖြစ်လာသည်။ ဆင်းသည့်လူမှ ရှိရဲ့လားမသိပေ။ ကားကြပ်လေ ချွေးကပြန်လေလေဖြစ်လာသည်။ ဝလုံးကလေးကတော့ ချွေးစို့ဟန်ပင်မပေါ်၊ အလှမပျက် ရှိနေဆဲပင်။ အပြင်ကိုငေးနေသည်။ ကျွန်တော်ကတော့ သူ့ကိုခိုးပြီး ငေးကြည့်နေမိသည်။

ထိုအခိုက် အပြင်မိုးငွေ့ပါသော လေတစ်ချက်ဝေ့တိုက်လာသဖြင့် အေးခနဲ ခံစားလိုက်ရသည်။ တစ်ဆက်တည်း ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရသည်။ လေနှင့်အတူ လွင့်လာသော ကုက္ကိုပွင့်ကလေးတစ်ပွင့်က ဝလုံးလေး၏ ရင်ညွန့်အထက်နားမှာ လာကပ်နေတာ မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်ဘဝမှာ ကုက္ကိုပွင့်ကို တစ်ခါမှ ပန်းဟုမထင်ခဲ့သလို လှသည်ဟုလည်း မမြင်မိခဲ့။ ခုတော့ ကုက္ကိုပန်းကလေးက လှရက်နိုင်ပေသည်။ အပြင်ကိုငေးပြီး လိုက်လာသော ဝလုံးကလေးကို ပန်းကလေးကပ်နေသည်ဟု ပြောလိုက်ရကောင်းမလား တွေးမိသည်။ ဒါလည်း မဖြစ်နိုင်ပြန်။ ဒါဆို

ကိုယ်တိုင် လှမ်းယူဖယ်ရှားပေးလိုက်ရမလား။ ရင်က ဖျပ်ခနဲခုန်သွားသည်။

''ကမ္ဘာအေးမှတ်တိုင်ပါတယ်၊ ရော့–ရော့ ထီး''

ဝလုံးကလေးက ပြောရင်း ထိုင်ရာမှထသည်။ ကုက္ကိုပွင့်ကလေး လွင့်ကျသွားတာမြင်တော့ ရင်ထဲမှာ ဟာခနဲ။ ထီးပေးပြီးဝလုံးကလေး တိုးထွက်သွားသောအခါ ရင်မှာ ပို၍ပင် လှစ်ဟာကျန်ခဲ့သည်။ စိတ်နှင့်ကိုယ် မကပ်တော့။ ရွှေတိဂုံစေတီတော်သွားဖူးမည့်ခရီးက ဝေဝါးသွား၏။ ကျွန်တော် သတိထားမိချိန်မှာ ဝလုံးလေးနောက်သို့ ကျွန်တော့်ခြေထောက်တွေကပါသွားပြီ။

ကားက မှတ်တိုင်မှပင် ထွက်စပြုနေပြီ။

''ဟိုး––ဟိုး––ဆင်းမယ်၊ ဆင်းမယ်''

''ဟိုးထားဆရာ၊ ဟိုးထား၊ တစ်ယောက်ဆင်းဦးမယ်တဲ့၊ ဘယ်လိုတောသားလဲ မသိပါဘူးကွာ၊ အူကြောင်ကြောင်နဲ့''

ကားဆရာတွေ၏အသံတွေ ဆူညံကုန်၏။ ထိုအသံတွေကို ဂရုမစိုက်နိုင်အား၊ ဝလုံးကလေးကို အပြေးအလွှားရှာမိသည်။ မတွေ့တော့။ တန်ဆောင်မုန်းလပြည့်နေ့မို့ဘုရားဖူးတွေကလည်းများသဖြင့် လူတွေရှုပ်ယှက်ခတ်နေသည်။ ဟူးခနဲ သက်ပြင်းချက်လိုက်မှ သတိရသည်။

ကားခ။ ကားဆရာတွေ တစ်ထောင်တန် ပြန်အမ်းမသွား။ စပယ်ရာ၏ ခပ်မဲ့မဲ့အပြုံးကို ပြန်မြင်ခိုက် စိတ်ထဲမှာ မျတ်ခနဲ။ တောသားဆိုပြီး လူလည်ကျသွားပြီ။ အောင်မင်းညိုကို ဒါမျိုးလာလုပ်၍ ရမည်ထင်သလား။

''တက္ကစီ–– တက္ကစီ''

တွေ့သည့်အငှားယာဉ်ကို အမြန်တားလိုက်သည်။ ကားလေးက ရှေ့မှာ တုံ့ခနဲလာရပ်သည်။ ခေါင်းတစ်ခြမ်း ထွက်ပြီးတော့မေးသည်။

''ဘယ်သွားမှာလဲ၊ ဩော်–ကိုယ့်ဆရာပဲကိုး''

ကြည့်လိုက်တော့ ခြောက်ကွေ့မှတ်တိုင်မှာ ကျွန်တော့်ကို ဟားတိုက်ရယ်ခဲ့သောကားဆရာ။ ကြုံမှကြုံတတ်ပါပေ၏။

''ကဲ–ဘယ်တွေ လျှောက်လိမ့်ချင်လဲ၊ သွားချင်သလောက်သွား၊ ကျသလောက်ရှင်း''

''ရှင်းမယ်ဗျာ၊ ရှင်းမယ်၊ တောသားဆိုပြီး လူလည်ကျတာတော့ မခံနိုင်ဘူး၊ ကျွန်တော်စီးသွားတဲ့ (၄၃)ကားနောက်ကို အမီလိုက်ဗျာ။ ပိုက်ဆံပြန်အမ်းမသွားဘူးဗျ''

စိတ်တိုစွာပြောရင်း ကားတံခါးဖွင့်ကာ ဇွေ့ကနဲဝင်ထိုင်လိုက်သည်။ ကားဆရာက အိုကေဟုဆိုကာ မောင်းထွက်သည်။ (၄၃) ကားကြီးနောက်ကို အမီလိုက်သည်။ အရေးထဲ ချော်တွင်းကုန်းမီးပွိုင့်မှာ မီးနီမိနေပြန်သည်။

''အရေးထဲဗျာ၊ မီးပွိုင့်က လာမိရတယ်လို့။ မီအောင်မောင်းပေးစမ်းပါဗျာ။ ကျွန်တော့်ကို ဒီလိုကျောသွားတာ မခံချင်လွန်းလို့ပါ။ ကျွန်တော်က တောကတက်လာတဲ့သူဆိုပေမယ့် တောသားလူလည်ဗျ။ ရန်ကုန်ကို ရောက်ဖူးတယ်။

လူကိုများ အခုမှ ရန်ကုန်ရောက်ဖူးတဲ့တောသားများ ထင်နေသလား မသိဘူး''

''အင်း––ပုံစံကလည်း ထင်စရာရှိပါတယ်။ နို့––ဒါနဲ့ ကားကိုရော မှတ်မိရဲ့လား''

''သိပ်မှတ်မိတာပေါ့''

ကားဆရာက ဘာသဘောနှင့်ပြုံးသည်မသိ၊ ခပ်ထေ့ထေ့ပြုံးပြန်သည်။ သည်လူ့ကို မြင်မြင်ချင်း ကြည့်မရတာ ဒါလည်းပါသည်။ သို့သော် ကားမောင်းတာတော့ အတော့်ကိုကျွမ်းသည်။ ထို့ကြောင့် ချော်တွင်းကုန်းမှတ်တိုင်အလွန် နှစ်မှတ်တိုင်မှာ (၄၃)ကားကြီးကို မီသွားသည်။ ကားကမှတ်တိုင်မှ စထွက်နေပြီ။ ကျွန်တော်ကားပေါ်မှ အပြေးဆင်းရင်း လှမ်းတားလိုက်သည်။

''ဟိုး––ရပ်––ရပ်––''

''ဟိုးထားဆရာရေ တစ်ယောက်လိုက်ဦးမယ်။ လာ––လာ တက် တက်''

ကျွန်တော်လိုက်မည်အထင်နှင့် ကားစပယ်ရာက လက်ကမ်းသည်။ ကျွန်တော်ခေါင်းခါပြလိုက်ပြီး–

''မလိုက်ဘူး၊ မလိုက်ဘူး၊ ကားခ၊ ကားခ ပြန်အမ်းခဲ့ဦး''

ဟု အော်ပြောလိုက်သည်။ ကားစပယ်နှစ်ယောက် ခဏကြောင်သွားသည်။

''ဘာကားခလဲ၊ အကုန်အမ်းပြီးပြီ။ လာကြောင်မနေနဲ့''

''ကြောင်တာမဟုတ်ဘူး၊ တကယ်ပြောတာကွ။ တစ်ထောင်တန်ပေးတာ ပြန်အမ်းမသွားသေးဘူး''



**တောသားဆိုပြီး**
**လူလည်ကျတာတော့**
**မခံနိုင်ဘူး၊**
**ကျွန်တော်စီးသွားတဲ့**
**(၄၃)ကားနောက်ကို**
**အမီလိုက်ဗျာ . . .**

''ရုပ်တည်နဲ့လာလုပ်စားမနေနဲ့။ ဘာမှ ပြန်အမ်းစရာမရှိဘူး၊ တောမှာသွားလုပ်စား။ ရန်ကုန်မှာလုပ်စားချင်ရင် ဘုရားမှာ သွားတောင်း၊ ကဲ–မောင်းဆရာရေ''

''ဟော့ကောင်တွေ မသွားနဲ့။ ငါ့ပိုက်ဆံပြန်မအမ်းဘဲသွားလို့ကတော့ ငါ့အကြောင်းသိမယ်မှတ်''

ပြောရင်း လမ်းဘေးက အုတ်နီခဲကျိုးတစ်ခု ပြေးကောက်သည်။ ကားစပယ်ရာနှစ်ယောက်ကလည်း ပြေးဆင်းလာကြသည်။ လက်ထဲမှာလည်း သံတုတ်ကြီးတွေနှင့်။

''ဟာ––ဟော့––ဟော့၊ ဆွဲကြပါဦး၊ လုပ်ကြပါဦး''

''အို––မလုပ်ကြနဲ့––မလုပ်ကြနဲ့၊ သြော်–သေကုန်တော့မှာပဲ''

''လူပါးလာဝတဲ့တောသား၊ ချကွာ–ချ–ချ''

အသံတွေက ဆူညံကုန်သည်။ ကျွန်တော့် တက္ကစီသမားက ပြေးလာပြီး ကြားဝင်ရပ်ကား ခြေကားယား၊ လက်ကားယားဖြင့် ဝင်တားသည်။

''နေ–နေကြပါဦး၊ အကုန်ဒုက္ခရောက်ကုန်ပါ့မယ်။ သူ့ကို ကားခပြန်အမ်းမသွားတာလည်း အမှန်ပါ။ ဒါကြောင့် ကျွန်တော့်ကားကိုငှားပြီး နောက်ကလိုက်တာပါ။ ဒါနဲ့ ခင်ဗျားတို့ကို ကျော်သွားတဲ့ကား ရှိသေးလား''

''ရှိတာပေါ့၊ ကမ္ဘာအေးမှာကျော်သွားတာ''

''ဒါဆို အဲဒီကားနဲ့မှားတာဖြစ်မှာပါဗျာ။ ဟော့လူ–ခင်ဗျားအဲဒီကားကို မှတ်မိတယ်ဆို''

''မှတ်မိတယ်။ (၄၃)ကား။ အဲ–ဒါပေမဲ့ ကားစပယ်ရာတွေကတော့ မတူသလိုပဲဗျ''

''ဟာ––တောသား၊ ငကြောင်''

''ဟင်း––မင်းတော့ ကံကောင်းလို့ပေါ့ကွာ၊ ဟော့ကောင်–တောသား၊ မင်းမှတ်သွားချည်။ မင်းတို့တောက လူမိုက်တွေထက် ရန်ကုန်ကကားဆရာတွေက ပိုမိုက်တယ်ကွ ရှင်းလား''

ပြောပြီး ကားဆရာတွေ ချာကနဲလှည့်ထွက်သွားသည်။ သူ့ပုံစံတွေက ဒေါသမပြေသေးသည့်ပုံ။ ကျွန်တော် ငိုင်ပြီးကျန်ခဲ့သည်။

''ဆွဲဆရာရေ၊ ဟော့ကောင် တောသားအရူး၊ ငကြောင်။ တောမှာပဲ သွားမိုက်၊ ကြားလား''

ကျွန်တော့်စိတ်ထဲမှာ ကျဉ်ခနဲ။ ရှက်စိတ်၊ ဒေါသစိတ်၊ ဘာကိုအလိုမကျမှန်း မသိသောစိတ်တို့ဖြင့် ခြေထောက်နှင့် ပလက်ဖောင်း မထိတော့သလို ခံစားလိုက်ရသည်။

''ကိုင်း–ဘာဆက်လုပ်မှာလဲ ကိုယ့်ဆရာ''

''ဘာလုပ်ရမလဲ၊ ဆက်လိုက်မှာပေါ့ဗျ၊ ကျုပ်ကို တောသားဆိုပြီးနှပ်ချေးနဲ့ ပက်သွားတာတော့ နည်းနည်းလေးမှမခံဘူး၊ တောသားကို ဒီလိုလာလုပ်လို့မရဘူးဆိုတာ ခင်ဗျားတို့ ရန်ကုန်သားတွေသိအောင် လုပ်



**တောသားကို**
**ဒီလိုလာလုပ်လို့**
**မရဘူးဆိုတာ**
**ခင်ဗျားတို့**
**ရန်ကုန်သားတွေသိအောင်**
**လုပ်ပြမယ်ဗျ**



**ကားစပယ်ရာပေးသော ငွေ ကိုးရာရှစ်ဆယ်ကျပ်ကို ကျွန်တော် ဂုဏ်ယူဝမ်းမြောက်စွာ လှမ်းယူလိုက်သည်။ အောင်မင်းညိုဆိုသည့်ကောင်ကို တောသားဆိုပြီး ဒါမျိုးလာ မလုပ်နဲ့ဆိုသည့်အကြည့်ကိုပါ ကြည့်ပစ်လိုက်သည်။ တောသားဆိုပြီး နှပ်ချေးသုတ်ရန် ကြိုးစားသည့် . . .**

ပြမယ်ဗျ''

တက္ကစီသမားက ပခုံးတွန့်ပြရင်း ခပ်မဲ့မဲ့ ပြုံးသည်။ ကားပေါ်တက်ပါဟုလည်း လက်ဖြင့် အချက်ပြသည်။

''အဲဒီကားကို မီအောင်လိုက်ဗျာ''

''ဘယ်ကားကိုလဲ။ ခုနက ကားကိုလား''

''ခင်ဗျားနော် သိရဲ့သားနဲ့ လာနောက်မနေနဲ့၊ ကျုပ်စီးလာတဲ့ကားကိုဗျ။ ကျုပ်ဒေါသတွေ ခင်ဗျားဆီပုံကျသွားမယ်။ ဘာမှတ်လဲ''

ကျွန်တော်စိတ်တိုတိုနှင့် ပြောလိုက်ပေမယ့် ကားဆရာက စိတ်မဆိုး။ သဘောကျစွာ တဟားဟားပင် အော်ရယ်ပြီး ကားမောင်း ထွက်သွားသည်။ ရယ်ပြီးနောက် ဆက်ပြီးပြုံးနေပြန်သည်။ ကျွန်တော် အမြင်ကပ်လွန်းလှသဖြင့် မျက်နှာလွှဲနေလိုက်ရသည်။

ကားလေးက ရှေ့မှကားတွေကို တစ်စီးပြီးတစ်စီး ကျော်သွားသည်။ ဘေးက မြင်ကွင်းတွေက ရိပ်ခနဲ၊ ရိပ်ခနဲ ကျန်ခဲ့သည်။ ညာဘက်မှာ ရွှေတိဂုံဘုရားကြီးကို ရွှေရောင်တဝင်းဝင်းနှင့် မြင်လိုက်ရသည်။

''ရှေ့ကကား ဖြစ်မယ်''

ကားဆရာကပြောရင်း လှမ်းပြသည်။ မှတ်တိုင်မှာ ခရီးသည်အတင်အချ လုပ်နေသော (၄၃)ကားကြီး။ လူခေါ်နေသော စပယ်ရာကောင်လေးကို မှတ်မိသည်။ ကျွန်တော့်ကို ကားပေါ်အတင်းထိုးတင်းသည့် ကောင်လေး။ သည်တစ်ခါတော့ လုံးဝ မလွှဲနိုင်တော့။

''ဟော့လူ–အရမ်းကာရောတွေ ဖွတ်မလုပ်နဲ့နော်''

ကားဆရာက စိတ်မချစွာ လှမ်းသတိပေးသည်။

သူ့စကားကို ပြန်မဖြေနိုင်အားဘဲ ကားဆီ အမြန်ပြေးရသည်။ ကားက ထွက်တော့မည်လေ။

''ဟော့––ဟော့–နေဦး––နေဦး''

''တစ်ယောက် လိုက်ဦးမယ်ဆရာ၊ လေးဘီးလုံး ခဏရပ်၊ လာ––လာ''

''လိုက်ဖို့ မဟုတ်ဘူး၊ ကားခ ပြန်မအမ်းရသေးလို့ လိုက်တောင်းတာ''

''ဘာ ကားခလဲ၊ လာကြောင်မနေနဲ့''

လာပြန်ပြီ နောက်တစ်စီး။ လာကြောင်မနေနဲ့တဲ့။ သိလျက်နှင့်အနှပ်ခံလိုက်ရသဖြင့် ဒေါသက ထောင်းခနဲ ထွက်သွားသည်။

''ကြောင်တာ မဟုတ်ဘူးကွ၊ တကယ်ပြောတာ၊ ငါ တစ်ထောင်တန်ပေးတာ ပြန်အမ်းမသွားဘူး''

''ဟုတ်တယ် ဟုတ်တယ်ဟော့ကောင်။ ငါပြန်မအမ်းရသေးဘူး၊ ရွှေတိဂုံဘုရားဆိုပြီး ဘယ်အချိန်၊ ဘယ်နေရာမှာ ဆင်းသွားမှန်း ငါမသိလိုက်ဘူး၊ ရော့––ရော့ ပေးလိုက်၊ ပေးလိုက်''

ကားစပယ်ရာပေးသော ငွေ ကိုးရာရှစ်ဆယ်ကျပ်ကို ကျွန်တော် ဂုဏ်ယူဝမ်းမြောက်စွာ လှမ်းယူလိုက်သည်။ အောင်မင်းညိုဆိုသည့်ကောင်ကို တောသားဆိုပြီး ဒါမျိုးလာ မလုပ်နဲ့ဆိုသည့်အကြည့်ကိုပါ ကြည့်ပစ်လိုက်သည်။ တောသားဆိုပြီး နှပ်ချေးသုတ်ရန် ကြိုးစားသည့် မြို့ရွှေရန်ကုန်သားတွေကို အသုတ်မခံဘူးဟေ့ဟု သက်သေပြခွင့်

ရလိုက်၍ ဂုဏ်ယူသည်။ ကျေနပ်သည်။

''ကဲ–ကိုယ့်ဆရာ ခင်ဗျားကားကိုလည်း တွေ့ပြီ၊ ခင်ဗျားဖူးမယ့် ရွှေတိဂုံလည်း ရောက်ပြီ။ ကားခလေး မစပါဦး''

''ပေးမှာပေါ့ဗျ။ ဘယ်လောက်လဲ''

''လေးထောင်''

''ဘာ–လေးထောင်ဟုတ်လား၊ များလှချည်လား''

''မောင်ရင့်ကို––''

''ကျွန်တော့်နာမည် မောင်ရင်မဟုတ်ဘူးဗျ၊ အောင်မင်းညို''

''ဩော်– အင်း အင်း၊ မောင်ရင် အဲလေ– ကိုရင်အောင်မင်းညိုကို ကျွန်တော်ပြောခဲ့သားပဲ။ ကြိုက်သလောက်သွား၊ ကျသလောက်ရှင်းလို့လေ၊ ဒါက ပုံမှန်ဈေးပါ။ တောကလာလို့ဆိုပြီး နှပ်မချပါဘူးဗျာ၊ ဟဲဟဲ''

''နှပ်ချလို့လည်း ရမလားဗျ။ ကျွန်တော်ကလည်း တောသားလူလည်ပါဗျ၊ ကဲ ရော့––ရော့ လေးထောင်''

''အိုကေ–ကျေးဇူး၊ သွားမယ်နော် မောင်ရင်၊ အဲလေ––ယောင်လို့ ကိုရင်အောင်မင်းညို တောသားလူလည်ကြီးရေ၊ သွားပြီဗျို့၊ သွားပြီ၊ ဟား––ဟား––ဟား''

ကားဆရာက သဘောကျစွာ တဟားဟားရယ်ရင်း ကားမောင်းထွက်သွားသည်။ သူ့ရယ်သံတွေက လွင့်ပျံ့ကျန်ရစ်နေခဲ့လေသည်။

**နီသင်အောင်ကျော်မိုး**



## သည်းမခံနိုင်တော့လို့ပါ

တစ်ခါက ခါးပတ်လုတဲ့ လက်ဝှေ့ပွဲကျင်းပတဲ့နေ့နဲ့ ဆန်းဒေးစကူး (Sunday School) က ပျော်ပွဲစားထွက်မယ့်နေ့ တစ်ရက်တည်း တိုက်ဆိုင်နေတယ်။ ကမ်းနားမှာ မော်တော်ဘုတ်နှစ်စင်း ဆိုက်ကပ်ထားတယ်။ တစ်စင်းက လက်ဝှေ့ပွဲသွားဖို့၊ အခြားတစ်စင်းက ပျော်ပွဲစားအဖွဲ့အတွက်။ လူနှစ်ယောက်က မော်တော်ထွက်ခွာခါနီးကျမှ ကမန်းကတန်းနဲ့ရောက်လာကြတယ်။

သူတို့နှစ်ယောက်ရောက်တာနဲ့ ပျော်ပွဲစားထွက်မယ့် မော်တော်ဘုတ်က ကမ်းကခွာဖို့ပြင်နေပြီ၊ ကယောင်ကတမ်းနဲ့ လက်ဝှေ့ပွဲ သွားမယ့်ပုဂ္ဂိုလ်က အဲဒီ ပျော်ပွဲစားသွားတဲ့ မော်တော်ဘုတ်ပေါ် တက်သွားတယ်။ ကျန်တဲ့ခရီးသည်က လက်ဝှေ့ပွဲသွားမယ့် မော်တော်ဘုတ်ပေါ် လိုက်လာခဲ့တယ်။

လက်ဝှေ့ပွဲသွားမယ့် မော်တော်ဘုတ်ပေါ် မှားတက်ခဲ့မိတဲ့ ပုဂ္ဂိုလ်ဟာ လှေထွက်တာနဲ့ ခရီးသည်တွေရဲ့ ဆဲဆိုသံတွေ၊ အရက်၊ ဆေးလိပ်သောက်နေကြတာတွေ၊ ဖဲကစားနေကြတာတွေကို ကြားနေ မြင်နေရတဲ့အတွက် သူ လှေမှားစီးမိပြီဆိုတာကိုသိပြီး မော်တော်သမားကိုပြောတယ်။ သူ့ကို ကမ်းဘက်ပြန်ပို့ပေးဖို့ တောင်းပန်တယ်။ ဒါပေမဲ့ မော်တော်သမားက လက်မခံဘူး။ ဒါနဲ့ အဲဒီပုဂ္ဂိုလ်က အရက်နံ့၊ ဆေးလိပ်မီးခိုးတွေကြားမှာ သည်းခံပြီးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ပျော်ပွဲစားခရီးထွက်မယ့်လှေပေါ် မှားတက်ခဲ့မိတဲ့ ပုဂ္ဂိုလ်ကလည်း လှေထွက်တာနဲ့ ခရီးသည်တွေရဲ့ ဘုရားဆုတောင်းသံတွေ၊ ဓမ္မသီချင်း သီကျူးနေတာတွေ ကြားလိုက်ရပြီး လှေမှားစီးမိပြီဆိုတာ သိလိုက်တယ်။ မော်တော်ဦးစီးကို လှမ်းပြောတယ်။



သူ လှေမှားစီးမိတဲ့အတွက် ကမ်းဘက်ကို ပြန်ကပ်ပေးဖို့ တောင်းပန်တယ်၊ လှေသမားက ငြင်းဆန်တယ်။

မော်တော် ပြန်မလှည့်တာနဲ့ အဲဒီ လက်ဝှေ့ပွဲသွားချင်တဲ့ ပုဂ္ဂိုလ်က အော်ပြောတယ်–

''ကဲ–ကိုယ့်လူ၊ ကျုပ်ကို ဘယ်နေရာဖြစ်ဖြစ် ချထားခဲ့ဗျာ၊ ကျောက်ဆောင်ပေါ် ချထားခဲ့လည်း ရတယ်၊ ဒီငရဲသံတွေကြားရတဲ့ နေရာကလွဲလို့ပေါ့''တဲ့။ ။

**မောင်သီဟ**



# ထူးချွန်ထက်မြက်လိုသူများအတွက်
# လက်ဆောင်မွန်

ကိုဇော (ပထဝီဝင်)



ထူးချွန်ထက်မြက်လိုသူများအတွက် မြန်မာစာပေ ရေးသားနည်းအမျိုးမျိုးအနက် သိသင့်သိထိုက်တဲ့ အချက်၊ သတိထား လေ့လာရမယ့် အချက်၊ ပြုစုရေးသားသင့်တဲ့ အချက်အလက်အချို့ကို ရေးသားတင်ပြပေးခဲ့ပြီး ဖြစ်တယ်။ ယခု စာပေလေ့လာဆည်းပူးနည်းအကြောင်း အနည်းငယ်ရေးသားတင်ပြပေးမယ်။ အများအားဖြင့် မြန်မာတွေ မြန်မာစာလေ့လာရာမှာ ပေါ့ပေါ့ဆဆ လေ့လာနေတာတွေ၊ ဆည်းပူးနေတာတွေ တွေ့နေရတယ်။ အထူးသဖြင့် မြန်မာဘာသာစကား ပြောဆိုသော တိုင်းရင်းသားများ ဗျည်းနှင့် သရကို ပေါင်းစပ်အသံထွက်တတ်လျှင် မြန်မာစာပေကျမ်းဂန်များမှ အကြောင်းအရာ ဟူသမျှကို သိနားလည်မည်ဟု ယူဆနေတာကြောင့် မြန်မာစာပေ လေ့လာရာမှာ နှိုက်နှိုက်ချွတ်ချွတ် မလေ့လာဘဲ သာမန်ကာလျှံကာမျှသာ လေ့လာနေတာကို တွေ့ရပါတယ်။

မြန်မာလူမျိုးများ မြန်မာစာပေကို ပေါ့ပေါ့ဆဆ လေ့လာမှုများကြောင့် ရှိရင်းဝေါဟာရများ တိမ်ကောပပျောက်ကြောင်းကို မသိမမြင်ဘဲ မြန်မာ့ဝေါဟာရများ မပြည့်စုံဟု အပြစ်တင်နေမှုများအပြင် မြန်မာစာကို ရုံးသုံးအဖြစ် သတ်မှတ်ထားသည့် အကြားမှ အချို့သော ရေးသားမှုများတွင်



နိုင်ငံခြားဘာသာစကားများ အသုံးပြုရေး သားနေတာကို တွေ့ရပါတယ်။

ဘာသာတိုင်းတွင် ဝေါဟာရသည် တီထွင်ထားသော စကားလုံးများပင် ဖြစ်တယ်။ မြန်မာဘာသာစကားအပါအဝင် မည်သည့်ဘာသာစကားပင်မဆို မူလအစ၌ ပြည့်စုံသော ဝေါဟာရဟူ၍မရှိပါ။ လူနှင့် ပတ်ဝန်းကျင်တို့ ဆက်စပ်ရာတွင်ရရှိသည့် အတွေ့အကြုံတို့ဖြင့် တစ်စတစ်စ ဖန်တီးလာကြခြင်းဖြင့် ဝေါဟာရများ တိုးတက်ဖြစ်ပေါ်လာဟန်ရှိပါတယ်။ မြန်မာစာပေကို လေ့လာဆည်းပူးရာတွင် မြန်မာဝေါဟာရကို ဦးစွာနားလည်သဘောပေါက်ရန်၊ လေ့လာရန် လိုအပ်ပါတယ်။ ဝေါဟာရစကားလုံးများကို ဖွဲ့စည်းတည်ဆောက်ခြင်းအားဖြင့် စာကြောင်းဝါကျများ ဖြစ်ပေါ်လာရခြင်း ဖြစ်တယ်။ တစ်ဖန် စာကြောင်းဝါကျများကို စုပေါင်းလိုက်ခြင်းဖြင့် စာပုဒ်များကို ဖြစ်ပေါ်လာစေပါတယ်။ စာပေကျမ်းဂန်များကို စာပုဒ်များဖြင့်သာ စုဖွဲ့ရေးသားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာဘာသာ ဝေါဟာရများကို သေချာနားလည် သဘောပေါက်ဖို့ လိုပါတယ်။

ဝေါဟာရများကို လူတို့၏အတွေ့အကြုံများ၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ရာများမှ ရရှိနိုင်ပါတယ်။ ကမ္ဘာလောကကြီးသည် သဓါရသဘောတရားအရ အစဉ်ပြောင်းလဲမှုရှိရာ အမှုကိစ္စအဟောင်းများ ပျောက်၍ အသစ်များ အမြဲပေါ်ပေါက်နေပါမယ်။ ယင်း အမှုကိစ္စအသစ်များကို အာရုံခြောက်ပါးတို့က ထာဝစဉ်တုံ့ပြန်နေသောကြောင့် နှုတ်မှုဆိုင်ရာ ဝေါဟာရ၊ မျက်စေ့မှုဆိုင်ရာ ဝေါဟာရ၊ နှာခေါင်းမှုဆိုင်ရာ ဝေါဟာရ၊ နားမှုဆိုင်ရာ ဝေါဟာရ၊ စိတ်မှုဆိုင်ရာ ဝေါဟာရများကို ရရှိပေလိမ့်မယ်။ စာပေကျမ်းဂန်များမှလည်း ဝေါဟာရများ ယူနိုင်ကြပါတယ်။

စာပေကျမ်းဂန်များမှ ရေးသားချက်များသည် သက်ဆိုင်ရာ ဝေါဟာရများဖြင့်သာ ရေးသားဖွဲ့စည်းထားတာကြောင့် ယင်းရေးသားချက်များကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ဝေါဟာရများစွာ လေ့လာရသဖြင့် ဝေါဟာရ ကြွယ်ဝလာနိုင်ပါတယ်။ အောက်ပါ ကျမ်းဂန်များကို လေ့လာခြင်းဖြင့် မြန်မာဝေါဟာရများ ကြွယ်ဝလာမှာ အမှန်ပင်ဖြစ်တယ်–

၁။ ငါးရာ့ငါးဆယ်
၂။ ဇာတ်ကြီးဆယ်ဘွဲ့
၃။ အဘိဓမ္မာ ခုနစ်ကျမ်း
၄။ မြန်မာအဘိဓာန်
၅။ ပါဠိအဘိဓာန်
၆။ သံတူကြောင်းကွဲကျမ်း
၇။ ဝေါဟာရဘဏ်
၈။ ရတနာဘဏ်
၉။ မြန်မာစကားပြေကျမ်းနှင့် အခြားကျမ်းများ။

သီးခြား ဝေါဟာရများကို သီးခြား ဘာသာရပ်များတွင် လေ့လာနိုင်ပါတယ်။ ဥပမာ–နက္ခတ်ဗေဒင်ဆိုင်ရာ ဝေါဟာရ၊ ဆေးဝါးဆိုင်ရာ ဝေါဟာရများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဝေါဟာရများ၊ နိုင်ငံရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ဝေါဟာရများ၊ ဓာတု၊ ရူပ၊ ရက္ခ၊ ပါဏဗေဒ၊ စိတ္တဗေဒ စသော ပညာရပ်ဆိုင်ရာ ဝေါဟာရများကို သက်ဆိုင်ရာဘာသာရပ်ကျမ်းများတွင် တွေ့မြင်လေ့လာနိုင်ပါတယ်။

ယခုလောက်ဆိုရင် ဝေါဟာရများအကြောင်း သိတန်သလောက် သိလောက်ပါပြီ။ မြန်မာဝေါဟာရများကို ပေါ့ဆစွာ မလေ့လာကြပါနဲ့၊ မြန်မာဘာသာ၊ မြန်မာစကား ပြောဆိုသူများဖြစ်တာကြောင့် မြန်မာစာမှ မြန်မာဝေါဟာရများကို စေ့စပ်သေချာစွာ၊ ထဲထဲဝင်ဝင် လေ့လာသိရှိထားရန်မှာ ထူးချွန်ထက်မြက်လိုသူတစ်ယောက်အတွက် အထူးပင် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် စာပေများကို လေ့လာပါ၊ မှတ်ပါ၊ ဖတ်ပါ၊ စုဆောင်းပါ၊ ပြုစုပါလို့ မှာကြားရင်း ထူးချွန်ထက်မြက်သော ဆေးကျောင်းသားလေး မောင်ငြိမ်းချမ်းဝင်း (ယခု ဆရာဝန်)၏ စာစီစာကုံးတစ်ပုဒ်ကို လေ့လာနိုင်ရန် ဖော်ပြလိုက်ပါတယ်။



# မျိုးဆက်သစ်လူငယ်များ၏ တာဝန်



ရွက်ဟောင်းကြွေလျှင် ရွက်သစ်ဝေစမြဲ။ ညဥ့်နက်ကျော်လျှင် အရုဏ်ပေါ်စမြဲ။ အဟောင်း အဟောင်းတို့ ချုပ်ငြိမ်းလျှင် အသစ်အသစ်တို့ နေရာယူစမြဲ။ ဤကား လောကနိယာမတည်း။ လောကဇာတ်ခုံတွင် ယနေ့ လူကြီးများ၏အခန်းကဏ္ဍ ပြီးဆုံးလျှင် မနက်ဖြန်တွင် မျိုးဆက်သစ်လူငယ်များက ဆက်လက်တာဝန်ယူပေလိမ့်မည်။ လူငယ်တို့သည် တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများ ဖြစ်ပေသည်။ ဤသို့ဖြစ်လျှင် မျိုးဆက်သစ်လူငယ်တို့၏ တာဝန်ကား အဘယ်နည်း။

တာဝန်ဆိုသည်မှာ ဆောင်ရွက်ရန်ရှိသည့် အမှုကိစ္စ၊ ဝတ္တရားဖြစ်၏။ ကျွန်ုပ်တို့၏ မိဘဘိုးဘွား အစဉ်အဆက်သည် မိမိနိုင်ငံနှင့် လူမျိုးအကျိုး တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်ချည်း ဖြစ်၏။ လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့၏။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန် အားထုတ်ခဲ့၏။ မနက်ဖြန်သည် လူငယ်တို့၏ ခေတ်ဖြစ်သည်။ တို့ဘိုးဘွား အမွေအနှစ်ကို ချစ်ခင်မြတ်နိုးစွာ တာဝန်လွှဲပြောင်းယူရန်မှာ မျိုးဆက်သစ်လူငယ်တို့၏ သမိုင်းပေးတာဝန်သာ ဖြစ်တော့သည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်းပေါင်း ၅၀ နီးပါး ရှိသည့်အနက် လူငယ်ထုမှာ အင်အားစုကြီးတစ်ရပ်ဖြစ်၏။ လူငယ်အင်အားထုမှာ အားရဖွယ်ပင်။ လူငယ်သည် သွက်လက်၏။ ဖျတ်လတ်၏။ ရဲရင့်တက်ကြွ၏။ ရိုးသားဖြောင့်မတ်၏။ ကူညီရိုင်းပင်းတတ်၏။ စူးစမ်းတတ်၏။ ဖွဲ၊ လုံ့လ၊ ဝီရိယရှိ၏။ ဤသို့ ကောင်းမြတ်သော လူငယ်တို့၏ ပင်ကိုစရိုက်ကို မှန်ကန်သောလမ်းကြောင်းများပေါ်သို့ တည့်မတ် ပေးလိုက်လျှင် နိုင်ငံက အားထားရသော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာပေမည်။

''ယနေ့ လူငယ် နောင်ဝယ်လူကြီး''ဟူသော စကားအရ လူငယ်တို့သည် နောင်တစ်ချိန် လူကြီးဖြစ်လာသည့်အခါ ရပ်ရွာ၊ မြို့နယ်မှအစ ကြီးမားသည့် နိုင်ငံ့တာဝန်အထိ ကျရာတာဝန်မှ ထမ်းဆောင်ကြရပေမည်။ နိုင်ငံ၏ အနာဂတ်အင်အားသည် လူငယ်များလက်တွင် ရှိသည်။ မိမိတို့ခေတ်တွင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ယခုကတည်းက ဘက်စုံဖွံ့ဖြိုးသော လူငယ်များဖြစ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးအားထုတ်ရပေမည်။

မျိုးဆက်သစ်လူငယ်များ ကျန်းမာသန်စွမ်းဖို့ အရေးကြီးသည်။ အားကစားကို အလေးထားရမည်။ ကိုယ်လက်လှုပ်ရှား အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်လာနိုင်ပါသည်။ ကျန်းမာရေးဗဟုသုတ ရှိသင့်သည်။ လူငယ်တိုင်း ကာယဗလမောင်ချည်းဖြစ်ရန် မဟုတ်သော်လည်း ထောင်ထောင်မောင်းမောင်း၊ ကျားကျားလျားလျားနှင့် ယောကျ်ားပီသနေဖို့ လိုသည်။ ''လာစမ်းဟဲ့ မေ့သား၊ အမယ်မင်း ထွားလှချည့်၊ ပခုံးနဲ့လက်ပြင်၊ ကြောခြင်က သံချောင်း'' ဟု ဆရာဇော်ဂျီ ဖွဲ့ဆိုထိုက်သည့် မြန်မာလူငယ်များဖြစ်နေရမည်။ အသားက ဖြူဖတ်ဖြူရော်နှင့် ထုံတုံတုံ ထိုင်းတိုင်းတိုင်း ဘိန်းဖြူမှိုင်းမိနေသော လူငယ်များကို နိုင်ငံက အဘယ်သို့ အားထားရပါမည်နည်း။ လူငယ်တိုင်းသည် တိုင်းပြည်ကာကွယ်ရေးအတွက် ထာဝစဉ်အသင့် ဖြစ်နေသင့်သည်။ ငြိမ်းချမ်းစွာနေလိုသော်လည်း ကျူးကျော်ရန်စလာလျှင် လူငယ်ထုသည် ကျရာတာဝန်ကို ရှေ့တမ်းက ထမ်းရပေမည်။ ထို့ကြောင့် ကာယဗလသည် အရေးကြီး၏။

ထို့အတူ ဉာဏဗလပြည့်စုံရန်လည်း အရေးကြီးပြန်၏။ ဉာဏ်ကြီးသူသည် ကမ္ဘာကိုစိုးမိုးနိုင်၏။ ခန္ဓာကိုယ်ကြီးလျက် ဉာဏ်မရှိပါက အသက်ကြီးလျက် အချိန်မစီးသူကဲ့သို့ ဖြစ်ချိမ့်မည်။ လူငယ်တိုင်း စာတတ်ရမည်။ စာလည်း ဖတ်ရမည်။ အသိပညာ ဗဟုသုတပြည့်စုံရန် အမြဲလေ့လာအားထုတ်နေရမည်။ ကျောင်းသင်ပညာသည် အခြေခံသာဖြစ်၏။ ကျောင်းပညာကို ကြိုးစားအားထုတ်ရုံဖြင့် မလုံလောက်သေး။ မြန်မာနိုင်ငံနှင့် ယနေ့ကမ္ဘာကြီး၏ တိုးတက်ပြောင်းလဲနေမှု အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်နေရပေမည်။ နိုင်ငံရေး၊ စီးပွားရေးသာမက စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ သိပ္ပံပညာနှင့် အားကစားပါမကျန် လက်လှမ်းမီသမျှ လေ့လာနေရမည်။ လေ့လာမှ ပြည့်ဝမည်။ အလေ့အလာများလျှင် အထက်သို့ တိုးတက်သွားနိုင်ပါသည်။

စာရိတ္တဗလသည် လူငယ်များအတွက် အရေးအကြီးဆုံးဖြစ်ပါ၏။ လူငယ်တိုင်းသည် ငယ်စဉ်ကတည်းက ရိုးသားဖြောင့်မတ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ အပြောအဆို၊ အမူအကျင့်၊ အနေအထိုင် တည်ကြည်၍ ယဉ်ကျေးသိမ်မွေ့ရမည်။ ရေသာခို အချောင်သမားစိတ်ကို ဖယ်ရှား၍ လုပ်အားတန်ဖိုး ချစ်မြတ်နိုးတတ်သော စိတ်များ မွေးမြူကြရမည်။ ရိုးသား၊ ကြိုးစားရမည်။ စည်းကမ်းရှိသော၊ တာဝန်ကျေသော၊ အမိန့်ကိုလိုက်နာတတ်သော၊ ဖွဲ့၊ လုံ့လ၊



ဝီရိယ ရှိသည့် လူငယ်စွမ်းအားရှင်များ ဖြစ်ရပေမည်။

မျိုးဆက်သစ်လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် စာရိတ္တကောင်းမွန်ရေးသည် အခြေခံအုတ်မြစ်ဖြစ်၏။ စာရိတ္တဟူရာတွင် အတွေးအခေါ်၊ စိတ်နေသဘောထားနှင့် ကျင့်ဝတ်သိက္ခာစသည့် စွမ်းရည်များ ပါဝင်သည်။ ကျွန်ုပ်တို့ လူငယ်တိုင်းသည် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ လွတ်လပ်ရေးကို မြတ်နိုးစွာ ထိန်းသိမ်းခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူခြင်း၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းခြင်း၊ စည်းကမ်းဥပဒေကို လိုက်နာခြင်းနှင့် လူကြီး မိဘ ဆရာသမားတို့ကို ရိုသေလေးစားတတ်ခြင်း စသည့် စာရိတ္တ၏ အခြေခံသဘောတရားများကို လိုက်နာကျင့်သုံးရန် အရေးကြီး၏။

လူငယ်သည် ဘဝ၏ ပထမအရွယ်ဖြစ်၏။ ဘဝမိုးသောက်ချိန်တွင် မိုးတိမ်မထူသင့်။ အတွေးအခေါ် မဝေဝါးသင့်။ သန့်ရှင်းလတ်ဆတ်သော၊ ထက်မြက်သော အတွေးအခေါ်ရှိရမည်။ ယနေ့လူငယ် များသည် ညှို့၍မဖြစ်။ ပေါ့၍မရ။ တာဝန်မဲ့၍မလျော်။ နိုင်ငံတော်၏ အနာဂတ်အင်အားသည် လူငယ်များ၏လက်တွင် ရှိပေသည်။ လူငယ် သည် အနာဂတ်ကမ္ဘာ ဖွံ့ဖြိုးရှင်သန်လှပအောင် ဖန်တီးကြမည့် ဗိသုကာလောင်းများ ဖြစ်ပါသည်။

မျိုးဆက်သစ်လူငယ်များသည် လိမ္မာယဉ်ကျေးသူများ ဖြစ်ရပေမည်။ ဘာသာရေးသည် ယဉ်ကျေးမှု၏ အသက်သွေးဖြစ်၏။ လူငယ်များသည် ဗုဒ္ဓ၏အဆုံးအမကို ခံယူလိုက်နာရမည်။ ၃၈ ဖြာ မင်္ဂလာတရားတော်သည် ယဉ်ကျေးမှုအခြေခံဖြစ်၏။ သိင်္ဂါလောဝါဒ ဆုံးမစာ အပါအဝင် ရှေးဟောင်းဆုံးမစာမှန်သမျှသည် ဗုဒ္ဓဩဝါဒပင်စည်ကြီးမှ ဖြာထွက်လာသော အကိုင်းအခက်များဖြစ်၏။ ထို့ကြောင့် ''မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်''ဟု အင်းဝခေတ် စာဆိုကြီး ရှင်မဟာရဋ္ဌသာရက ဆုံးမတော်မူခဲ့ပါသည်။

ရေမြင့်က ကြာတင့်၏။ လူငယ်သည် ''ကြာ''၊ နိုင်ငံသည် ''ရေ''ဖြစ်၏။ ကန်၏အလှသည် ကြာဖြစ်လျှင် နိုင်ငံ၏အလှသည် လူငယ်ဖြစ်တော့သည်။ ကြာရိုးကြာစွယ်ကိုကြည့်၍ ကန်၏အတိမ်အနက်ကို သိနိုင်သကဲ့သို့ ယနေ့လူငယ်များ၏ အရည်အသွေးကို ကြည့်၍ အနာဂတ်နိုင်ငံ၏အရေးကို အကဲဖြတ်နိုင်ပေသည်။

ထို့ကြောင့် ယနေ့လူငယ်များသည် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်ရမည်။ သို့မှသာ နိုင်ငံက အားထားရသည့် လူငယ်များဖြစ်လာပေမည်။ ''တက်လူသာလျှင်၊ မြန်မာပြည်လှ၊ အားသစ်ရ၍၊ ဇေယျအောင်လံ ထူမည်တည်း''ဟု ဆရာဇော်ဂျီက မျိုးဆက်သစ်တို့၏ အားမာန်ကို ကဗျာဖြင့် ဖော်ကျူးခဲ့ပါသည်။

မျိုးဆက်သစ်လူငယ်တို့သည် မိမိအရည်အသွေး တိုးတက်တောက်ပလာစေရန် ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်ကျော်တို့ကို အတု ယူသင့်သည်။ လူငယ်တို့သည် အများအကျိုးသယ်ပိုးလိုသော ပရဟိတစိတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံလိုသော စိတ်ဓာတ်များ ရှင်သန်စေရန် ဒေါက်တာ အဲလ်ဘတ်ရွှိက်ဇာ၊ ဟင်နရီဒူးနန့်၊ ဖလောရင့်နိုက်တင်ဂေး စသူတို့ကို အားကျသင့်သည်။ ငြိမ်းချမ်းရေးတာမှုနှင့် အဟိံသတရားတွင် မဟတ္တမဂန္ဒီကို စံပြုသင့်၏။ လွတ်လပ်ရေးကို မြတ်နိုးမှုတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စံပြဖြစ်၏။ စာပေလေ့လာလိုက်စားရာတွင် ဆရာကြီးဇေယျ၊ ဂျာနယ်ကျော် ဦးချစ်မောင် စသူတို့ကို စံနမူနာထားသင့်သည်။ ဤသို့ ကောင်းမြတ်သော အမူအကျင့်တို့ကို လေ့လာအားကျ ကြိုးစားလျှင် အရည်အချင်းပြည့်ဝသော ''သားကောင်းတစ်ယောက်'' ''ကျောက်ကောင်းတစ်စေ့'' ဖြစ်လာပေမည်။

လူငယ်သည် အနာဂတ်အတွက် လူသားမျိုးဆက်ဖြစ်၏။ အနာဂတ် နိုင်ငံတော်၏ စွမ်းအားရှင်၊ ဖန်တီးရှင်များဖြစ်၏။ ပညာကြိုးစားရုံဖြင့် နိုင်ငံ၏ရှေ့ရေးကို စိတ်မချနိုင်သေး။ ကာယ၊ ဉာဏ၊ စာရိတ္တဗလ ပြည့်စုံရုံသာမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အသိအမြင်၊ လေ့လာအားထုတ်မှု စသည်ဖြင့် ဘက်စုံဖွံ့ဖြိုးမှသာ နိုင်ငံတာဝန်ကို စိတ်ချလက်ချ လွှဲအပ်ထိုက်ပေမည်။ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော နိုင်ငံသားကောင်းများအဖြစ် နိုင်ငံ့အလှကို ရွှမ်းမြတောက်ပစေရမည်။ စာဆို ဇော်ဂျီကမူ ''ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာသည်၊ ရှေ့သို့ရည်၍''ဟု မျိုးဆက်သစ်တို့အား တိုက်တွန်းခဲ့သည်။ တိုင်းပြည်တာဝန်ကို ပခုံးလွှဲယူကြမည့် ကျွန်ုပ်တို့သည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ရမည်။ ကြိုးစားကြပါစို့။

**ကိုစော(ပထဝီဝင်)**



ယခင်လများမှ ဇာတ်လမ်းအကျဉ်း

'ဂျိန်းအိုင်းယား'ဟူသော မိန်းကလေးသည် တစ်ကောင်ကြွက် တစ်မျက်နှာဖြင့် 'ဂိတ်ရှက်'တွင် အဒေါ်ဖြစ်သူနှင့် ငယ်စဉ်က အတူနေခဲ့ရသည်။ ထို့နောက် 'လိုဝုဒ် မိဘမဲ့ကျောင်း'သို့ အဒေါ်၏ အစီအမံဖြင့် သွားရောက်ခဲ့ရသည်။

ကျောင်းတာဝန်ခံ အုပ်ချုပ်သူမှာ 'ဘရောက်ကယ်ဟတ်(စ်)'ဆိုသူ ဖြစ်သည်။ သူက သဘော သကာယဆိုးသလောက် ကျောင်းအုပ်ဆရာမ 'မစ်(စ်)မာရီတင်ပယ်လ်' က သနားကြင်နာတတ်သူ ဖြစ်သည်။ လိုဝုဒ်ကျောင်းတွင် ကျန်းမာရေးချည့်နဲ့သော ကျောင်းသူနှင့် မိတ်ဆွေဖြစ်သည်။ မကြာမီ အဆုတ်ရောဂါဖြင့် ထိုကျောင်းသူ ကွယ်လွန်ခဲ့သည်။

'ဂျိန်း'သည် မိဘမဲ့ကျောင်းတွင် ၈ နှစ်မျှကြာပြီးနောက် ဆရာမအဖြစ် အလုပ်လုပ်လိုကြောင်း သတင်းစာမှ ကြော်ငြာခဲ့သည်။ ကံအားလျော်စွာ 'သွန်းဖီးလ်မှ' အလုပ်ခန့်စာ ရောက်လာသည်။ လိုဝုဒ်ကျောင်းကော်မတီသို့ နုတ်ထွက်စာတင်၍ 'သွန်းဖီးလ်'သို့ အလုပ်ဝင်ခဲ့သည်။





ဂျိန်းအိုင်းယားသည် သွန်းဖီးလ်သို့ရောက်သောအခါ မစွက်ဖယ်ယားဖက်စ်နှင့် တွေ့ဆုံခဲ့သည်။ ထိုအိမ်ကြီးတွင် မစွက်ဖယ်ယားဖက်စ်၊ ကလေးမ အာဒီလာဝါရင်နှင့် အစေအပါးများသာရှိကြသည်။ ဂျိန်းအိုင်းယား စာသင်ပြပေးရသည်မှာ ကလေးမလေး 'အာဒီလာဝါရင်'ဖြစ်သည်။ ဂျိန်းအိုင်းယားသည် ထိုအိမ်ကြီးသို့ ရောက်လာပြီးနောက် လူသစ်စိတ်သစ်ဖြင့် ပျော်ပိုက်လျက်ရှိသည်။ ကလေးမလေး 'အာဒီလာဝါရင်'၏ အုပ်ထိန်းသူမှာ 'မစ္စတာရှိချက်စတာ'ဖြစ်သည်။ သို့သော် မစ္စတာရှိချက်စတာမှာ ဤအိမ်ကြီးတွင်မနေဘဲ ရံဖန်ရံခါမှသာ လာရောက်တတ်ကြောင်း သိရှိရသည်။

တစ်နေ့တွင် ဂျိန်းအိုင်းယားသည် ၂မိုင်ခန့်ဝေးသော 'ဟေး'အမည်ရှိ ရွာကလေးသို့ စာထည့်ရန်သွားခဲ့သည်။ လမ်းတွင် မြင်းနှင့် လူတစ်ယောက် တောင်စောင်းတွင် ခြေချော်ကျခဲ့သည်။ ထိုအခါ ဂျိန်းအိုင်းယားက အကူအညီပေးခဲ့သည်။ သူမသည် စာထည့်ပြီး အိမ်ပြန်လာရာ သူမ ကူညီမှုပေးခဲ့သော လူကြီးကို မမျှော်လင့်ဘဲတွေ့ရသည်။ ထိုလူကြီးမှာ မစ္စတာရှိချက်စတာ ဖြစ်နေသည်။

ဂျိန်းအိုင်းယားသည် အိမ်ကြီးရှင် မစ္စတာရှိချက်စတာနှင့် စကားပြောဖြစ်ကြသည်။ မစ္စတာရှိချက်စတာက သူမအား စန္ဒရားတီးခိုင်းသည်။ ထို့နောက် သူမဆွဲထားသော ပန်းချီကားများကိုကြည့်ရှုပြီး အကြိုက်ဆုံး ၃ကားကို ရွေးချယ်သည်။ မကြာမီ မစ္စတာရှိချက်စတာအခန်းမှ ထွက်လာခဲ့ကြသည်။ ယင်းနောက် သူမသည် မစွက်ဖယ်ယားဖက်စ်အား မစ္စတာရှိချက်စတာအကြောင်းကို စူးစမ်းဖြစ်ခဲ့သည်။

ဆက်လက်ဖတ်ရှုပါရန်
တာဝန်ခံစာတည်း



(ယခင်လမှ အဆက်)

## အခန်း (၁၂)

ဤရက်များအတွင်း ကျွန်မ မစ္စတာရှိချက်စတာကို သိပ်မတွေ့ရပေ။ နေထွက်မှ နေဝင်သည့်တိုင် အမျိုးမျိုးအဖုံဖုံသော ဧည့်ပရိသတ်များနှင့် အလုပ်များနေသည်။ မကြာခဏဆိုသလို ယင်းဧည့်သည်များနှင့် ညနေစာ အတူစားတတ်သည်။ ခြေထောက်သက်သာလာပြန်တော့လည်း မြင်းစီး၍ ခရီးထွက်တတ်ပြီး ညဥ့်နက်မှ ပြန်ပြန်လာတတ်သည်။

တစ်ညနေခင်း၊ သူ့မိတ်ဆွေများနှင့် ညစာစားပြီးနောက် ကျွန်မ၏ ပန်းချီကားချပ်များကို အယူခိုင်းလိုက်သည်။ သူ့မိတ်ဆွေများကို ကျွန်မ၏လက်ရာ ပြလို၍ ဖြစ်မည်ထင်သည်။ သူတို့တစ်တွေ မီးလ်ကုတ်တွင် အစည်းအဝေးရှိသဖြင့် စောစီးစွာထွက်သွားကြသည်။ မစ္စတာရှိချက်စတာကမူ လိုက်မသွားခဲ့။ ကျွန်မနှင့် အာဒီလာကို တွေ့လိုသည်ဆို၍ အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်ရောက်သည်နှင့် မပေးဖြစ်ခဲ့သေးသော လက်ဆောင်ကို အာဒီလာအား ပေးခဲ့သည်။ အာဒီလာကလည်း ချက်ချင်းပင် လက်ဆောင်ပစ္စည်းထုပ်ကိုဖွင့်သည်။ ပြီးနောက် မစွက်ဖယ်ယားဖက်စ်ကို အော်ခေါ်သည်။ အထုပ်ထဲတွင် ပိုးစအမျိုးမျိုး၊ ဆင်စွယ်နှင့် အခြားအဖိုးတန်ပစ္စည်းများ ပါသည်။

''ကဲ • • •မစ်(စ်)အိုင်းယား၊ ဒီညအဖို့ ဧည့်သည်တွေမရှိတုန်း ကျုပ် မင်းနဲ့ စကားစမြည်ပြောချင်တယ်၊ ကုလားထိုင်ကို ရှေ့တိုးခဲ့ပါ၊ မင်း မျက်နှာကို ကောင်းကောင်းမတွေ့ရဘူး ဖြစ်နေတယ်''

ခုတစ်ခါ မစ္စတာရှိချက်စတာကို ကြည့်ရသည်မှာ ခါတိုင်းနှင့်မတူ။ မျက်နှာ တင်းထားခြင်းမရှိ။ ကျွန်မက သူပြောသည့်အတိုင်း(တစ်နည်းအားဖြင့်) သူ့အမိန့်အတိုင်း ရှေ့သို့တိုးခဲ့သည်။ သူက မီးလင်းဖိုကို အတန်ကြာစိုက်ကြည့်နေသည်။ မီးရောင်ဖြင့် သူ့မျက်နှာကျကို ကျွန်မ သတိပြုမိသည်။ တောက်ပသော မျက်လုံးနက်ကြီးများတွင် နူးညံ့ပျော့ပျောင်းမှုရှိကြောင်း ကျွန်မ သတိထားမိသည်။ သူက ရုတ်ခြည်းလှည့်လိုက်ရာ ကျွန်မ သူ့ကိုကြည့်နေ

ကြောင်း တွေ့သွားသည်။

''မင်း…ကျုပ်ကိုကြည့်နေတယ်၊ ဟုတ်လား မစ်(စ်)အိုင်းယား၊ ဘယ့်နှယ်လဲ လူချောတစ်ယောက်လို့ မင်းမထင်ဘူးလား''

ကျွန်မအဖို့ ဤမေးခွန်းမျိုးကို အလိုက်အထိုက် ဖြေသင့်ကြောင်း သိသော်လည်း ရုတ်တရက် ကျွန်မနှုတ်မှ လွှတ်ခနဲထွက်သွားသည်။

''မထင်ပါဘူး''

''အေး…ကျုပ်က ရုတ်တရက် မေးလိုက်တော့ မင်းလည်း ကမန်းကတန်း ဖြေလိုက်ရတာပေါ့၊ မင်းပြောတာ မှန်တယ်၊ ကျုပ်မျက်နှာက တင်းလွန်း၊ မာလွန်းတာကိုး၊ မင်းအရွယ်လောက်တုန်းကတော့ ကျုပ်လည်း နုနုနယ်နယ်လေးပေါ့ကွာ၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ကျုပ် ရင့်ရော်လာခဲ့တယ်၊ ကျုပ်နှလုံးသားရဲ့ တစ်ထောင့်တစ်နေရာရာမှာတော့ သံယောဇဉ်ဆိုတာ ရှိပါတယ်၊ ဒါပေမဲ့ အများမသိ၊ မမြင်နိုင်ဘူးပေါ့''

မစ္စတာရိုချက်စတာက ထပြီး မီးလင်းဖိုအပေါ်မှ စင်မြင့်ကို မှီလိုက်သည်။

''ကျုပ်– မင်းကိုခေါ်လိုက်တာကတော့ စကားပြောဖို့ အဖော်လိုနေလို့ပါ၊ ပြီးတော့ မင်းအကြောင်းကိုလည်း ပိုပြီး ပြည့်ပြည့်စုံစုံ သိချင်တယ်၊ ကဲ–မင်းကြိုက်သလို စပြောပေတော့''

ကျွန်မက ထိုင်မြဲထိုင်နေသည်။ အတွေးကမူ 'စကားပြောဖို့ အဖော်အတွက် ငါ့ကို ခေါ်တာဆိုရင်တော့ သူမှားပြီ'ဟု တွေးနေမိသည်။

''မစ်(စ်)အိုင်းယား၊ မင်း နားများ လေးနေသလား''

သူက ကုန်းပြီး ကျွန်မကို မျက်နှာတည့်တည့် စိုက်ကြည့်၍ မေးသည်။

''ဟေး…မင်း စိတ်ရှုပ်နေသလား၊ ကျုပ်ကို ခွင့်လွှတ်ပါကွာ၊ မင်းကို စိတ်အားငယ်အောင်လုပ်တာ မဟုတ်ပါဘူး၊ တကယ်တော့ မင်းနဲ့ကျုပ်က အသက် ၂၀ တောင်ကွာတယ်၊ အေး– ဒါပေမဲ့ ကျုပ်ကို မင်းနဲ့ ရွယ်တူလို သဘောထားပြီး စကားပြောစမ်းပါ''

ယင်းနောက် ကျွန်မ ယခင်က မသိခဲ့ဖူးသော အကြောင်းအရာများကို သူနှင့် ဆွေးနွေးပြောဆိုဖြစ်တော့သည်။ သူက သူ့အတိတ်အကြောင်းအချို့ကို ခါးခါးသီးသီး ပြောပြနေသည်။ အချို့အချက်များကိုမူ ထိမ်ချန်ထားဟန်တူသည်။ ကျွန်မက ကျွန်မ၏ ကလေးဘဝအတွေ့အကြုံများနှင့်ယှဉ်ပြီး သူ့ကို နားလည်မိသည်။

နောက်ဆုံးတွင် သူက–

''ဒီမှာ မစ်(စ်)အိုင်းယား၊ ကံတရားဟာ တစ်ခါတစ်ခါ သိပ်ရက်စက်တယ်၊ အဲဒီအခါမျိုးမှာ ကျုပ် မဆင်ခြင်နိုင်ဘူး၊ မတည်မငြိမ်ဖြစ်လာတယ်၊ နောင်တဆိုတာ ကျုပ်အတွက်တော့ ဘဝရဲ့အဆိပ်ပန်းပဲ၊ မင်းအပြစ်တစ်ခုခုလုပ်ပြီးရင် နောင်တဆိုတာက မင်းကို ခြောက်လှန့်နေမှာပဲ''

''ဒါပေမဲ့ ပျက်အစဉ် ပြင်ခဏပါ''ဟု ကျွန်မက ပြောပြသည်။

''အဲဒါ မဟုတ်ဘူး မစ်(စ်)အိုင်းယား၊ တချို့ကိစ္စတွေက ပျက်ပြီးရင် ပြင်မရတော့ဘူး၊ ကျုပ်ဆိုရင် တကယ့်ပျော်ရွှင်မှုကို မရတော့တဲ့အဆုံး အတုပဲဖြစ်ဖြစ်၊ အခိုက်အတန့်ပဲ ရရ ပျော်ရွှင်မှု၊ သာယာမှုကိုသာ ရမယ်ဆိုရင် ဘာပဲလုပ်ရ လုပ်ရ၊ ဘယ်လောက်ပဲ ပေးရ ပေးရ ဖြစ်လာတယ်''

ဤစကားရပ်များနှင့် ပတ်သက်၍ ကျွန်မ သိပ်နားမလည်။ သို့သော် ဆိတ်ဆိတ်နေရန်မသင့်၍ စကားပြန်လိုက်သည်။

''တစ်ခုတော့ရှိတယ် မစ္စတာရိုချက်စတာ၊ နောင်တဆိုတာ တ,နေရုံနဲ့မပြီးဘူး၊ မိမိကိုယ်မိမိ ပြင်လိုက်ရမယ်၊ အတွေးသစ်နဲ့ ဘဝသစ်ကို စရမယ်၊ အဲဒီအခါမှာ ဆုံးရှုံးခဲ့တဲ့ သာယာပျော်ရွှင်မှုကို ပြန်ရနိုင်တာပေါ့''

''အေးလေ၊ ရလာမယ့်ဘဝသစ်က ကြာကြာခံဖို့တော့ လိုမယ်၊ ဒါနဲ့ အခု မင်းက ဘယ်သွားအုံးမလို့လဲ''

''အာဒီလာကို ပြန်ပို့မလို့ပါ၊ အိပ်ချိန်ရောက်နေပြီလေ''

''မင်း– ကျုပ်ကို လန့်နေပြီထင်တယ်၊ ကျုပ်စကားတွေက ပဟေဠိဆန်နေတယ် မဟုတ်လား''

''ရှင့်စကားတွေက ထူးခြားတာတော့ အမှန်ပဲ၊ တချို့အဓိပ္ပါယ်တွေ ကျွန်မ နားမလည်ဘူး၊ ဒီတော့ ဆွေးနွေးပွဲ နားလိုက်တာပဲ ကောင်းပါတယ်၊ ကျွန်မ လန့်လို့ မဟုတ်ပါဘူး''

''အေးလေ၊ နားလိုက်တာပေါ့၊ ဒါပေမဲ့ မင်းကြည့်ရတာ လိုဝုဒ်အရိပ်က မင်းကို လွှမ်းနေသလိုပဲ၊ မင်းလည်း လွတ်လွတ်လပ်လပ် နေပါ၊ ငါလည်း ကိန်းကြီးခန်းကြီး မနိုင်ပါဘူး၊ တစ်ခါတစ်ခါ စဉ်းစားမိတယ်၊ မင်းဟာ လှောင်အိမ်ထဲက ငှက်ကလေး တစ်ကောင်လိုပါပဲ၊ လွှတ်များပေးလိုက်ရင် ဘယ်ထိအောင် ပျံတက်မလဲမသိဘူး၊ သွားချင်ပြီလား၊ ခဏတော့စောင့်အုံး၊ အာဒီလာဆိုဖီ့ဆီသွားပြီး ဂါဝန်အသစ် သွားပြနေတယ်၊ ခဏနေ သူ ဒီကိုပြန်လာလိမ့်မယ်

**ကံတရားဟာ တစ်ခါတစ်ခါ သိပ်ရက်စက်တယ်၊**

**အဲဒီအခါမျိုးမှာ ကျုပ် မဆင်ခြင်နိုင်ဘူး၊ မတည်မငြိမ်ဖြစ်လာတယ်၊**

**နောင်တဆိုတာ ကျုပ်အတွက်တော့ ဘဝရဲ့ အဆိပ်ပန်းပဲ…**

လို့ ကျုပ်ထင်တယ်၊ 'ဆယ်လိုင်းဝါရင်'ရဲ့ ကိုယ်ပွားလေးပါပဲလေ၊ လက်ဆောင်တစ်ခုခု များရရင် ပျော်လို့ မော်လို့ မဆုံးတော့ဘူး''

အာဒီလာ၏ ခြေသံကို ကြားနေရသည်။ သူ့အုပ်ထိန်းသူ တွက်ထားသလိုပင် အခန်းတွင်းသို့ ကရင်းဝင်လာသည်။ မိန်းကလေးသည် ဂါဝန်သစ်ကိုဖြန့်လျက် သာယာဖြည်းညင်းစွာကရင်း မစ္စတာရိုချက်စတာ၏ ရှေ့မှောက်သို့ ရောက်သည်နှင့် ဒူးထောက်ချလိုက်သည်။ ယင်းနောက် ပြန်ထပြီး ပြင်သစ်လို ကျေးဇူးတင်စကား ပြောကာ–

''ဒီလိုမျိုး မေမေ အမြဲလုပ်တတ်တယ် နော် မွန်စီယာ''

''ဟုတ်ပဲ့ဗျာ၊ အမှန်ပေါ့''

မစ္စတာရိုချက်စတာက ပြန်ဖြေလိုက်သည်။

''ပြီးတော့ ဒီနည်းနဲ့ အင်္ဂလိပ်တွေရဲ့ အိတ်ထဲကနေ ရွှေစ၊ ငွေစတချို့ကို ရအောင်ချူယူတတ်တယ်''

အာဒီလာ အိပ်ရာဝင်သွားသည်နှင့် သူက ကျွန်မဘက် လှည့်လိုက်သည်။

''မစ်(စ်)အိုင်းယား၊ ကျုပ်လည်းပဲ ခပ်ရိုးရိုးကောင်ပါ၊ မင်းလိုပဲ ကျုပ်လည်း အစကတော့ လန်းဆန်းတက်ကြွခဲ့တာပါပဲ၊ ဒါပေမဲ့ အဲဒီ ပြင်သစ်ပန်းပွင့်ကလေး ကျုပ်ဆီရောက်လာကတည်းက ကျုပ်ဘဝ ထိုင်းလာတယ်ဆိုပါတော့၊ ကျုပ်က ဒီကလေးမလေးကို လက်မခံချင်ဘူး၊ ဒါပေမဲ့ ကျုပ်ဘဝမှာ အပြစ်တွေ အများကြီးလုပ်ခဲ့တဲ့ အတွက် ကောင်းမှုလေးတစ်ခုတော့ ပြုအုံးမှပဲဆိုတဲ့စိတ်နဲ့ အကြွေးဆပ်ခဲ့တာပဲပေါ့၊ အေးလေ၊ ဒါတွေ နောက်တစ်ရက်ရက်မှာ ကျုပ် ရှင်းပြပါအုံးမယ်၊ ကဲ–ဂွတ်နိုက်''

ပြောထားသည့်အတိုင်းပင်ရက်အတန်ကြာပြီးနောက် တစ်ရက်တွင် ကျွန်မကို ရှင်းပြခဲ့သည်။ ထိုစဉ်က အိမ်ရှေ့တွင် ကျွန်မနှင့် အာဒီလာ ဆင်းလာပြီး အာဒီလာက ခွေးကြီး ပိုင်းလော့နှင့် ဘောလုံးကစားနေချိန်ဖြစ်သည်။ သူ့စကားအရ အာဒီလာသည် ပြင်သစ် ကချေသည်မတစ်ဦးဖြစ်သူ 'ဆယ်လိုင်းဝါရင်'၏ သမီးဖြစ်ကြောင်း၊ ယင်းကချေသည်မကို သူ မေတ္တာသက်ဝင်ခဲ့ဖူးကြောင်း၊ သူမကလည်း သူ့မေတ္တာကို တုံ့ပြန်ခဲ့သည်ဟု သူထင်ခဲ့ကြောင်း၊ သူကိုယ်တိုင်က အကျည်းတန်သော်လည်း သူ့လက်ဆောင် ပစ္စည်းများကြောင့် မျက်နှာပွင့်ခဲ့ကြောင်း ကျွန်မ သိခဲ့ရသည်။

''ဒီလို ဒီလိုနဲ့ပေါ့''

သူက စကားဆက်သည်။

''ကျုပ်က စိန်တွေ၊ ရွှေတွေ ပေးလိုက်၊ အဝတ်အစားတွေ ပို့လိုက်နဲ့ ကိုယ့်ကိုယ်ကိုယ် အတော်ဟုတ်လှပြီရယ်လို့ အရူးအမူးဖြစ်ခဲ့တာပေါ့၊ တစ်နေ့တော့ ကျုပ်က 'ဆယ်လိုင်း' အပြင်သွားနေတုန်း သူ့ဟိုတယ်ကို သွားခဲ့တယ်၊ ကျုပ် ထိုင်စောင့်နေတုန်း မြင်းခွာသံကြားရပြီး မြင်းရထားတစ်စင်း ဟိုတယ် ဆင်ဝင်မှာရပ်တယ်၊ အဲဒီရထားက ကျုပ်ကိုယ်တိုင် သူစီးဖို့ဝယ်ပေးထားတာ၊ အဲဒီရထားပေါ်က 'ဆယ်လိုင်း'ဆင်းလာတာ တွေ့လိုက်တယ်၊ ဒါပေမဲ့ သူကတစ်ယောက်တည်း မဟုတ်ဘူး၊ သူ့နောက်က အမျိုးသားတစ်ယောက် ပါလာတယ်၊ နှစ်ယောက်လုံး ဟိုတယ်ထဲဝင်လာကြတယ်''

သူက ခဏနားပြီး ဆက်ပြောသည်။

''မစ်(စ်)အိုင်းယား၊ မင်း'သဝန်ကြောင်' တယ်ဆိုတာ နားလည်သလား၊ အေးလေ၊ မင်းက ဘယ်သူနဲ့မှ ချစ်ဖူး ခင်ဖူးတာမဟုတ်တော့ 'သဝန်ကြောင်'တယ်ဆိုတဲ့စကား ဘယ်နားလည်မလဲ၊ အေး– တစ်နေ့နေ့တော့ မင်းကိုယ်တွေ့ ကြုံချင်ကြုံလာလိမ့်မယ်''

''သူတို့ အခန်းထဲကို ဝင်သွားကြတော့ ရှင်က ဘယ်မှာရှိနေလဲ''ဟု ကျွန်မက မေးမိသည်။

''ကျုပ်က ဝရန်တာမှာရှိနေတယ်၊ ပထမတော့ ကျုပ်က ရှောင်နေအုံးမလို့၊ နောက်တော့ သူတို့ဆီသွားလိုက်ပြီး ကျုပ်မကျေနပ်တဲ့အကြောင်း ပြောပြလိုက်တယ်၊ နောက်တစ်နေ့မှာ နှစ်ယောက်ချင်း ဓားချင်းယှဉ်ခုတ်ပြီး အဲဒီလူကို ဒဏ်ရာလေးတစ်ခု ပေးလိုက်တယ်၊ ကျုပ်နဲ့ ဆယ်လိုင်းရဲ့ ဇာတ်လမ်းလည်း ပြတ်သွားတာပေါ့''

နောက်ထပ်သူ့စကားမဆက်မီ အတန်ကြာ နားလိုက်သည်။

''အဲဒီနောက် နှစ်တော်တော်ကြာတော့ ဆယ်လိုင်းဟာ ဒီကလေးကို ပစ်ထားခဲ့ပြီး အဆိုတော်တစ်ယောက်နဲ့ အီတလီကို ထွက်သွားခဲ့တယ်၊ သူ့အပြောအရတော့ ကျုပ်ဟာ အာဒီလာ့အဖေတဲ့၊ ကျုပ်ကတော့ အယုံအကြည် မရှိဘူး၊ ဒါပေမဲ့လေ ကျုပ် ကလေးမလေးကို အင်္ဂလန်ကိုခေါ်လာခဲ့တယ်၊ နောက် သူ့ကိုသွန်သင်ဖို့အတွက် မစ္စက်ဖယ်ယားဖက်စ်က မင်းကိုခေါ်လိုက်တာပေါ့၊ ကဲ– ခုတော့ အာဒီလာဟာ ကချေသည်မတစ်ယောက်ရဲ့ လင်ကောင်မပေါ်ဘဲမွေးထားတဲ့ ကလေးဖြစ်ကြောင်း မင်းသိရပြီး



**သူ့အပြောအရတော့**
**ကျုပ်ဟာ အာဒီလာ့အဖေတဲ့၊**
**ကျုပ်ကတော့ အယုံအကြည် မရှိဘူး၊ ဒါပေမဲ့လေ**
**ကျုပ် ကလေးမလေးကို အင်္ဂလန်ကို ခေါ်လာခဲ့တယ်. . .**

မင်း ဘယ်လိုသဘောထားမလဲ''

''ကျွန်မအဖို့တော့ သဘောထား ဘာပြောင်းစရာရှိသလဲ၊ ကလေးကို မိဘနှစ်ပါးလုံးက စွန့်သွားတယ်ဆိုမှတော့ ကျွန်မ သူ့ကို အရင်ကထက် ပိုဂရုစိုက်မယ်၊ ပိုပြီး နီးနီးကပ်ကပ်ပြုစုမယ်၊ သူ့အမေရဲ့ အပြစ်ကြောင့်၊ ဒါမှမဟုတ် ရှင့်ရဲ့အပြစ်ကြောင့် ကလေးကို ကျွန်မ အပြစ်မဖို့ချင်ဘူး၊ မိဘမဲ့ကလေးတစ်ယောက်ပါလားဆိုတဲ့ အသိနဲ့ ကျွန်မ သနားချစ် ချစ်သွားမယ်''

မစ္စတာရိုချက်စတာ အိမ်ထဲသို့ ပြန်ဝင်သွားပြီးသည့်နောက် ကျွန်မ အာဒီလာ၊ ပိုင်းလော့နှင့်အတူ အပြင်တွင် တစ်အောင့်နေလိုက်သည်။ ပိုင်းလော့နှင့်ကစားရင်း မြူးထူးနေသော အာဒီလာ၏ ရယ်သံများကို ကြည်နူးလျက် ကျွန်မ လက်ဖက်ရည်သောက်ရန် ဝင်ခဲ့တော့သည်။

### အခန်း(၁၃)

ယင်းနောက် သီတင်းပတ်များ ကုန်ဆုံးသည်နှင့်အမျှ ထူးခြားသော အဖြစ်အပျက်များမှာလည်း တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ယင်းအနက်မှ အချို့အချက်များကိုသာ ကျွန်မပြောပြသွားပါမည်။

မစ္စတာရိုချက်စတာထံမှ အာဒီလာ၏ အမေနှင့်ပတ်သက်သော ဇာတ်လမ်းကို သိရသည့်ညဥ့်က ကျွန်မ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။ သူ ကျွန်မအပေါ် ယုံယုံကြည်ကြည်နှင့် ပြောပြသည့်အတွက် ကျွန်မ ကျေနပ်မိသည်။ တစ်နေ့ထက်တစ်နေ့ သူ ကျွန်မအပေါ် ဆက်ဆံမှုသည်လည်း အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံမှုမျိုး မဟုတ်တော့ဘဲ ဆွေမျိုးသားချင်းကဲ့သို့ ပို၍ရင်းနှီးလာကြောင်းလည်း ကျွန်မ သတိပြုမိသည်။ ယင်းအခြေအနေကြောင့် ကျွန်မဘဝတွင်လည်း အထီးကျန်ခြောက်သွေ့မနေတော့ဘဲ စိမ်းလန်းလာသည်နှင့်အမျှ ရုပ်ခန္ဓာ ပိုမိုကျန်းမာလာပြီး ကျွန်မကိုယ်ကျွန်မလည်း ယုံကြည်မှု ပို၍ရှိလာသည်။

သို့သော် တစ်ညဥ့်တွင် ကျွန်မ ထူးထူးခြားခြား တွေ့ကြုံခဲ့ရသည်။ ထိုညဥ့်က အတန်ညဥ့်နက်သည်အထိ ကျွန်မ အိပ်မပျော်နိုင်ဘဲရှိစဉ် ကျွန်မ အိပ်ခန်းတံခါးကို လာတွန်းဖွင့်သည့်အသံမျိုး ကျွန်မကြားလိုက်ရသည်။ ကျွန်မက ''ဘယ်သူလဲ''ဟု မေးလိုက်သော်လည်း အဖြေက ထွက်မလာ။ သို့သော် ပိုင်းလော့များ ဖြစ်နေမလားဟူသော အတွေးကြောင့် အနည်းငယ်စိတ်အေးမိသည်။ ခေါင်းချ၍ အိပ်တော့မည်ဟု စဉ်းစားနေဆဲမှာပင် ကျွန်မအခန်းဝမှ သားရဲတိရစ္ဆာန်တစ်ကောင်၏ရယ်သံမျိုး၊ မကောင်းဆိုးဝါး တစ်ကောင်ကောင်၏ ဟီသံမျိုးကို ကြားရပြန်သည်။ ကျွန်မက ''ဘယ်သူလဲ'' ဟု မေးလိုက်ရာ ဟီသံတိတ်သွားပြီး တတိယထပ်သို့ ထွက်ပြေးသွားသံ၊ တံခါးဖွင့်သံ၊ ပိတ်သံတို့ကို ကြားနေရသည်။

''ဂရေ့စ်ပူးလ်များလား၊ ဒါမှမဟုတ် မကောင်းဆိုးဝါး တစ်ကောင်ကောင်ကိုများ သူ မွေးထားလေသလား'' ကျွန်မ တွေးမိသည်။ မစ္စက်ဖယ်ယားဖက်စ်ကိုတော့ အသိပေးထားမှဟူသော ရည်ရွယ်ချက်ဖြင့် အဝတ်အစား ကောက်စွပ်ပြီး ကြောက်ကြောက်လန့်လန့်နှင့် တံခါးဖွင့်၍ ထွက်လာခဲ့သည်။

ကျွန်မ အခန်းပေါက်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်။ ဤသည်မှာ ထူးဆန်းသည်။ ပို၍ ထူးဆန်းသည်မှာ မီးလောင်ညှော်စော်နံ့ ရနေခြင်းပင်။ ကျွန်မက ဘေးဘယ်ညာကိုကြည့်မိရာ မစ္စတာ ရိုချက်စတာ၏အခန်းမှ မီးခိုးထွက်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။ မစ္စက်ဖယ်ယားဖက်စ်ထံသွားရန် သတိမရနိုင်တော့။ အခန်းထဲသို့ စွတ်ဝင်လာခဲ့မိသည်။ အိပ်ရာဘေးမှ လိုက်ကာကို မီးစွဲနေပြီဖြစ်သည်။

ကျွန်မက သူ့ကို အော်နှိုးသည်။ လှုပ်နှိုးသည်။ သူက ညည်းညည်းညူညူဖြင့် တစ်ဖက်သို့ လှည့်သွားသည်။ ကျွန်မ အချိန်ကုန် မခံနိုင်တော့။ အခန်းတွင်းမှ ရေဇလုံကို သွားယူသည်။ ကံအားလျော်စွာပင် ရေဇလုံ၌ ရေပြည့်နေသည်။ ၎င်းရေဖြင့် အိပ်ရာကို လောင်းပက်လိုက်သည်။ ပို၍ စိတ်ချရအောင် ကျွန်မအခန်းကို ပြန်ပြေးလာပြီး ရေချိုင့်ကိုယူလာ၍ ဆက်လောင်းသည်။ သည်တော့မှ မီးတောက်လည်း ငြိမ်းသည်။ မစ္စတာရိုချက်စတာလည်း နိုးသည်။

သူက အမှောင်ထဲမှ လှမ်းအော်သည်။

''ဟေး– ရေတွေပါလား''

''ဟုတ်တယ်၊ ခုနက မီးလောင်လို့'' ကျွန်မက ပြန်ဖြေသည်။

''ထပါအုံး၊ ကျွန်မ ဖယောင်းတိုင် သွားယူလိုက်အုံးမယ်''

ကျွန်မ ဖယောင်းတိုင်မီးဖြင့်ပြန်ရောက်သော် သူက ညဝတ်အင်္ကျီဖြင့် ထထိုင်နှင့်ပြီ။ ကျွန်မက အဖြစ်အပျက်ကို တိုတိုတုတ်တုတ် ရှင်းပြပြီး အစေခံများကိုနှိုးရန် လိုမလို သူ့ကိုမေးလိုက်သည်။

''နေအုံး–နေအုံး၊ ကျုပ်အပေါ်တက်ကြည့်လိုက်အုံးမယ်၊ မင်း ချမ်းနေရင် စောင်တစ်ထည် ခဏခြုံထား၊ ကျုပ် ဖယောင်းတိုင် ယူသွားမယ်နော်၊ ဒီမှာပဲစောင့်နေ၊ ဘယ်သူ့ကိုမှ သွားခေါ်မနေနဲ့''

သူ တတိယထပ်သို့တက်သွားသည်ကို ကြားနေရသည်။ ကျွန်မ အမှောင်ကြီးထဲ

## ကျုပ်သိပါတယ်၊
## မင်းကို စတွေ့ကတည်းက
## မင်းဟာ ကျုပ်အပေါ် ကောင်းလိမ့်မယ်ဆိုတာ…

တွင် အတန်ကြာအောင် စောင့်နေရသည်။

''အခြေအနေကို ကျုပ်သဘောပေါက်သွားပြီ၊ ကျုပ်တွက်ထားသလိုပါပဲလေ''

ဖယောင်းတိုင်ကို စင်ပေါ်တွင်ထွန်းရင်း သူက ပြောပြသည်။

''ဘယ်လိုပါလဲရှင်''

သူက လက်နှစ်ဖက်ကိုပိုက်လျက် ကြမ်းပြင်ကိုကြည့်နေသည်။

''မင်း-မင်း အခန်းတံခါးကိုဖွင့်တော့ ဘာတွေ့ခဲ့သလဲ''

''ဖယောင်းတိုင်တစ်တိုင် မီးထွန်းထားတာ တွေ့တယ်''

''မင်း ရယ်သံမကြားမိဘူးလား၊ အဲဒီအသံမျိုး အရင်ကရော ကြားခဲ့ဖူးလား''

''ကြားမိတယ်၊ တစ်ခါ ဟို စက်ချုပ်တဲ့အမျိုးသမီး ဂရေ့စ်ပူးလ် အဲဒီအသံမျိုးနဲ့ ရယ်ဖူးတယ်၊ တစ်မျိုးပဲနော်''

''အေး- မင်းထင်သလိုပဲ၊ သူက တစ်မျိုး၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ရမယ်၊ လောလောဆယ်တော့ မင်း ဘယ်သူ့ကိုမှ ဘာမှမပြောပါနဲ့အုံး၊ ကဲ-မင်းလည်း အခန်းပြန်လိုက်အုံး၊ ကျုပ်လည်း စာကြည့်ခန်းထဲက ဆိုဖာမှာ သွားမှိန်းလိုက်အုံးမယ်''

''ဒါဆို ကျွန်မသွားတော့မယ်နော်၊ ဂွတ်နိုက်''

''နေအုံး- မင်းဟာ ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျုပ် ကျေးဇူးတင်စကားလေး တစ်ခွန်းတော့ ပြောရအုံးမယ်၊ လာပါအုံး၊ လက်ဆွဲနှုတ်ဆက်ချင်ပါသေးတယ်''

သူက လက်ကို ကျွန်မဆီ ဆန့်လိုက်သည်။ ကျွန်မက လက်ကိုပေးသည်နှင့် သူ့လက် နှစ်ဖက်လုံးနှင့် ဆုပ်ကိုင်လိုက်သည်။

''ဂျိန်း- မင်းဟာ ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျုပ်အပေါ် မင်းအကြွေးတင်သွားပြီ''



သူက တစ်ခဏမျှနားပြီး ကျွန်မမျက်နှာကို စေ့စေ့ကြည့်နေသည်။

''ဂွတ်နိုက်လို့ ထပ်နှုတ်ဆက်လိုက်ပါတယ်၊ ကျွန်မတို့နှစ်ဦးကြားမှာ အကြွေးဆိုတာ မရှိကောင်းပါဘူး''ဟု ကျွန်မ ပြောလိုက်သည်။

''အေးပါ- ကျုပ်သိပါတယ်၊ မင်းကို စတွေ့ကတည်းက မင်းဟာ ကျုပ်အပေါ် ကောင်းလိမ့်မယ်ဆိုတာ၊ ကဲ- ငါ့ရဲ့ ကယ်တင်ရှင်မလေး၊ ဂွတ်နိုက်''

သူ့အကြည့်သည် ထူးဆန်းသည်။ သူ့အသံသည် တက်ကြွလှိုက်လှဲနေသည်။

''ကျွန်မ နိုးနေတာကိုပဲ ဝမ်းသာမိပါတယ်ရှင်''ဟူ၍ ကျွန်မက သွားရန်ပြင်သည်။

''ကဲ- ဂျိန်းရေ၊ သွားတော့၊ သွားပေအုံးတော့''

သို့သော် သူ့လက်ကမူ ကျွန်မကို မလွှတ်။ မြဲမြဲမြံမြံ ကိုင်ထားသည်။

''ဟို…ဟို- မစ္စက်ဖယ်ယားဖက်စ်လာနေပြီထင်တယ်''ဟူ၍ ကျွန်မပြောလိုက်တော့မှ သူ ကျွန်မကိုလွှတ်ပေးသည်။ သည်တော့မှ ကျွန်မ သူ့အခန်းမှ ထွက်လာခဲ့တော့သည်။

ကျွန်မ အိပ်ရာပေါ်တွင် လှဲခဲ့သော်လည်း ထပ်အိပ်၍မရတော့။ လူးလိုက် လိမ့်လိုက်ဖြင့် မိုးလင်းခဲ့ရသည်။ မိုးလင်းပြန်တော့လည်း အောက်ထပ်သို့ဆင်း၍ သူ့ကိုတွေ့ချင်မိသလို၊ တွေ့ရမှာကို ကြောက်နေမိပြန်သည်။ သူ့အသံကို ကြားလိုသော်လည်း သူ့အကြည့်ကို ရင်မဆိုင်ရဲ။ သို့သော် နံနက်ပိုင်းကား ထုံးစံအတိုင်း ကုန်လွန်သွားခဲ့သည်။ အာဒီလာ၏ စာသင်ကြားမှုကိုလည်း အနှောင့်အယှက်မဖြစ်ခဲ့။

ယင်းနောက် ကျွန်မ မစ္စတာရီချက်



စတာ၏အခန်းကို ဖြတ်သွားစဉ် ပွင့်နေသော ပြတင်းပေါက်မှ ဂရေ့စ်ပူးလ်တစ်ယောက် အပ်ချုပ်နေကြောင်းမြင်လိုက်မိသည်။ သူမက ကျွန်မကို ပြန်ကြည့်သည်။ ကျွန်မ အံ့သြမိသည်။ ဂရေ့စ်ပူးလ်၏အကြည့်တွင် ညဥ့်က အဖြစ်အပျက်ကြောင့် မလုံမလဲဖြစ်သည့် အမူအရာမရှိ။ ကျွန်မကို ပုံမှန်အတိုင်း နှုတ်ဆက်သည်။ ပြီး အပ်ချုပ်မြဲ ချုပ်နေသည်။

ကျွန်မကလည်း တစ်နည်းနည်းဖြင့် စမ်းကြည့်မည်ဟု စိတ်ကူးလျက်–

''ဂွတ်မောနင်း–ဂရေ့စ်၊ ဒီမှာ ဘာဖြစ်လို့လဲ၊ အိပ်ခန်းက လိုက်ကာလည်း အောက်ကျနေပါလား''ဟု မေးလိုက်သည်။

''မနေ့ညက သခင်ကြီး စာဖတ်ရင်း အိပ်ပျော်သွားလို့ လိုက်ကာမီးလောင်သွားတယ်၊ ကံကောင်းလို့ သခင်ကြီးပါ လောင်တော့မလို့''

''ဟုတ်လား၊ ဘယ်သူမှမသိကြဘူးလား၊ သူကရော ဘယ်သူ့ကိုမှ မနှိုးဘူးလား''

ကျွန်မက သူမ၏မျက်နှာကို စေ့စေ့ကြည့်လျက် မေးသည်။ သူမက စကားလုံးရွေး၍ အဖြေပေးဟန်ရှိသည်။

''ဆရာမ သိတဲ့အတိုင်းပဲ၊ အစေခံတွေက သူ့အခန်းနဲ့ အလှမ်းဝေးတယ်မဟုတ်လား၊ မစ္စက်ဖယ်ယားဖက်တောင် ဘာမှ မကြားမိဘူးတဲ့'' သူမက ခဏနားလိုက်သည်။ ပြီးမှ–

''ဆရာမများ ဘာကြားမိသေးသလဲ''

''ကျွန်မ ကြားမိတယ်၊ ပထမတော့ ပိုင်းလော့လို့ထင်မိတယ်၊ ဒါပေမဲ့ ပိုင်းလော့က ဘယ်ရယ်မလဲနော်၊ ကျွန်မ ရယ်သံလိုလို အင်မတန်ထူးဆန်းတဲ့ အသံမျိုးကို ကြားမိတယ်''

ဂရေ့ပူးလ်က အေးအေးမှန်မှန်ပင် အပ်ချုပ်နေသည်။

''အင်း– သခင်ကြီးကလည်း ရယ်ခဲပါတယ်၊ ဒီလို ဘေးဒုက္ခကြုံတဲ့အခါမျိုး သူ ရယ်လိမ့်မယ် မထင်ဘူး၊ ဆရာမ အိပ်မက်မက်တာပဲဖြစ်မယ်''

ကျွန်မ အတန်ကြာ နှိုက်မေးသည့်တိုင် အောင် ညဥ့်က အဖြစ်အပျက်နှင့် ပတ်သက်၍ တိတိကျကျမသိခဲ့ရပေ။ ဂရေ့စ်ပူးလ်ပင် ဘာမျှမသိပေ၍လော၊ ကျွန်မကိုပင် ဖုံးကွယ်လို၍လော မပြောတတ်။ လက်ဖက်ရည်သောက်ရန် အချိန်ကျသဖြင့် ကျွန်မ အောက်ထပ်သို့ဆင်းရာတွင် မစ္စတာရိုချက်စတာကို ရှာကြည့်မိသေးသည်။

သူမ၏အခန်းတွင် မှန်အိမ်ထွန်းလျက် မစ္စက်ဖယ်ယားဖက်စ်တစ်ယောက် ပြတင်းပေါက်များကို ခန်းဆီးတပ်နေသည်။ အပြင်ဘက်မှ အမှောင်ထုကိုကြည့်ရင်း–

''မစ္စတာ ရိုချက်စတာတော့ ချောချောမောမော ဟိုကိုရောက်လောက်ပြီ ထင်ပါရဲ့''ဟု ကျွန်မကို လှမ်းပြောသည်။

''အို . . .ဟုတ်လား၊ မစ္စတာရိုချက်စတာ ဘယ်ကိုခရီးထွက်သွားလဲ''

ကျွန်မက စိတ်ပျက်သည့်အမူအရာကို ဖုံးဖိလျက် သံမှန်ဖြင့် မေးလိုက်သည်။

''သူ မနက်စောစောပိုင်းကတင် ခရီးထွက်သွားတာ၊ ဒီကနေ ဆယ်မိုင်လောက်ဝေးတဲ့ 'လီးစ်'ဆိုတဲ့ နေရာကိုသွားတာ၊ အဲဒီမှာ ပါတီတစ်ခု ရှိသတဲ့''

''သူ ဘယ်တော့ ပြန်ရောက်မလဲ''

''အနည်းဆုံးတော့ တစ်ပတ်ကြာမယ်၊ အဲဒီအဖွဲ့တွေက ဆုံမိရင် တော်တော်နဲ့ လူစုမခွဲတတ်ကြဘူး၊ ပြီးတော့ မစ္စတာရိုချက်စတာကလည်း အမျိုးသမီးတွေရဲ့ ဖေးဘရိတ်လေ၊ သူက လူချမ်းသာ မဟုတ်လား''

''လီးစ်မှာ အမျိုးသမီး တော်တော်များများ ရှိလား''

''မစ္စက်အာရှေတန်နဲ့ သမီး သုံးယောက်၊ ဘလန်ချီနဲ့ မေရီအင်ဂရမ် ညီအစ်မ နှစ်ယောက်၊ အဒေါ်မှတ်မိသေးတယ်၊ ဘလန်ချီ ၁၈ နှစ်အရွယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကပေါ့၊ မစ္စတာရိုချက်စတာပေးတဲ့ ပါတီပွဲတစ်ခုမှာ အို. . .ဘယ်လိုလှမှန်းမသိဘူး၊ ပရိသတ် ၅၀ ထဲမှာ အထင်ပေါ်ဆုံးပေါ့''

ယင်းနောက် မစ်(စ်)အင်ဂရမ်၏ ချောပုံ လှပုံ၊ အဆင့်မြင့်မြင့် နေထိုင်တတ်ပုံတို့ကို ကျွန်မ နားထောင်ရင်း ကျွန်မကိုယ်နှင့် မိုက်မဲစွာ နှိုင်းယှဉ်ကြည့်မိသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**မောင်သီဟ**

# ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940